# မြောက်ဦးမြို့နယ်
# ဖြစ်စဉ်သမိုင်း

# ကန့်သတ်

## နိဒါန်း

၁။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှု၊ ရခိုင်ပြည်နယ် ဒေသပါတီကော်မတီ၏လမ်းညွှန်ချက်များနှင့်အညီ၊ ရပ်ကွက်ကျေးရွာအုပ်စု(၁၀၀)ပါဝင်သည့် မြောက်ဦးမြို့နယ်၏မြို့နယ် မှတ်တမ်းကို ပြုစုတင်ပြသွားမည်ဖြစ်ပါသည်။ ယင်းသို့တင်ပြရာတွင်-

(က) မြို့နယ်သမိုင်းဖြစ်စဉ်
(ခ) နိုင်ငံရေးဖြစ်စဉ်
(ဂ) ယဉ်ကျေးမှု
(ဃ) စီးပွားရေးအခြေအနေ
(င) လူမှုရေးကဏ္ဍ

တို့ပါဝင်ကြမည် ဖြစ်ပါသည်။

၂။ မှတ်တမ်းအဖြစ် ပြုစုကြရသည့်အတွက် သက်ဆိုင်ရာကဏ္ဍများကို ကျယ်ကျယ်ပြန့်ပြန့် ဖော်ပြနိုင်ခြင်း မရှိပါ။ ယင်းကြောင့် ဤမှတ်တမ်းသည် လေ့လာသူများ၏ အထောက်အကူပြုလက်စွဲစာတမ်းသဘောမျှသာ ဖြစ်ပါသည်။ ဤမှတ်တမ်းပြုစုရေးအတွက် မြို့နယ်မှတ်တမ်းပြုစုရေးကော်မတီကို ၁၉၈၂ ခု ဇွန်လ (၁၄)ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး (၁၅)ရက်နေ့မှစ၍ ရုံးဖွင့်ဆောင်ရွက်ခဲ့ကြပါသည်။ ယင်းကော်မတီမှတဆင့် လုပ်ငန်းကော်မတီ(၅)ရပ်ကို တိုးချဲ့ဖွဲ့စည်းကာ အချက်အလက်များ ရှာဖွေစုဆောင်းခြင်း၊ စာအုပ်စာတမ်းများကို လေ့လာခြင်း၊ သက်ဆိုင်သူများထံသို့ ကွင်းဆင်းတွေ့ဆုံဆွေးနွေးမေးမြန်းခြင်း၊ ကိစ္စများကို ကြိုတင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် ၁၉၈၂ ခု ဇူလိုင်လ(၁)ရက်နေ့မှ ဩဂုတ်လ (၂၀)ရက်အတွင်း စာမူကြမ်းများကို ပြုစုခဲ့ကြပြီး၊ ဩဂုတ်လ(၂၇)ရက်နေ့မှ (၃၁)ရက်နေ့ထိ ညှိနှိုင်းအစည်းအဝေးမှ ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။

# မြို့နယ်ဖြစ်စဉ်သမိုင်း

## ပထဝီဝင်အနေအထား

### (က) တည်နေရာနှင့် အကျယ်အဝန်း

မြောက်ဦးမြို့သည် မြောက်လတ္တီတွဒ် (၂၀ ၃၅ဒီဂရီ)နှင့် အရှေ့လောင်ဂျီတွဒ် (၉၃ ၁၂ဒီဂရီ)တွင် တည်ရှိနေပါသည်။ အိမ်နီးချင်းမြို့နယ်များမှာ အောက်ပါအတိုင်း တည်ရှိနေပါသည်။ မြောက်ဘက်၌ ပလက်ဝမြို့နယ်နှင့် ၂၃ မိုင် ၂ဖာလုံထိ နယ်နမိတ် ဆက်စပ်နေပါသည်။ အရှေ့ဘက်၌ မင်းပြားမြို့နယ်နှင့် ၃၄ မိုင် ၂ဖာလုံထိ နယ်နမိတ် ဆက်စပ်နေပါသည်။ အနောက်ဘက်၌ ပုဏ္ဏားကျွန်းမြို့နယ် ကုလားတန်မြစ်ခြားလျှက် ၁၈မိုင် ၂ဖာလုံထိ ဆက်စပ်လျှက် ရှိနေပါသည်။ တောင်ဘက်၌ ပေါက်တောမြို့နယ်နှင့် ၁၄မိုင် ၇ ဖာလုံထိ နယ်နမိတ်ဆက်စပ်လျှက်ရှိပါသည်။ မြောက်ဦးမြို့နယ်သည် မြောက်ဘက်မှ တောင်ဘက်သို့ အကျယ်ဆုံး ၂၃ မိုင်ရှိပြီးလျှင် အရှေ့ဘက်မှ အနောက်ဘက်သို့ ၂၁. ၃ မိုင်ကျယ်သည်။ ဧရိယာစတုရန်းမိုင် (၄၉၀)ရှိပြီး ဧက(၃၁၃၇၈၂)ရှိသည်။ ရန်ကုန်မြို့မှ အနောက်မြောက်ထောင့် မိုင်(၄၀၀) ခန့်အကွာတွင် တည်ရှိသည်။ ပင်လယ်ရေမျက်နှာပြင်အထက် နန်းတော်ကုန်း ပထမအဆင့်ထိ ၄၇. ၅၉၁ပေ မြင့်သည်။

### (ခ) မြေမျက်နှာသွင်ပြင်

မြောက်ဦးမြို့နယ်သည် အရှေ့ဘက်နှင့် မြောက်ဘက်တို့တွင် တောင်တန်းများရှိပြီး တောင်ဘက်တွင် တောင်ကုန်းငယ်များနှင့် လယ်ကွင်းများရှိသည်။ အနောက်ဘက်တွင် လယ်ကွင်းကြီးများ ရှိသည်။ မြေနိမ့်ချိုင့်ဝှမ်းဟူ၍ သီးခြားမရှိဘဲ အနောက်ဘက်နှင့် တောင်ဘက်ရှိ မြေနိမ့်လွင်ပြင်များတွင် လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြသည်။

မြောက်ဦးမြို့နယ်၏အရှေ့ဘက်တွင် လေးမြို့တောင်တန်း၊ လေညှင်းတောင်တန်း၊ မြောက်ဘက်တွင် ရမ်းချောင်းတောင်တန်း၊ လင်းမြွေတောင်တန်း၊ တောင်ဘက်တွင် မေါင်းဆွဲ၊ ပါးတော်၊ သံရှင်ပြင်၊ သရက်ပင်ကြီးတောင်ကုန်းများ ရှိသည်။

မြောက်ဦးမြို့ ပတ်လည်တွင် တောင်ကုန်းများ ဝန်းရံလျှက်ရှိသည်။ ၎င်းတို့မှာ ဝမ်းတိနတ်တောင်၊ လေသာတောင် ရွှေတောင်၊ နက္ခတ်တောင်၊ ဇူနွတ်တောင်၊ ရှင်ငယ်တက်တောင်၊ လက်ဆည်ကန်တောင်၊ ကိုးနဝင်းတောင်၊ မာတ်ရွှေဂူတောင်၊ တခွက်ဆရာတောင်၊ တောင်ညိုတောင်၊ တောင်ဖြူတောင်၊ သချ်ိုင်းတောင်၊ စပါးစုတောင်၊ ဆင်ဝင်တောင်၊ သာရပဗ္ဗတတောင်၊ ရက္ခတောင်၊ ဒလက်တောင်၊ မကျားတောင်၊ င/နက်ကေတောင်၊ ယက်သေ့ဖြူတောင်၊ ဟရီတောင်၊ သဃိုတောင်၊ ရှင်မြဝါတောင်၊ ရွှေဂူတောင်၊ လွမ်းတောင်၊ မြတောင်၊ မျှော်တော်မူတောင်တို့ ဖြစ်ကြသည်။

မြောက်ဦးမြို့နယ်အတွင်းရှိ လျှိုမြောင်များမှာ ဇင်တောမြောင်း၊ ပိန်းတောမြောင်း၊ ဇော်ဂျီမြောင်၊ ညောင်ချိုင်မြောင် တို့ ဖြစ်ကြသည်။

မြောက်ဦးမြို့နယ်ရှိ မြစ်များမှာ ဟင်းခရော်မြစ်၊ ပြောင်းပြာမြစ်၊ လေးမြို့မြစ်၊ ကြက်ကျမြစ်၊ သရီချောင်း၊ ရမ်းချောင်း၊ ၎င်းတို့သည် မြောက်ဖက်မှ တောင်ဖက်သို့ စီးဆင်းကြသည်။ ရေတက်ရေကျရှိ၍ မိုးတွင်း၌ ရေစီးသန်သည်။ မိုးရာသီတွင် လေးမြို့မြစ်၏ ရေစီးနှုန်းမှာ တနာရီလျှင် (၇)မိုင်မှ (၁၀)ခန့်ထိ ရေစီးသန်သည်။ ကျန်မြစ်များမှာ (၃)မိုင်မှ (၅)မိုင်ထိ ရေစီးသည်။ သရီချောင်းနှင့် ရမ်းချောင်းတို့မှာ အကောက်အကွေ့များသည်။ ချောင်းကျဉ်းသော်လည်း ရေနက်သဖြင့် အချိန်အခါ မရွေး လှေ၊ သမ္ဗာန်များ သွားလာနိုင်သည်။

မြောက်ဦးမြို့နယ်အတွင်းရှိ အင်းအိုင်များမှာ (၁) ကျွဲတင်းထိမ်မြောင်း (၂) ဝါးလုံးပြန်မြောင်း (၃) ရဲလှကြီးမြောင်း၊ (၄)ရဲလှချေမြောင်း၊ (၅)ပုဆိုးဖွတ်မြောင်း (၆) ကြာခလောက်မြောင်း (၇) ကျွဲသေမြောင်း (၈) ခါးကြိုးသမမြောင်း (၉) မီးသမမြောင်း (၁၀) မင်းသမီးမြောင်း (၁၁) ပန်းဆီးမြောင်း (၁၂) င/ကြဲမြောင်း (၁၃) တောင်ညိုမြောင်း၊ (၁၄) ကျောက်ရာဇ် မြောင်း၊ (၁၅) တောင်ရှီမြောင်း။ (၁၆) သရက်တပင်မြောင်း၊ (၁၇) တဒွတ်မြောင်း၊ (၁၈) ပုဏ္ဏားမြောင်း (၁၉) ငမန်းဒုံအင်း (၂၀) ဘုန်းကြီးဒုံအင်း၊ (၂၁) ဝေသာလီအင်း (၂၂) အဘောင်ဒေါ်အင်း (၂၃) အိုင်းဝန်းအင်း (၂၄) ကြာချေအင်း (၂၅) တရာစားအင်း (၂၆) ရွှံ့ပျော့အင်း (၂၇) လက်ဆီးကန် (၁၄၂. ၃၂ ဧကကျယ်သည်) (၂၈)အနုမကန်(၇၄. ၉၄ ဧကကျယ် သည်) (၂၉) အဘောင်ဒေါ်အင်း (၆၂ ဧကကျယ်သည်)။

ဖော်ပြပါအင်းများနှင့် မြောင်းများမှာ ရှေးရခိုင်ဘုရင်များ အုပ်စိုးစဉ်က ကျုံးကြီးများအဖြစ် အသုံးပြုကြသည်။ အင်္ဂလိပ်

တို့ အုပ်စိုးစဉ်က ရေချိုငါးမွေးပြီး၊ အချို့စီးပွားရေး ရှာခဲ့ကြသည်။ အထူးသဖြင့် ငါးတိန်းကို မွေးမြူကြသည်။ ယခုအခါ အချို့သော အင်းကြီးမြောင်းကြီးများကို ရေဖောက်ပြီး၊ လယ်ယာလုပ်ကိုင် နေကြသည်။ လက်ဆီးကန်မှ ရေကိုစက်ဖြင့် မြောက်ဦး မြို့ တစ်ခုလုံးသို့ မြို့သူမြို့သားများ အသုံးပြုရန် ရေပေးလျှက် ရှိသည်။

## (ဂ) ရာသီဥတု

မြောက်ဦးမြို့နယ်အတွင်းရှိ ယေဘူယျရာသီဥတု အခြေအနေမှာ ပူအိုက်စွတ်စိုသော ရာသီဥတုရှိသည်။ နွေရာသီတွင် ပူအိုက်လွန်းပြီး၊ ဆောင်းရာသီတွင် အေးလွန်းသောကြောင့် ရာသီဥတုပြင်းပြသည်။ နွေရာသီ(အေပြီလ)တွင် နှစ်စဉ်အမြင့်ဆုံး အပူရှိန်မှာ ပျမ်းမျှခြင်းအားဖြင့် (၁၀၃. ၇ဒီဂရီ)ဖာရင်ဟိုက်ရှိခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် အမြင့်ဆုံးအပူချိန်မှာ (၁၀၇. ၄ဒီဂရီ) ဖာရင်ဟိုက်ထိ မြင့်တက်ခဲ့ပြီး၊ ၁၉၈၁-ခုနှစ်တွင် အမြင့်ဆုံးအပူရှိန်မှာ (၉၉. ၅ ဒီဂရီ) ဖာရင်ဟိုက်သာ ရှိခဲ့သည်။

ဆောင်းရာသီ (ဇန်နဝါရီလ)တွင် နှစ်စဉ်ပျမ်းမျှ အနိမ့်ဆုံးအပူရှိန်မှာ (၄၈. ၆ ဒီဂရီ) ဖာရင်ဟိုက် ရှိခဲ့သည်။ ၁၉၈၀ ခုနှစ်တွင် (၄၆. ၇ ဒီဂရီ)ဖာရင်ဟိုက်ထိ နိမ့်ဆင်းခဲ့ပြီး၊ ၁၉၈၁-ခုနှစ်တွင်၊ (၅၀ ဒီဂရီ)ဖာရင်ဟိုက် ရှိခဲ့သည်။ ၁၉၈၀ ခုနှစ်နှင့် ၁၉၈၁ ခုနှစ် အပူရှိန်များမှာ အလွန်ကွာဟနေကြောင်း တွေ့ရှိရသည်။

မြောက်ဦးမြို့နယ်တွင် ယခင်က မိုးရေချိန်လက်မ(၂၀၀)ထိ ရွာသွန်းခဲ့ဘူးသော်လည်း၊ ယခုအခါ မိုးရေချိန်လက်မ နည်းပါးနေကြောင်း တွေ့ရှိရသည်။ ၁၉၇၈ ခုနှစ်တွင် (၁၂၅. ၃၈)လက်မ၊ ၁၉၇၉-ခုနှစ်တွင် (၁၃၁. ၇၉)လက်မ၊ ၁၉၈၀-ခုနှစ်တွင် (၁၆၆. ၀၇)လက်မထိ တစ်နှစ်ထက်တစ်နှစ် မိုးရေချိန်လက်မ ပိုမိုလာသည်ကို တွေ့ခဲ့ရသော်လည်း၊ ၁၉၈၁-ခုနှစ်တွင်၊ မိုးရေချိန်လက်မ (၁၁၅. ၄၁)လက်မသာ ရွာသွန်းခဲ့ကြောင်း တွေ့ရသည်။ ၁၉၈၁-ခုနှစ်တွင် မိုးရေချိန်လက်မ ကျဆင်းရသည်မှာ အမြင့်ဆုံးအပူရှိန်၊ အနိမ့်ဆုံးအပူရှိန်များသည် ပျမ်းမျှခြင်းထက် အလွန်နိမ့်လွန်းခြင်း၊ မြင့်လွန်းခြင်းတို့ကြောင့် ဖြစ်နိုင်သည်။

၁၉၈၁-ခုနှစ်၊ အပူရှိန်များမှာ အမြင့်ဆုံး(၉၉. ၅ ဒီဂရီ)ဖာရင်ဟိုက်သာရှိပြီး၊ အနိမ့်ဆုံးအပူရှိန်မှာ (၅၀ ဒီဂရီ)ဖာရင်ဟိုက်သာရှိခဲ့သည်။ နွေရာသီတွင်လည်း အလွန်မပူ၊ ဆောင်းရာသီတွင်လည်း အလွန်မအေးမှုကြောင့် မိုးရေချိန်လက်မ နည်းလွန်းခဲ့ရသည်ဟု ခန့်မှန်းနိုင်သည်။

၁၉၈၂-ခုနှစ်တွင်မူ အနိမ့်ဆုံးအပူရှိန်ကို မသိနိုင်သေးသော်လည်း၊ အမြင့်ဆုံးအပူရှိန်မှာ (၁၀၄ ဒီဂရီ) ဖာရင်ဟိုက် ရှိခဲ့မှုကြောင့် ယခုနှစ်တွင် မိုးရေချိန်လက်မသည် ဩဂုတ်လ(၃၁)ရက်နေ့ထိ (၁၁. ၉၆)လက်မကျော် ရွာသွန်းခဲ့ပြီးဖြစ်သည်။

မြောက်ဦးမြို့နယ်တွင် ၁၉၆၈ ခုနှစ်၊ ငါးမန်းရိပ်ကျွန်း၌ တိုက်ခဲ့သော မုန်တိုင်းဒါဏ်ကြောင့်၊ အဆောက်အဦးအနည်းငယ် ပျက်စီးမှုရှိခဲ့သည်။ မိုးသက်လေပြင်းနှင့် ရေပြင်၊ မြေပြင်လေများ မကြာခဏတိုက်ခတ်သည်။

## (ဃ) မြောက်ဦးမြို့နယ်အတွင်းရှိ တွေ့ရှိနိုင်သော တိရိစ္ဆာန်များ

(၁)ဆင် (၂) ပြောင် (၃) နွားရိုင်း (၄) ဆတ် (၅) ဂျီ (၆) တောဝက် (၇) တောခွေး (၈) ခွေးအ (၉) ကျားကြီး (၁၀) ကျားကုတ် (၁၁) ကျားဝံ (၁၂) တောကြောင် (၁၃) ကြောင်မြင်း (၁၄) မျောက်ညို (၁၅) ပြားမျောက် (၁၆) မျောက်လွှဲကျော် (၁၇) မျောက်ဖင်နီ (၁၈) မျောက်နှောင် (၁၉) ဖွတ် (၂၀) ပုတ်သင်ညို (၂၁) ပုသင်ပျံ (၂၂) ကင်းလိပ်ချော (၂၃) လိပ်ကုန်း (၂၄) လိပ်ညှံ့ (၂၅) စပါးကြီးမြွေ၊ (၂၆) စပါးအုံးမြွေ (၂၇) ငန်းဝါကျား (၂၈) ငန်းပုတ် (၂၉) မြွေဟောက် (၃၀) လင်းမြွေ၊ (၃၁) ရေမြွေ (၃၂) ငန်းတော်ကျား (၃၃) မြွေပိတုံး (၃၄) မြွေစိမ်း (၃၅) ကြက်ဥခိုးမြွေ (၃၆) သင်းခွေချပ် (၃၇) ဖြူ (၃၈) မြွေပါ စသည်တို့ဖြစ်ကြသည်။

### မြောက်ဦးမြို့နယ်အတွင်းရှိ တွေ့ရသော ရေသတ္တဝါများ

(၁) မီးကျောင်း (၂) လင်းပိုင် (၃) ဖျံ (၄) ငါးတောက်တူ (၅) ကက်ကတစ် (၆) ငါးတန် (၇) ငါးမြင်း (၈) ငါးမန်း (၉) ငါးဖား (၁၀) ငါးစုတ် (၁၁) ငါးခူ (၁၂) ငါးသလောက် (၁၃) ငါးဖယ် (၁၄) ငါးရံ့ (၁၅) ငါးဝမ်းပူ (၁၆) ငါးကံသား (၁၇) ငါးစင်း (၁၈) ငါးခုံး (၁၉) ငါးပြေ (၂၀) ငါးကြည်း (၂၁) ငါးတိန်း (၂၂) ငါးဆာဖာ (၂၃) ငါးပုတ်သင် (၂၄) ငါးနုသန်း (၂၅) ငါးတောင်ညှင်း (၂၆) ငါးရစ်မ (၂၇) ငါးစင်ရိုင်း (၂၈) ငါးတိန်းငါးတုတ် (၂၉) ငါးလိပ်ကျောက် (၃၀) ငါးနက်ပြာ (၃၁) ငါးချဉ် (၃၂) ငါးဟောက် (၃၃) ငါးဖယုံ (၃၄) ငါးဝက် (၃၅) ငါးအုပ် (၃၆) ငါးအောက်စဖို (၃၇) ငါးလဝါ (၃၈) ငါးစလုံး (၃၉) ငါးပူတင်း (၄၀) ငါးကြောင်း (၄၁) ငါးသလဲထိုး စသည်တို့ ဖြစ်ကြသည်။

**မြောက်ဦးမြို့နယ်အတွင်း၌ တွေ့ရှိရသော ပိုးမွှားများ**

(၁) ပျား (၂) ပျားပိတုံး (၃) ယင်ပျား (၄) တဲပျား (၅) သပေါ့စာပျား (၆) နံ့ကောင်အမျိုးမျိုး (၇) ပုရစ် (၈) နကျည်ကောင် (၉) မောင်းထောင်းကောင် (၁၀) ပုရွက်ဆိတ်အမျိုးမျိုး (၁၁) ခါချဉ်အမျိုးမျိုး (၁၂) တောင်ကျီ (၁၃) ငမျှောင်တောင် (၁၄) ရွက်လိပ်ပိုး (၁၅) နှံစုပ်ပိုး (၁၆) လောင်မီးပိုး (၁၇) လိပ်ပြာအမျိုးမျိုး (၁၈) ပင့်ကူအမျိုးမျိုး (၁၉) ကင်းခြေများ (၂၀) ကင်းမြီးကောက် (၂၁) ပိုးနသံကောင် (၂၂) ပိုးဟတ် (၂၃) ယင်ကောင် (၂၄) ခြင်ကောင် (၂၅) နံယုန်ကောင် (၂၆) မှက် (၂၇) ပိုးစုန်းကြူး (၂၈) ကြမ်းပိုး (၂၉) ရေပိုး (၃၀) ဖလံ (၃၁) ပလီပလာ (၃၂) ခူကောင်အမျိုးမျိုး (၃၃) နွားချေးပိုး (၃၄) ပသုံန်း (၃၅) ပိုးဂျော်ဂျီ (၃၆) စိုင့်စီ (၃၇) မုဆိုးမခွေး စသည်တို့ ဖြစ်ကြသည်။

## (ဃ) အပင်များ

**မြောက်ဦးမြို့နယ်အတွင်း၌ တွေ့ရှိရသောအပင်များ**

**ပင်စောက်အမျိုး**

(၁) ကညင်ပင် (၂) ထောက်ကြံ့ပင် (၃) သံဂလိပင် (၄) ဒီးဒူးပင် (၅) လက်ပံပင် (၆) သဖန်းပင် (၇) ထန်းပင် (၈) ပီပင် (၉) လက်ခုပ်ပင် (၁၀) ပျဉ်းကတိုးပင် (၁၁) စံကားပင် (၁၂) သစ်ကတိုးပင် (၁၃) ဘန့်ဘွေးပင် (၁၄) ဘင်ဂပင် (၁၅) ကုလားမီးသွေးပင် (၁၆) သီခေါက်ပင် (၁၇) ပျဉ်းမပင် (၁၈) ကျေးပင် (၁၉) ဝွေးပင် (၂၀) ဥသျှစ်ပင် (၂၁) ခွံဆတ်ပင် (၂၂) ရေမနီပင် (၂၃) ပင်လယ်ဇီးပင် (၂၄) လမုပင် (၂၅) ကန့်ကော်ပင် (၂၆) နှမ်းဖဲပင် (၂၇) ပြုန်းမစာပင် (၂၈) ထိန်ပင် (၂၉) လွန်ပင် (၃၀) တေပင် (၃၁) သစ်ပုတ်ပင် (၃၂) တောပိန္နဲပင် (၃၃) မှင်တောက်ပင် (၃၄) စိုင့်ပင် (၃၅) လဘက်ပင် (၃၆) တောသရက်ပင် စသည်တို့ ဖြစ်ကြသည်။

**ပင်ငိုင်းအမျိုး**

(၁) ခရေပင် (၂) ညောင်ပင် (၃) ညောင်ပိန္နဲပင် (၄) ညောင်ကြတ်ပင် (၅) ကုက္ကိုပင် (၆) ပိတောက်ပင် (၇) စင်းပွန်းပင် (၈) စမွယ်ပင် (၉) ကသစ်ပင် (၁၀) သပြေပင် (၁၁) ဇီးဖြူပင် (၁၂) သျှသျှားပင် (၁၃) ပေါက်ပင် (၁၄) မျောက်ငိုပင် (၁၅) ကြက်ရိုးပင် (၁၆) သနပ်ပင် (၁၇) ခတက်ပင် (၁၈) ပြာပင် (၁၉) ရေစိုးပင် (၂၀) စုပ်ဖွားပင် (၂၁) ရှောက်ချိုပင် (၂၂) ကျွဲကောပင် စသည်တို့ ဖြစ်ကြသည်။

**မြောက်ဦးမြို့နယ်အတွင်း သဘာဝအလျောက် ပေါက်ရောက်နေသော ဆေးပင်များ။**

(၁) ဘုံမရာဇာ (၂) ကန်းချုပ်နီ (၃) မရားကြီး (၄) စီတာရာ (၅) အင်ဒိုင်းဆေးနီ (၆) စတုခါး၊ (၇) သံပူနွယ် (၈) မြင်းခွာ (၉) မိတ်သလင် (၁၀) တိလင်ကသာ (၁၁) ငဖုန်းဆေး (၁၂) စူဌာနပါ (၁၃) ဆီမီးတောက် (၁၄) ခွေးတောက် (၁၅) ဆင်သာမနွယ် (၁၆) ဆင်ထုံးမနွယ် (၁၇) ဘူးခါး (၁၈) စပါးကြီးသည်းခြေမြစ် (၁၉) တွင်းနက်မြစ် (၂၀) ပရန္နဝါ (၂၁) ကမ္မနွတ် (၂၂) လက်ထုတ်ပင် (၂၃) နှပ်ခြို (၂၄) သစ်ရင်းကြီး (၂၅) သစ်ရင်းကတိုး (၂၆) နွားမေရင်း (၂၇) ဆင်နှာမောင်း (၂၈) သားလှကျေးဇူး (၂၉) ကြက်ဆူပင် (၃၀) စိုင်းသည်ပင် (၃၁) ရွက်ကျပင်ပေါက် (၃၂) ကလိန်စေ့ (၃၃) ကရဝိတ်၊ (၃၄) ရှားစောင်းကြီး (၃၅) ကြောင်ချေးပင် (၃၆) ကဒက်ဥ (၃၇) ဆေးလိုင်ပတ် (၃၈) ဒင့်ကျိုး (၃၉) ငရုပ်ကောင်း (၄၀) ပချင်း (၄၁) မုတ် (၄၂) ဖာလာ (၄၃) ဆိတ်ဖူး (၄၄) ဆနွင်းခါး (၄၅) ပဒကြော (၄၆) လင်းညိုန် (၄၇) မင်းကိုးကာ (၄၈) ဆူးခေါက်နက် (၄၉) ဖန်ခါး (၅၀) ဇီးဖြူ (၅၁) ရှားဖြူ (၅၂) ကျားစု (၅၃) မျောက်ဆိတ် (၅၄) ငစွေရှင် (၅၅) ငပြီရှင် (၅၆) သဝင်ပေါက်ဖြူ (၅၇) အော်လေး (၅၈) တပဆေး (၅၉) ဆိတ်ဖလူး (၆၀) ဆိတ်နံ့ (၆၁) ဇကေရာဇ် (၆၂) မဟာလှေကား (၆၃) နွားလျှာကြီး (၆၄) အလိုကျ (၆၅) ဟင်းခရော် (၆၆) စိုင်းလိုင်း (၆၇) ပွေးကိုင်း (၆၈) စိပ်ညှင်း (၆၉) ခအုံးခါး စသည်တို့ ဖြစ်ကြသည်။

**မြောက်ဦးမြို့နယ်အတွင်းရှိ သဘာဝပေါက်ရောက်သော ပန်းမာလ်များ။**

(၁) ပိတောက်ပန်း (၂) ငုံးစပ်ပန်း (၃) ဘုံမရာဇာပန်း (၄) ကျေးပန်း (၅) နှင်းပန်းဖြူ (၆) နှင်းပန်းနီ (၇) သရဖီပန်း (၈) ကန့်ကော်ပန်း (၉) အင်ကြင်းပန်း (၁၀) စံကားဝါပန်း (၁၁) စကားနီပန်း (၁၂) စံကားစိမ်းပန်း (၁၃) တရုပ်စကား

ပန်းအနီ (၁၄) တရုပ်စံကားပန်းအဖြူ (၁၅) အကျော်ပန်း (၁၆) ဖယောင်းလက်တံပန်း (၁၇) ရွှေတူပန်း (၁၈) ငွေတူပန်း (၁၉) ကြွက်နားပန်း (၂၀) ညာစိမ်းပန်း (၂၁) ခတ္တာပန်း (၂၂) မိုးစလပ်ပန်း (၂၃) မြေသဇင်ပန်း (၂၄) ခွာညိုပန်း (၂၅) စိန်ပန်း၊ (၂၆) ဇော်ကနီပန်း (၂၇) မိုးဇီပန်း (၂၈) ကြောင်မြီးတုံးပန်း (၂၉) စွယ်တော်ပန်း (၃၀) စပယ်ပန်း (၃၁) မြတ်လေးပန်း (၃၂) ကြက်ရုန်းပန်း (၃၃) သနပ်ခါးပန်း (၃၄) ဂေါ်သဇင်ပန်း (၃၅) ဆောင်တော်ကူးပန်း (၃၆) ထားဝယ်မှိုင်းပန်း (၃၇) လုပ်စရိပန်း (၃၈) ကြာဖြူ (၃၉) ကြာနီ (၄၀) ကြာညို (၄၁) ကြာခေါင်းလောင်း (၄၂) ကြာတံဆိပ် (၄၃) ကြာပုဏ္ဍရိပ် စသည်တို့ ဖြစ်ကြသည်။

## ၂။ မြို့နယ်သမိုင်းဖြစ်စဉ်

မြောက်ဦးမြို့နယ်သမိုင်းဖြစ်စဉ်ကို ပြုစုရာတွင် မြို့နယ်ရှိ ရှေးဟောင်းမြို့တော်များအကြောင်းကို အကျဉ်းမျှ ဖော်ပြမှသာ ပြည့်စုံသော သမိုင်းတစ်စောင် ဖြစ်လာပေမည်။ ယင်းကြောင့် မြောက်ဦးမြို့နယ်တွင် ရှိသော ရှေးဟောင်းမြို့တော်များဖြစ်ကြသည့် ဝေသာလီမြို့၊ ပဥ္စာမြို့၊ ပုရိန်မြို့၊ နေရဥ္စရာမြို့နှင့် လောင်းကြက်မြို့များအကြောင်းကို ရာစုနှစ်အလိုက် ဖော်ပြလိုက်ရပေသည်။

## ဝေသာလီခေတ် (အေဒီ ၃၅၀ မှ ၈၁၈ ထိ)

ဝေသာလီမြို့သည် မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ဲ၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၉ဲတွင်ရှိ၍ မြောက်ဦးမြို့၏ မြောက်ဖက် (၅)မိုင်ခန့်အကွာတွင် တည်ရှိသည်။ ဝေသာလီမြို့၏အနောက်ဖက်တွင် ကုလားတန်မြစ်၏လက်တက် တစ်ခုဖြစ်သော ရမ်းချောင်းရှိသည်။ မြို့၏အရှေ့ဖက်တွင် ရမ်းချောင်းတောင်တန်းကြီး တည်ရှိသည်။ မြို့ရိုးတည်နေပုံမှာ မြောက်ဖက်နှင့် အရှေ့ဖက်၌ ဖြောင့်တန်းပြီး၊ တောင်ဖက်နှင့်အနောက်ဖက်တွင် ကွေးနေသည်။ မြို့ကိုဖြတ်၍ ရမ်းချောင်းမှ ချောင်းလက်တက်ငယ် တစ်ခု စီးဆင်းနေသည်။ ဝေသာလီမြို့၏မြောက်ဖက်နှင့် တောင်ဖက်မြို့ရိုးအကျယ်မှာ ပေတစ်သောင်းခန့် ရှိပြီး အရှေ့ဖက်နှင့် အနောက်ဖက် မြို့ရိုးအကျယ်မှာ ပေခြောက်ထောင့်ငါးရာခန့် ရှိသည်။ ဤမြို့ရိုးမှာ အပြင်မြို့ရိုးဖြစ်သည်။ အတွင်း၌ မြို့ရိုးတစ်ခု ရှိသေးသည်။ ထိုမြို့ရိုးပတ်လည်တွင် ကျုံးရှိသည်။ အရှေ့ဖက်၌ရှိသောကျုံးကို ယခုတိုင် ရေအင်းကြီးအဖြစ် တွေ့မြင်နိုင်သေးသည်။ ရှေးခေတ်လူနေအိမ်ခြေများမှာ အရှေ့ဖက်ကျုံးနှင့် တံတိုင်းကြားတွင် ရှိခဲ့ကြောင်း ယနေ့ထိ အုတ်ကုန်းများစွာက သက်သေခံလျှက်ရှိသည်။

နန်းတော်မှာ အတွင်းမြို့ရိုးထဲတွင် တည်ရှိသည်။ နန်းတော်ကုန်းမှာ မြောက်ဖက်မှ တောင်ဖက်သို့ ပေတစ်ထောင့်ငါးရာခန့် ကျယ်ပြီး၊ အရှေ့မှ အနောက်သို့ ပေတစ်ထောင်ခန့် ကျယ်သည်။ ယခုအခါ နန်းရာကုန်းပေါ်တွင် လူများနေအိမ်ဆောက်လုပ်လျှက် နေထိုင်ကြသည်။ ဝေသာလီမြို့အတွင်း၌ လူများသောက်သုံးရန် ရေတွင်းရေကန်များစွာ ရှိသည်။ မြို့၏အနောက်ဖက်အခြမ်းတွင် ရှေးအခါက အဆောက်အဦးများ ဆောက်လုပ်ခဲ့သော တောင်ကုန်းများရှိသည်။ ထိုတောင်ကုန်း တစ်ခုနှင့်တစ်ခုကြားတွင် ကျုံးခြားလျှက်ရှိသည်။ အိမ်ရာကြီးခေါ် သီရိစန္ဒြားမင်းနှင့် သုဝဏ္ဏဒေဝီတို့ နေထိုင်ခဲ့သောကုန်းမြင့်ကို ယနေ့တိုင် တွေ့မြင်နိုင်သေးသည်။

ဝေသာလီမြို့၏ အမည်အပြည့်အစုံမှာ ဝေသာလီကျောက်လှေကားမြို့ ဖြစ်သည်။ အနောက်ဖက် ရမ်းချောင်းကမ်းပါးတွင် ဝေသာလီခေတ် ထွန်းကားစဉ်က နိုင်ငံခြားသင်္ဘောများ ဆိုက်ကပ်ရန် ကျောက်တုံးများကို လှေကားထစ်သဖွယ် ထုလုပ်ထားခဲ့သည်။ ယခုအခါ ဒီရေကျချိန်တွင် ကြွင်းကျန်သော ကျောက်တုံးအနည်းငယ်မျှကို မြင်နိုင်သေးသည်။ ထိုလှေကားထစ်သဖွယ် ကျောက်တုံးများရှိခြင်းကြောင့် ဝေသာလီကျောက်လှေကားမြို့ဟု ခေါ်တွင်ရခြင်းဖြစ်သည်။ ယခုအခါ၌ ဝေသာလီမြို့တော်ဟောင်း နေရာတွင် ရွာငယ်သုံးရွာ တည်ရှိသည်။ ၎င်းတို့မှာ သလ္လာဝတီခေါ် ပေါက်တောပြင်ရွာ၊ ဝေသာလီအင်းရွာနှင့် ဝေသာလီရွာဟောင်းတို့ ဖြစ်ကြသည်။ ဝေသာလီမြို့ဟောင်း၏တောင်ဖက် မြို့ရိုးအနီးတွင် သလ္လာဝတီရွာ တည်ရှိသည်။ ထိုမြို့ရိုးပေါ်တွင် မြောက်ဦး-ကျောက်တော်ကားလမ်းကို ဖောက်လုပ်ထားသည်။ ၎င်းလမ်းအတိုင်းသွားလျှင်၊ သလ္လာဝတီခွဆုံမှ မိုင်ဝက်ခန့်အကွာ ကုန်းငယ်တစ်ခုမှ လွန်ခဲ့သော နှစ်လေးဆယ်ခန့်က ကြေးနီပုရပိုက် တစ်ချပ်ရရှိခဲ့သည်။ ၎င်းတွင် ဝေသာလီမင်းတစ်ပါး၏ မြေလှူအမိန့်ပြန်တမ်းကို ခြောက်ရာစုမတိုင်မီက အသုံးပြုခဲ့သော အက္ခရာဖြင့် ရေးထိုးထားသည်။ သလ္လာဝတီရွာရှိ ဘုန်းကြီးကျောင်းမှာ ကုန်းငယ်တစ်ခုပေါ်တွင် တည်ရှိသည်။ ထိုကုန်းမှာ အနန္တစန္ဒြမင်း တည်ထားကိုးကွယ်ခဲ့သော အနန္တောဒယကျောင်းတော်ရာဟု အဆိုရှိကြသည်။ ကျောင်းဝင်းအတွင်း၌ ရှေးခေတ်က တူးခဲ့သော အုတ်စီရေတွင်းတစ်ခု ရှိသည်။ ကျောင်းအနီးအနားတွင် ကျောက်ရုပ်ထုများ စိုက်ထားခဲ့သော ကျောင်းတုံးခုံများကို တွေ့မြင်နိုင်သေးသည်။ ကျောင်းပေါ်တွင် ဝေသာလီခေတ်

စေတီတစ်ဆူ ပြိုပျက်ရာမှ ရရှိထားသော သံထီးအဆင့်ဆင့်နှင့် သံပိန္နဲတိုင်တစ်ချောင်း၊ ၎င်းအပြင် စေတီတစ်ဆူ၏ ဌာပနာမှ ရရှိသော သတ္တုမဏ္ဍိုင်တစ်ခုကို တွေ့မြင်နိုင်သေးသည်။

သလ္လာဝတီရွာမှ မြောက်ဖက်သို့ လူသွားလမ်းအတိုင်း လျှောက်သွားလျှင် ဝေသာလီအင်းရွာသို့ ရောက်သည်။ အင်းရွာဟု ခေါ်ရခြင်းမှာ ရှေးခေတ် ကျုံးတိမ်ကော၍ အင်းကြီးဖြစ်နေသည့်အနီးတွင် ရွာတည်ရှိသောကြောင့် အင်းရွာဟုခေါ်သည်။ ထိုရွာမှ ဆက်သွားလျှင် ဝေသာလီရွာဟောင်းသို့ ရောက်သည်။ ရွာဝင်ဝလက်ျာဖက်တွင် တောင်ကုန်းတစ်ခုရှိသည်။ ၎င်းတောင်ကုန်းကို လက်ခတ်တောင်ဟု ခေါ်သည်။ တောင်ပေါ်ရှိ ဘုန်းကြီးကျောင်းဝင်းအတွင်း၌ ရှေးအခါက ကျောက်ရုပ်များ စိုက်ထူခဲ့သော ရက္ခန်းလက်ခတ်သဏ္ဌာန် ကျောက်တုံးကြီးတစ်ခု ရှိသည်။ ဘုန်းကြီးကျောင်းရှေ့တွင် သွပ်မိုး ဝါးထရံကာအဆောက်အဦးတစ်ခုရှိသည်။ ထိုအထဲတွင် ကျောက်တုံးကြီးများကို ထုလုပ်ထားသော နတ်ရုပ်များရှိသည်။ ထိုတောင်ကုန်းပေါ်မှ အနန္ဒစန္ဒြမင်းကျောက်စာကို မင်းဗာဘုရင်ကြီးသည် မြောက်ဦးမြို့ သျှစ်သောင်းဘုရားသို့ ရွှေ့ပြောင်းခဲ့သည်ဟု အဆိုရှိသည်။ ဝေသာလီ၏နန်းတော်ကုန်းမှာ လက်ခတ်တောင်နားတွင် ကပ်လျှက်ရှိသည်။ ဝေသာလီရွာတစ်ခုလုံးတွင် ကျောက်တုံးများ၊ အုတ်အကျိုးအပဲ့များ ပြန့်ကြဲလျှက်ရှိသည်။ ရွာပတ်လည် တောင်ကုန်းများပေါ်တွင် စေတီပုထိုးပျက်များနှင့် ဘုရားရုပ်ထုအကျိုးအပဲ့များ ရှိသည်။ ထိုပြိုပျက်နေသော စေတီပုထိုးများမှ ကျွတ်ထွက်လာသည့် ကျောက်တုံးများသည် ယေဓမ္မာဟေတု ပဘာဝါဂါထာတော် ထိုးထားသောကျောက်တုံးများလည်း ပါလာသည်ကို တွေ့ရသည်။ ထိုစာပါသောကျောက်တုံး များကို မြောက်ဦးမြို့ ရှေးဟောင်းသမိုင်းပြတိုက်တွင် သိမ်းဆည်းထားရှိသည်။

## ဝေသာလီခေတ် ယဉ်ကျေးမှု

ဝေသာလီခေတ်ကို ရခိုင်ရာဇဝင်အဆိုအရ မဟာတိုင်းစန္ဒြားမင်းကြီး တည်ထောင်ခဲ့သည်ဟုဆိုသည်။ အနန္ဒစန္ဒြမင်းကျောက်စာအရ ဒွင်စန္ဒြားမင်းမှာ ဒုတိယဝေသာလီမင်းဆက်ကို တည်ထောင်သောမင်းဖြစ်ကြောင်း တွေ့ရသည်။ ထိုမင်းနန်းတက်သော သက္ကရာဇ်ကို ဒေါက်တာဂျွန်စတင်က အေဒီ ၃၅၀ ဟု ဖော်ပြထားသည်။ ဤသက္ကရာဇ်ကို ရခိုင့်သမိုင်း သုတေသီများကလည်း သဘောတူယနေ့ထိ ထောက်ခံကြသည်။ အနန္ဒစန္ဒြမင်းကျောက်စာအရ (၂၂)ဆက်မြောက်မင်းမှာ အနန္ဒစန္ဒြမင်းဖြစ်ပြီး၊ အေဒီ ၇၀၀ ဟု ယူဆထားသည်။ ရခိုင်ရာဇဝင်အဆိုအရ ဝေသာလီခေတ်ကို မဟာတိုင်းစန္ဒြားမင်း တည်ထောင်ပြီး စန္ဒြားမင်း (၉)ဆက် စိုးစံခဲ့၍၊ နောက်ဆုံးမင်းမှာ စူဠစန္ဒြားမင်းဖြစ်ကြောင်း ရေးသားထားသည်။ စူဠစန္ဒြားမင်းနောက် အမြကူ၊ အမြတူနှင့် ပဲဖြူမင်းတို့ ဝေသာလီတွင် အုပ်စိုးခဲ့ကြောင်း၊ စူဠစန္ဒြားမင်း၏တူတော် ပဥ္စာမြို့ကို တည်ထောင်ခဲ့ကြောင်း၊ ရခိုင်ရာဇဝင်များက ဖော်ပြထားသည်။ ဝေသာလီခေတ်သည် အေဒီ လေးရာစုမှ ရှစ်ရာစုထိ နှစ်ပေါင်းလေးရာကျော် ထွန်းကားခဲ့သဖြင့် ဝေသာလီခေတ် ယဉ်ကျေးမှုမှာလည်း အဆင့်အတန်းမြင့်မားကြောင်း တွေ့ရပေသည်။

## ဘာသာရေး

ဝေသာလီခေတ်တွင် ထေရဝါဒဗုဒ္ဓဘာသာ ထွန်းကားခဲ့ကြောင်းကို ယေဓမ္မာဟေတု ပဘာဝါဂါထာတော် ထိုးထားသော ကျောက်တုံးများက သက်သေခံနေသည်။ များပြားလှစွာသော စေတီပုထိုးများနှင့် ကျောက်ဆင်းထုကြေးဆင်းထုတော်များကလည်း ဗုဒ္ဓသာသနာ နေရောင် လရောင်ပမာ ထွန်းကားခဲ့ကြောင်း ဖော်ပြနေသည်။ အနန္ဒစန္ဒြားကျောက်စာအရ ဝေသာလီမြို့တော်တွင် နေထိုင်သော ပြဟ္မဏပုဏ္ဏားတို့ကိုလည်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ပေးခဲ့ကြောင်း သိရသည်။ ယင်းကြောင့် ၎င်းတို့၏ ကိုးကွယ်ရာဖြစ်သော ပိဿနိုးနတ်ရုပ် မဟာဂဏ်ိနတ်ရုပ်၊ ကိန်ချရို၊ မဟာဒေဝါ စသော နတ်ရုပ်များကို ယနေ့ထက်တိုင် ဝေသာလီနယ်ပယ်တွင် တွေ့ရသေးသည်။ သို့သော် ဘုရားရုပ်ထု ဆင်းထုတော်များလောက် များများပြားပြား မတွေ့ရချေ။

### စတုတ္ထသံဂါယနာတင်ခြင်း

ဝေသာလီတွင် သီရိစန္ဒြားမင်း အုပ်စိုးစဉ်၌ အိန္ဒိယပြည်တွင် ဗောဓိသတ္တဝါဒ၊ မဟာယနဘာသာတို့မှာ အင်အားကောင်းနေသောအချိန် ဖြစ်သည်။ ထိုဝါဒသမားများ ဝေသာလီရှိ ပြဟ္မဏများနှင့် ပေါင်းမိကာ မဟာယနဝါဒများ ဝင်ရောက်လာမည်ကို ကြိုတင်သိမြင်ခဲ့သည်။ ထို့ကြောင့် ထေရဝါဒဗုဒ္ဓသာသနာ အရှည်တည်တန့်နိုင်ရန်အတွက် ရည်စူး၍ သီရိစန္ဒြားမင်းသည် ရဟန္တာမထေရ်ဖြစ်သော အရှင်စူဠရေဝနှင့် တိုင်ပင်ပြီး ဥတ္တမကိန်း (၅၆၀)ဖြိုကြွင်းသက္ကရာဇ် (၂)ခုတွင် ဝေသာလီမြို့တော်၌ စတုတ္ထသံဂါယနာ တင်ခဲ့သည်။

| | | |
|---|---|---|
| **တင်သောသက္ကရာဇ်** | - | သီရိစန္ဒြားမင်း ဥတ္တမကိန်း(၅၆၀)ဖြိုကြွင်း (၂)ခု သာသနာနှစ် ဓာတုဋီကာ (၁၁၆၉) တန်းခူးလပြည့်ကျော်(၁)ရက်နေ့ |
| **တင်ရာဌာန** | - | ဝေသာလီမြို့တော်၏ အရှေ့ဘက်ရှိ ရွှေတောင်ကြီးတောင် |
| **အမှီပြုရသောမင်း** | - | သီရိစန္ဒြားမင်း |
| **ကြီးမှူးသောပုဂ္ဂိုလ်** | - | သံဃရာဇာစူဋရေဝရဟန္တာမထေရ် |
| **တင်သောသံဃာတော်** | | |
| **အရေအတွက်** | - | ရခိုင်ပြည်မှ (၁၀၀၀) သီဟိုဠ်ကျွန်းမှ (၁၀၀၀)ပေါင်း သံဃာတော်(၂၀၀၀) |
| **သံဃာယနာတင်ပုံ** | - | ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ရဟန်းတော် (၈)ပါးက နှုတ်ဖြင့်ရွတ်ဆို၍ ကြေးဝါပြားများတွင် ရေးထိုးကြသည်။ |

သုတန္တကျမ်း ပါဠိတော်ကို အလျားတစ်တောင်တထွာ အနံတောင်ဆုတ် အထူ တမူးရှိသော ကြေးပြားတစ်ချပ်စီတွင် စာကြောင်းရေ တစ်မျက်နှာ (၂၇)ကြောင်းစီပါသော အချပ်ပေါင်း(၉၀၀)၌ ရေးထိုးကြသည်။ ဝိနယပါဠိတော်ကို အရွယ်အစားတူ ကြေးဝါပြား (၂၅၀)ချပ်နှင့် အဘိဓမ္မာပါဠိတော်ကို ကြေးဝါပြား (၈၄၀)ချပ် စုစုပေါင်းချပ်ရေ (၂၀၀၀)တွင် ရေးထိုးကြရာ၊ အချိန်ကာလ တစ်နှစ်ကြာသည်။ အဋ္ဌကထာဖြစ်သော ဝိနယကို ကြေးဝါချပ် (၇၅၀) သုတ္တံကို ကြေးဝါချပ် (၁၅၀၀) အဘိဓမ္မာကို ကြေးဝါချပ် (၆၉၀)၊ ဝိသုဒ္ဓိမဂ်ကို ကြေးဝါချပ် (၄၀) ကင်္ခါဝိတရနိကို ကြေးဝါချပ်(၂၀)ပေါင်း (၃၀၀၀) အချိန်နှစ်နှစ်ကြာသည်။ အားလုံးကြေးဝါချပ်ရေ (၅၀၀၀)ကို အချိန်ကာလ (၃)နှစ်ကြာအောင် ရေးသား၍ စတုတ္ထသံဂါယနာတင်ခဲ့သည်။ ထိုတင်ခဲ့သော ကြေးပြားအချို့မှာ သီဟိုဠ်ကျွန်း၌ရှိကြောင်း သီဟိုဠ်မှ ကျောက်စာမင်းကြီး မြောက်ဦးသို့ ရောက်ရှိလာစဉ်က ပြောကြား၍ သိရှိရသည်။

## စာပေ

ဝေသာလီခေတ်တွင် ဘာသာရေးနှင့်ဆိုင်သော စာပေများကို သက္ကဋစာဖြင့် ရေးသားကြပြီး၊ လောကီရေးရာဖြစ်သော ကဗျာ လင်္ကာ စသည့်စာပေများကို ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးသားကြောင်း တွေ့ရသည်။ သက္ကဋဘာသာဖြင့် ရေးသားထားသော သျှရုတဗောဓဆေန်းကျမ်းကို ရက္ခဝဏ္ဏအက္ခရာဖြင့် ပြန်ဆိုပြီး ကဝိဂန္ဓကျမ်းအဖြစ် သုဝဏ္ဏဒေဝီက စီရင်ခဲ့သည်။ ၎င်းကျမ်း၌ ကဗျာလင်္ကာစပ်ဆိုရန် ဂိုဏ်းရွေးချယ်နည်းကို ဖော်ပြထားသည်မှာ-

“ကဝိဂန္ဓကျမ်း၌ပြသား၊ အယင်ကခါ၊ ပြည်ညော၀ယ်၊ ဝေသာနန်းမ၊ ရဇတနှစ်၊ ဝဏ္ဏဘဘာ၊ အညာမေယျ၊ အလှသဇင်၊ တသလျှင်သည်၊ မြင်ရအာရုံ၊ စွဲတုံတတ၊ ဂိုဏ်းရှစ်ဝဖြင့်၊ ဖော်ပြပြီးခါ၊ ဘဘာမည်ရ၊ သုဝဏ္ဏသည်၊ ငယ်ကကျွမ်းကို၊ လွမ်းတွဲ့ဆို၍၊ တမ်းသတိလေ-----”

### လင်္ကာအရ ပထမ လေးဂိုဏ်း ကောက်ယူပုံ

| | | | | | |
|---|---|---|---|---|---|
| (၁) | ဝေသာနန်းမ | = | ၂၂၂ | - | မဂိုဏ်း |
| (၂) | ရဇတနှိုက် | = | ၁၁၁ | - | နဂိုဏ်း |
| (၃) | ဝဏ်ဏဘဘာ | = | ၂၁၁ | - | ဘဂိုဏ်း |
| (၄) | ကညာမေယျ | = | ၁၂၂ | - | ယဂိုဏ်း |

ဤ မ၊ ဏ၊ ဘ၊ ယ ဂိုဏ်းတို့မှာ ဣဋ္ဌဂိုဏ်း ဖြစ်ပါသည်။ ကဗျာလင်္ကာ စီကုံးရာ၌ အသုံးပြုသင့်သော ဂိုဏ်းများဖြစ်ပါသည်။

### လင်္ကာအရ ဒုတိယလေးဂိုဏ်းကောက်ယူပုံ

| | | | | | |
|---|---|---|---|---|---|
| (၁) | အလှသဇင် | = | ၁၂၁ | - | ဇဂိုဏ်း |
| (၂) | တသလျှင်သည် | = | ၁၁၂ | - | သဂိုဏ်း |
| (၃) | မြင်ရအာရုံ | = | ၂၁၂ | - | ရဂုဏ်း |
| (၄) | စွဲတုံတတ | = | ၂၂၁ | - | တဂိုဏ်း |

ဒုတိယလေးဂိုဏ်းမှာ အနိဋ္ဌဂိုဏ်းဖြစ်၍ ကဗျာလင်္ကာစီကုံးရာ၌ အသုံးမပြုသင့်သော ဂိုဏ်းများဖြစ်ကြသည်။

ဝေသာလီခေတ်တွင် သုဝဏ္ဏဒေဝီရေးစပ်သော သိန်ကန်မိန်တွင် အစချီသည့် သျှိုးလိုက်ရတုများ၊ ဓမ္မဇေယျအမတ်ကြီး ရေးစပ်သော ဗျဉ်း(၃၃)လုံး၊ ဟန်စွလေလကာ၊ ပညာမေဓာ(မေရပညာ) စီကုံးသော စတုတ္ထသံဃာယနာတင် မော်ကွန်းလကာ၊ စာဏကျအမတ်ကြီး ရေးသားသော စာဏကျနီတိကျမ်း၊ စသည်တို့မှာ ထင်ရှားသောစာပေများ ဖြစ်သည်။

ဝေသာလီတခေတ်လုံး၏ ယဉ်ကျေးမှုကို ခြုံ၍တင်ပြရမည်ဆိုလျှင် အိန္ဒိယပြည်မြောက်ပိုင်းနှင့် ကူးလူးဆက်ဆံမှုရှိခဲ့၍၊ ယဉ်ကျေးမှုဆက်နွယ်နေကြောင်း တွေ့ရသည်။ ရခိုင်ရာဇဝင်များ အဆိုအရ ဒွင်စန္ဒြားမင်း၏ မိဖုရား သုဘဘာဒေဝီမှာ မောရိယ မင်းမျိုးမင်းနွယ်ဖြစ်ကြောင်း သိရသည်။ ယခုထက်တိုင် တွေ့ရသော ဝေသာလီခေတ်သုံး ငွေဒင်္ဂါးများက ပြည်တွင်း ပြည်ပ ကုန်ရောင်းကုန်ဝယ် အဆင့်အတန်းကို ဖော်ပြလျှက်ရှိသည်။ လေးရာစုကပင် ဒင်္ဂါးသွန်းလုပ်၍၊ ကူးသန်းရောင်းဝယ်ရေး အတွက် အသုံးပြုနေသည်ကို ထောက်ရှုလျှင်၊ ဝေသာလီ ယဉ်ကျေးမှုအဆင့်အတန်းမှာ ယင်းခေတ်က ကမ္ဘာ့အဆင့်အတန်းကို မှီကြောင်း သိရှိရသည်။ လူ့အသုံးအဆောင်များဖြစ်သော ရွှေလက်ကောက်၊ လက်စွပ်၊ ပုတီး၊ စလွယ်၊ နတောင်းတို့ကိုလည်းကောင်း၊ ကြေးကိုသွန်းလုပ်သော ဆီမီးခွက်အမျိုးမျိုး ကြေးအိုး၊ ကြေးပန်းကန်လုံး စသည်တို့ကိုလည်းကောင်း၊ ဘာသာရေးအဆောက်အအုံ ဖြစ်သည့် ကြေးဆင်းတုအမျိုးမျိုး၊ ကြေးရုပ်တုအမျိုးမျိုး၊ ကြေးပုရပိုက်၊ ကြေးခေါင်းလောင်း၊ စသည်တို့ကိုလည်းကောင်း၊ ဝေသာလီ နယ်မြေမှ တွေ့ရှိခဲ့ရသည်။ ၎င်းပစ္စည်းများကို ကြည့်ရှုခြင်းအားဖြင့်၊ အနုပညာအဆင့်အတန်း မြင့်မားကြောင်း ဖော်ပြနေသည်။ ကျောက်ဆစ်ပညာ၌လည်း အံ့ဩလောက်အောင် အဆင့်အတန်းမြင့်မားကြောင်းကို ယနေ့ထိ တွေ့ရှိရသော ကျောက်ပလ္လင်ခုံ များ၊ ကျောက်ဆင်းတုတော်များ၊ ကျောက်နတ်ရုပ်များကို လေ့လာကြည့်ရှုခြင်းဖြင့်၊ သိရှိနိုင်သည်။ အလွန်မာကြောသော ကျောက်များ ကို ထွင်းထုနိုင်ရန်အတွက် ကျောက်ထက်မာကြောသော သတ္တုကို ဝေသာလီခေတ် ရခိုင်များက တွေ့ရှိပြီဖြစ်ကြောင်း၊ ယူဆရသည်။ ကြီးမားသော ကျောက်တုံးကျောက်ခဲများကို ဝေးလံသောအရပ်မှ သယ်ယူပြီး၊ မြင့်မားသောတောင်ပေါ်သို့ တင်ဆောင်ခြင်း၊ ဝိုင်းစက်သော ကျောက်ဝိုင်းများကို ပြုလုပ်ခြင်း၊ ကျောက်လင်ပန်းများ ထွင်းထုခြင်း၊ အချိုးအစားပြေပြစ်၍၊ အသက်ဝင်သော ကျောက်ရုပ်ထုများကို ထုလုပ်တတ်ခြင်း၊ ဒင်္ဂါးများသွန်းလုပ်ခြင်း၊ စသောလုပ်ရပ်တို့က ယင်းဝေသာလီ ပြည်သားတို့ စက်မှုလက်မှုအတတ်ကို အတော်အသင့် တတ်မြောက်နေပြီဖြစ်ကြောင်း၊ ဖော်ပြနေသည်။ ၎င်းကဲ့သို့ ကမ္ဘာ့ အဆင့်အတန်းမှီအောင် ယဉ်ကျေးမှုအရပ်ရပ်၊ ထွန်းကားခဲ့သော ဝေသာလီသည် အေဒီ ၇၉၃ ခုတွင် ပျူနှင့်ရှမ်းတို့၏ ဝင်ရောက် တိုက်ခိုက်မှုကြောင့်၊ ပျက်စီးခဲ့ရသည်။ ဝေသာလီပြိုပျက်ခဲ့သည်မှာ နှစ်ပေါင်းတစ်ထောင်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ယခုထက်တိုင် ကြွင်းကျန်သောလက်ရာများကို ဝေသာလီမြို့နေရာအနှံ့အပြားတွင် တွေ့နိုင်ပါသေးသည်။

**<u>ဝေသာလီဘုရားကြီး</u>**

ဝေသာလီမြို့ကို တည်ထောင်ခဲ့သော စန္ဒြားမင်းကြီး၏ မိဖုရားကြီး သုဘဘာဒေဝီမှာ သကျတိုင်းမှ သာကိဝင်မင်းမျိုး မင်းနွယ်ဖြစ်ကြောင်း ရခိုင်ရာဇဝင်မှတ်တမ်းများက ဖော်ပြထားခဲ့သည်။ ထိုမိဖုရားကြီးသည် သကျသာကီဝင်မင်းများ အဆက်ဆက် ကိုးကွယ်ခဲ့သော သကျမုနိ ဘုရားဆင်းတုတော်ကို ဖူးမြော်ပူဇော်လိုသဖြင့် မင်းကြီးထံပင့်ဆောင်ပေးရန် လျှောက်ထားခဲ့သည်။ မိဖုရားကြီး၏ဆန္ဒအတိုင်း ဘုရားဆင်းတုတော်ကို ပင့်ရန် မှူးကြီးမတ်ကြီးများကို စေလွှတ်ခဲ့သည်။ ဘုရားကို ပင့်ဆောင်၍ အပြန်တွင် သိဋ္ဌည်းထောင့်ဝဲ၌ လေမုန်တိုင်းမိ၍၊ လှေသင်္ဘောများနှင့်၊ ဘုရားကို တင်ဆောင်ခဲ့သော ဖောင်တော်မှာ ပြိုပျက်ပြီး လျှင် ဘုရားဆင်းတုတော်ရေထဲသို့ ကျ၍ ပျောက်ဆုံးခဲ့လေသည်။ ဝဲမှာ အလွန်နက်သဖြင့် ဘုရားဆင်းတုတော်ကို မည်သို့ပင် ရှာဖွေစေကာမူ မတွေ့ရှိခဲ့ချေ။ ထိုအခါမင်းကြီးသည် မိဖုရားကြီး၏ဆန္ဒ ပြည့်ဝစေရန်အတွက် သကျမုနိဘုရားကိုယ်စား ကျောက်ဆင်းထု ဘုရားကြီးတစ်ဆူကို ထုလုပ်ပြီး ပူဇော်စေခဲ့သည်။ ထိုဘုရားမှာ ယခုဝေသာလီရှိ ဝေသာလီဘုရားကြီးဖြစ်သည်။ မိဖုရားကြီးသည် ထိုဘုရားကြီးတွင် လျှူဖွယ်ဝတ္ထုအစုစုကို ပူဇော်ပြီး၊ ယခုမျက်မှောက်ဘဝ၌၊ သကျမုနိဘုရား ဆင်းတုတော်ကို မဖူးမျှော်ရဘဲ ရှိစေကာမူ သေသည်၏အခြားမဲ့၌ လူပြန်ဖြစ်ပြီး၊ အမိဝမ်းမှ မွေးဖွားသည်ချက်ချင်း သကျမုနိဘုရားကို ဖူးမျှော်ရပါ စေဟု ဆုတောင်းခဲ့လေသည်။ ထိုသို့ ဆုတောင်းသည့်အတိုင်း မြောက်ဦးခေတ် မင်းရာဇာကြီးနှင့် မိဖုရားခင်မနှောင်းတို့၏ သမီးဖြစ်လာပြီး မွေးဖွားသည်ချက်ချင်း ဘုရားနှင့်တွေ့ဆုံဖူးမျှော်နိုင်ခဲ့ကြောင်း၊ ဘုရားသမိုင်းများက အဆိုရှိခဲ့သည်။

**<u>ဝေသာလီရှိ ထင်ရှားသောဘုရားများ</u>**

(၁) ဝေသာလီဘုရားကြီး (၂) သချိပ်တော်စေတီ (၃) နန်းဦးဘုရားကြီး (၄) ရွှေတောင်ကြီးဘုရား (၅) ရွှေတောင်ဘုရား (၆) ငွေတောင်ဘုရား (၇) ရတနာပုံဘုရား (၈) ဘုရားမင်းသား (၉) ရှင်ကြီးဘုရား (၁၀) မိကျောင်းစီးဘုရားတို့ ဖြစ်ကြသည်။

**ဝေသာလီတွင် အုပ်စိုးခဲ့သော ဒုတိယမင်းဆက်များ**

| | | | မှ | | ထိ | နှစ်းသက်နှစ် |
|---|---|---|---|---|---|---|
| (၁) | ဒွင်စန္ဒြ | အေဒီ - | ၃၅၀ | - | ၄၀၅ | ၅၅ |
| (၂) | ရာဇစန္ဒြ | ။ | ၄၀၅ | - | ၄၂၅ | ၂၀ |
| (၃) | ကာလစန္ဒြ | ။ | ၄၂၅ | - | ၄၃၄ | ၉ |
| (၄) | ဒေဝစန္ဒြ | ။ | ၄၃၄ | - | ၄၅၆ | ၂၂ |
| (၅) | ယဇ်ညစန္ဒြ | ။ | ၄၅၆ | - | ၄၆၃ | ၇ |
| (၆) | စန္ဒြဗန္ဓု | ။ | ၄၆၃ | - | ၄၆၉ | ၆ |
| (၇) | ဘူမိစန္ဒြ | ။ | ၄၆၉ | - | ၄၇၆ | ၇ |
| (၈) | ဘူတိစန္ဒြ | ။ | ၄၇၆ | - | ၅၀၀ | ၂၄ |
| (၉) | နီတိစန္ဒြ | ။ | ၅၀၀ | - | ၅၅၅ | ၅၅ |
| (၁၀) | ဝီရစန္ဒြ | ။ | ၅၅၅ | - | ၅၅၈ | ၃ |
| (၁၁) | ပြီတိစန္ဒြ | ။ | ၅၅၈ | - | ၅၇၀ | ၁၂ |
| (၁၂) | ပြထိဝိစန္ဒြ | ။ | ၅၇၀ | - | ၅၇၇ | ၇ |
| (၁၃) | ဓရတိစန္ဒြ | ။ | ၅၇၇ | - | ၅၇၉ | ၃ |
| | | | | | | ------------- |
| | | | | | | ပေါင်း-၂၃၀ |
| | | | | | | ============= |

**တတိယ မင်းဆက်ဇယား**

| | | | မှ | | ထိ | နှစ်းသက်နှစ် |
|---|---|---|---|---|---|---|
| (၁) | မဟာဝီရ | အေဒီ - | ၅၈၀ | - | ၅၉၂ | ၁၂ |
| (၂) | ဝရယဇပ် | ။ | ၅၉၂ | - | ၆၀၄ | ၁၂ |
| (၃) | သေဝိရောင် | ။ | ၆၀၄ | - | ၆၁၆ | ၁၂ |
| (၄) | ဓမ္မသူရ | ။ | ၆၁၆ | - | ၆၂၉ | ၁၃ |
| (၅) | ဝဇရသတ္တိ | ။ | ၆၂၉ | - | ၆၄၅ | ၁၆ |
| (၆) | ဓမ္မဝိဇယ | ။ | ၆၄၅ | - | ၆၈၁ | ၃၆ |
| (၇) | နရေန္ဒဝိဇယ | ။ | ၆၈၁ | - | ၆၈၄ | ၃ |
| (၈) | ဓမ္မစန္ဒြ | ။ | ၆၈၄ | - | ၇၀၀ | ၁၆ |
| (၉) | အနန္ဒစန္ဒြ။ | ။ | ၇၀၀ | - | | ၉ |
| | | | | | | ------------- |
| | | | | | | ပေါင်း-၁၂၉ |
| | | | | | | ============= |

ယခုဖော်ပြထားသော မင်းဆက်ဇယား၏ ခရာဇ်သက္ကရာဇ်များမှာ အောက်စဖို့တက္ကသိုလ်မှ ဘေဘီယောသိပ္ပံပါမောက္ခ ဒေါက်တာဂျွန်စတင်၏ယူဆချက်ဖြစ်သည်။ ရခိုင်သမိုင်းသုတေသီတို့ကလည်း အနီးစပ်ဆုံး သက္ကရာဇ်အဖြစ် ယနေ့ထိ လက်ခံထားကြ၍ ယင်းသက္ကရာဇ်အတိုင်း ဖော်ပြရခြင်းဖြစ်သည်။

**ဝေသာလီမြို့တော်ဟောင်းနှင့် တူးဖော်မှုလုပ်ငန်း**

ဝေသာလီခေတ်သည် ဓညဝတီခေတ်နှင့်လည်းကောင်း လေးမြို့ခေတ်နှင့်လည်းကောင်း ဆက်စပ်မှုရှိနေသည်။ ဝေသာလီကို တူးဖော်ခြင်းအားဖြင့် ဓညဝတီခေတ်နှင့် လေးမြို့ခေတ်တို့၏ ယဉ်ကျေးမှု မည်ကဲ့သို့ ဆက်စပ်မှုရှိသည်ကို သိလိုသည်ကတကြောင်း၊ ဝေသာလီခေတ်ယဉ်ကျေးမှုသည် ပျူယဉ်ကျေးမှု၊ မွန်ယဉ်ကျေးမှုတို့နှင့် ဆက်နွယ်မှု ရှိမရှိကို သိလိုသည်ကတကြောင်း၊ ဝေသာလီခေတ်တွင် ရခိုင်တို့၏ယဉ်ကျေးမှု အဆင့်အတန်းကို ပိုမိုသိလိုသည်ကတကြောင်း စသော အကြောင်းရပ်များကြောင့် ဝေသာလီကို တူးဖော်ရန် ရှေးဟောင်းသုတေသနဌာနမှ စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့် ၁၉၇၉ ခုနှစ်တွင် တူးဖော်ရေးအတွက် ဝေသာလီရှိ ကုန်းများကို ရှေးဟောင်းသုတေသနမှူး ဦးမြင့်အောင် ခေါင်းဆောင်သော အဖွဲ့က ပဏာမတိုင်းတာရေးကို ပြုလုပ်ခဲ့သည်။

၁၉၈၀ ခုနှစ် ဇန်နဝါရီလ(၁၅)ရက်နေ့တွင် ဦးမြင့်အောင် ခေါင်းဆောင်သော အဖွဲ့သည် တူးဖော်ရေးအလုပ်သမား (၅၀)ဖြင့် သလ္လာဝတီရွာတွင်းရှိ ကုန်းအမှတ်(၁)ကို တူးဖော်ခဲ့သည်။ ထိုကုန်းကို တလအကြာ တူးဖော်သောအခါ အခန်းငယ်ရှစ်ခု ပါသော အုတ်အဆောက်အဦး တစ်ခုပေါ်ထွက်လာခဲ့သည်။ အဆောက်အဦးအလျားမှာ (၅၅)ပေရှိ၍ အနံမှာ (၃၅)ပေရှိသည်။ နံရံများ၏အထူမှာ (၅)ပေရှိပြီး အမြင့်ပေ (၄)ရှိသည်။ အဆောက်အဦးတွင် ကျောက်ကိုထွင်းထားသော ရေစီးမြောင်းတစ်ခုမှာ အခန်းနှင့်ဆက်လျှက် ရှိသည်ကိုတွေ့ရသည်။ အဆောက်အဦးမှာ ဘုန်းကြီးကျောင်းဖြစ်နိုင်သည်ဟု ခန့်မှန်းကြသည်။ ဤပထမ အကြိမ်တူးဖော်ရေးလုပ်ငန်းအတွက် နိုင်ငံတော်အစိုးရသည်ငွေ (၁၅၀၀၀ိ/-)ခွင့်ပြုခဲ့သည်။

၁၉၈၁ ခုနှစ်တွင် ကုန်းအမှတ် (၂)ကို တူးဖော်ခဲ့ကြသည်။ ဤကုန်းမှာ ဝေသာလီနန်းတော်ရာမှ အနောက်တောင် ဘက် ကိုက်(၁၅၀)ခန့်အကွာတွင် ရှိသည်။ တောင်ကုန်းမှာ အရှေ့မှ အနောက်သို့ (၁၆၅)ပေရှိပြီး တောင်မှ မြောက်သို့ ပေ (၁၅၀)ရှိသည်။ မြေပြင်မှ (၁၇)ပေမြင့်သည်။ ဤကုန်း၏ တူးဖော်ရေးလုပ်ငန်းကို လုပ်သား(၅၀) အသုံးပြု၍ တလကြာတူးဖော်ခဲ့ သည်။ မြေထဲ၌ နစ်မြုပ်နေသော အုတ်နံရံများ ပေါ်လာပြီး အဆောက်အဦးတစ်ခုလုံး၏ ထက်ဝက်ခန့် ပေါ်ထွက်လာသည်။ တူးဖော်ရေးအဖွဲ့ခေါင်းဆောင်မှာ ဦးမြင့်အောင်ဖြစ်၍ အကြံပေးအဖြစ် ဦးဦးသာထွန်းက ဆောင်ရွက်ရသည်။ တူးဖော်ရေးလုပ် ငန်းအတွက် အစိုးရက ငွေ (၂၅၀၀၀ိ/-)ကျပ် ခွင့်ပြုခဲ့သည်။

ကုန်းအမှတ် (၂)တူးဖော်ရေးလုပ်ငန်းနှင့် တဆက်တည်း ကုန်းအမှတ်(၃)ကိုပါ တူးဖော်ခဲ့သည်။ အမှတ်(၃)ကုန်းမှာ ကုန်းအမှတ်(၂)မှ အရှေ့ဘက် ကိုက်တရာခန့်အကွာတွင် တည်ရှိသည်။ ဤကုန်းကို တူးဖော်ရာ အဆောက်အဦးပေါ်ထွက်မလာ ဘဲ အုတ်အကျိုးအပဲ့များနှင့် ကျောက်တုံးကြီးများ ပေါ်ထွက်လာခဲ့သည်။ ထိုကျောက်တုံးကြီးများထဲတွင် စက်ဝိုင်းအထဲ၌ ကြက်ခြေ ခတ် အမှတ်အသားပါသော ကျောက်တုံးတစ်ခုကို ရရှိခဲ့သည်။ ထိုကုန်းတစ်နေရာမှ ဝေသာလီခေတ်သုံး ငွေဒင်္ဂါးတွင်ပါရှိသော နွားလားဥသဘ ပုံစံအတိုင်း ကျောက်နွားလားရုပ်၏တင်ပဆုံပိုင်းတခုကို ရရှိခဲ့သည်။ ၎င်းကို မြောက်ဦးမြို့ရှိ ရှေးဟောင်းပြတိုက် သို့ ပြောင်းရွှေ့သိမ်းဆည်းထားလျှက်ရှိသည်။

၁၉၈၂ ခုနှစ်တွင် သုတေသနမှူး ဦးညွှန့်ဟန် ခေါင်းဆောင်သောအဖွဲ့သည် ကုန်းအမှတ်(၂)ကိုထပ်၍ တူးဖော်ခဲ့သည်။ ဤတတိယအကြိမ်တူးဖော်သောအခါ မြေထဲ၌ နစ်မြုပ်နေသော အဆောက်အဦးတစ်ခုလုံးမှာ ပီပြင်စွာ ပေါ်ထွက်လာခဲ့သည်။ အဆောက်အဦးမှာ ထောင့်မှန်စတုဂံပုံ ခန်းမတစ်ခုဖြစ်ပြီး အလျား (၈၅)ပေရှိ၍၊ အနံ(၆၀)ပေရှိသည်။ အုတ်နံရံများအမြင့်မှာ (၁၄)ပေရှိသည်။ အုတ်နံရံ၏အောက်ခြေသည် ခုနှစ်ပေ ကိုးလက်မထူပြီး သဘာဝမြေသားမှ ရှစ်ပေမြင့်သည်။ အုတ်နံရံပတ်လည် တွင် မြေသားအောက်ခြေမှ ရှစ်ပေအမြင့်၌ အုတ်နံရံနှင့်တသားတည်း ထိုင်ခုံအဆင့် ပြုလုပ်ထားသည်။ ၎င်း၏အကျယ်မှာ ငါးပေကိုးလက်မ ရှိသည်။ ထိုထိုင်ခုံအဆင့်ရှိနံရံမှာ ခြောက်ပေမြင့်ပြီး နှစ်ပေခန့်ထူသည်။ ခန်းမ၏အတွင်းပိုင်း အတိုင်းအတာ များမှာ အလျား(၇၉)ပေ၊ အနံ(၅၄)ပေရှိသည်။ ခန်းမ၏အလယ်တွင် သုံးပေစတုရန်း ရှိပြီး လေးပေမြင့်သော အုတ်ခုံတစ်ခု ရှိသည်။ ထိုအုတ်ခုံပေါ်တွင် နှစ်ပေစတုရန်းရှိသော ကျောက်ခုံတစ်ခုရှိသည်။ ထိုကျောက်ခုံ၏အလယ်တည့်တည့်၌ ခြောက်လက်မ စတုရန်းရှိသော အပေါက်တစ်ခုကို အရုပ်စွပ်ရန် ထွင်းထားသည်။ ခန်းမကို ဝင်သောတံခါးပေါက်မှာ အရှေ့တောင်ထောင့်၌ ရှိသည်။

ထိုအဆောက်အဦးခန်းမကို အုတ်တံတိုင်းဖြင့် ကာရံထားသည်။ ၎င်းတံတိုင်းမှာ အလျား(၁၆၈)ပေ၊ အနံ(၁၆၀)ပေ၊ အထူနှစ်ပေ ကိုးလက်မရှိ၍ အမြင့်ရှစ်ပေရှိသည်။ ခန်းမ၏အုတ်နံရံနှင့် အပြင်တံတိုင်းအကွာအဝေးမှာ အရှေ့ဘက်နှင့် အနောက် ဘက်၌ လေးဆယ့်ငါးပေ နှစ်လက်မစီရှိ၍၊ တောင်ဘက်နှင့်မြောက်ဘက်၌၊ သုံးဆယ့်တစ်ပေ ခုနှစ်လက်မစီရှိသည်။ မြောက်ဘက် တွင် ကျုံးသို့ဆင်းရန် အုတ်လှေကားနှစ်ခုရှိသည်။ အဆောက်အဦးခန်းမကို ဘာသာရေးကိစ္စရပ်များအတွက် အသုံးပြုရန်

ဆောက်ခဲ့သည်ဟု ယူဆကြသည်။ သပြေကန်ဆရာတော်ကြီးက ဝေသာလီတွင် စတုတ္ထသံဂါယနာတင်ခဲ့စဉ် သံဃာတော်များ စည်းဝေးခဲ့သောခန်းမ ဖြစ်နိုင်သည်ဟု ပြောသည်။

ဝေသာလီမြို့တော်ဟောင်းရှိ ကုန်းများကို တူးဖော်ရာမှရရှိသော ရှေးဟောင်းပစ္စည်းများမှာ ကုန်းအမှတ်(၁)မှ ကျောက်ပုဆိန် တစ်ခုနှင့်၊ အိုးခြမ်းပဲ့ပုံစံ အမျိုးမျိုးတို့ဖြစ်သည်။ ကုန်းအမှတ်(၂)မှ သံရဲဒင်းတစ်ခု၊ သံဓားတစ်ချောင်း၊ သံပရပ်ပါ တစ်ခု၊ ကျောက်လက်နက်တစ်ခုနှင့်၊ မြေအိုးခြမ်းပဲ့များ၊ ကျောက်လင်ပန်းကွဲ၊ မြေလင်ပန်းကွဲအပဲ့များနှင့်၊ ရေတကောင်း လည်ပြုတ်များ၊ ပုတီးစေ့အမျိုးမျိုးအလယ်တွင် လက်ကိုင်ဘုပါသော မြေအိုးအဖုံးတစ်ခုတို့ ဖြစ်ကြသည်။ မြောက်ဘက်တံခါး၀ အနီးတွင် ကျိုးပဲ့နေသော ကျောက်ရုပ်တစ်ပိုင်းကို တွေ့ရသည်။ ၎င်းမှာ ဒွါရပါလ ဖြစ်ဟန်ရှိသည်။

ဝေသာလီမြို့တော်ဟောင်းတွင် နောက်ထပ်တူးဖော်ရန် ကုန်းများစွာ ကျန်ရှိသေးသည်။ ၎င်းတို့ကို ဆက်လက်တူးဖော်ပါက ဝေသာလီခေတ်၏ယဉ်ကျေးမှု တစ်ခုလုံးကို တိကျမှန်ကန်စွာ သိရှိနိုင်မည် ဖြစ်ပေသည်။

## လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ နှစ်ပေါင်း ၆၁၂)

ဝေသာလီပျက်ပြီးနောက် စူဠစန္ဒြားမင်း၏တူတော် စန္ဒကူးမင်း၏သားတော် ခေတ္တသင်မင်းသည် ပဥ္စာမြို့ကို ခရစ်သက္ကရာဇ် ၈၁၈ ခုနှစ်တွင် စတင်တည်ထောင်သည်မှ လေးမြို့ခေတ် စတင်ခဲ့လေသည်။ လေးမြို့ခေတ်ဟု ခေါ်ရခြင်းမှာ မြစ်ရိုးတစ်လျှောက်တွင် ပဥ္စာမြို့၊ ပုရိန်မြို့၊ နေရဉ္စရာမြို့၊ လောင်းကြက်မြို့ စသည့်ရှေးဟောင်းမြို့လေးမြို့၊ တည်ရှိခြင်းကြောင့်၊ ထိုမြစ်ကို လေးမြို့မြစ်ဟူ၍လည်းကောင်း၊ မြို့လေးမြို့ကို အစွဲပြု၍ လေးမြို့ခေတ်ဟူ၍လည်းကောင်း၊ ရခိုင်သမိုင်း သုတေသီများက ခေါ်ဝေါ်ကြသည်။ လေးမြို့မြစ်၏အမည်ရင်းမှာ အဥ္စနနဒီမြစ်ဟု ခေါ်ကြသည်။

ပဥ္စာမြို့တွင် မင်း(၁၅)ဆက်အုပ်စိုးခဲ့ကြ၍ နှစ်ပေါင်း(၂၈၅)နှစ်ကြာခဲ့သည်။ ခေတ္တသင်မင်းလက်ထက် ရဟန္တာ အရှင်သစ္စ၊ ဗဏ္ဏဝပေါ်ထွန်းခဲ့သည်။ ထိုအရှင် စင်္ကြံလျှောက်လျှက် တရားအားထုတ်ခဲ့သော ဥမင်လှိုဏ်ခေါင်းမှာ ယခုလေညှင်းတောင် အနောက်ဘက် ပဥ္စာမြို့ဟောင်းအနီးတွင် ရှိသည်။ လှိုဏ်ခေါင်းမှာ ကာလကြာရှည်၍ အလယ်မှ ကျိုးပြတ်နေသည်။ ၎င်းကို အထက်ငှက်ခေါင်းအောက် ငှက်ခေါင်းဟူ၍ ခေါ်တွင်နေကြသည်။ ထိုရဟန္တာအရှင်သည် လက်မတောင်အနီး ဂူတွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ထိုဂူကို ယနေ့တိုင် ဗဏ္ဏဝဂူဟု ခေါ်ကြသည်။ ထိုမှတဆင့် သမုဒ္ဒဂိရိခေါ် ယခုစစ်တွေမြို့တည်ရာ ကျောက်ဆောင်ရှိ ဂူသို့ ကြွ၍ သတင်းသုံးနေခဲ့သည်။ ရှင်ဗဏ္ဏဝသတင်းသုံးရာ ဂူဖြစ်၍၊ ဗဒေါဂူ(ဗဒေါမော်)ဟု ယခုတိုင်ခေါ်နေကြသည်။ နောက်ဆုံးတွင် ပစ္ဆိမပဗ္ဗတတောင်တန်းတွင် သီတင်းသုံးပြီး ထိုတောင်တန်းတွင် ပရိနိဗ္ဗာန်ပြုခဲ့သည်။ ကြွင်းကျန်သော ဓာတ်တော်များကို ဌာပနာ၍ ခေတ္တသင်မင်းသည် စေတီတော်တဆူတည်ထားခဲ့သည်။ ၎င်းမှာ ယခု မင်္ဂလာဓာတ်ရွှေဂူခေါ် စေတီဖြစ်သည်။

ပဥ္စာမြို့တွင် မင်းဘီလူး အုပ်စိုးသောအခါ အမတ်သခ်ယာသည် ဝရောင်းငှက်စနည်း အတိတ်နမိတ်ယူ၍ မင်းဘီလူးအား ပုန်စားပြီး ထီးနန်းကို ရယူခဲ့သည်။ မင်းဘီလူး၏သားတော် မင်းရဲဘယသည် ကြင်ယာတော် ပေါက်ညိုမြနှင့် ပုဂံပြည်ရှင် ကျန်စစ်သားမင်းထံ ခိုဝင်ခစားခဲ့ရလေသည်။ ၎င်းတို့တွင် သားတော်လက်ျာမင်းနန်နှင့် သမီးတော် ရွှေဂူသာတို့ ထွန်းကားခဲ့သည်။ အရွယ်ရောက်သောအခါ အမျိုးမရောရအောင် မောင်နှမရင်းချာကို ထိမ်းမြားလက်ထပ်ပေးခဲ့သည်။ ကျန်စစ်မင်းကြီးသည် မင်းရဲဘယအား ရခိုင်ပြည်ထီးနန်းကို ပြန်ရအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိဘဲ နတ်ရွာစံခဲ့သည်။ ကျန်စစ်မင်းကြီးနောက် မြေးတော် အလောင်းစည်သူ ထီးနန်းဆက်ခံသောအခါ မင်းရဲဘယကို ဆက်လက်ခစားစေသည်။ အိုမင်းမစွမ်းဖြစ်၍၊ သေချိန်နီးတွင် မင်းရဲဘယသည် သားတော်နှင့်သမီးတော်ကို ခေါ်၍၊ အလောင်းစည်သူမင်း လက်ထက် ရခိုင်ပြည်ထီးနန်းကို ပြန်ရအောင် ကြံဆောင်ရန် မှာကြားခဲ့သည်။ လက်ျာမင်းနန်သည် အလောင်းစည်သူမင်း ခေါင်းဆေးမင်္ဂလာ အခမ်းအနားသို့ ရခိုင်နောက်တွဲ ဆံထုံး ထုံး၍ဝင်ရောက်ခစားခဲ့သည်။ အလောင်းစည်သူမင်းသည် ဆံထုံးအကြောင်းကို မေးမြန်း၍ လက်ျာမင်းနန် အကြောင်းစုံကို လျှောက်တင်ရာ သဘောပေါက်၍ တလိုင်းတသိန်း ပျူတသိန်းနှင့် လက်ျာမင်းနန်အား ရခိုင်ထီးနန်းကို ပြန်လည် ရအောင် ဆောင်ရွက်ပေးခဲ့သည်။ လက်ျာမင်းနန်သည် ပဥ္စာမြို့တွင် ထီးနန်းပြန်လည်ရ၍ အုပ်ချုပ်ခဲ့သော်လည်း မြို့သက်ကုန် သဖြင့် ပုရိန်မြို့ကို အသစ်တည်ထောင်စိုးစံခဲ့သည်။ ဤအကြောင်းကို ရခိုင်မင်းသမီးဧချင်းတွင်---“မင်းဘီလူးကို၊ ကြံထူးလှည့် ပတ်၊ ပုန်ကန်သတ်၍၊ မတ်သခ်ယာ၊ မည်သာတချက်၊ ဝရောင်းငှက်လျှင်၊ သုံးချက်ရွှေ့သာ၊ ပဥ္စာမြို့ဟောင်း၊ ကျိန်းပြီးနှောင်းမှ၊ မင်းကောင်းသွေးခဲ၊ မင်းရဲဘယ၊ ပေါက်ညိုမြနှင့်၊ ကြွခဲ့ရှေ့ပြည်၊ ဆွေနှစ်မည်တွင်၊ မြင်သည့်သည်းချာ၊ ရွှေဂူသာနှင့်၊ လက်ျာမင်းနန်၊ နန်းရိုးမှန်လျှင်၊ တဖန်လည်းကောင်း၊ လောင်းစည်သူခိုင်း၊ အယူလှိုင်း၍၊ တလိုင်းတသိန်း၊ ပျူတသိန်းနှင့်၊ အောင်ကျိန်းခါကြိမ်၊

ပြက္ခဒိန်လျှောက်၊ ပုရိန်မြို့သစ်၊ တည်လာလှစ်သည်၊ နှစ်သက်ပြည်သူ၊ ရှုသတည်းလေ-” ဟု ရေးစပ်ခဲ့သည်။

ပဥ္စာမြို့တွင် စိုးစံခဲ့သော မင်းများအနက် မင်းရင်ဖြူလက်ထက်တွင် ပိဋကတ်နှင့် အဌကထာကျမ်းစာများကို ရွှေပုရပိုက်ပေါ်၌ ရေးထိုး၍ သံဂါယနာတင်ခဲ့သည်။ မဟာကျိန်ဘုရားအဆူ (၃၀)သွန်းလုပ်ခဲ့သည်။

**<u>ပဥ္စာမြို့တွင် စိုးစံခဲ့သောမင်းများ</u>**

| | | | မှ | | ထိ | နှန်းသက်နှစ် |
|---|---|---|---|---|---|---|
| (၁) | ခတ္တသင်မင်း | အေဒီ - | ၈၁၈ | - | ၈၂၈ | ၁၀ |
| (၂) | စန္ဒသင်မင်း | ။ | ၈၂၈ | - | ၈၄၃ | ၁၅ |
| (၃) | မင်းရင်ဖြူမင်း | ။ | ၈၄၃ | - | ၈၇၃ | ၃၀ |
| (၄) | နဂသူရိယမင်း | ။ | ၈၇၃ | - | ၉၀၄ | ၃၁ |
| (၅) | သူရိယရာဇာမင်း | ။ | ၉၀၄ | - | ၉၃၆ | ၃၂ |
| (၆) | ပုဏ္ဏကမင်း | ။ | ၉၃၆ | - | ၉၆၉ | ၃၃ |
| (၇) | မင်းကြီးဖြူမင်း | ။ | ၉၆၉ | - | ၉၈၄ | ၁၅ |
| (၈) | အမတ်စည်သဘင် | ။ | ၉၈၄ | - | ၉၈၆ | ၂ |
| (၉) | မင်းနုမင်း | ။ | ၉၈၆ | - | ၁၀၁၄ | ၂၈ |
| (၁၀) | မင်းလာတော်မင်း | ။ | ၁၀၁၄ | - | ၁၀၃၄ | ၂၀ |
| (၁၁) | မင်းကုလားမင်း | ။ | ၁၀၃၄ | - | ၁၀၆၂ | ၂၈ |
| (၁၂) | မင်းဘီလူးမင်း | ။ | ၁၀၆၂ | - | ၁၀၆၈ | ၆ |
| (၁၃) | အမတ်သခ်ယာ | ။ | ၁၀၆၈ | - | ၁၀၇၆ | ၈ |
| (၁၄) | မင်းဘုန်းသန်မင်း | ။ | ၁၀၇၆ | - | ၁၀၉၀ | ၁၄ |
| (၁၄) | မင်းပတိမင်း | ။ | ၁၀၉၀ | - | ၁၁၀၃ | ၁၃ |
| | | | | | | ------------ |
| | | | | | | ပေါင်း-၂၈၅ |
| | | | | | | ============ |

**<u>ပဌမပုရိန်မြို့ (အေဒီ ၁၁၀၃ မှ ၁၁၂၃ ထိ နှစ်ပေါင်း ၂၀)</u>**

လက်ျာမင်းနန်သည် ပဥ္စမြို့ကိန်းခန်းကုန်ပြီဖြစ်၍ မြို့သစ်ရှာရန် အဥ္စနနဒီမြစ်ကို စုန်လျှက် မြို့သစ်ရှာသော် စည်မျက်နှာကဲ့သို့ ညီညာသော မြေပြင်ကို တွေ့ရှိလေသည်။ ၎င်းအနီး ပြည်ညောင်ပင်ကြီး၌ အဝတ်ဖြူဝတ်ထားသော လူကြီးတစ်ဦးသည် (ပါးရိန်-ပါးရိန်)ဟုအော်၍ မြောက်အရပ်သို့ ပြေးလေသည်။ ထိုစကားကို ကြားတော်မူ၍၊ အတိတ်နမိတ်ဆောင်ပြီး ၎င်းအရပ်၌၊ ပုရိန်မြို့ကို တည်ထောင်ထီးနန်း စိုးစံလေသည်။ ပဌမပုရိန်မြို့၏ ခြောက်ဆက်မြောက်ဖြစ်သော ကောလိယမင်းသည် စန္ဒပဗ္ဗတခေါ် မဟာထီးတောင်ကုန်းပေါ်၌ မဟာထီးဘုရားကြီးကို တည်ထားခဲ့သည်။ ထိုတောင်စွယ်၏အဆုံး၌ သဘာဝကျောက်ဆောင်တွင် ကျောက်စာရေးထိုးခဲ့သည်။ ၎င်းကျောက်စာကို ယခုအခါ မီးကျောင်းကျောက်စာဟု ခေါ်ကြသည်။ ထိုမင်းသည် လောင်းကြက်နတ်တောင် သဘာဝကျောက်ဆောင်ကြီးတစ်ခုလုံး၌ အသဒိသအလှူပေးခြင်းကို ကျောက်စာမော်ကွန်း ရေးထိုးခဲ့သည်။ ထိုကျောက်ဆောင်ကို မိုးကြိုးထိ၍ ကွဲအက်သွားခဲ့သည်။ ကွဲအက်သော ကျောက်ဆောင်အတွင်း၌လည်း အပြင်မှာရေးထိုးထားသည့် စာအတိုင်း ပေါ်နေသည်ကို ယနေ့တိုင် တွေ့မြင်နိုင်သည်။ အလွန်ထူးဆန်းသော ကျောက်စာတစ်ခုဖြစ်၍၊ နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားသုတေသီတို့ လာရောက်လေ့လာလျှက် ရှိကြသည်။

**ပဉ္စမပုရိန်မြို့တွင် စိုးစံခဲ့သောမင်းများ**

| | | | မှ | ထိ | နန်းသက်နှစ် |
|---|---|---|---|---|---|
| (၁) | လက်ျာမင်းနန် | အေဒီ - | ၁၁၀၃ - | ၁၁၀၉ | ၆ |
| (၂) | မင်းသီဟမင်း | ။ | ၁၁၀၉ - | ၁၁၁၀ | ၁ |
| (၃) | ရာဇာကြီးမင်း | ။ | ၁၁၁၀ - | ၁၁၁၃ | ၃ |
| (၄) | သကျဝင်ကြီးမင်း | ။ | ၁၁၁၃ - | ၁၁၁၅ | ၂ |
| (၅) | သကျဝင်ငယ်မင်း | ။ | ၁၁၁၅ - | ၁၁၁၈ | ၃ |
| (၆) | ကောလိယမင်း | ။ | ၁၁၁၈ - | ၁၁၂၃ | ၅ |
| | | | | | ပေါင်း-၂၀ |

**ဒုတိယပုရိန်မြို့ (အေဒီ ၁၁၂၃ မှ ၁၁၆၁ ထိ နှစ်ပေါင်း ၃၈နှစ်)**

ဒုတိယပုရိန်မြို့ကို ကောလိယမင်း၏သားတော် ဒသရာဇာမင်းသည် အေဒီ ၁၁၂၃-ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ဒသရာဇာမင်းဟု ခေါ်ရခြင်းမှာ ဝေသာလီ စန္ဒြားမင်း(၉)ဆက် အရိန္ဒမာလုံပျံကို ရခဲ့သည်။ ဒသရာဇာမင်းမှာ လေးစကြာကို ရခဲ့သဖြင့် (၁၀)ဆက်မြောက်ဖြစ်သော စကြာပိုင်ရှင်ဖြစ်၍ ဒသရာဇာဟု ခေါ်တွင်ခဲ့သည်။

**ဒုတိယပုရိန်မြို့တွင် စိုးစံခဲ့သောမင်းများ**

| | | | မှ | ထိ | နန်းသက်နှစ် |
|---|---|---|---|---|---|
| (၁) | ဒသရာဇာမင်း | အေဒီ - | ၁၁၂၃ - | ၁၁၃၉ | ၁၆ |
| (၂) | အနန္ဒသီရိမင်း | ။ | ၁၁၃၉ - | ၁၁၄၂ | ၃ |
| (၃) | မင်းဖုန်းစားမင်း | ။ | ၁၁၄၂ - | ၁၁၄၉ | ၇ |
| (၄) | ပဋ္ဌာကာလစက်မင်း | ။ | ၁၁၄၉ - | ၁၁၅၁ | ၂ |
| (၅) | ဓနရုပေါမင်း | ။ | ၁၁၅၁ - | ၁၁၆၀ | ၉ |
| (၆) | စလက်ာဗိုအမတ် | ။ | ၁၁၆၀ - | ၁၁၆၁ | ၁ |
| | | | | | ပေါင်း-၃၈ |

မင်းဖုန်းစားသည် ခြိတ်ချောင်းတွင် မြို့သစ်တည်ထောင်ပြီး၊ ခြိတ်မြို့ဟု အမည်ပေးကာ၊ (၂)နှစ်စိုးစံခဲ့သည်။

**နရဥ္စရာမြို့ (အေဒီ ၁၁၆၁ မှ ၁၂၅၀ ထိ နှစ်ပေါင်း ၈၉ နှစ်)**

ဒုတိယပုရိန်မြို့တွင် စိုးစံခဲ့သော (၇)ဆက်မြောက်ဖြစ်သည့် ပဋ္ဋူသင်မင်းသည် မဋ္ဋူပဗ္ဗတတောင် (ပြိုင်းခါတ်တောင်)၏ အငူအစွန်း၌ မြို့သစ်တည်၍ နရဥ္စရာတောင်ငူဟု အမည်ပေးခဲ့သည်။

**နရဥ္စရာမြို့တွင် စိုးစံခဲ့သောမင်းများ**

| | | | မှ | | ထိ | နန်းသက်နှစ် |
|---|---|---|---|---|---|---|
| (၁) | မဋ္ဋူသင်မင်း | အေဒီ - | ၁၁၆၁ | - | ၁၁၆၆ | ၅ |
| (၂) | ငရမံမင်း | ။ | ၁၁၆၆ | - | ၁၁၆၈ | ၂ |
| (၃) | မင်းပုဂံမင်း | ။ | ၁၁၆၈ | - | ၁၁၇၀ | ၂ |
| (၄) | ငရက္ခိုင်မင်း | ။ | ၁၁၇၀ | - | ၁၁၇၃ | ၃ |
| (၅) | မင်းကြုံမင်း | ။ | ၁၁၇၃ | - | ၁၁၈၅ | ၁၂ |

| | | | | | | |
|---|---|---|---|---|---|---|
| (၆) | မင်းဆူမင်း | အေဒီ - | ၁၁၈၅ | - | ၁၁၉၀ | ၅ |
| (၇) | မင်းရွှေသင်မင်း | ။ | ၁၁၉၀ | - | ၁၁၉၃ | ၃ |
| (၈) | မင်းခေါင်ကြီးမင်း | ။ | ၁၁၉၃ | - | ၁၁၉၉ | ၆ |
| (၉) | မင်းခေါင်ငယ်မင်း | ။ | ၁၁၉၉ | - | ၁၂၀၄ | ၅ |
| (၁၀) | ကမ္ဘာလောင်ကြီးမင်း | ။ | ၁၂၀၄ | - | ၁၂၁၀ | ၆ |
| (၁၁) | ကမ္ဘာလောင်ငယ်မင်း | ။ | ၁၂၁၀ | - | ၁၂၂၀ | ၁၀ |
| (၁၂) | သကျဝင်မင်းကြီးမင်း | ။ | ၁၂၂၀ | - | ၁၂၂၂ | ၂ |
| (၁၃) | သကျဝင်ငယ်မင်း | ။ | ၁၂၂၂ | - | ၁၂၃၂ | ၁၀ |
| (၁၄) | သနပင်ဖြူမင်း | ။ | ၁၂၃၂ | - | ၁၂၃၅ | ၃ |
| (၁၅) | နယ်သိမ်းမင်း | ။ | ၁၂၃၅ | - | ၁၂၄၆ | ၁၁ |
| (၁၆) | ငနလုံးမင်း | ။ | ၁၂၄၆ | - | ၁၂၅၀ | ၄ |
| | | | | | | ---------- |
| | | | | | | ပေါင်း-၈၉ |
| | | | | | | ========== |

**လောင်းကြက်မြို့ (အေဒီ ၁၂၅၀ မှ ၁၄၃၀ ထိ နှစ်ပေါင်း ၁၈၀ နှစ်)**

နရဥ္စရာတောင်ငူမြို့တွင် စိုးစံခဲ့သော ငနလုံးမင်းနောက် ဆက်ခံသော အလောမာဖြူသည် တောင်ငူမြို့ ကျိန်းခန်းကုန်လတ်ပြီဟု မြို့သစ်ရှာဖွေရန် စည်ဘတ္တရာမည်သော ပညာရှိအမတ်နှင့်အတူ စစ်သည်ဗိုလ်ပါများစွာ ခြံရံ၍ ဖောင်တော်စီးလျှက် ပဥ္စနနဒီမြစ်၏အနောက်ဖက်သို့ ထွက်လေသည်။ မြစ်တဖက်ကမ်း၌ တောကြက်မတကောင်သည် ထူးဆန်းစွာအော်နေ၍၊ အခြားတဖက်မှ အိမ်ကြက်ဖတကောင်အား ခေါ်နေသည်ကို မင်းနှင့်တကွ မှူးမတ်များ မြင်တွေ့ကြသည်။ ကြည့်နေစဉ်တွင် ကြက်ဖသည် တောကြက်မရှိရာ ကမ်းသို့ ပျံသန်းရာ မြစ်လယ်ရှိ မင်းကြီး၏ စီးတော်ဖောင်ဦး၌ တထောက်နားခဲ့ပြီးမှ တဖန်ကြက်မရှိရာသို့ ပျံသန်းလေ၏။ ထိုအခြင်းအရာကို ပညာရှိအမတ်များက "ရှေးထုံးဟောင်း ဓမ္မတာတရားတို့သည်ကား အဖိုဆောင်ရာ အမပါသည်ဟု ဓမ္မတာတရားရှိသည်ကို ယခုမူကား အမဆောင်ရာသို့ အဖိုပါရခြင်းကို ဆောင်၍ကြက်ဖိုပြောင်းသကဲ့သို့ နမိတ်ယူပြီး ဤအရပ်သို့ ပြောင်းသင့်ကြောင်း"လျှောက်ထားလေသည်။ ထို့ကြောင့် အလောမာဖြူမင်းသည် အေဒီ ၁၂၅၀၊ ရခိုင်သက္ကရာဇ် ၆၁၂-ခု၊ နယုန်လပြည့်ကျော်(၇)ရက်၊ ကြာသပတေးနေ့၊ မိစန်းမိလက်နှင့်အညီ မြို့သစ်တည်တော်မူ၏။ ကြက်တကောင်ရှိသည်ကို နောက်ထပ်တကောင်က လောင်းလာ၍ ကြက်နှစ်ကောင်ဖြစ်သည့် နမိတ်ကိုယူပြီး၊ မြို့တော်ကိုလည်း လောင်းကြက်မြို့ဟု အမည်ပေးခဲ့သည်။

အလောမာဖြူမင်းသည် ဗုဒ္ဓသာသနာတော် စည်ကားအောင် ဆောင်ရွက်ခဲ့သည်။ အေဒီ ၁၂၅၆-တွင် ရခိုင့်ရေတပ်မတော် သင်္ဘောများဖြင့် သီဟိုဠ်ကျွန်း(သီဟိုဠ်ကျွန်း) သို့ မဟာမိတ်အဖြစ် သွားရောက်ခဲ့သည်။ ထို့ကြောင့် ဤမင်းကို သီဟိုဠ်ရောက်မင်းဟု ခေါ်ကြသည်။

အလောမာဖြူမင်းမှ (၉)ဆက်မြောက်ဖြစ်သော မင်းထီးဘုရင်သည် တရားစောင့်ခြင်း၌ အလွန်ထင်ရှားသော မင်းတစ်ပါး ဖြစ်၏။ အင်းဝမင်းကြီး စွာစော်ကဲသည် ငယ်ရွယ်စဉ်က လောင်းကြက်မြို့မင်းထီး၏ ဆရာတော်ဖြစ်သော အဂ္ဂသာရအရှင်သူမြတ် (လောကသာရပျို့ကို ရေးစပ်ခဲ့သူ) ထံ၌ ပညာဆည်းပူးခဲ့၏။ မင်းထီးလက်ထက် ဗုဒ္ဓဂါယာမဟာဗောဓိတော်ပျက်စီးယိုယွင်းနေ၍ ရှေးမူအတိုင်း မွမ်းမံတည်ဆောက်တော်မူခဲ့သည်။ ဤအကြောင်းကို မဟာဗောဓိ၌ ကျောက်စာရေးထိုးခဲ့သည်။

မင်းထီးဘုရင်လက်ထက် ရခိုင့်ရေတပ်မတော်၏ စစ်အင်အားကို တိုးချဲ့ပြီး၊ လက်နက်အသစ်များ တပ်ဆင်ခဲ့သည်။ ဤမင်းသည် ဘင်္ဂါ (၁၂)မြို့ဖြစ်သော မောက်သူဇာ၊ ဒက္ကာ၊ ဂဘီလာ၊ စီလက်၊ အင်္ဂဒိက္ကရား၊ ဂက်ာသာရ၊ စစ်တကောင်း၊ ဂေါတောပလ္လင်၊ ကန်သာ၊ တိလိဂ်၊ ဘာရိဆာရ်၊ ရောင်ပူရ်တို့၏ ပုန်ကန်ခြားနားမှုကို စစ်သူကြီး ဓမ္မဇေယျနှင့် ကိုယ်ရံကြီးပြသတတို့ ဦးစီးလျှက် စစ်သည်ပေါင်း တသိန်းငါးသောင်းဖြင့် ချီတက်နှိမ်နင်းခဲ့လေသည်။ ယင်းတိုက်ပွဲတွင် ရခိုင့်ရေတပ်မတော်က ရေကြောင်းစစ်ပွဲ၌ စက်တင်လှေငါးရာကို ကျောက်အပြည့်ဖြည့်၍ မြစ်ဝတွင် မြှုပ်နှံလိုက်ပြီး၊ ရေကြောင်းပိတ်ဆို့ကာ ရန်သူ

ရေတပ်ကို စစ်ပရိယာယ် ကြွယ်ဝစွာဖြင့် တိုက်ထုတ်နိုင်ခဲ့သည်။

လောင်းကြက်မြို့မင်းထီးလက်ထက် ရခိုင်ပြည်နယ်နမိတ်ကို ရခိုင်သာစွလေလင်္ကာတွင် ဖော်ပြထားသည်မှာ-- **"သာသည် ဝပြော၊ တို့ပြည်ကြောဝယ်၊ မင်းစောထိပ်ချော၊ စိုးခါဝယ်တွင်၊ နယ်ပယ်သတ်မှတ်၊ ပိုင်သည့်ရပ်ကား၊ မြစ်မြတ်ဘာဂိရနဒီ၊ ဝဲယာမှီသား၊ ဂဇီရာဒက္ကာ၊ မောက်သူဇာနှင့်၊ ဗျူလွှာစပယ် ဆယ့်နှစ်သွယ်လျှင်၊ ပြောကျယ်ဘုညာ၊ မူဒယာနှင့်၊ မူယာဘာချင်၊ သျှနာကင်က၊ ရင်ကာမတိ၊ ဇော်ဂျီတယာ၊ အမည်သာသည်၊ ပြည်မမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာစွလေ၊ ရခိုင်သားလေ သာစွလေ --"**

---**"သာသည့်အမည်၊ မြံမင်းပြည်နှင့်၊ သက်ပြည်တသီး၊ သောင်းထီးဟတ္ထိယာ၊ ဗက္ကလာနှင့်၊ သျှတ်သျှာစန္ဒရဖုတ်၊ သီရိဘုတ်ကလနာ၊ ဘင်္ဂါကတ္တုရေ၊ တတွေစကရော၊ တကြောအသရောင်၊ နယ်ကုန်အောင်တည့်၊ ရွှေဘောင်မြန်မာ၊ စိုးသည်မှာလည်း၊ မိစ္ဆာဂီရိ၊ သရက်ထိလျှင်၊ ချမ်းမြိမဏ္ဍိုင်၊ ရခိုင်သာယောင့်၊ သာယာစွလေ၊ သာစွလေ--"** ဟု ရေးသားထားခဲ့သည်။

<u>**လောင်းကြက်မြို့တွင် စိုးစံခဲ့သောမင်းများ**</u>

| | | | မှ | | ထိ | နှန်းသက်နှစ် |
|---|---|---|---|---|---|---|
| (၁) | အလောမာဖြူမင်း | အေဒီ - | ၁၂၅၀ | - | ၁၂၅၆ | ၆ |
| (၂) | ရာဇသူကြီးမင်း | ။ | ၁၂၅၆ | - | ၁၂၅၈ | ၂ |
| (၃) | စောလူးမင်း | ။ | ၁၂၅၈ | - | ၁၂၆၁ | ၃ |
| (၄) | ဥဇ္ဇနာကြီးမင်း | ။ | ၁၂၆၁ | - | ၁၂၆၉ | ၈ |
| (၅) | စောမွန်ကြီးမင်း | ။ | ၁၂၆၉ | - | ၁၂၇၃ | ၄ |
| (၆) | နန်းကျားကြီးမင်း | အေဒီ - | ၁၂၇၃ | - | ၁၂၇၇ | ၄ |
| (၇) | မင်းဘီလူးမင်း | ။ | ၁၂၇၇ | - | ၁၂၈၁ | ၄ |
| (၈) | စည်သဘင်(အမတ်) | ။ | ၁၂၈၁ | - | ၁၂၈၃ | ၂ |
| (၉) | မင်းထီးမင်း | ။ | ၁၂၈၃ | - | ၁၃၈၉ | ၁၀၆ |
| (၁၀) | ဥဇ္ဇနာငယ်မင်း | ။ | ၁၃၈၉ | - | ၁၃၉၁ | ၂ |
| (၁၁) | သိဝရာဇ်မင်း | အေဒီ - | ၁၃၉၁ | - | ၁၃၉၂ | ၁ |
| (၁၂) | နန်းကျားငယ်မင်း | ။ | ၁၃၉၂ | - | ၁၃၉၄ | ၂ |
| (၁၃) | ရာဇသူမင်း | ။ | ၁၃၉၄ | - | ၁၃၉၆ | ၂ |
| (၁၄) | စည်သဘင်(အမတ်) | ။ | ၁၃၉၆ | - | ၁၃၉၇ | ၁ |
| (၁၅) | ပြည်စည်စား (အမတ်) | ။ | ၁၃၉၇ | - | ၁၃၉၇ | -၅လ |
| (၁၆) | ရာဇသူမင်း | ။ | ၁၃၉၇ | - | ၁၄၀၁ | ၄ |
| (၁၅) | သိယ်သူမင်း | ။ | ၁၄၀၁ | - | ၁၄၀၄ | ၃ |
| (၁၅) | မင်းစောမွန် | ။ | ၁၄၀၄ | - | ၁၄၃၀ | ၂၆ |

လောင်းကြက်ခေတ်၏ နောက်ဆုံးမင်းဖြစ်သော မင်းစောမွန်သည် ဒလက်စား အနန္ဒသိန်၏နှမ စောပုညိုကို လုယူသိမ်းပိုက်သဖြင့် နန္ဒသိန်က အင်းဝပဌမမင်းခေါင်ထံ စစ်ပန်ခဲ့လေသည်။ မင်းခေါင်၏သားတော် မင်းရဲကျော်စွာအား အတိုက်ခိုင်းရာ မင်းစောမွန်သည် အရေးနိမ့်၍ အနောက်ဘင်္ဂလားနယ်သို့ ထွက်ပြေးခဲ့ရသည်။ မင်းစောမွန်သည် မဟာရာဇာ၏ ရန်သူဒေလီမင်းအား စစ်ပရိယာယ်ဖြင့် နိုင်အောင်တိုက်ပေးခဲ့သည်။ ယင်းကျေးဇူးကြောင့် မင်းစောမွန်အား လောင်းကြက်ထီးနန်းကို ပြန်လည်ရအောင် ဥဒိန်ချာကူညီခဲ့သည်။ မင်းစောမွန်သည် လောင်းကြက်ထီးနန်းကို ပြန်လည်ရရှိ၍ (၂)နှစ်ထီးနန်းစိုးစံခဲ့သည်။ လောင်းကြက်မြို့၏ နန်းတော်၌ မိုးကြိုးလောင်မီးကျခြင်း၊ ငန်းကျားမြွေကြီးတက်ခြင်း၊ ငှက်ဆိုးငှက်ယုတ်ဝင်ခြင်း များကြောင့်လည်းကောင်း၊ စစ်မက်စစ်ဒါဏ်ကြောင့် ပျက်စီးလေသောကြောင့်လည်းကောင်း၊ မြို့တော်ပြောင်းရွှေ့သင့်ကြောင်း၊ ဟူးရားတတ်တို့ လျှောက်ထားသောကြောင့် လောင်းကြက်မြို့ကို စွန့်ခွာ၍ မြို့သစ်ရှာရန် မှူးမတ်ပညာရှိတို့နှင့် ဖောင်တော်စီးလျှက် ထွက်တော်မူခဲ့သည်။

မင်းစောမွန်နှင့် မှူးမတ်သေနာပတိတို့သည် လောင်းကြက်မြို့မှ မြောက်ဖက်သို့ ထွက်ခွာလာကြရာ စမ္ပာဝတီမြစ်သို့ ရောက်လာကြသည်။ မြစ်ရိုးတလျှောက်ဝင်လာကြရာ ချောင်းငယ်တစ်ခုသို့ ရောက်ကြလေသည်။ ချောင်းငယ်အတိုင်း ဆက်လက်၍ ဝင်လာရာ အရှေ့ဖက် ရွှေတောင်ထိပ်မှ ဝတ်ရုံအဖြူ ဝတ်ထားသောလူတစ်ဦးသည် သူ၏ဝတ်ရုံဖြင့်ယပ်၍ ယပ်၍ ခေါ်လေသည်။ ရှေ့သို့ တိုး၍ဝင်သွားကြရာ ၎င်းလူမှာ ကွယ်ပျောက်သွားပြီး မြောက်ဖက် ကဋ္ဌုန်တောင်ထိပ်မှ ခေါ်ပြန်သည်။ ထိုသို့ခေါ်နေသည်ကိုကြည့်နေစဉ် ချောင်း၏ တဖက်တချက်မှ မိန်းမနှစ်ဦး၏ အချီအချစကားပြောသံကို မင်းနှင့်မှူးမတ်သေနာပတိတို့ကြားကြလေသည်။ ချောင်း၏လက်ယာဖက်ရှိ မိန်းမက အခြားတဖက်ရှိ မိန်းမကိုလှမ်း၍ **"ဟေ-မယ်မြောက်ဦး၊ ဟေ-မယ်မြောက်ဦး"**ဟူ၍ ခေါ်ဆိုသည်။ ချောင်းလက်ဝဲဖက်ရှိ မိန်းမက**"ဇာလဲမယ်ဝသဲ"**ဟူ၍ ပြန်ထူးလေသည်။ မယ်ဝသဲက ထပ်ဆင့်၍ **"မယ်မြောက်ဦး ငါးရှာသည်မှာ ရ၏လော"**ဟု မေးပြန်သည်။ မယ်မြောက်ဦးက **"ငါးရှာသည်မှာ ငါးဝက် တကောင်ရ၏"**ဟု ပြန်ပြောလေသည်။ ဤတြင်းစကားကို မင်းနှင့်ပညာရှိတို့ ကြားသောအခါ ကမ်းသို့တက်၍ ကြည့်ကြသည်။ လူတဦးကိုမျှ မတွေ့ရချေ။ ထိုနေရာမှ ဂဋ္ဌုန်တောင်အကြားရှိ တောင်ကုက္ကား၊ တောင်ညို၊ တောင်ကုလား ဟူသော တောင်ကုန်း (၃)ခုကို တွေ့ရှိကြသည်။ တောင်ညိုတောင်သို့တက်၍ သစ်ပင်ကြီးတစ်ပင်အောက်၌ အရပ်ခိုရပ်နားကြသည်။ ထိုကဲ့သို့ ရပ်နားနေစဉ် မြေကြီး၌ ပေါက်နေသော မြက်ကို ကြည့်သောအခါ လက်ယာရစ်လည်၍ ပေါက်နေကြောင်း တွေ့ရှိကြသည်။ မြေကြီးကို တူးဆွကြည့်သောအခါ အောက်မဲညိုအပွင့်ရောင်ရှိသည်ကို တွေ့မြင်ကြသည်။ ထိုအချိန်တွင် ကျားတစ်ကောင်သည် ချေတကောင်ကိုလည်းကောင်း၊ ကြောင်တစ်ကောင်သည် ကြွက်တကောင်ကိုလည်းကောင်း၊ မြွေတကောင်သည် ဖားတကောင်ကို လည်းကောင်း၊ ပြေးလိုက်လာသည်ကို တွေ့မြင်ကြသည်။ တောင်ညိုတောင်သို့ ရောက်သောအခါ ချေကကျားကိုလည်းကောင်း၊ ကြွက်ကကြောင်ကို လည်းကောင်း၊ ဖားကမြွေကိုလည်းကောင်း၊ ပြန်လိုက်သည်ကို တွေ့မြင်ကြသည်။ ဤအခြင်းအရာကို တွေ့မြင်ကြရသောအခါ မင်းစောမွန်တို့သည် ထိုနေရာမှာ ဘုမ္မိနက်သန်မြေဖြစ်ကြောင်း ပညာရှိတို့ သိရှိကြသည်။ သစ်ပင်အထက်မှ မျောက်တကောင်သည် ဥနှစ်လုံးကို ယူလာ၍ မြေကြီးတွင် ချထားလာသည်ကိုလည်း တွေ့မြင်ကြရသည်။ ဤနမိတ်ကို ပညာရှိတို့အား မေးမြန်းသောအခါ ရှင်ဗာကုလမထေရ်၏ ဗျာဒိတ်စကားထားသောအကြောင်းကို နတ်တို့က အရှင်မင်းကြီးအား သိစေလို၍ပြခြင်းဖြစ်သည်ဟု လျှောက်ထားကြသည်။ ထိုသို့သော တြင်းနမိတ်အကြောင်းတို့ကြောင့် ထိုနေရာကို မြို့သစ်တည်ရန် သတ်မှတ်ခဲ့ကြသည်။ ဤအကြောင်းကို ရခိုင်မင်းသမီးဧချင်းတွင် **"စနည်းနှင့်တိတ်၊ နိမိတ်နာစိုး၊ အကျိုးမျှော်ထွေ၊ စုံရှာဖွေသော်၊ ကမ်းခြေနှစ် ကွဲ၊ လူခဘဲတို့၊ နတ်ညီစံသီး၊ သမီးယောက်မ၊ ငါးသဲ့ကြ၍ ချီချခေါ်ထူး၊ ပြန့်တဗျူးလျှင်၊ မြောက်ဦးဝသဲ၊ ဖန်တလည်း တည်း၊ ခေါ်ဆဲစဉ်တွင်၊ ပျောက်ခဲ့ကျင်သော်၊ ထိုတွင်ချိန်ဖောက်၊ ရှုလမြောက်က၊ ချေဟောက်သံကြား၊ ကျားကလန့် ရှောင်၊ ကြောင်မူပြေးထွက်၊ ကြွက်ကလိုက်ထွေ၊ မြွေကိုဖားနိုင်၊ တြင်းဆိုင်လျှက်၊ ရခိုင်မှန်ဖူး၊ မြို့မြောက်ဦးကို၊ နတ်မှူးညွှန်ပြ၊ နန်းရာရသည်၊ ဘုမ္မိနက်သန်ထူးတည်းလေ"**ဟု ရေးစပ်ခဲ့သည်။

မြို့သစ်တည်ရန်အတွက် ကျိန်းခန်းကို ဟူရားတတ်တို့ တွက်ကြည့်ကြသောအခါ မိန်စန်းမိန်လဂ်ဖြစ်သော တပေါင်းလတွင် မြို့တည်လျှင် မြို့အသက်တို၍ မင်းသက်ရှည်မည်။ ကန်စန်းကန်လဂ်ဖြစ်သော တော်သလင်းလတွင် မြို့တည်လျှင် မြို့သက်ရှည်ပြီး၊ မင်းကား အသက်တိုမည်ဟု လျှောက်ထားကြသည်။ မင်းစောမွန်သည် မြို့သက်ရှည်ခြင်းက နောင်လာနောက်သားများအတွက် အကျိုးရှိမည်ကို ထောက်ရှု၍ မိမိအကျိုးထက် နိုင်ငံအကျိုးကိုလိုလားပြီး၊ မြို့သက်ရှည်စေရန်အတွက် ကန်စန်းကန်လဂ်ဖြစ်သော တော်သလင်းလတွင် မြို့ကိုတည်စေသည်။ ယင်းကြောင့် ရခိုင်သက္ကရာဇ် (၇၉၂)ခု၊ ခရစ်သက္ကရာဇ် (၁၄၃၀) တော်သလင်းလဆန်း(၁)ရက်၊ တနင်္ဂနွေနေ့၊ နံနက်နေထွက်ချိန်တွင် ပန္နက်ချပြီး၊ မြို့သစ်တည်ခဲ့သည်။ မယ်မြောက်ဦး ရှိနေသောဖက်၌ တည်သောကြောင့် မြို့အမည်ကို မြောက်ဦးမြို့ဟု အမည်ပေးခဲ့သည်။ မြို့သစ်တည်သောအကြောင်းကို ရခိုင်မင်းသမီးဧချင်းတွင်**"စကြာမင်းတို့၊ နေခြင်းထိုက်ရာ၊ လက်ယာရစ်ဆက်၊ ဘုမ္မိနက်၌၊ ရေတွက်သက္ကရာဇ်၊ ခုနှစ်ကိုးဆယ်၊ စွန်းဝေ နှစ်ဖော်၊ လတော်သလင်း၊ လျှံဝင်းထွန်းညို၊ ရဝိနေထွက်၊ ဆန်းတရက်ဝယ်၊ ကန်လဂ်ကန်စန်း၊ မြို့နှင့်နန်းကို၊ကျိန်းခန်းပြောင်းလှစ်၊ တည်ထောင်ရစ်မှ"**ဟု စပ်ဆိုထားခဲ့သည်။ မင်းစောမွန်သည် မြို့သက်ရှည်စေလို၍ ပညာရှိမှူးမတ်တို့နှင့် တိုင်ပင်ပြီး၊ မြို့၏အရပ်ရှစ်မျက်နှာ၌ ဘုရားရှစ်ရပ်၊ နတ်ရှစ်ရပ်ကို တည်စေသည်။ အကာကြီး အကာငယ်တို့ကို စီရင်စေသည်။

## မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ၊ နှစ်ပေါင်း ၃၅၄ နှစ်)
## (ရခိုင်သက္ကရာဇ် ၇၉၂ မှ ၁၁၄၆ ထိ၊ ၃၅၄ နှစ်)

### အမှတ်စဉ်(၁)
### မင်းစောမွန်/နရမိတ်လှ (ရခိုင်သက္ကရာဇ် ၇၉၂-၇၉၅)
### (ခရာဇ်သက္ကရာဇ် ၁၄၃၀-၁၄၃၃)

မင်းစောမွန်သည် လောင်းကြက်မြို့မှ ပြောင်းရွှေ့ကာ မြောက်ဦးမြို့ကို တည်ထောင်စိုးစံခဲ့သည်။ နန်းစံ(၃)နှစ်တွင် နတ်ရွာစံခဲ့သည်။ မြို့တည်ဘုရားများအဖြစ် လေးမျက်နှာ၊ မြတန်ဆောင်း၊ မုတ်ဆိတ်တော်ဓာတ်၊ ရွှေကူတောင်၊ ဘုရားများကို တည်ထားကိုးကွယ်ခဲ့သည်။

### အမှတ်စဉ်(၂)
### နရနုမင်း/အလီခင် (ရခိုင်သက္ကရာဇ် ၇၉၅-၈၂၁)
### (ခရာဇ်သက္ကရာဇ် ၁၄၃၃-၁၄၅၉)

မင်းစောမွန် နတ်ရွာစံလျှင် ညီတော်နရနုမင်းသည် သက္ကရာဇ် ၇၉၅ ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းသည် တိုင်းသူပြည်သားတို့၏အကျိုးစီးပွားကို အမြဲဆောင်ရွက်သည်။ ဆင်းရဲသော တောင်သူလယ်သမားများကို ဥစ္စာအရင်းအနှီး ထုတ်ပေးသည်။ လယ်ယာလုပ်ငန်းခွင်သို့ ကိုယ်တော်တိုင်ဆင်း၍ ကြည့်ရှုလေ့ရှိသည်။ အခွန်အကောက်များကို လျှော့ပေါ့၍ ကောက်သည်။ မြောက်ဦးမြို့တော်ကို မွမ်းမံပြင်ဆင်သည်။ စေတီပုထိုး၊ ဂူ၊ ကျောင်း၊ ဇရပ်များကို ပြုပြင်သည်။ နောင်တော် မင်းစောမွန်၏ကောင်းမှုတော် လေးမျက်နှာဘုရားအနီး၌ ကျောက်စေတီကြီးတစ်ဆူ တည်ထားခဲ့သည်။ အင်းဝမင်း ထူပါရုံဒါယကာ နရပတိမင်းနှင့် ဖိုးခေါင်တောင်ရိုးတွင် အခမ်းအနားကြီးစွာ ကျင်းပ၍ မဟာမိတ်ဖွဲ့ကြသည်။ တစ်ပြည်နှင့်တစ်ပြည်ပိုင်နက်နယ် နိမိတ်ကိုလည်း သတ်မှတ်ခဲ့ကြသည်။ အဝတ်တန်ဆာချင်း လဲလှယ်၍ ဝတ်ဆင်ကြသည်။ ဤမင်းသည် နန်းစံ(၂၆)နှစ်၊ သက္ကရာဇ် ၈၂၁ ခုတွင် နတ်ရွာစံသည်။

### အမှတ်စဉ်(၃)
### ဘစောဖြူမင်း(ကလီမာသျှာ) (ရခိုင်သက္ကရာဇ် ၈၂၁-၈၄၄)
### (ခရာဇ်သက္ကရာဇ် ၁၄၅၉-၁၄၈၂)

နရနုမင်း နတ်ရွာစံလျှင် သားတော်ဘစောဖြူမင်းသည် သက္ကရာဇ် ၈၂၁ တွင် ထီးနန်းကို ဆက်ခံလေသည်။ ဤမင်းသည် လေးအတတ်၌ အလွန်ကျွမ်းကျင်သည်။ ခွန်အားဗလကြီးမား၍ သတ္တိလည်းရှိသည်။ မင်းစောမွန်သည် ဘင်္ဂလားနယ်တွင် ခိုဝင်ခဲ့ရစဉ် ရခိုင်ပိုင်နယ်မြေများဖြစ်သော ဘင်္ဂါ(၁၂)မြို့ကို ဘင်္ဂလားမဟာရာဇာထံ ပေးအပ်ခဲ့ရသည်။ ထိုနယ်မြေများကို ဘစောဖြူမင်းသည် ပြန်လည်ရရှိအောင် တိုက်ခိုက်သိမ်းပိုက်ခဲ့ရသည်။ ဤမင်းလက်ထက် အမတ်ပညာရှိ ဖဒူမင်းညိုသည် ဘုရင်၏သမီးတော် စောရွှေကြာပုခက်တင် မင်္ဂလာပွဲအတွက် ပုခက်လွှဲရန် ဧချင်းရေးစပ်ပေးခဲ့သည်။ ၎င်းကို ရခိုင်မင်းသမီးဧချင်းဟု ခေါ်၍ မြန်မာနိုင်ငံတွင် အစောဆုံးဧချင်း ဖြစ်သည်။ ဤမင်းသည် ရတနာစံရွှေစေတီ၊ ရတနာသိင်္ဂစေတီ၊ ရတနာမှန်ကင်းစေတီ၊ ဗောဓိရွှေကူစေတီ၊ တက္ကသီလဘုရားနှင့် သုံးကျိပ်တစ်ဆူဘုရားတို့ကို တည်ထားကိုးကွယ်ခဲ့သည်။ နန်းစံ(၂၃)နှစ်၊ သက္ကရာဇ် (၈၄၄)တွင် နတ်ရွာစံသည်။

### အမှတ်စဉ်(၄)
### မင်းဒေါလျှာ/မင်းသုဓွေါလျှာ(မော်စုသျှာ) (ရခိုင်သက္ကရာဇ် ၈၄၄-၈၅၄)
### (ခရစ်သက္ကရာဇ် ၁၄၈၂-၁၄၉၂)

ဘစောဖြူမင်း နတ်ရွာစံလျှင် သားတော်မင်းဒေါလျှာသည် သက္ကရာဇ် ၈၄၄ ခုတွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းလက်ထက် ဆင်ဖြူတစ်ကောင်ရ၍၊ ဆင်ဖြူရှင် မင်းဒေါလျှာဟု ခေါ်တွင်သည်။ ဤမင်းသည် သက်ပြည်ကို သွားရောက်တိုက်ခိုက်ရာ အရေးနိမ့်၍ ပြန်လာခဲ့ရသည်။ နန်းစံ(၁၀)နှစ်၊ သက္ကရာဇ် ၈၅၄ ခုနှစ်တွင် နတ်ရွာစံသည်။ ဤမင်းသည် သုံးကျိပ်တဆူဘုရားကို ထပ်မံပြုပြင်ခဲ့သည်။

**အမှတ်စဉ်(၅)**

**ဘစောညို (မဟာမောက်သျှာ) (ရခိုင်သက္ကရာဇ် ၈၅၄–၈၅၆)**

**(ခရာဇ်သက္ကရာဇ် ၁၄၉၂–၁၄၉၄)**

မင်းဒေါလျှာလွန်လျှင် နရနုမင်း၏သားတော် ဘစောဖြူမင်း၏ညီဖြစ်သူ ဘစောညိုသည် သက္ကရာဇ် ၈၅၄ ခုတွင် ထီးနန်းကို ဆက်ခံသည်။ ဤမင်းသည် နန်းစံ(၂)နှစ်၊ သက္ကရာဇ် ၈၅၆ ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၆)**

**မင်းရန်အောင်(နော်ရိသျှာ) (ရခိုင်သက္ကရာဇ် ၈၅၆–၈၅၆)**

**(ခရာဇ်သက္ကရာဇ် ၁၄၉၄–၁၄၉၄)**

ဘစောညိုမင်းလွန်လျှင် မင်းဒေါလျှာ၏သားတော် မင်းရန်အောင်သည် သက္ကရာဇ် ၈၅၆ ခုတွင် ထီးနန်းကို ဆက်ခံခဲ့သည်။ အသက်(၉)နှစ်သာ ရှိသေး၍ တိုင်းရေးပြည်ရေးကို နားလည်မှုမရှိချေ။ အုပ်ချုပ်မှုတွင် နိုင်နင်းခြင်း မရှိပေ။ နန်းစံ (၆)လတွင် ဦးရီးတော် စလင်္ကသူပုန်ကန်၍ သက္ကရာဇ် ၈၅၆ တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၇)**

**စလင်္ကသူ/သိင်္ကသူ (သက်ကောက်ဇေါလသျှာ) (ရခိုင်သက္ကရာဇ် ၈၅၆–၈၆၃)**

**(ခရာဇ်သက္ကရာဇ် ၁၄၉၄–၁၅၀၁)**

စလင်္ကသူသည် မင်းရန်အောင်ကို ပုန်စား၍ သက္ကရာဇ် ၈၅၆ ခုတွင် ထီးနန်းကို သိမ်းပိုက်ခဲ့သည်။ ဤမင်းသည် မိမိ၏အတွေ့အကြုံများအရ တစ်ပါးသူများ ပုန်ကန်မှုမဖြစ်နိုင်စေရန် ကိုယ်ရံတော် အများအပြားထားလေသည်။ ကိုယ်ရံတော်များကိုလည်း မြို့တွင်းမြို့ပြင်၌ မပြတ်လှည့်လည် စောင့်ကြပ်စေသည်။ မိမိအနားတွင်လည်း အစဉ်အပြတ် လက်ဝဲလက်ယာ ကိုယ်ရံတော်များကို စောင့်ကြပ်စေသည်။ ဤမင်းသည် တေဇာရာမစေတီကို တည်ထားကိုးကွယ်ခဲ့သည်။ သိကွန်ဒါသျှာအမည်ဖြင့် ပါရှန်အက္ခရာရေးထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခဲ့သည်။ နန်းစံ(၇)နှစ်၊ သက္ကရာဇ် ၈၆၃ ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၈)**

**မင်းရာဇာ/မင်းလှရာဇာ (ဣလိသျှာ) (ရခိုင်သက္ကရာဇ် ၈၆၃–၈၇၅)**

**(ခရာဇ်သက္ကရာဇ် ၁၅၀၁–၁၅၁၃)**

စလင်္ကသူမင်းလွန်လျှင် သားတော်မင်းရာဇာသည် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းသည် မြောက်ဦးမြို့ နန်းသက်ကုန်ပြီဟူ၍ ဝေသာလီကို ပြန်တည်ကာ (၉)နှစ်စိုးစံခဲ့သည်။ နှစ်စဉ်နှစ်တိုင်း သံတွဲသို့ ဆင်ဖမ်းထွက်လေ့ရှိသည်။ သားတော်ကြီး ဂဇာပတိအား အိမ်ရှေ့အရာပေးပြီး၊ သားတော်ငယ် ဘစောသီရိကို စစ်သူကြီး ခန့်တော်မူသည်။ ဤမင်းသည် ပန်းကုံးသိမ်ဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။ ဣလိသျှာဟု ကုလားစာဖြင့် ရေးထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ နန်းစံ(၁၂)နှစ်၊ သက္ကရာဇ် ၈၇၅ တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၉)**

**ဂဇာပတိ (ရခိုင်သက္ကရာဇ် ၈၇၅–၈၇၇)**

**(ခရာဇ်သက္ကရာဇ် ၁၅၁၃–၁၅၁၅)**

မင်းရာဇာလွန်လေလျှင် သားတော်ဂဇာပတိသည် သက္ကရာဇ် ၈၇၅ ခုတွင် ထီးနန်းကို ဆက်ခံအုပ်စိုးလေသည်။ သက်တို့ ထကြွပုန်ကန်သဖြင့် သွားရောက်နှိမ်နင်းခဲ့ရသည်။ ဤမင်းသည် ဝေသာလီမှတဖန် မြောက်ဦးသို့ ပြောင်းပြီး နန်းစံခဲ့သည်။ နန်းစံ(၂)နှစ်၊ သက္ကရာဇ် (၈၇၇)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၀)**

**မင်းစောအို/သီရိသူ /စလင်္ကာစောမွန် (ဖလသျှာ)(ရခိုင်သက္ကရာဇ် ၈၇၇–၈၇၇)**

**(ခရာဇ်သက္ကရာဇ် ၁၅၁၅–၁၅၁၅)**

ဂဇာပတိမင်း နတ်ရွာစံလျှင် စလင်္ကသူ၏ညီဖြစ်သူ မင်းစောအိုအား မှူးမတ်တို့သည် ၈၇၇-ခုနှစ်တွင် နန်းတင်ကြသည်။ ဤမင်းမှာ အသက်(၆၀)ရှိမှ ဘုရင်ဖြစ်လာခဲ့သည်။ အတိတ်တဘောင်အရ လင်ပန်းပြောက်စေတီ၊ ဝသဲဘုရား၊ နိပူဇာစေတီတို့ကို တည်ထားကိုးကွယ်ခဲ့သည်။ နန်းစံ(၆)လ၊ သက္ကရာဇ် ၈၇၇ ခုနှစ်တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၁)**

**သဇာတ/အလီသျှာ (ရခိုင်သက္ကရာဇ် ၈၇၇–၈၈၃)**

**(ခရာဇ်သက္ကရာဇ် ၁၅၁၅–၁၅၂၁)**

မင်းစောအို လွန်လေလျှင် မှူးမတ်ပြည်သူတို့သည် ဆင်ဖြူရှင် မင်းဒေါလျှာ၏သားတော် သဇာတကို သက္ကရာဇ် ၈၇၇ ခုနှစ်တွင် နန်းတင်ကြသည်။ အလိသျှာဟု ကုလားစာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ ဤမင်းသည်၊ သက်တော်ရှည်၊ သက်တော်ရဘုရားများကို တည်ထားခဲ့သည်။ နန်းစံ(၆)နှစ်၊ သက္ကရာဇ် ၈၈၃ တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၂)**

**မင်းခေါင်ရာဇာ (ရခိုင်သက္ကရာဇ် ၈၈၃–၈၉၃)**

**(ခရာဇ်သက္ကရာဇ် ၁၅၂၁–၁၅၃၁)**

သဇာတမင်းလွန်လျှင် ၎င်း၏ညီတော် မင်းခေါင်ရာဇာသည် သက္ကရာဇ် ၈၈၃တွင် နန်းတက်ခဲ့သည်။ ဤမင်းအား မင်းရာဇာ၏သားတော် သံတွဲစား ဘစောသီရိ တိုက်ခိုက်ပြီး ထီးနန်းကို သိမ်းပိုက်ခဲ့သည်။ နန်းစံ(၁၀)နှစ် သက္ကရာဇ် (၈၉၃)တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၃)**

**မင်းဘာကြီး/မင်းဘင်/သီရိသူရိယစန္ဒမဟာဓမ္မရာဇာ(ဇဘောက်သျှာ) (ရခိုင်သက္ကရာဇ် ၈၉၃–၉၁၅)**

**(ခရာဇ်သက္ကရာဇ် ၁၅၃၁–၁၅၅၃)**

ဘစောသီရိသည် သံတွဲမှလာရောက်ပြီး မင်းခေါင်ရာဇာအား အလုံးအရင်းနှင့်တိုက်ခိုက်၍ သက္ကရာဇ် ၈၉၃ ခုတွင် မြောက်ဦးမြို့ကို သိမ်းပိုက်လေသည်။ အနောက်ဘင်ဂါ(၁၂)မြို့မှ အခွန်ဘဏ္ဍာတော် ဆက်မသွင်းဘဲ ခြားနားနေသောကြောင့် ကိုယ်တော်တိုင်ချီတက် တိုက်ခိုက်သိမ်းယူလေသည်။ မဟာဗောဓိတွင် ဆင်းထုတော်(၄၂)ဆူထုလုပ်၍ သက်တော်စေ့ ကုသိုလ်ကောင်းမှုပြုခဲ့သည်။ ပြိုပျက်နေသော မဟာဗောဓိစေတီတော်ကိုလည်း ထပ်မံပြုပြင်ခဲ့သည်။ ဤအကြောင်းကို ကမ္ပည်းကျောက်စာ ရေးထိုးထားခဲ့သည်။ ဗုဒ္ဓဂါယာတွင် ပျက်စီးယိုယွင်းနေသော စေတီတော်တို့မှ ဓာတ်တော်မွေတော်များကို ရခိုင်ပြည်သို့ ပင့်ဆောင်ယူခဲ့ပြီး ဌာပနာထည့်၍ ရှစ်သောင်းပုထိုးတော်ကြီးနှင့် စေတီများစွာ တည်ထားခဲ့သည်။ ဤမင်းသည် စစ်တကောင်းမင်းဘင်ဟု ရခိုင်စာတဘက် ဘင်္ဂလားစာတစ်ဘက် ရေးထိုးထားသော ငွေဒင်္ဂါးများနှင့်၊ မင်းဘင်အသခ်ါယာဟု ရေးထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ နန်းစံ(၂၂)နှစ် သက္ကရာဇ်(၉၁၅)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၄)**

**မင်းတိက္ခာ/မင်းဒီဃါ (ရခိုင်သက္ကရာဇ် ၉၁၅–၉၁၇)**

**(ခရာဇ်သက္ကရာဇ် ၁၅၅၃–၁၅၅၅)**

မင်းဘာဘုရင် လွန်လေသော် သားတော်ကြီး မင်းတိက္ခာသည် သက္ကရာဇ် (၉၁၅)ခုတွင် ထီးနန်းကို ဆက်ခံစိုးစံခဲ့သည်။ ဤမင်းသည် နန်းစံ(၂)နှစ်(၆)လ သက္ကရာဇ် (၉၁၇)ခုတွင် နတ်ရွာစံသည်။ ကိုးသောင်းဘုရားကို တည်ထားကိုးကွယ်ခဲ့သည်။

**အမှတ်စဉ်(၁၅)**
**မင်းစောလှ (ရခိုင်သက္ကရာဇ် ၉၁၇–၉၂၆)**
**(ခရာဇ်သက္ကရာဇ် ၁၅၅၅–၁၅၆၄)**

မင်းတိက္ခာ နတ်ရွာစံလျှင် သားတော်မင်းစောလှသည် သက္ကရာဇ် (၉၁၇)ခုတွင် ထီးနန်းကို ဆက်ခံလေသည်။ ဤမင်းသည် အလှူပေးခြင်း၌ ရက်ရောသည်။ သိမ်ကျောင်းများစွာ ဆောက်လုပ်လှူဒါန်းခဲ့သည်။ ကျီ၊ ဈေး၊ ရေကန်၊ ဥယျာဉ် စသည်တို့ကို ပြည့်စုံအောင် လုပ်ဆောင်ခဲ့သည်။ ဤမင်းသည် နန်းစံ(၉)နှစ် သက္ကရာဇ် (၉၂၆)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၆)**
**မင်းစကြာ (ရခိုင်သက္ကရာဇ် ၉၂၆–၉၃၃)**
**(ခရာဇ်သက္ကရာဇ် ၁၅၆၄–၁၅၇၁)**

မင်းစောလှလွန်လျှင် ညီတော်မင်းစကြာသည် ထီးနန်းကို သက္ကရာဇ် (၉၂၆)ခုတွင် ဆက်ခံခဲ့သည်။ ဤမင်းသည် နရာဓိပတိ ဦးရီးတော် သရီဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ မင်းဖလောင်းနှင့်အတူ ထုက္ကံသိမ်တော်ကြီးကို တည်ထားခဲ့သည်။ ကျောက်ရစ်စေတီ၊ မြတောင်စေတီ၊ မြောက်စေတီများကို တည်ထားခဲ့သည်။ နန်းစံ(၇)နှစ် သက္ကရာဇ် (၉၃၃)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၇)**
**မင်းဖလောင်း(သီကွန်ဓါသျှာ) (ရခိုင်သက္ကရာဇ် ၉၃၃–၉၅၅)**
**(ခရာဇ်သက္ကရာဇ် ၁၅၇၁–၁၅၉၃)**

မင်းစကြာလွန်လေလျှင် မင်းဘာဘုရင်၏သားတော်ငယ် ချစ်နှောင်းသည် မင်းဖလောင်းအမည်ဖြင့် သက္ကရာဇ် (၉၃၃) ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ အနောက်ဘင်္ဂါ(၁၂)မြို့၌ မငြိမ်မသက်ဖြစ်နေ၍ သွားရောက်နှိမ်နင်းခဲ့ရသည်။

ဤမင်းသည် ဥရာဇ်တောင်စေတီ၊ သချ်ပ်တော်စေတီ၊ ပါးမွေးတော်စေတီ၊ နလိပ်တော်စေတီနှင့် ထုက္ကန်သိမ်ဘုရားများကို တည်ထားကိုးကွယ်ခဲ့သည်။ နရာဓိပတိ ဦးရီးတော် သီရိသုရိယဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခဲ့သည်။ နန်းစံ(၂၂)နှစ် သက္ကရာဇ် (၉၅၅)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၁၈)**
**မင်းရာဇာကြီး/သတိုးဓမ္မရာဇာ(ဆောလိမ်သျှာ) (ရခိုင်သက္ကရာဇ် ၉၅၅–၉၇၄)**
**(ခရာဇ်သက္ကရာဇ် ၁၅၉၃–၁၆၁၂)**

မင်းဖလောင်း နတ်ရွာစံသောအခါ သားတော်အိမ်ရှေ့မင်းသည် သတိုးဓမ္မရာဇာ အမည်ကိုခံယူ၍ သက္ကရာဇ် (၉၅၅) ခုနှစ်တွင် နန်းတက်ခဲ့သည်။ သက္ကရာဇ် ၉၅၉ ခုနှစ်တွင် တောင်ငူဘုရင် သီဟသူက စစ်ကူတောင်း၍ ဟံသာဝတီ နန္ဒဘုရင်ကို သီဟသူနှင့် ပူးပေါင်းတိုက်ခဲ့သည်။ အနိုင်ရခဲ့၍ နန္ဒဘုရင်၏သမီးတော်ခင်မနှောင်းကို သိမ်းပိုက်ယူလာခဲ့သည်။ ဤမင်းသည် စေတီတော်(၂၂)ဆူတည်ခဲ့ပြီး ရှေးမင်းများ တည်ထားခဲ့သော စေတီ(၂၅)ဆူကို ထပ်မံပြုပြင်ခဲ့သည်။ မြောက်ဦးမြို့တွင် တန်ခိုးကြီးဘုရားတဆူဖြစ်သော ဘုရားပေါ်စေတီကို တည်ထားခဲ့သည်။ ရှင်ဖြူရှင် နရာဓိပတိဆောလိမ်သျှာဟု စာတမ်းထိုးထားသော ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေသုံးစွဲခဲ့သည်။ နန်းစံ(၁၉)နှစ် သက္ကရာဇ် (၉၇၄)ခုတွင် နတ်ရွာစံလေသည်။

**အမှတ်စဉ်(၁၉)**
**မင်းခမောင်း/ဝရဓမ္မရာဇာ(ဥဿောင်သျှာ) (ရခိုင်သက္ကရာဇ် ၉၇၄–၉၈၄)**
**(ခရာဇ်သက္ကရာဇ် ၁၆၁၂–၁၆၂၂)**

မင်းရာဇာကြီး လွန်သောအခါ သားတော်မင်းခမောင်းသည် ဝရဓမ္မရာဇာအမည်ဖြင့် သက္ကရာဇ် (၉၇၄)ခုတွင် နန်းတက်သည်။ ခမည်းတော်ဖြစ်သူ မင်းရာဇာကြီးကို လုပ်ကြံရာ မအောင်မြင်၍ ဟံသာဝတီသို့ ဥက္ကာပျံနှင့်အတူ ထွက်ပြေးခဲ့ရသည်။ ဥက္ကာပျံသည် ဟံသာဝတီတွင်နေစဉ် ၁၂ ရာသီဇကေပိုဒ်ရတုနှင့် မောင်ဘွဲ့မယ်ဘွဲ့ရတုပိုဒ်စုံများကို စီကုံးရေးစပ်ခဲ့သည်။ ဤမင်း

သည်ထူပါရုံစေတီ၊ ရတနာပုံစေတီ၊ မင်းခမောင်းဘုရား(ဂေါရီဝဘုရား) တို့ကို တည်ထားကိုးကွယ်ခဲ့သည်။ နန်းစံ(၁၀)နှစ် သက္ကရာဇ် ၉၈၄ ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၂၀)**
**သီရိသုဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၉၈၄–၁၀၀၀)**
**(ခရာဇ်သက္ကရာဇ် ၁၆၂၂–၁၆၃၈)**

မင်းခမောင်းလွန်လျှင်သားတော် အိမ်ရှေ့မင်းသည် သီရိသုဓမ္မရာဇာအမည်ဖြင့် သက္ကရာဇ် (၉၈၄)ခုတွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းလက်ထက် ပေါ်တူဂီဘုန်းတော်ကြီး မန်နရိတ် ရောက်ရှိခဲ့၍ သီရိသုဓမ္မမင်း၏ ဘိသိက်မင်္ဂလာ အခမ်းအနားကို မှတ်တမ်းရေးသားခဲ့သည်။ မန်နရိတ်ရေးသားခဲ့သော ဘိသိက်မင်္ဂလာအခမ်းအနားနှင့် ခရီးသွားမှတ်တမ်းတို့ကို စုပေါင်းပြီး အင်္ဂလိပ်စာရေးဆရာ မော်ရစ်ကောလိပ်က ဆင်းထုတော်ကြီးတည်ရာမြေဟု အမည်ပေးကာ အင်္ဂလိပ်ဘာသာဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။ ဤမင်းသည် မိဖုရားကြီး နတ်သျှင်မယ်နှင့် ငကုသလအမတ်ကြီးတို့ ပူပေါင်းပြီး ပတ္တရာလုပ်၍ နန်းစံ (၁၆)နှစ် သက္ကရာဇ် ၁၀၀၀ တွင် နတ်ရွာစံသည်။ သကျမာရ်အောင်စေတီနှင့် မင်းခေါင်ရွှေတူစေတီတို့ကို တည်ထားကိုးကွယ်ခဲ့သည်။ ဆင်ဖြူသခင်၊ ဆင်နီသခင် သီရိသုဓမ္မရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၂၁)**
**မင်းစနေ/သတိုးမင်းလှ(ရခိုင်သက္ကရာဇ် ၁၀၀၀–၁၀၀၀)**
**(ခရာဇ်သက္ကရာဇ် ၁၆၃၈–၁၆၃၈)**

သီရိသုဓမ္မရာဇာ နတ်ရွာစံလျှင် သားတော် မင်းစနေ ထီးနန်းကို ဆက်ခံသည်။ နန်းတက်ရက် (၂၀)အကြာတွင် ကျောက်ရောဂါဖြစ်၍ နတ်ရွာစံသည်။

**အမှတ်စဉ်(၂၂)**
**နရပတိကြီး (ရခိုင်သက္ကရာဇ် ၁၀၀၀–၁၀၀၇)**
**(ခရာဇ်သက္ကရာဇ် ၁၆၃၈–၁၆၄၅)**

မင်းစနေ နတ်ရွာစံလျှင် ထီးနန်းကို ဆက်ခံမည့်သူ မရှိဘဲ ဖြစ်နေသည်။ ထိုအခါ နတ်သျှင်မယ်မိဖုရားသည် မင်းညီမင်းသားတို့ကို နန်းတော်သို့ ခေါ်ယူပြီး လောင်းကြက်စား ငကုသလအမတ်အား မင်းမြှောက်စေသည်။ ငကုသလသည် သက္ကရာဇ် (၁၀၀၀)ပြည့်နှစ်တွင် နရပတိကြီးအမည်ဖြင့် နတ်ရှင်မယ်အား မိဖုရားမြှောက်ကာ ထီးနန်းကို စိုးစံခဲ့သည်။ ဤမင်းသည် ဆင်နီသခင်၊ ဆင်ဖြူသခင် နရပတိကြီးဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ ထင်တော်မူဘုရားနှင့် မြင်တော်မူဘုရားများကို တည်ထားကိုးကွယ်ခဲ့သည်။ နန်းစံ(၇)နှစ် သက္ကရာဇ် ၁၀၀၇ ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၂၃)**
**သတိုးမင်းတရား (ရခိုင်သက္ကရာဇ် ၁၀၀၇–၁၀၁၄)**
**(ခရာဇ်သက္ကရာဇ် ၁၆၄၅–၁၆၅၂)**

နရပတိကြီးမင်းလွန်လျှင် သာတော် သတိုးမင်းတရားသည် သက္ကရာဇ် ၁၀၀၇ ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းသည် ကနက္ကဒဏ်ထီးကိုဖွင့်၍ ပွင့်သဖြင့် အနားပတ်လည်တွင် ဗိန္ဒုအစက်များ ဖော်၍ ဆင်နီသခင် ဆင်ဖြူသခင် သတိုးမင်းတရားဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ နန်းစံ(၇)နှစ်၊ သက္ကရာဇ် ၁၀၁၄ ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၂၄)**
**ဝန္ဒသုဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၀၁၄–၁၀၃၆)**
**(ခရာဇ်သက္ကရာဇ် ၁၆၅၂–၁၆၇၄)**

သတိုးမင်းတရား နတ်ရွာစံလျှင် သာတော် စန္ဒသုဓမ္မမင်းသည် သက္ကရာဇ် ၁၀၁၄ တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းလက်ထက် တိုင်းပြည်ဝပြောသာယာသည်။ ဒတ်ချ်လူမျိုးများနှင့် ကူးသန်းရောင်းဝယ်မှု ရှိခဲ့သည်။ မြောက်ဦးမြို့မှ မဟာမြတ်မုနိ ဘုရားသို့တိုင်အောင် ကုန်းလမ်းကို ဖောက်လုပ်ခဲ့သည်။ စန္ဒသုဓမ္မမင်းလက်ထက် မဂိုဘုရင် သျှာဇျဟန်၏ သားတော် သျှာသျူဇျာနှင့် အပေါင်းပါတို့ ရောက်ရှိခဲ့သည်။ သျှာသျူဇျာသည် သူနှင့်အတူ ပါလာသော မဂိုစစ်သည်များကို စုရုံးပြီး၊ ရခိုင်ဘုရင်၏ထီးနန်းကို လုရန်ကြံစည်သဖြင့် အသတ်ခံရသည်။ ဤအကြောင်းကို မဂိုများ ကြားသိသောအခါ ရခိုင်ဘုရင် ပိုင်သော စစ်တကောင်းနယ်အချို့ကို တိုက်ခိုက်သိမ်းပိုက်ခဲ့လေသည်။ ထိုအချိန်မှစပြီး ရခိုင်ဘုရင်တို့သည် မဂိုတို့လက်ထဲမှ သိမ်းပိုက်ထားသော နယ်မြေများကို ပြန်လည်သိမ်းပိုက်နိုင်ခြင်း မရှိခဲ့ချေ။ ဤမင်းသည် ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ ဇိနမာရ်အောင်ဘုရား၊ လောကမာရ်အောင်ဘုရား၊ ရတနာ့မာရ်အောင် ဘုရားများကို တည်ထားခဲ့သည်။ နန်းစံ(၂၂)နှစ်၊ သက္ကရာဇ် ၁၀၃၆ ခုနှစ်တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၂၅)**
**ဥက္ကာဗလရာဇာ (ရခိုင်သက္ကရာဇ် ၁၀၃၆–၁၀၄၇)**
**(ခရာဇ်သက္ကရာဇ် ၁၆၇၄–၁၆၈၅)**

စန္ဒသုဓမ္မမင်းလွန်လျှင် သားတော် ဥက္ကာဗလမင်းသည် သက္ကရာဇ် ၁၀၃၆ တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ မင်္ဂလမာရ်အောင်စေတီနှင့် ခြိတ်ချောင်းဘုရားကြီးကို တည်ခဲ့သည်။ ရဲဘော် သီဟပုန်စား၍ ခြိတ်ချောင်းတွင် နန်းစံ(၁၁)နှစ် သက္ကရာဇ် (၁၀၄၇)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၂၆)**
**ဝရဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၀၄၇–၁၀၅၄)**
**(ခရာဇ်သက္ကရာဇ် ၁၆၈၅–၁၆၉၂)**

ဥက္ကာဗလရာဇာမင်း နတ်ရွာစံလျှင် ညီတော် သံတွဲစားအား မှူးမတ်တို့က ဝရဓမ္မရာဇာအမည်ဖြင့် သက္ကရာဇ် (၁၀၄၇)ခု တွင် နန်းတင်ကြသည်။ အုပ်ချုပ်မှု ညံ့ဖျင်း၍ ကိုယ်ရံတော်တို့က နန်းစံ(၇)နှစ် သက္ကရာဇ် (၁၀၅၄)တွင် နန်းချ၍ မဏိသုဓမ္မရာဇာ အား နန်းတင်ကြသည်၊ ရွှေနန်းသခင် ဝရဓမ္မရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၂၇)**
**မဏိသုဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၀၅၄–၁၀၅၆)**
**(ခရာဇ်သက္ကရာဇ် ၁၆၉၂–၁၆၉၄)**

ဝရဓမ္မရာဇာမင်းကို နန်းချပြီး သက္ကရာဇ် (၁၀၅၄)ခုနှစ်တွင် ၎င်း၏နောင်တော်ကု မဏိသုဓမ္မအမည်ဖြင့် မှူးမတ်တို့က နန်းတင်ကြသည်။ နန်းစံ(၂)နှစ် သက္ကရာဇ် (၁၀၅၆)ခုနှစ်တွင် နန်းချခံရသည်။

**အမှတ်စဉ်(၂၈)**
**စန္ဒသူရိယဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၀၅၆–၁၀၅၈)**
**(ခရာဇ်သက္ကရာဇ် ၁၆၉၄–၁၆၉၆)**

မဏိသုဓမ္မမင်းကို နန်းချပြီးသောအခါ ကိုယ်ရံတော်များသည် ၎င်း၏ညီတော်ကို စန္ဒသူရိယ ဓမ္မရာဇာအမည်ဖြင့် နန်းတင်ကြသည်။ ဤမင်းကို မနှစ်သက်သော မှူးမတ်များက နန်းစံ(၂)နှစ် သက္ကရာဇ် (၁၀၅၈)တွင် နန်းချ၍ ဝရဓမ္မရာဇာကို နန်းတင်ကြပြန်သည်။ သုံးလအကြာတွင် ဝရဓမ္မရာဇာကို နန်းချလျှက် စန္ဒသူရိယဓမ္မရာဇာကို နန်းတင်ကြသည်။ တိုင်းပြည်တွင် ညီညွတ်မှုမရှိဘဲ အကွဲကွဲအပြားပြား ဖြစ်နေသဖြင့် ရှင်ဘုရင်၏ အာဏာစက်လည်း စူးရှမှုမရှိချေ။ မင်း၏ကိုယ်ရံတော်တို့

ချယ်လှယ်နေကြသဖြင့် ပြည်သူပြည်သားတို့ ဆင်းရဲခြင်းကို ခံကြရသည်။ စန္ဒသူရိယဓမ္မရာဇာမင်းသည် နန်းစံ(၂)နှစ် သက္ကရာဇ် (၁၀၅၈) တွင် ကိုယ်ရံကြီးလုပ်ကြံ၍ နတ်ရွာစံခဲ့ရသည်။

**အမှတ်စဉ်(၂၉)**

**<u>ငဝ/တုံနော်ရထာ/နော်ရထာစော (ရခိုင်သက္ကရာဇ် ၁၀၅၈–၁၀၅၈)</u>**

**<u>(ခရာဇ်သက္ကရာဇ် ၁၆၉၆–၁၆၉၆)</u>**

စန္ဒသူရိယဓမ္မရာဇာ နတ်ရွာစံလျှင် သားတော် ငဝ/တုံကို နော်ရထာအမည်ဖြင့် နန်းတင်ကြသည်။ (၁၅)ရက်သာ ရှင်ဘုရင်လုပ်ရ၍ နန်းချခံရသည်။

**အမှတ်စဉ်(၃၀)**

**<u>မာရုပ္ပိယ (ရခိုင်သက္ကရာဇ် ၁၀၅၈–၁၀၅၉)</u>**

**<u>(ခရာဇ်သက္ကရာဇ် ၁၆၉၆–၁၆၉၇)</u>**

ငဝ/တုံနော်ရထာကို နန်းချပြီးသောအခါ ရတနာမာရ်အောင် ဘုရားအနီး ဂူဖြူတွင် သတင်းသုံးနေသော ဆရာတော်အား လူဝတ်လဲစေပြီး မာရုပ္ပိယအမည်ဖြင့် မှူးမတ်တို့က နန်းတင်ကြသည်။ ဤမင်းသည် ဘုန်းကြီးလူထွက်ဖြစ်၍ ဘုရားတရားကို ရိုသေကိုင်းရှိုင်းသည်။ သီဟိုဠ်ကျွန်းမှ သာသနာပြုရန် တောင်းခံသဖြင့် သတ္တဌာနဆရာတော် ဣန္ဒမဥ္စူနှင့်လောင်းကြက် ဆရာတော်တို့ ဦးဆောင်၍ သံဃာတော်အပါး(၄၀)ကို စေလွှတ်ပြီး သာသနာပြုစေသည်။ သက္ကရာဇ် (၁၀၅၉)ခုနှစ်တွင် သူပုန်များ တိုက်ခိုက်၍ နန်းမှဆင်းပြေးရသည်။

**အမှတ်စဉ်(၃၁)**

**<u>ကာလမန္ဓာတ် (ရခိုင်သက္ကရာဇ် ၁၀၅၉–၁၀၆၀)</u>**

**<u>(ခရာဇ်သက္ကရာဇ် ၁၆၉၇–၁၆၉၈)</u>**

မာရုပ္ပိယမင်းနန်းမှ ဆင်းပြေးသောအခါ ကိုယ်ရံတော်တို့သည် ရတနာစံဦး ဘုန်းတော်ကြီးကို လူဝတ်လဲစေ၍ ကာလမန္ဓာတ် အမည်ဖြင့် သက္ကရာဇ် ၁၀၅၉၀ တွင် နန်းတင်ကြသည်။ ဤမင်းသည် တိုင်းပြည်ကို ငြိမ်ဝပ်အောင် မအုပ်ချုပ်နိုင်ချေ။ သူပုန်များ ထကြွပုန်ကန်ကြသည်။ နန်းစံတနှစ် သက္ကရာဇ် (၁၀၆၀)ခုတွင် နတ်ရွာစံသည်။ ရွှေနန်းသခင် ကာလမန္ဓာတ် မင်းတရားဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများ ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၃၂)**

**<u>နရာဓိပတိ (ရခိုင်သက္ကရာဇ် ၁၀၆၀–၁၀၆၂)</u>**

**<u>(ခရာဇ်သက္ကရာဇ် ၁၆၉၈–၁၇၀၀)</u>**

ကာလမန္ဓာတ်မင်းလွန်လေလျှင်၊ စန္ဒသူရိယ ဓမ္မရာဇာ၏သားတော် မင်းသားရွှေစာကို နရာဓိပတိဟူသော အမည်ဖြင့် သက္ကရာဇ် ၁၀၆၀ ခုနှစ်တွင် နန်းတင်ကြသည်။ ထကြွပုန်ကန်မှုများ တပြည်လုံးပေါ်ပေါက်ခဲ့သည်။ နန်းစံ(၂)နှစ် သက္ကရာဇ် (၁၀၆၂)တွင် ဆင်ကဲကြီး နန္ဒစည်သူ ပုန်စား၍ နတ်ရွာစံသည်။

**အမှတ်စဉ်(၃၃)**

**<u>စန္ဒဝိမလဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၀၆၂–၁၀၆၈)</u>**

**<u>(ခရာဇ်သက္ကရာဇ် ၁၇၀၀–၁၇၀၆)</u>**

နရာဓိပတိမင်း လွန်လေလျှင် သားတော်ကျော်သိင်္ဂကို စန္ဒဝိမလ ဓမ္မရာဇာအမည်ဖြင့် သက္ကရာဇ် ၁၀၆၂ ခုတွင် နန်းတင်ကြသည်။ သူပုန်များရန်ကြောင့် နန်းမှဆင်းပြေးပြီး ပုန်းလျှိုးနေခဲ့ရသည်။ အမတ်ပညာရှိများ အကြံပေးချက်အရ ဒုံးညိုကို တန္တဗိုလ်မင်းဟု အမည်ပေးပြီး သူပုန်များကို နှိမ်နင်းရန် တာဝန်ပေးအပ်လေသည်။ တန္တဗိုလ်လည်း သူပုန်တို့ကို နှိမ်နင်းရာ အောင်မြင်သဖြင့် သင်းမကျေးရွာကို အပိုင်စားပေးလေသည်။ ရှင်ဘုရင်မှာ တန္တဗိုလ်၏ဩဇာကို နာခံရသောအခြေ

အနေအထိ ရောက်ရှိခဲ့သည်။ ယင်းကြောင့် နန္ဒဗလစစ်သူကြီးသည် တန္တဗိုလ် ထီးနန်းကို လုမည်ကို စိုးရိမ်လေသည်။ ထို့ကြောင့် တန္တဗိုလ်မင်းနှင့်အတူနေသော စန္ဒဝိမလရာဇာမင်းကို ခိုးယူ၍ တောတန်းကျွန်းတွင် ထားလေသည်။ တန္တဗိုလ်သည် နန္ဒဗလအား တိုက်ခိုက်ရာ နန္ဒဗလအရေးနိမ့်၍ မင်းနှင့်အတူ အနောက်ဘင်္ဂလားသို့ ပြေးရလေသည်။ စန္ဒဝိမလရာဇာမင်းသည် နန်းစံ(၆)နှစ်၊ သက္ကရာဇ် ၁၀၆၈ တွင် ဘင်္ဂလားနယ်၌ နတ်ရွာစံသည်။

**အမှတ်စဉ်(၃၄)**

**စန္ဒသူရိယရာဇာ (ရခိုင်သက္ကရာဇ် ၁၀၆၈–၁၀၇၂)**

**(ခရာဇ်သက္ကရာဇ် ၁၇၀၆–၁၇၁၀)**

စန္ဒဝိမလရာဇာမင်းလွန်လေလျှင် တောင်ဖက်စား ရဲဘော်သီဟ၏သား သတိုးလုကို စန္ဒသူရိယရာဇာအမည်ဖြင့် သက္ကရာဇ် ၁၀၆၈ ခုနှစ်တွင် နန်းတင်ကြသည်။ ဤမင်းသည် နန်းစံ(၄)နှစ်၊ သက္ကရာဇ် ၁၀၇၂ ခုတွင် တန္တဗိုလ်တိုက်ခိုက်၍ နတ်ရွာစံသည်။

**အမှတ်စဉ်(၃၅)**

**စန္ဒဝိဇယရာဇာ (ရခိုင်သက္ကရာဇ် ၁၀၇၂–၁၀၉၃)**

**(ခရာဇ်သက္ကရာဇ် ၁၇၁၀–၁၇၃၁)**

ခြိတ်ချောင်းတွင် တောင်ဖက်စား ရဲဘော်သီဟလုပ်ကြံ၍ နတ်ရွာစံခဲ့သော ဥဂ္ဂါဗလမင်း၏သားတော် ဒိုးညိုသည် တန္တဗိုလ်အမည်ဖြင့် စန္ဒသူရိယမင်းကို တိုက်ခိုက်ပြီး၊ သက္ကရာဇ် ၁၀၇၂ ခုနှစ်တွင် နန်းတက်ခဲ့သည်။ စန္ဒဝိဇယရာဇာအမည်ကို ခံယူလေသည်။ တိုင်းပြည်တွင် (၂၂)နှစ်တိုင်တိုင် ထကြွပုန်ကန်မှုများဖြစ်နေသဖြင့် တိုင်းပြည်ငြိမ်သက်မှုမရှိဘဲ၊ ပြည်သူပြည်သား တို့မှာ ဟိုပြေးဒီပြေးဖြစ်နေခဲ့ရသည်။ အမျိုး၊ ဇာတိ၊ ဘာသာရောယှက်နေခဲ့သည်ကို မေးမြန်းစီစစ်ပြီး သင့်ရာသင့်ရာ၊ ဇာတိ၊ ဘာသာ၊ အမျိုးအနွယ်အလိုက် ရွေးထုတ်ပြီး မြို့ရွာတည်ထောင်ပေးသည်။ ဤမင်းလက်ထက် တည်ထောင်ပေးခဲ့သော ထောင်များ မှာ (၁) ဒက်ဆွဲထောင် (၂) တောင်ဝါထောင် (၃) ပန်းသရိထောင် (၄) သခင်ဖြူထောင် (၅) ပုလဲဖြူထောင် (၆) အောင်ကျော်ဖြူ ထောင် (၇) တွန်တိုင်ထောင် (၈) ပိန္နဲတ်ထောင် (၉) ပြာသားထောင် (၁၀) မရမာထောင် (၁၁) မည်းကျီထောင် (၁၂) လောင်းကတက်ထောင် (၁၃) မြို့သစ်ထောင် (၁၄) သက်ဘက်ထောင် (၁၅) ကန်းဆိပ်ထောင် (၁၆) မာန်ထောင် (၁၇) ပန်းစီရိထောင်တို့ဖြစ်ကြသည်။

**အမတ်ကြီး ဇေယျသူရိကျော်ထင် တည်ခဲ့သောထောင်များ**

(၁) သက်ပြည်ထောင် (၂) ကောက်ကတန်းထောင် (၃) လေးမြို့သားထောင် (၄) ဥယျာဉ်သာထောင်တို့ ဖြစ်ကြသည်။

စန္ဒဝိဇယရာဇာမင်းသည် သိမ်ပေါင်းရှစ်ရာ၊ ကျောင်းပေါင်းရှစ်ရာ၊ ကန်ပေါင်း ရှစ်ရာလှူတန်းခဲ့သည်။ ရွှေနန်းသခင် စန္ဒဝိဇယရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများ ထုတ်ဝေခဲ့သည်။ နန်းစံ(၂၁)နှစ်၊ သက္ကရာဇ် ၁၀၉၃ တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၃၆)**

**စန္ဒသူရိယ(ရခိုင်သက္ကရာဇ် ၁၀၉၃–၁၀၉၆)**

**(ခရာဇ်သက္ကရာဇ် ၁၇၃၁–၁၇၃၄)**

စန္ဒဝိဇယရာဇာမင်းလွန်လေလျှင် သမက်တော်သာမသည် စန္ဒသူရိယအမည်ဖြင့် သက္ကရာဇ်-၁၀၉၃တွင် နန်းတက်သည်။ နန်းစံ(၃)နှစ်၊ သက္ကရာဇ် ၁၀၉၆ ခုတွင် နတ်ရွာစံသည်။ ရွှေနန်းသခင် စန္ဒသူရိယရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများ ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၃၇)**
**နရာဓိပတိ (ရခိုင်သက္ကရာဇ် ၁၀၉၆–၁၀၉၇)**
**(ဧရာဇ်သက္ကရာဇ် ၁၇၃၄–၁၇၃၅)**

စန္ဒသူရိယမင်းလွန်လေလျှင် သားတော်သည် နရာဓိပတိအမည်ဖြင့် သက္ကရာဇ် ၁၀၉၆ ခုတွင် နန်းတက်သည်။ ဤမင်းသည် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်မှုမရှိ။ ကုသိုလ်ကောင်းမှုကိုလည်း မပြု၊ ကြမ်းတမ်းယုတ်မာသဖြင့် လက်ယာဝင်မှူးမှူးစစ်ချီ၏ တပည့်များ လက်ချက်ကြောင့် နန်းစံတနှစ် သက္ကရာဇ် ၁၀၉၇ တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၃၈)**
**နရပဝရရာဇာ (ရခိုင်သက္ကရာဇ် ၁၀၉၇–၁၀၉၈)**
**(ဧရာဇ်သက္ကရာဇ် ၁၇၃၅–၁၇၃၆)**

နရပတိမင်းလွန်လေလျှင် ၎င်း၏ညီတော်အား နရပဝရရာဇာအမည်ဖြင့် သက္ကရာဇ် ၁၀၉၇ တွင် နန်းတင်ကြသည်။ နန်းစံတနှစ်၊ သက္ကရာဇ် ၁၀၉၈ တွင် နတ်ရွာစံသည်။ ရွှေနန်းသခင် နရပဝရရာဇာဟု စာတမ်းထိုးထားသောငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၃၉)**
**စန္ဒဝိမလရာဇာ (ရခိုင်သက္ကရာဇ် ၁၀၉၈–၁၀၉၉)**
**(ဧရာဇ်သက္ကရာဇ် ၁၇၃၆–၁၇၃၇)**

နရပဝရာဇာမင်းလွန်လျှင် ညီဝမ်းကွဲတော်သူသည် သက္ကရာဇ် ၁၀၉၈ ခုနှစ်တွင် စန္ဒဝိမလရာဇာအမည်ဖြင့် ထီးနန်းကို ဆက်ခံခဲ့သည်။ နန်းစံတနှစ်တွင် သူပုန်များ၏လက်ချက်ဖြင့် သက္ကရာဇ် ၁၀၉၉ ခုနှစ်တွင် နတ်ရွာစံသည်။ ရွှေနန်းသခင် စန္ဒဝိမလရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်စေခဲ့သည်။

**အမှတ်စဉ်(၄၀)**
**မဒရာဇ်ရာဇာ (ရခိုင်သက္ကရာဇ် ၁၀၉၉–၁၁၀၄)**
**(ဧရာဇ်သက္ကရာဇ် ၁၇၃၇–၁၇၄၂)**

စန္ဒဝိမလမင်းလွန်လျှင် ညီတော်သည် မဒရာဇ်ရာဇာအမည်ဖြင့် သက္ကရာဇ် ၁၀၉၉ ခုတွင် ထီးနန်းကို စိုးစံခဲ့သည်။ နန်းစံ(၅)နှစ် သက္ကရာဇ် ၁၁၀၄ ခုတွင် နတ်ရွာစံသည်။ ဤမင်းသည် စစ်တကောင်းကို တိုက်ခိုက်ရာ အောင်မြင်ခဲ့သည်။ ရွှေနန်းသခင် မဒရာဇ်ရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများ ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၄၁)**
**နရအဘယရာဇာ (ရခိုင်သက္ကရာဇ် ၁၁၀၄–၁၁၂၃)**
**(ဧရာဇ်သက္ကရာဇ် ၁၇၄၂–၁၇၆၁)**

မဒရာဇ်ရာဇာမင်းလွန်လျှင် ဦးရီးတော်သည် နရအဘယရာဇာ အမည်ဖြင့် သက္ကရာဇ် ၁၁၀၄ ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ တိုင်းပြည်ကို ငြိမ်ဝပ်ပိပြားအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ဘိသိက်သုံးကြိမ်သွန်း၍ အလှူကြီး အကြိမ်များစွာ ပေးသည်။ လက်ကြွယ်တော်ဓာတ်စေတီကို တည်သည်။ မှူးကောင်းမတ်ကောင်း သူရဲကောင်းများ ပေါ်ပေါက်ခဲ့သည်။ သူရဲကောင်းများထဲတွင် နာမည်အကြီးဆုံးမှာ လက်ျာမြန်ဂူတာဖြစ်သည်။ ဤမင်းသည် နန်းစံ(၁၉)နှစ် သက္ကရာဇ် ၁၁၂၃ ခုနှစ် နတ်ရွာစံသည်။ ရွှေနန်းသခင် နရအဘယရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများ ထုတ်ဝေခဲ့သည်။

**အမှတ်စဉ်(၄၂)**
**သီရိသုဓမ္မရာဇာ (ရခိုင်သက္ကရာဇ် ၁၁၂၃–၁၁၂၃)**
**(ခရာဇ်သက္ကရာဇ် ၁၇၆၁–၁၇၆၁)**

နရအဘယရာဇာမင်း လွန်လေလျှင် သားတော်ရွှေယောက်သူသည် သီရိသူအမည်ဖြင့် ထီးနန်းကို ဆက်ခံခဲ့သည်။ နန်းစံ(၃)လတွင် ကျောက်ရောဂါဖြင့် နတ်ရွာစံသည်။

**အမှတ်စဉ်(၄၃)**
**စန္ဒပရမရာဇာ (ရခိုင်သက္ကရာဇ် ၁၁၂၃–၁၁၂၆)**
**(ခရာဇ်သက္ကရာဇ် ၁၇၆၁–၁၇၆၄)**

သီရိသူလွန်လျှင် ၎င်း၏ညီတော် ဓားပိုင်ကြီးသည် စန္ဒပရမရာဇာအမည်ကို ခံ၍ သက္ကရာဇ်(၁၁၂၃)ခုနှစ်တွင် ထီးနန်းကို ဆက်ခံခဲ့သည်။ သူပုန်ဗိုလ် ငနိုးထကြွသောင်းကျန်း၍ ယောက်ဖတော် သံတောင်စားအား နှိမ်နင်းစေ၍ အောင်မြင်ခဲ့သည်၊ ဆွေမျိုးတို့၏ ဂုံးချောစကားကို ယုံကြည်သဖြင့် ယောက်ဖတော် သံတောင်စားကို သတ်ရန် ကြံရွယ်ခဲ့သည်။ ၎င်းအကြံကို ကြိုတင်သိထားသော ယောက်ဖတော် သံတောင်စားက တိုက်၍ နန်းကျလေသည်။ မကြာမီ ဝမ်းရောဂါဖြင့် နန်းစံ(၃)နှစ် သက္ကရာဇ် (၁၁၂၆)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၄၄)**
**အဘယမဟာရာဇာ (ရခိုင်သက္ကရာဇ် ၁၁၂၆–၁၁၃၅)**
**(ခရာဇ်သက္ကရာဇ် ၁၇၆၄–၁၇၇၃)**

စန္ဒပရမရာဇာမင်းလွန်လျှင် ယောက်ဖတော် သံတောင်စားသည် သက္ကရာဇ် (၁၁၂၆)ခုတွင် အဘယမဟာရာဇာ အမည်ဖြင့် ထီးနန်းကို ဆက်ခံခဲ့သည်။ ဤမင်းသည် သီတင်းသီလကို စောင့်၏။ အမျိုးလေးပါးကို မြှောက်စား၏။ ငယ်ကျွန်များ ဖြစ်သော သက်လူမျိုးညီအစ်ကိုနှစ်ယောက်တွင် အစ်ကိုဖြစ်သူအား လကျ်ာမြန်အမတ်ခန့်၍ ညီဖြစ်သူ ငသောက်ကြာအား ဓားပိုင်ကြီးခန့်ထားသည်။ ရွှေနန်းသခင် အဘယမဟာရာဇာဟု စာတမ်းထိုးထားသော ရွှေဒင်္ဂါးနှင့် ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ နန်းစံ(၉)နှစ် သက္ကရာဇ် (၁၁၃၅)ခုနှစ်တွင် ဓားပိုင်ကြီး ငသောက်ကြာလုပ်ကြံ၍ နတ်ရွာစံသည်။

**အမှတ်စဉ်(၄၅)**
**စန္ဒသုမနရာဇာ (ရခိုင်သက္ကရာဇ် ၁၁၃၅–၁၁၃၉)**
**(ခရာဇ်သက္ကရာဇ် ၁၇၇၃–၁၇၇၇)**

ဓားပိုင်ကြီး ငသောက်ကြာသည် အဘယမဟာရာဇာမင်းကို လုပ်ကြံ၍ သက္ကရာဇ် (၁၁၃၅)ခုနှစ်တွင် စန္ဒသုမနရာဇာ ဟု အမည်ကိုခံပြီး ထီးနန်းတက်ခဲ့သည်။ တိုင်းပြည်အနှံ့တွင် ပုန်ကန်မှုများ ပေါ်ပေါက်ခဲ့သည်။ ဒိုးဝေနှင့် ပိုးရွှေတို့ပုန်ကန်၍ နန်းမှဆင်းပြေးရသည် ဤမင်းသည် တိုင်းသူပြည်သားတို့ကို နှိပ်စက်ညှင်းပန်းမှုများ ပြုလုပ်ခဲ့သဖြင့် နန်းမှဆင်းပြေးရသောအခါ တိုင်းသူပြည်သားများသတ်၍ နန်းစံ(၄)နှစ် သက္ကရာဇ် (၁၁၃၉)ခုတွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၄၆)**
**စန္ဒဝိမလရာဇာ (ရခိုင်သက္ကရာဇ် ၁၁၃၉–၁၁၃၉)**
**(ခရာဇ်သက္ကရာဇ် ၁၇၇၇–၁၇၇၇)**

စန္ဒသုမနမင်းလွန်လေလျှင် သူပုန်ဗိုလ်ပိုးရွှေသည် စန္ဒဝိမလရာဇာ အမည်ကိုခံယူ၍ သက္ကရာဇ် (၁၁၃၉)ခုနှစ်တွင် နန်းတက်သည်။ ဒိုးဝေအား ဓားပိုင်ကြီးရာထူးကို ခန့်အပ်သည်။ နန်းစံရက် (၄၀)ခန့်တွင် ရမ်းဗြဲစား ဗိုလ်မင်းအောင်စုံ ပုန်ကန်၍ နန်းတော်မှ ဆင်းပြေးရသည်။

**အမှတ်စဉ်(၄၇)**

**စန္ဒသုဓမ္မရာဇာ/ဓမ္မရာဇ်ရာဇာ (ရခိုင်သက္ကရာဇ် ၁၁၃၉–၁၁၄၄)**

**(ဗမာသက္ကရာဇ် ၁၇၇၇–၁၇၈၂)**

ဗိုလ်မင်းအောင်စုံသည် သက္ကရာဇ် ၁၁၃၉ ခုနှစ်တွင် ထီးနန်းကို သိမ်းပိုက်ပြီး စန္ဒသုဓမ္မရာဇာအမည်ဖြင့် နန်းတက်လေသည်။ ရခိုင်တစ်ပြည်လုံး၌ ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်လျက်ရှိသည်။ စန္ဒာသုဓမ္မရာဇာမင်းသည် မာန်အောင်ကျွန်းဆယ်ရွာသူကြီး အောင်ကျော်ဇံနှင့် ပူးပေါင်း၍ သူပုန်များကို နှိမ်နင်းအောင်မြင်ခဲ့သည်၊ အောင်ကျော်ဇံကို လက်ဝဲမြန်ရာထူးပေးသည်။ လက်ဝဲမြန် သတိုးအောင်ဟုလည်း ခေါ်သည်။ သောင်းကျန်းမှုများကို နှိမ်နင်းအောင်မြင်ပြီး တရားဓမ္မနှင့် ပြည့်စုံသောမင်း ဖြစ်သည်ကို အများပြည်သူသိစေလို၍ ဓမ္မရာဇ်ရာဇာဟူသော အမည်သစ်ကို ခံယူကာ ဘိသိက်ခံလေသည်။ ဤမင်းသည် ၁၁၃၉ခုနှစ်တွင် တစ်ကြိမ်၊ ရွှေနန်းသခင် စန္ဒသုဓမ္မရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးနှင့် ၁၁၄၀ ပြည့်နှစ်တစ်ကြိမ် ရွှေပြည်သခင် ဓမ္မရာဇ်ရာဇာဟု စာတမ်းထိုးထားသော ငွေဒင်္ဂါးများကို ထုတ်ဝေခဲ့သည်။ ဤမင်းသည် နန်းစံ(၅)နှစ် သက္ကရာဇ် (၁၁၄၄) ခုနှစ်တွင် နတ်ရွာစံသည်။

**အမှတ်စဉ်(၄၈)**

**မဟာသမတရာဇာ/အဂ္ဂေါပုညာစောရာဇာ (ရခိုင်သက္ကရာဇ် ၁၁၄၂–၁၁၄၆)**

**(ဗမာသက္ကရာဇ် ၁၇၈၂–၁၇၈၄)**

ဓမ္မရာဇ်ရာဇာမင်းလွန်လေလျှင် လက်ဝဲမြန်သတိုးအောင်သည် မဟာသမတရာဇာအမည်ဖြင့် သက္ကရာဇ် ၁၁၄၄ ခုတွင် နန်းတက်ခဲ့သည်။ ထိုမင်းနန်းတက်ချိန်တွင် ရခိုင်ပြည်တောင်ပိုင်း၌ ဗိုလ်မင်းကျော်ထွေး အနောက်ပိုင်းတွင် ငသံဒွေ ခေါင်းဆောင်သော လူတစ်စု စသည်ဖြင့် အစုစုကွဲကာ ပုန်ကန်ထကြွနေကြသည်။ တစ်တိုင်းပြည်လုံး စည်းလုံးညီညာမှုမရှိဘဲ သူတစ်လူ ငါတစ်မင်းဖြစ်နေကြသည်။ ထိုသူပုန်များကို သမတရာဇာသည် ဓားပိုင်ကြီးကျော်ပုံနှင့်အတူ သွားရောက်နှိမ်နင်းရသည်။ သူပုန်များ အရေးနိမ့်၍ ပြိုကွဲခဲ့ရသည်။ သူပုန်များကို အောင်မြင်ပြီးနောက် မဟာသမတရာဇာမင်းသည် အဂ္ဂေါပုညာစောရာဇာအမည်ဖြင့် ဒုတိယအကြိမ် ဘိသိက်ခံလေသည်။ အနှိမ်နင်းခံရသော သူပုန်တို့ထဲမှ ငသံဒွေ၊ ငထွန်းစံ၊ ငပု၊ ဖောင်သာရှိတို့သည် အင်္ဂရွေ့ပြည် ဘိုးတော်ဘုရားထံ ခိုဝင်ပြီး ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ရန် စစ်ပန်သဖြင့် ဘိုးတော်ဘုရား၏သားတော် ဥပရာဇာ အိမ်ရှေ့မင်းသည် လာရောက်ပြီး ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်လေသည်၊ ထို့ကြောင့် မြောက်ဦးမြို့သည် ၁၁၄၆ ခု ပြာသိုလပြည့်ကျော် (၇)ရက် စနေနေ့တွင် မြန်မာတို့၏လက်အောက်သို့ ကျရောက်လေသည်။ မဟာသမတရာဇာမင်းကို လက်ရဖမ်းမိပြီး အမရပူရနေပြည်တော်သို့ ယူဆောင်သွားလေသည်။

မာရယုမင်း ဓညဝတီကို (ဘီစီ-၃၃၂၅)တွင် တည်ထောင်ခဲ့သည်မှ မင်းဆက်မပြတ် ခေတ်အဆက်ဆက် အစဉ်တစိုက် အုပ်စိုးလာခဲ့ကြရာ မြောက်ဦးခေတ်နောက်ဆုံးမင်း မဟာသမတရာဇာထိ ရခိုင်မင်းဆက်ပေါင်း (၂၃၈)ဆက်နှစ်ပေါင်း (၄၄၅၁)နှစ် ကြာခဲ့သည်။

**မြောက်ဦးမြို့ရှိ ရှေးဟောင်းကျီတော်များ**

မြောက်ဦးမြို့တွင် အုပ်စိုးခဲ့ကြသော ရှေးဘုရင်မင်းတို့သည် ပြည်ပသို့ရောင်းချရန်နှင့် ပြည်တွင်းစားသုံးရန်အတွက် ဆန်စပါးများကို ကျီကြီးများ ဆောက်လုပ်သိုလှောင်ထားခဲ့ကြသည်။ မြောက်ဦးမြို့တွင် ရှေးခေတ်ကျီ(၄၁)ခုရှိသည်ဟု မှတ်တမ်းများတွင်၊ တွေ့ရသည်။ သို့သော် ယနေ့ထိ (၃၇)ကျီသာ တွေ့ရသေးသည်။ ထိုကျီများမှာ (၁) လေသာကျီ (၂) ပုဏ္ဏားကျီ (၃) မျှော်တော်မူကျီ (၄) ဝင်မနားကျီ (၅) တဖက်ဆည်ကျီ (၆) ရဲလှကျီ (၇) ရွှံ့ပျော့ကျီ (၈) ရိတံခါးကျီကြီး (၉) ရိတံခါးကျီငယ် (၁၀) မောက်တော်ကျီ (၁၁) ကြောင်လည်ဒုံကျီ (၁၂) ကျက်ပိတ်ကျီ (၁၃) ဘောင်းဒွတ်ကျီ (၁၄) လေးမြို့စားကျီ (၁၅) ထမ္မရာဇ်ကျီ (၁၆) ကုလားကကျီ (၁၇) ဒိုင်းကျီကျီ (၁၈) လောင်းကြက်ကျီ (၁၉) ရှင်ငယ်တက်ကျီ (၂၀) ပူစာကျီ (၂၁) ခေါင်းဖြူတောင်ကျီ (၂၂) မီးသမကျီ (၂၃) မင်းသမီးမြောင်းကျီ (၂၄) ဘာဘူစာရကျီ (၂၅) သိမ်တောင်ကျီ (၂၆) သင်ချီတောင်ကျီ (၂၇) လက်ကောက်ဈေးကျီ (၂၈) ပန်းကုံးသိမ်ကျီ (၂၉) ဝသဲကျီ (၃၀) ဝမ်းတိကျီ (၃၁) မင်းသားကျွန်းကျီ (၃၂) ကျီရာပြင်ကျီ (၃၃) သရက်ပင်ကျီ (၃၄) ဝေသာလီကျီ (၃၅) ပုရိန်ကျီ (၃၆) ရွှေနတ်ပြင်ကျီ (၃၇) မဟိန်ဂျီကျီ စသည်တို့ ဖြစ်ကြသည်။

**<u>မြောက်ဦးမြို့ရှိရှေးဟောင်း ဘုန်းတော်ကြီးကျောင်းတိုက်များ</u>**

မြောက်ဦးခေတ်တွင် သာသနာတော်သည် နေရောင်လရောင်ပမာ ထွန်းကားခဲ့သဖြင့် ဘာသာရေးအဆောက်အဦ ဖြစ်သော စေတီဘုရားပုထိုးများစွာနှင့် ဘုန်းကြီးကျောင်းများစွာ ရှိခဲ့သည်။ မြောက်ဦးမြို့တွင် ဘုန်းကြီးကျောင်းတိုက်ကြီး (၃၆)ကျောင်းနှင့် ကျောင်းငယ်(၃၆၀၀)ရှိသည်ဟု မှတ်တမ်းများတွင် တွေ့ရှိရသည်။ ကျောင်းတိုက်ကြီး(၃၆)တိုက်မှာ (၁) ရတနာစံဦးကျောင်းတိုက် (၂) ဂုဏမဥ္ဇူကျောင်းတိုက် (၃) ပရက္ကမကျောင်းတိုက် (၄) တေဇာရာမကျောင်းတိုက် (၅) ဓမ္မိကာရာမ ကျောင်းတိုက် (၆) အဂ္ဂစိန္တေယကျောင်းတိုက် (၇) ရတနာဗိမ္မာန်ကျောင်းတိုက် (၈) လောကရံသီကျောင်းတိုက် (၉) မြတန်ဆောင်း အရှေ့ကျောင်းတိုက် (၁၀) မြတန်ဆောင်း အနောက်ကျောင်းတိုက် (၁၁) စန္ဒာရာမကျောင်းတိုက် (၁၂) တောင်ညိုကျောင်းတိုက် (၁၃) တောင်ဖြူကျောင်းတိုက် (၁၄) ဘားမိကျောင်းတိုက် (၁၅) ဘားဂရာကျောင်းတိုက် (၁၆) ဓမ္မဝိလာသကျောင်းတိုက် (၁၇) မဟာဝိဇယရန်သီကျောင်းတိုက် (၁၈) နန်းတက်ကျောင်းတိုက် (၁၉) ဇိနာမာသကျောင်းတိုက် (၂၀) ဒုက္ကန်ကျောင်းတိုက် (၂၁) တောကျောင်းတိုက် (၂၂) ရေလည်ကျောင်းတိုက် (၂၃) ဆင်စွယ်ကျောင်းတိုက် (၂၄) အနုသိဒ္ဓိကျောင်းတိုက် (၂၅) မိန်ကျောင်းတိုက် (၂၆) ယောင်ကျောင်းတိုက် (၂၇) ပေါက်ကံကျောင်းတိုက် (၂၈) မထေရ်သိမ်ကျောင်းတိုက် (၂၉) မဟိန်ကျောင်း တိုက် (၃၀) စည်းမောင်းကျောင်းတိုက် (၃၁) တောင်မြင့်ကျောင်းတိုက် (၃၂) ကုလားမြို့ကျောင်းတိုက် (၃၃) ပွဲရှင်ကျောင်းတိုက် (၃၄) နေရုဝိမလကျောင်းတိုက် (၃၅) ဝရသမ္ဘောဓိကျောင်းတိုက် (၃၆) ဥတ္တမတေဇောကျောင်းတိုက်တို့ ဖြစ်ကြသည်။

မြောက်ဦးမြို့ကို မင်းစောမွန် တည်ထားခဲ့သော်လည်း မြို့အင်္ဂါရပ်များမှာ အားလုံးပြီးပြည့်စုံမှု မရှိသဖြင့် မင်းဗာဘုရင် က ဆက်လက်၍ မြို့အင်္ဂါရပ်များကို အားလုံးပြည့်စုံအောင် ထပ်မံတည်ဆောက်ခဲ့သည်။ ယင်းကြောင့် **"စောမွန်ပြင်ပြု မင်းဗာ တည် ရွှေမြောက်ဦး"**ဟု ဆိုရိုးစကားရှိသည်။ **<u>မင်းဗာဘုရင်</u>**သည် မြောက်ဦးမြို့၌ အရန်မြို့ငယ်(၁၂)မြို့ကို တည်ထားခဲ့သည်။ ထိုမြို့ငယ်များမှာ (၁) ရန်အောင်မြို့ (၂) သံလျင်မြို့ (၃) မြတောင်မြို့ (၄) ကုလားမြို့ (၅) သာယာမြို့ (၆) ဒလက်တောင်မြို့ (၇) ပိန်းနဲတောင်မြို့ (၈) နတ်တောင်မြို့ (၉) သျှမ်းတောင်မြို့ (၁၀) အင်ကြင်းတောင်မြို့ (၁၁) ကျားခုတ် တောင်မြို့ (၁၂) ပုဂံမြို့ စသည်တို့ ဖြစ်ကြသည်။

**<u>မြောက်ဦးခေတ် ရှေးရခိုင်ဘုရင်မင်းများ ညီလာခံသဘင် ကျင်းပပုံ</u>**

ရခိုင်ဘုရင်များသည် မှူးကြီးမတ်ကြီးများ ရေဇုန္ဒတ်၊ ကုန်းဇုန္ဒတ်၊ ပုရောဟိတ်၊ လွှတ်တော်ဝန် စသောပုဂ္ဂိုလ်များနှင့် ညီလာခံကို နေ့စဉ်ကျင်းပလေ့ရှိသည်။ ထိုညီလာခံတွင် တိုင်းရေးပြည်ရေးများကို တိုင်ပင်ကြသည်။ အောက်ရုံးများမှ မပြီးပြတ်သော အမှုများကို စီရင်သည်။ လက်အောက်ခံ ပဒေသရာဇ်များ၊ မြို့စား ရွာစားများ၏ အခြေအနေများကို မေးမြန်း စုံစမ်းသည်။ ရာထူးအပြောင်းအလဲနှင့် မြို့စား ရွာစား အပြောင်းအလဲများကို ဆွေးနွေးဆုံးဖြတ်ကြသည်။

ထို့အပြင် တနှစ်လျှင် (၂)ကြိမ်သာ ကျင်းပသော ညီလာခံကြီးများလည်း ရှိသေးသည်။ ယင်းညီလာခံတွင် နေပြည်တော်မှ မှူးမတ်၊ သုခမိန်၊ စစ်သေနာပတိများအပြင် ရပ်ဝေးမှလာကြသော လက်အောက်ခံ ပဒေသရာဇ်ဘုရင်ခံ မြို့စား ရွာစား ကျွန်းစားများ တက်ရောက်ကြသည်။ ဤညီလာခံမျိုးကို ကျင်းပရန် မြောက်ဦးခေတ်က မြောက်ဦးနန်းတော်၏ အရှေ့ဖက်(၂)မိုင် ခန့်အကွာတွင် မြင်းမိုရ်တောင်ကဲ့သို့ ကျွန်းကြီး(၄)ကျွန်းဝိုင်းရံထားပြီး၊ ပုံသဏ္ဌာန်ဖြင့် တောင်မြင့်မိုရ်နန်းဟု ခေါ်သော ညီလာခံ နန်းဆောင်တစ်ခု တည်ဆောက်ထားသည်။ မြောက်ဖက်၌ မဟာသံဃရာဇာ ဆရာတော်၏ ဝိနည်းမိုရ်ဆရာတော်နှင့် သာသနာ ရေးဆိုင်ရာ မှူးကြီးမတ်ကြီးများ ပါဝင်သည့် ညီလာခံပြုလုပ်သော မြောက်မြင်းမိုရ် နန်းဆောင်တစ်ခုကိုလည်း တည်ဆောက်ထား သည်။ ရှင်ဘုရင်သည် ညီလာခံကျင်းပရာ၌ အဆင့်အတန်းအလိုက် မှူးကြီးမတ်ရာများကို ထိုင်ခုံဖြင့် ထိုင်စေပြီး၊ ဘုရင်၏ လက်ဝဲဖက်မှ (၄၉)ဦးနှင့် လက်ယာဖက်မှ (၄၉)ဦး၊ အလယ်၌(၁၀)ဦးထားကာ (၁၀၈)ဦးဖြင့် ညီလာခံကို ကျင်းပသည်။

**<u>လက်ယာဖက်၌ နေရာယူထိုင်ရသူများ</u>**

**<u>ပဌမတန်း</u>**

(၁) သေနာပတိ (၂) တောင်ဖက်စား (၃) နာရီပိုင် (၄) သူငယ်တော်ကြီး (၅) တံခါးသွေးသံခံ (၆) သာမအမတ် (၇) ဝင်းပိုင်အမတ်။

**ဒုတိယတန်း**

(၁) ဦးရာဇ်တောင်စား (၂) ဓားပိုင်တာနော (၃) စံကားတောင်စား (၄) စယိုးစား (၅) လောသကွတ်ဦးစီး (၆) ဟာဟ ရဝကြီး (၇) နန္ဒသူ။

**တတိယတန်း**

(၁) မင်းစီခံအမတ် (၂) ရွှေစာဖတ် (၃) မှိုင်းစား (၄) တောင်ဖက်မြို့သစ်စား (၅) ယိုးစား (၆) မူဒိန်းစား (၇) မုဇုန္ဒာကြီး။

**စတုတ္ထတန်း**

(၁) လေးမြို့စား (၂) နတ်တောင်စား (၃) ပိန်းနဲတောင်စား (၄) အကျက်စား (၅) တန်းလွဲစား (၆) သူငယ်တော် (၇) စစ်ကဲ။

**ပဥ္စမတန်း**

(၁) မကျဲချောင်းစား (၂) တောင်ဖက်စစ်ကဲ (၃) အဇူထောင်စား (၄) ကိုယ်ရံတပ်မင်း (၅) ရှေးတင်းဖုံနှပ် (၆) အင်းတင်ဝါး (၇) ရဲကျော်ထောင်စား။

**ဆဋ္ဌမတန်း**

(၁) ရွှေလောင်းထောင်စား (၂) အသေထောင်စား (၃) စအင်းစား (၄) တုရင်ကအမတ် (၅) ကသိန်ကအမတ် (၆) ရေဇုံနွှတ်ကြီး (၇) ရေဇုန္ဒတ်ငယ်။

**သတ္တမတန်း**

(၁) စေသဘင်အမတ် (၂) ဥဿလင်းစား (၃) ရသ်ချောင်းစား (၄) အရှေ့ယောပါးစား (၅) လေးတောင်စား (၆) လမုစား (၇) ရူးစား။

**လက်ဝဲဖက်၌ နေရာယူထိုင်ရသူများ**

**ပဌမတန်း**

(၁) ဆင်ဝန်မင်း (၂) စလင်္ကသူ (၃) စိခံအမတ် (၄) မြောက်ဦးမြို့စား (၅) မတ်တော်ရဲမွန် (၆) သံထောင်စား (၇) ရမ်းဗြဲစား။

**ဒုတိယတန်း**

(၁) ကွမ်းစဲစား (၂) ကုလားတန်စား (၃) ကျီးမသ်ရေးစား (၄) စိန်တောင်စား (၅) ဒေါလောဦးစီး (၆) ကန်နီစား၊ (၇) ကုလားပန်းဇင်းစား။

**တတိယတန်း**

(၁) လက်သမားသူကြီး (၂) ကြွိတဲစား (၃) တင်းမစား (၄) မြောက်ဖက်မြို့သစ်စား (၅) အမြင့်စား (၆) အသခ်ယာအမတ် (၇) ရလာစား။

**စတုတ္ထတန်း**

(၁) မတ်တော်မောဇလိပ် (၂) တန်ဆိပ်သာမ (၃) ကုလားအတွင်းစစ်ချီ (၄) မင်းလွှတ်အမတ် (၅) တောင်ဇုန္ဒတ် (၆) ငတန်သရဲစား (၇) ရေသင်းကြန်။

**ပဥ္စမတန်း**

(၁) ရန်သနင်းအမတ် (၂) စကြာအမတ် (၃) နန္ဒာစူးထိုးအမတ် (၄) ရဲဖျားအမတ် (၅) တောင်ဖက်စားအမတ် (၆) လက်သန်းချီ (၇) ရန်းစား။

**သတ္တမတန်း**

(၁) ရေဇုန္ဒတ်ကြီး (၂) ရေဇုန္ဒတ်ငယ် (၃) မူပဲစား (၄) ကျိန်းစား (၅) ကျောက်တော်စား (၆) ဒလက်စား (၇) နတ်သလင်းကသူအမတ်။

**လက်ဝဲလက်ယာကြားအလယ်၌ နေရာယူထိုင်ရသူများ**

လက်ဝဲနဝဝတ္တာလီသ (၄၉)ယောက်၊ လက်ယာနဝစတ္တာလီသ (၄၉)ယောက်တို့၏ အကြားတွင် ဝန်ကြီး(၁၀)ယောက်တို့ နေရာယူထိုင်ကြသည်။

**လက်ယာဖက်၌ထိုင်ရသော ဝန်ကြီး(၅)ယောက်**

(၁) ကိုယ်ရံကြီးလက်ပန် (၂) ပြည်စိုးကြီးနရီ (၃) သူငယ်တော်ရွေးစေ (၄) တံခါးသွေးသံခံ (၅) ဟာရစကြီး။

**လက်ဝဲဖက်၌ထိုင်ရသော ဝန်ကြီး(၅)ယောက်**

(၁) ယွန်းမိစုန္ဒာကြီး (၂) ရွှေတောင်ဆင်ကဲကြီး (၃) ဆင်ခွန်အစိခံမြတ်ထုံကြီး (၄) ဝင်းစားမီးကာကြီး (၅) လက်သမားသွေးဖျိုင်းထောင်။

ဤညီလာခံတွင် ပါဝင်သော မှူးတော်၊ မတ်တော်၊ ကတ္တော်၊ သေနာပတိ၊ စစ်ကဲစစ်ချီတို့မှာ နေရပ်အမည်နှင့် ဘွဲ့ထူးဂုဏ်ထူးအမည်သာ ဖြစ်သည်။ လူပုဂ္ဂိုလ်တို့၏အမည် မဟုတ်ချေ။ တစ်ဦးကွယ်လွန်လျှင်ဖြစ်စေ၊ ရာထူးမှ နုတ်ပယ်လျှင်ဖြစ်စေ၊ အခြားသင့်တော်သူတစ်ဦးကို ထိုရာထူး၌ ခန့်အပ်ရသည်။

**မြောက်ဦးခေတ်ဘုရင်များ၏ ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်**

မြောက်ဦးခေတ်တွင် အုပ်ချုပ်ခဲ့ကြသော ဘုရင်များလက်ထက်၌ တိုင်းပြည်မြို့ရွာများကို စနစ်တကျ ဖွဲ့စည်း၍ အုပ်ချုပ်ခဲ့ကြသည်။ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး လက်ထပ်ပြီးလျှင် ၎င်းတို့နှစ်ဦးကို တတည်ထောင်ဟု ခေါ်သည်။ ဆယ်တည်ထောင်လျှင် တစ်ရပ်၊ ဆယ်ရပ်သည် တစ်ရွာ၊ ဆယ်ရွာသည် တစ်မြို့၊ ဆယ်မြို့သည်တစ်ခွင်၊ ဆယ်ခွင်သည် တစ်တိုင်း၊ ဆယ်တိုင်းသည် တစ်ပြည်ဖြစ်သည်။ ရှေးရခိုင်ဘုရင်များသည် ရခိုင်ပြည်ကို တိုင်းကြီး(၁၂)တိုင်းခွဲ၍ အုပ်ချုပ်ခဲ့ကြသည်။ ၎င်းတိုင်းကြီးများမှာ (၁) နာဂသျှင်တတိုင်း (၂) မဟိသကတိုင်း (၃) ကမ္ဗရူပတိုင်း (၄) ဖလံတိုင်း (၅) သက်တိုင်း (၆) ဗိုလ်မင်းတိုင်း (၇) ဘုညားကြီးတိုင်း (၈) ဥဿလင်းတိုင်း (၉) ရက္ခပူရတိုင်း (၁၀) ရမ္မာပူရတိုင်း (၁၁) မေဃဝတီတိုင်း (၁၂) ဒွါရကတိုင်းတို့ ဖြစ်ကြသည်။ ဤတိုင်းကြီးများတွင် ဘုရင်ခံများ မြို့စားနယ်စားများ ခန့်အပ်ပြီး အုပ်ချုပ်စေခဲ့သည်။

မင်းနေပြည်နှင့် ဝေးကွာသောဒေသရှိ ဘုရင်ခံများမှာ အုပ်ချုပ်ရေးကိစ္စကို မိမိကိုယ်တိုင် စီမံဆောင်ရွက်ခွင့်ရှိသည်။ အလိုရှိသောအခါ ရိက္ခာနှင့် စစ်သားစုဆောင်းပေးရသည်။ အချို့သော မြို့စားရွာစားများသည် ဘုရင်ငယ်တစ်ဆူကဲ့သို့ အဆောင်အယောင်ကို ရရှိကြသည်။ နာဂသျှင်တိုင်း၊ မဟိသကတိုင်း၊ ကမ္ဗရူပတိုင်းများကို အုပ်ချုပ်သော မြို့စားနယ်စားများသည် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသောကြောင့် ပဒေသရာဇ်မင်းငယ်များဟု ခေါ်ဆိုကြသည်။ ဖလံတိုင်းမှ ဒွါရကတိုင်းထိ မြို့ကြီးများတွင် ဘုရင်၏သားတော်များ ညီတော်များနှင့် ယုံကြည်စိတ်ချရသော မှူးကြီးမတ်ကြီးများကို အုပ်ချုပ်စေသည်။ မြို့စား ရွာစားရာထူးများတွင် သားစဉ်မြေးဆက် ဆက်ခံခွင့်ပေးလေ့ရှိသည်။ သို့သော် ဘုရင်သည် သုခမိန်အမတ်ကြီးများနှင့် တိုင်ပင်ပြီးမှ အဖသေဆုံးလျှင် သားအား ၎င်းရာထူးကို အမိန့်စာချွန်ပေးအပ်၍ ဆက်ခံခွင့်ပေးလေ့ရှိသည်။

**မြောက်ဦးခေတ် တရားစီရင်ရေး**

မြောက်ဦးခေတ်တွင် တရားစီရင်ရာ၌ ကျေးရွာမှ လွှတ်တော်ထိ အဆင့်ဆင့်တရားစီရင်နည်းကို အသုံးပြုခဲ့ကြသည်။ ဘုရင်ခံနှင့် မြို့စားနယ်စားများသည် စီမံခန့်ခွဲရေးနှင့် တရားစီရင်ရေးများကို နယ်ပြည်တော်မှ ကျင့်သုံးနေသော ထုံးတမ်းများကို

မှိုငြမ်းပြု၍ လွတ်လွတ်လပ်လပ် အုပ်ချုပ်စီရင်ခွင့် ရှိလေသည်။ သို့ရာတွင် သေဒဏ်အမိန့်ကို မပေးနိုင်ချေ။ သေဒဏ်အပြစ်ကို ဘုရင်မှလွဲပြီး မည်သူမျှ ချမှတ်ခွင့်မရှိချေ။ နယ်ပြည်တော် လေးမျက်နှာတွင် တရားမဏ္ဍာပ်(တရားရုံး) လေးခု ဆောက်လုပ်ထား ရှိ၍ တရားရုံးတစ်ခုလျှင် ပြည်စိုးကြီးခေါ် တရားသူကြီးတစ်ဦးနှင့် တရားသွေးတစ်ဦးတို့ ရုံးထိုင်ကြပြီး လက်ရောက်မှု၊ နှုတ်လွန်မှု၊ အိမ်မှု၊ ယာမှု၊ မြေမှု၊ စသည်များကို စီရင်ကြသည်။ တရားသွေးဆိုသည်မှာ ပြည်သူလူထုထဲမှ ရွေးကောက်တင်မြှောက်ထားသော သမာဓိလူကြီးဖြစ်သည်။ ပြည်စိုးကြီးနှင့် တရားသွေးတို့၏ စီရင်ဆုံးဖြတ်ချက်ကို တရားလိုနှင့် တရားပြိုင်တို့ လက်ခံကျေနပ်သည့်အခါ ပြည်စိုးကြီးနှင့် တရားသွေးတို့အား အမှုအကြီးအငယ်အလိုက် နှစ်သပြာတန်သည် လေးသပြာတန်သည်ဖြင့် ပေးကြရသည်။ အမှုတစ်ခုသည် ပြည်စိုးကြီးနှင့် တရားသွေးတို့ ရုံး၌ မပြီးပြတ်ရှိခဲ့သော် အမတ်လေးဦးပါဝင်သော ခုံအဖွဲ့က စုံညီရုံးထိုင်၍ စီရင်ဆုံးဖြတ်ကြသည်။ အမတ်လေးဦးတို့ ရုံး၌ မပြီးပြတ်ခဲ့သော် နောက်ဆုံးအဆင့်အဖြစ် ဘုရင်မင်းထံ သံတော်ဦးတင်ရသည်။ ဘုရင်က သက်တော်ရှည်အမတ်ချုပ်ကြီးနှင့် တိုင်ပင်၍ အဆုံးအဖြတ်ပေးသည်။

တရားစီရင်ရာ၌ မှိုငြမ်းပြုသော ဓမ္မသတ်ကျမ်းများမှာ မနုဓမ္မသတ်၊ ရာဇဝံသကျမ်း၊ ဝိနည်းဓမ္မခန်ကျမ်း၊ ရာဇနီတိကျမ်းများနှင့် ရွှေမျဉ်းဓမ္မသတ်ကျမ်းတို့ ဖြစ်ကြသည်။ ရွှေမျဉ်းဓမ္မသတ်ကို မင်းဘာဘုရင်လက်ထက် ဆရာမြဝါက ပြုစုခဲ့သည်။ ရှေးခေတ်တရားစီရင်ရာတွင် အလွန်ကြမ်းတမ်းမှုရှိသဖြင့် ခေတ်နှင့်ဆီလျော်အောင် ရှေးဓမ္မသတ်ကျမ်းများမှ ကောင်းနိုးရာရာများကို ထုတ်နှုတ်၍ ဓမ္မသတ်ကျမ်းတစ်စောင် ပြုလုပ်ကာ ရွှေမျဉ်းဓမ္မသတ်ကျမ်းဟု အမည်ပေးခဲ့သည်။ ထိုကျမ်းကို ပြုစုပြီးသောအခါ တစ်ပြည်လုံးမှ ရဟန်းပညာရှိ လူပညာရှိများကို ပင့်ဖိတ်လျှက် လိုအပ်ချက်များကို ဖြည့်စွက်ပြင်ဆင်စေပြီးနောက် အတည်ပြုခဲ့လေသည်။

အပြစ်ဒဏ်ပေးရာ၌ လျော်ကြေးပေးခြင်း ကြိမ်ဒဏ်ပေးခြင်း၊ ထောင်ဒဏ်ပေးခြင်း၊ ကျွန်ခံဒဏ်၊ ဘုရားကျွန်ခံဒဏ်၊ ဟာရီအစို့သွတ်သွင်းခြင်းဒဏ်၊ နဖူးတွင် စာထိုးခြင်းဒဏ်၊ သူတစ်ပါး၏ ပစ္စည်းဥစ္စာ ဆုံးရှုံးအောင် ပြုလုပ်ခဲ့သောပြစ်မှုအတွက်၊ ဆုံးရှုံးမှုတန်ဘိုးကို လျော်ကြေးအဖြစ် ပေးဆောင်စေပြီး ပြစ်ဒဏ်ကြီးငယ်ပေါ်လိုက်၍၊ ထောင်ဒဏ်များ ကျခံစေသည်။ ဥစ္စာပစ္စည်းပျောက်ဆုံးမှုတွင် တန်ဘိုးကို ပေးလျော်နိုင်ခြင်းမရှိက ဆုံးရှုံးမှုတန်ဘိုးကို လိုက်၍ နှစ်အကန့်အသတ်အားဖြင့် သူ့ကျွန်ခံစေရသည်။ လူတစ်ဦးကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ဆဲရေးခြင်း၊ သိက္ခာညှိုးနွမ်းစေခြင်း၊ အမှုကို ပြုလုပ်သူတို့အား အပြုလုပ်ခံရသူတို့ထံတွင် အကန့်အသတ်ဖြင့် ကျွန်ခံစေသည်။ သူ့ကျွန်မခံလိုလျှင် ပဒေသရာဇ်တရားရုံးများက ဘုရားကျွန်အဖြစ် လှူဒါန်းသတ်မှတ်သည်။ ဘုရားကျွန်တွင် သုံးမျိုးသုံးစား ရှိပါသည်။ အချိန်ကာလ သတ်မှတ်ထမ်းဆောင်ရသည့် ဘုရားကျွန်၊ ပေါက်ပွားလာသည့် သားသမီးများကို မထိခိုက်စေသော တသက်တာ ဘုရားကျွန်၊ သားစဉ်မြေးဆက် တာဝန်ထမ်းဆောင်ရသည့် ဘုရားကျွန်တို့ ဖြစ်ကြသည်။ အကျင့်ယုတ်သူတို့အား ပြစ်ဒဏ်ပေးပုံမှာ မုဒိမ်းမှုဖြစ်ပွားသူအား ကျသင့်သောအပြစ်ဒဏ်ကို ပေးပြီး အကျင့်ယုတ်သူစာရင်းမှာ သွတ်သွင်းခြင်းကို ခံရသည်။ လူမျိုးကို ဖျက်စီးသူ ကျေးရွာမြို့ပြတို့၏ အင်္ဂါရပ်နှင့် စည်းကမ်းတို့ကို မလိုက်နာသူ၊ အမိနှင့်သား၊ အဖနှင့်သမီး မှောက်မှားခြင်း ရှိသူများကို အကျင့်ယုတ်သူ စာရင်းတွင် အသွင်းခံရသည်။ ၎င်းတို့သည် လူကောင်းများနှင့် အတူတကွ နေထိုင်ခွင့်မပြုဘဲ သီးခြားသတ်မှတ်ထားသည့် ဒေသတွင် ထိန်းသိမ်းမှုကို ခံရသည်။ ထိုလူများကို စုပေါင်း၍ ထောင်တည်ထားသည်။ ရွှေမနိုင်ထောင်ဟု ခေါ်သည်။ ထိုကဲ့သို့ အကျင့်ယုတ်သူအဖြစ် သွတ်သွင်းခြင်းကို ရခိုင်စကားဖြင့် ဟာရီအစို့သွင်းသည်ဟု ခေါ်ကြသည်။ ဟာရီအစို့ဝင်တို့သည် နန်းရင်ပြင်၊ မှူးကြီးမတ်ရာ၊ သေနာပတိ စသည့် မင်းမှုထမ်းတို့ အိမ်များနှင့် ပြည်သူပြည်သားတို့၏ အိမ်များတွင် သန့်ရှင်းရေးကို လုပ်ဆောင်ရသည်။

## မြောက်ဦးခေတ်ဘုရင်များလက်ထက် အခွန်တော် ကောက်ခံပုံစနစ်

မြောက်ဦးခေတ်ဘုရင်များသည် ပူရိသမေဓ ခေါ် လူခွန်နှင့် သဿမေဓ ခေါ် မြေခွန်၊ နှစ်မျိုးစလုံးကို စည်းကြပ်ကောက်ခံကြသည်။ လူခွန်ကောက်ခံရာ၌ အိမ်ထောင်အလိုက် ကောက်ခံသည်။ လည်ပေါ်ခေါင်တင်သော အိမ်ကြီးတစ်အိမ်လျှင် တစ်နှစ်အတွက် အခွန်တော် (၅)သပြာ လည်ပေါ်မတင်သည့် အိမ်ငယ်အတွက် နှစ်သပြာခွဲ ကောက်ခံသည်။ သားပျိုသမီးပျိုများကို အိမ်ထောင်သင့်ပြီး သီးခြားအိမ်၌မနေဘဲ မိဘများနှင့် အတူတစ်အိမ်တည်းနေလျှင် ကြေးနန်းနှစ်ပြား ပေးရသည်။

မြေခွန်ကောက်ခံပုံမှာ မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်သည်ကို အနည်းဆုံးအတိုင်းအတာအရ (၁၂)တောင်ဝါး၊ အလျား (၁၀)ပြန် အနံ(၁၀)ပြန်ဝါး (၁၀၀)တွင် မူတည်၍ ကောက်ခံသည်။ ကောက်ခံသည်မှာလည်း စိုက်ပျိုးသောသီးနှံကို ကောက်ခြင်းနှင့် ငွေကောက်ခြင်း၊ ဟူ၍နှစ်မျိုးရှိသည်။ သီးနှံကို အခွန်ပေးဆောင်ရပါက သီးထွက်၏ဆယ်ပုံတစ်ပုံကို ပေးဆောင်ရသည်။ ဥပမာ-ဝါးတစ်ရာမှ စပါးတောင်းတစ်ရာထွက်လျှင် အခွန်တော်အဖြစ် ဆယ်တောင်းပေးဆောင်ရသည်။ တောင်ယာလုပ်ကိုင်သူ

တို့အား ယာတစ်ခင်းလျှင် ကြေးဒင်္ဂါးတစ်ကျပ်တစ်မတ် ပေးဆောင်စေသည်။ အခွန်ကောက်ခံရေးအတွက် တာဝန်ပေးခံရသူများကို ကြေးထမ်းကြီးဟု ခေါ်ကြသည်။ ကြေးထမ်းကြီးတို့သည် မိမိတို့ရွာ၊ မြို့ ခွင်အလိုက် ကောက်ခံ၍ရသော အခွန်တော်များကို စာရင်းအတိအကျလုပ်၍ အပ်နှံရသည်။ စပါးများကို ဘုရင်၏ကျီတော်များတွင် ဖြည့်သွင်းရသည်။ ငွေကြေးများကို ဘဏ္ဍာတိုက်များသို့ ပေးသွင်းရသည်။ ထိုအခွန်ဘဏ္ဍာများကို အချိုးအလိုက် ခွဲဝေပြီး တိုင်းပြည်မြို့ရွာ၏ အကျိုးပြုလုပ်ငန်းများအတွက် သုံးစွဲရန် ကလန်၊ သံဗျင်တို့က ထိမ်းသိမ်းထားရပြီး စနစ်တကျ သုံးစွဲရသည်။

**<u>မြောက်ဦးမြို့ရှိ ရှေးခေတ် မြို့တံခါးများ</u>**

(၁) ကျက်ပိတ်တံခါး (၂) လက်ဆည်ကန်တံခါး (၃) ရွှေပေါက်ပင်တံခါး (၄)ကြခတ်တံခါး (၅) ဆင်ဖြူတံခါး (၆) ကွန်းစဲတံခါး (၇) မကျားတံခါး (၈) ဝင်မနားတံခါး (၉) မီးသမတံခါး (၁၀) ရဲလှတံခါး (၁၁) ခြင်ကိုက်တံခါး (၁၂) ဆင်ဝင်တံခါး (၁၃) ကျောက်ရစ်တံခါး (၁၄) ဆင်ကျပ်တံခါး (၁၅) ငနက်တံခါး (၁၆) မောက်တော်တံခါး (၁၇) နန်းသားကန်တံခါး (၁၈) မင်္ဂလာတံခါး (၁၉) အပယ်တံခါး (၂၀) မောလိပ်တံခါး (၂၁) စံကားတောင်တံခါး (၂၂) ဘားဘူတောင်တံခါး (၂၃) ရန်နောင်တံခါး (၂၄) ဘုန်းကြီးဒုံတံခါး (၂၅) ကျောက်ဆည်တံခါး စသည်တို့ဖြစ်ကြသည်။

**<u>မြောက်ဦးမြို့ရှိ ထင်ရှားသောဘုရားများ</u>**

| စဉ် | ဘုရားအမည် | တည်ခဲ့သောမင်း | တည်ခဲ့သောသက္ကရာဇ် |
|---|---|---|---|
| ၁။ | မင်္ဂလာဓာတ်ရွှေဂူ | ခတ္တသင်မင်း | ၁၈၀ |
| ၂။ | ပီစိတော်ဓာတ် | ကောလိယမင်း | ၄၈၅ |
| ၃။ | ရွှေဂူတောင် | မင်းစောမွန် | ၇၉၂ |
| ၄။ | လေးမျက်နှာ | မင်းစောမွန် | ၇၉၂ |
| ၅။ | မြတန်းဆောင်း | မင်းစောမွန် | ၇၉၂ |
| ၆။ | မုတ်ဆိတ်တော်ဓာတ် | မင်းစောမွန် | ၇၉၂ |
| ၇။ | နရတ်စားဘုရား | နရတ်စားအမတ် | ၈၂၀ |
| ၈။ | ဗောဓိရွှေဂူ | ဘစောဖြူမင်း | ၈၃၂ |
| ၉။ | တက္ကသီလာဘုရား | ဘစောဖြူမင်း | ၈၃၂ |
| ၁၀။ | ရွှေကြာသိမ်ဘုရား | ဘစောဖြူမင်း | ၈၃၃ |
| ၁၁။ | သုံးကျိတ်တဆူ | မင်းဒေါလျာ | ၈၄၄ |
| ၁၂။ | တေဇရာမ | သိင်္ဂသူမင်း | ၈၆၃ |
| ၁၃။ | အနော်မာဘုရား | သိင်္ဂသူမင်း၏သမီးတော် အနော်ဇာ | ၈၆၃ |
| ၁၄။ | ပန်းကုန်းသိမ်ဘုရား | မင်းလှရာဇာ | ၈၇၅ |
| ၁၅။ | ဝသဲဘုရား | စလတ္တာစောမွန် | ၈၇၇ |
| ၁၆။ | လင်ပန်းပြောက်ဘုရား | စလတ္တာစောမွန် | ၈၇၇ |
| ၁၇။ | နိရိပူဇာဘုရား | စလတ္တာစောမွန် | ၈၇၇ |
| ၁၈။ | သိမ်ကြီးတောင် | မင်းဘာကြီး | ၈၉၄ |
| ၁၉။ | ရွှေဂူကြီး | မင်းဘာကြီး | ၈၉၄ |
| ၂၀။ | သျှစ်သောင်း | မင်းဘာကြီး | ၈၉၇ |
| ၂၁။ | ကိုးသောင်း | မင်းတိက္ခာ | ၉၁၅ |
| ၂၂။ | မိဘုရားကြီးဂူ | မင်းတိက္ခာမိဖုရားကြီး စောသန္တာ | ၉၁၅ |
| ၂၃။ | ဘုရားအုပ် | မင်းဖလောင်း | ၉၃၃ |
| ၂၄။ | ထုက္ကန်သိမ် | မင်းဖလောင်း | ၉၃၃ |

| စဉ် | ဘုရားအမည် | တည်ခဲ့သောမင်း | တည်ခဲ့သောသက္ကရာဇ် |
|---|---|---|---|
| ၂၅။ | ခြင်ကိုက်ပိဋကတ်တိုက် | မင်းဖလောင်း | ၉၃၃ |
| ၂၆။ | ဘုရားပေါ် | မင်းရာဇာကြီး | ၉၆၅ |
| ၂၇။ | အံတော်သိမ် | မင်းရာဇာကြီး | ၉၅၈ |
| ၂၈။ | ထူပါရုံ | မင်းခမောင်း | ၉၇၅ |
| ၂၉။ | ရတနာပုံ | မင်းခမောင်း | ၉၇၅ |
| ၃၀။ | မင်းခေါင်ရွှေတူ | သီရိသုဓမ္မရာဇာ | ၉၉၁ |
| ၃၁။ | သကျမာရ်အောင် | သီရိသုဓမ္မရာဇာ | ၉၉၁ |
| ၃၂။ | ဇိနမာရ်အောင် | စန္ဒသုဓမ္မမင်း | ၁၀၂၀ |
| ၃၃။ | လောကမာရ်အောင် | စန္ဒသုဓမ္မမင်း | ၁၀၂၀ |
| ၃၄။ | ရတနာမာရ်အောင် | စန္ဒသုဓမ္မမင်း | ၁၀၂၀ |
| ၃၅။ | မင်္ဂလမာရ်အောင် | ဥဂ္ဂါဗလမင်း | ၁၀၄၇ |

**အင်္ဂလိပ်အစိုးရလက်ထက် ခေတ်၊ ဘုရားများကို ပြုပြင်ခဲ့သော ဘုရားတကာများ**

(၁) ဦးသာထွန်းအောင်(ရာဇဝင်ဆရာကြီး) ညောင်ပင်စျေးက သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်ဘုရား၊ အံတော်သိမ် ဘုရားများကို ပြုပြင်ခဲ့သည်။

(၂) ဦးချစ်စံ၊ ဝါစျေးက ဘုရားပေါ်နှင့် လောကမာရ်အောင် ဘုရားများကို ပြုပြင်ခဲ့သည်။

(၃) ဦးသာထွန်းအောင်ကြီး၊ ညောင်ပင်စျေးက သကျမာရ်အောင်ဘုရားကို ပြုပြင်ခဲ့သည်။

(၄) ဦးရွှေသာဦး၊ ညောင်ပင်စျေးက ရတနာမာရ်အောင်ဘုရားကို ပြုပြင်ခဲ့သည်။

(၅) ဦးသာထွန်းဦး၊ ဝါစျေးက လောကမာရ်အောင်ဘုရားကို ပြုပြင်ခဲ့သည်။

(၆) ဦးစောလှအောင် လက်ကောက်စျေးက ဘုရားပေါ်နှင့် တေဇရာမဘုရားကို ပြုပြင်ခဲ့သည်။

(၇) ဦးသာဘော၊ ရေပေါက်ဝက ဇိနမာရ်အောင်ဘုရားကို ပြုပြင်ခဲ့သည်။

(၈) ဦးမောင်ရွှေပွင့်၊ ပုဇွန်ဖေကျေးရွာက မင်္ဂလမာရ်အောင်ဘုရားကို ပြုပြင်ခဲ့သည်။

(၉) ဦးယက်သဲ့အောင်၊ တောင်ရပ်က၊ ဝသဲဘုရားကို ပြုပြင်ခဲ့သည်။

(၁၀) ဦးအောင်ပြည့်စုံ၊ တောင်ရပ်က ပန်းကုံးသိမ်ဘုရားကို ပြုပြင်ခဲ့သည်။

**မြောက်ဦးခေတ် ဆင်ယင်ထုံးဖွဲ့မှု**

ရခိုင်လူမျိုးတို့၏ ဆင်ယင်ထုံးဖွဲ့မှုတို့ကို ဓညဝတီခေတ်၊ ဝေသာလီခေတ်၊ လေးမြို့ခေတ်နှင့် မြောက်ဦးခေတ်စသော ခေတ်အဆက်ဆက်တွင် အဆင့်မြင့်စွာ ဝတ်ဆင်ခဲ့ကြောင်း သမိုင်းမှတ်တမ်းတို့၌ တွေ့ရသည်။ မြောက်ဦးခေတ်တွင် အမျိုးသမီးများ သည် ဆင်ယင်ထုံးဖွဲ့ရာ၌ အဝတ်အထည်နှင့် လက်ဝတ်ရတနာများ ဆင်ယင်မှုတို့သည် ပိုမိုများပြားပြည့်စုံလာကြောင်း အထောက် အထားများစွာ တွေ့ရသည်။ မြောက်ဦးမြို့ရှိ သျှစ်သောင်းဘုရား၊ ထုက္ကန်သိမ်ဘုရားနှင့် ဗောဓိရွှေဂူဘုရားများ အတွင်းရှိ နံရံများတွင် ထွင်းထုထားသော ကျောက်ဆစ်ရုပ်လုံး ရုပ်ကြွများကို ကြည့်ရှုခြင်းအားဖြင့် သိရှိနိုင်သည်။

မြောက်ဦးခေတ်တွင် အမျိုးသား အမျိုးသမီးတို့သည် မိမိတို့၏အဆင့်အတန်းအလိုက် ဝတ်ဆင်ကြရသည်။ မင်းမှုထမ်းများ မှာလည်း ရာထူးအဆင့်အတန်းအလိုက် ဝတ်စားဆင်ယင်ရသည်။ အမျိုးသားများမှာ ထိုင်မသိမ်းအင်္ကျီ၊ ပုံတော်အင်္ကျီ၊ ကိုယ်ကြပ် အင်္ကျီ ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကို အဆင်အမျိုးမျိုးယက်လုပ် ဝတ်ဆင်ကြသည်။ ဖောင်းတော်လေးဆယ်၊ စလွယ်တော် ကိုးပါး ဆိုသည့်အတိုင်း ရာထူးအဆင့်အတန်းကို လိုက်ပြီး ဖောင်းထုတ်ဆောင်းရသည်။ ဖောင်းထုတ်ရှိ တမာချွန်များကို ကြည့်ခြင်းဖြင့် ရာထူးအဆင့်အတန်းကို ခွဲခြားသိနိုင်သည်။ စလွယ်အမျိုးမျိုးကိုလည်း ရာထူးအဆင့်အတန်းအလိုက် သတ်မှတ်ပြီး ရစ်သိုင်းရသည်။ နားငှောင်းများကိုလည်း ပဂွင်းနားငှောင်း၊ စူးထိုးနားငှောင်း၊ ဆင်စွယ်နားငှောင်း၊ ရွှေနားပန် စသည်ဖြင့် ဝတ်ဆင်ကြသည်။ ရာထူးအဆင့်အတန်းကြီးသူတို့မှာ လက်မောင်းတွင် ရွှေမောင်းကွပ်ကို ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကို ဝတ်ပြီး ခါးစည်းကို ကြိုးခေါက်စည်းကာ အစနှစ်ခုကို ဘေးတွင်ချထားကြသည်၊ စစ်သားများမှာ မောက်တို မောက်ရှည်များ

ဆောင်းပြီး ကိုယ်ကြပ်အင်္ကျီနှင့် ပုံတော်များကို ဝတ်ဆင်ကြသည်။ တောင်ရှည်ပုဆိုးကို ခါးတောင်းကျစ်ပြီး အတွင်းမှ ဘောင်းဘီတို ဝတ်ကြသည်။

မြောက်ဦးခေတ် အမျိုးသမီးများသည် ဆံပင်ကို အဆန်းတကြယ် ထုံးဖွဲ့ကြသည်။ **ဆံထုံးထုံးနည်း ခြောက်ဆယ့်လေးမျိုး** ရှိသည်ဟု တွေ့ရသည်။ သို့သော် ယနေ့ထိ အမျိုးသုံးဆယ်သာ တွေ့ရှိရသည်။ ဆံထုံး ထုံးနည်းကို လင်္ကာဖွဲ့ထားသည်မှာ- **"ဇမ္ဗူတံခွန်၊ မင်းမွန်စိုးမြတ်၊ လောကနတ်တို့၊ ကျင့်အပ်တရား၊ စောင့်ထိန်းငြားသည်၊ မမှားအမှန်၊ မြတ်မွန်သီလ၊ မြတ်ဓမ္မဖြင့်၊ စိုးကြသောခါ၊ ပြည်ဗြောဝယ်၊ နေပါတုံလျှင်၊ သူတော်စင်တို့၊ ဆင်ယင်ဝတ်စား၊ ရှိငြားတန်တန်၊ ထုံးနည်းမှန်မှာ၊ ထုတ်ပြန်တချက်၊ မပျက်ဥဿျှောင်၊ ဆောင်ယောင်ဖွဲ့စည်း၊ ဆံထုံးနည်းကို၊ ကမ္ဘည်းဤသို့ ခတ်ခဲ့သည်။" ---"ဆံထုံးထုံးနည်း၊ နိဿျည်းကို၊ ကမ္ဘည်းတင်ပြန်၊ ကျမ်းဂန်အရ၊ ဖော်ထုတ်ပြအံ့၊ ပထမမှာ မြအိုးလုံး၊ လမုံးသီး၊ တသီးတလီ၊ တပတ်ခွိ၊ နှစ်ပတ်ခွိ၊ သုံးပတ်ခွိမိတ်စို့၊ တချို့မိတ်လွတ်၊ မချွတ်တလည်၊ မြီးတံရှည်က၊ စသည်တမျိုး၊ စူးထိုးပတ္တမြား၊ မမှားတမွှံး၊ ကျိုက်ထုံးတတုံ၊ တစုံကယင်၊ ထိုပြင်ဘီးစိုက်၊ အလိုက်သင့်စွာ၊ ထုံးရာဒီးဒုတ်၊ ဦးစွန်းပုတ်နှင့်၊ အသုတ်နောက်ဆွဲ၊ မလွဲထိပ်တင်၊ ထိုပြင်တသျှောင်း၊ ယောင်စောင်းမြိတ်ခေါက်၊ သွယ်သွယ်မြောက်က၊ မြိတ်ခေါက်ပန်းစိုက်၊ တဖြစ်တလဲ၊ လျော့ရဲကြာဝတ်ဆံ၊ တဖန်ပုလဲကုံး၊ တူနှုံးခရုပတ်၊ မလွတ်မြိတ်ရစ်၊ စနစ်မရွတ်၊ နဂါးပတ်ကျော့ကွင်း၊ မယွင်းလက်လယ်ယုန်၊ တူစုံမလွဲ၊ မုတ္တာရွဲနှင့်၊ ဆင့်ကဲနဂါးလိမ်၊ နှိုင်းယှဉ်ပမာ၊ ဂမုန်းအာငုံ၊ တူစုံမလွတ်၊ တမျဉ်းခတ်လျှက်၊ ရစ်ပတ်ထုံးခွေ ဆင်ကြပေသည်။ ဤမြေရက္ခာ ရွှေပြည်တည်း--"**ဟု ရေးစပ်ထားခဲ့သည်။

အထက်ပါလင်္ကာအရ ဆံထုံးထုံးနည်း အမျိုးသုံးဆယ်မှာ-

(၁) မြအိုးလုံး (၂) လမုသီး (၃) တပတ်ခွိ (၄) နှစ်ပတ်ခွိ (၅) သုံးပတ်ခွိ (၆) မြိတ်စို့ (၇) မြိတ်လွတ် (၈) မြီးတံရှည် (၉) ပတ္တမြားစူးထိုး (၁၀) ကျစ်ထုံး (၁၁) ကတုံ (၁၂) ကယင် (၁၃) ဘီးစိုက် (၁၄) ဦးစွန်း (၁၅) နောက်တွဲ (၁၆) ထိပ်တင် (၁၇) ယောင်စောင်း (၁၈) မြိတ်ခေါက် (၁၉) ပန်းစိုက် (၂၀) လျော့ရဲ (၂၁) ကြာဝတ်ဆံ (၂၂) ပုလဲကုံး (၂၃) ခရုပတ် (၂၄) မိတ်ရစ် (၂၅) နဂါးပတ်ကျော့ကွင်း (၂၆) လလယ်ယုန် (၂၇) မုတ္တာရွဲ (၂၈) နဂါးလိမ် (၂၉) ဂမုန်းငုံအာ (၃၀) ဒီးဒုတ်

အမျိုးသမီးများသည် နားတွင် နားငှောင်းအမျိုးမျိုးကို ဝတ်ဆင်ကြသည်။ ဝတ်ဆင်ကြသော နားငှောင်းများမှာ ပတ်ရစ်နားငှောင်း၊ ပန်းနားငှောင်း၊ ကျောက်နားငှောင်း၊ နားဆွဲ၊ နားပက်၊ စသည်တို့ဖြစ်ကြသည်။ လည်ပင်းတွင် ဘယက်၊ ပုလဲလည်ဆွဲ၊ သံဒါလည်ဆွဲ စသည်တို့ကို ဝတ်ဆင်ကြသည်။ အမျိုးသမီးများသည် နောက်စထမိန်ကို ဝတ်ဆင်ပြီး၊ ထိုင်မသိမ်းအင်္ကျီ၊ ဘာဇူအင်္ကျီများကို ဝတ်ဆင်ကြသည်။ ခါးတွင် ပန်းခါးကြိုးစသည်၍ ငွေသော့ကြိုးများကို ဆွဲချိတ်ထားကြသည်။ မြောက်ဦးခေတ်တွင် ဝတ်ဆင်ခဲ့ကြသော ထမိန်ဆင်များမှာ အချိတ်၊ မန်ကျည်းပွင့်၊ တုတ်တံစီ၊ ကျူထရံ၊ ကွက်ထောင့်၊ တောင်လုံးကျော်၊ ပိုးဝါသန်း၊ ခဒါပြက်၊ မှိုင်းလုံးစသည့်အဆင်ဆန်းများကို ရက်လုပ်ဝတ်ဆင်ခဲ့ကြသည်။ မြာစောင်းတင်လက်ကောက်၊ မညင်းစိလက်ကောက်၊ ပန်းလက်ကောက်၊ ကြိုးလိမ်လက်ကောက်၊ ကြံဆစ်လက်ကောက်၊ ဖရုံစိလက်ကောက် စသည်များကို ဝတ်ဆင်ကြပြီး လက်ရှစ်ချောင်းပြည့်အောင် လက်စွပ်များကို ဝတ်ဆင်ကြသည်။ မြောက်ဦးခေတ် အမျိုးသမီးများ ဝတ်စားဆင်ယင်ပုံကို ပိုးဝါဘွဲ့တွင် သရုပ်ဖော်ရေးစပ်ထားသည်မှာ---**"အရုပ်ဆင်းဝါ၊ လှပိုးဝါမှာ၊ ဝတ်လတ်ပါရေ၊ ဗောင်းနက်ကယ်ထမိန်၊ သုံးနှစ်လုံးပင် ဝတ်မကြီးကေ၊ အောက်ခြေတဆင့်၊ လှပိုးဝါမှာ မကျိုးပွင့်နန့်၊ လှတင့်ဆင်ယင်၊ မေပိုးဝါမှာ၊ ဆင်လတ်တေလေ၊ ခါးမှာကြည့်လည်း၊ ခါးကြိုးဒွါဒရာ၊ မျက်ငါးဖြာလေ၊ စုံစွာသီသပ်၊ လှပိုးဝါမှာ နောက်စချပ်လို့၊ တင့်ကြောင်းသခြေ၊ လှပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ရင်မှာမာကေ၊ ရင်မှာကြည့်လည်း၊ ကင်းစွန်းရွက်ရောင်၊ ပန်းပွင့်ရောင်လေ၊ ခြာရာသီသပ်၊ မမယ်ရင်မှာ မမွတ်ချပ်လို့၊ တင့်ကြောင်းသခြေ၊ မေပိုးဝါမှာ၊ ဝတ်လတ်တေလေ၊ ကိုယ်မှာမာရေ၊ ကိုယ်မှာကြည့်လည်း၊ ကိုယ်မှာဘာဇူ၊ ရွှေတူပန်းခက်၊ မေ့ဘာဇူမှာ၊ ခြိုးဇရက်နန့်၊ လည်ယုက်ဦးခေါင်း၊ ရုပ်ပေါင်းများစွာ၊ မေ့ဘာဇူမှာ၊ သာလိကာနန့်၊ စတုလောကဘာလ၊ နတ်သားလေးယောက်၊ ကြိမ်လုံးပြောက်နန့်၊ ထောက်လို့ကြည့်ဟန်၊ မေ့ဘာဇူမှာ ခြသေ့ရံလို့၊ အထောင်လေးထောင့်၊ နတ်သားစောင့်လို့၊ ရုပ်ပုံသဏ္ဍာန်၊ မိနဲ့ဘမှာ၊ ချစ်လို့ပီးကေ၊ သိန်းသောင်းတန်ကို၊ တင့်ကြောင်းသခြေ၊ ဝတ်လတ်တေလေ၊ ခေါင်းမှာမာလေ၊ ခေါင်းမှာပြည့်လည်း၊ ခေါင်းမှာကြက်ခြီ၊ မြပန်းကုန်းမှာ၊ ရှို့ပွင့်စီလို့၊ ဦးရာဇ်ကေဆံထုံး၊ မြအိုးလုံးကို၊ ပိုးဝါခေါင်းမှာ တင်မိရေလေ၊ လက်မှာမာကေ၊ လက်မှာကြည့်လည်း၊ နဝရတ်မျက်ရံ၊ အဘာပီးကေ၊ သိန်းသောင်းတန်ကို၊ နှစ်ချောင်းကိုလွှတ်၊ ရှစ်ချောင်းလက်မှာ၊ အပြည့်ဝတ်လို့၊ ဝတ်လတ်တေလေ၊ နားမှာမာကေ၊ နားမှာကြည့်လည်း၊ ကိုယ့်ရိပ်လည်းမြင်၊ စိန်ရှင်ဒေလိပ်လက်၊ အဘာပီးကေ မြနဘက်ကို၊ တင့်ကြောင်းသခြေ၊ ပိုးဝါနားမှာ၊ ဝတ်လတ်တေလေ---"**ဟု စီကုံးရေးသားထားခဲ့သည်။

မြောက်ဦးခေတ် ဘုရင်မင်းမြတ်များနှင့် မိဖုရားတို့ ဝတ်စားဆင်ယင်ပုံအပြည့်အစုံကို သျှစ်သောင်းပုထိုးတော်ကြီး၏ စနေထောင့်ရှိ မင်းဘာဘုရင်ကြီးနှင့် မိဖုရားကြီး ဖွားမင်းစောတို့၏ ရုပ်ထုများကို ကြည့်ရှုလေ့လာနိုင်သည်။

မြောက်ဦးခေတ် အမျိုးသားနှင့် အမျိုးသမီးတို့၏ ဝတ်စားဆင်ယင်မှုများကို လေ့လာခြင်းအားဖြင့် မြောက်ဦးခေတ် ယဉ်ကျေးမှုမှာ ရခိုင်ပြည်၏ ခေတ်လေးခေတ်အနက် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရသည်။

## မြန်မာမင်းလက်အောက် ရခိုင်ပြည် (သက္ကရာဇ် ၁၁၄၆–၁၁၈၆)

ဘိုးတော်ဘုရားသည် ရခိုင်တစ်ပြည်လုံးကို သိမ်းပိုက်ပြီးနောက် မြို့ရွာအသီးသီး၌ အုပ်ချုပ်ရေးစနစ်ကို ချမှတ်ခဲ့သည်။ ရခိုင်တစ်ပြည်လုံးတွင် (၁) မြောက်ဦးမြို့ဝန် (၂) ရမ်းဗြဲမြို့ဝန် (၃) သံတွဲမြို့ဝန် (၄) အမ်းမြို့ဝန်ဟူ၍ မြို့ဝန်လေးဦးကို ခန့်အပ်ကာ အုပ်ချုပ်စေသည်။ မြို့ဝန်လက်အောက်တွင် မြို့စား ရွာစားနှင့် ကလန်၊ သံဗျင်၊ ကြေးထမ်းကြီး စသည်ဖြင့် အဆင့်ဆင့်တာဝန်ပေးကာ အုပ်ချုပ်စေခဲ့သည်။ မြောက်ဦးမြို့တွင် အုပ်ချုပ်သော မြို့ဝန်မှာ အကြီးဆုံးဖြစ်၍ ရမ်းဗြဲမြို့ဝန်မှာ ဒုတိယအကြီးဆုံးဖြစ်သည်။ မြောက်ဦးမြို့တွင် မြန်မာမြို့ဝန်(၉)ဆက် နှစ်ပေါင်း (၄၀) အုပ်ချုပ်ခဲ့သည်။ ထိုမြို့ဝန်များမှာ-

| | | | | | |
|---|---|---|---|---|---|
| (၁) | နန္ဒပကျန် | သက္ကရာဇ် | - | ၁၁၄၆-၁၁၅၀ | (၄-နှစ်) |
| (၂) | အနောက်ဘက်တိုက်ဝန် | ॥ | - | ၁၁၅၀-၁၁၅၂ | (၂-နှစ်) |
| (၃) | ပုသိမ်ဝန် | ॥ | - | ၁၁၅၂-၁၁၅၃ | (၁-နှစ်) |
| (၄) | တိုင်းတာဝန် | ॥ | - | ၁၁၅၃-၁၁၅၅ | (၂-နှစ်) |
| (၅) | မောင်ကျော်လှ | ॥ | - | ၁၁၅၅-၁၁၅၇ | (၂-နှစ်) |
| (၆) | စိန်ဘူး | ॥ | - | ၁၁၅၇-၁၁၇၅ | (၁၈-နှစ်) |
| (၇) | နော်ရထာ | ॥ | - | ၁၁၇၅-၁၁၈၁ | (၆-နှစ်) |
| (၈) | မောင်ကြာရိုး | ॥ | - | ၁၁၈၁-၁၁၈၄ | (၃-နှစ်) |
| (၉) | မောင်စံပျော် | ॥ | - | ၁၁၈၄-၁၁၈၆ | (၂-နှစ်) |

## ဗြိတိသျှလက်အောက် မြောက်ဦးမြို့

အင်္ဂလိပ်နှင့်မြန်မာတို့သည် နယ်စပ်ကိစ္စကြောင့် ခရစ်သက္ကရာဇ် ၁၈၂၄ ခုတွင် အင်္ဂလိပ်မြန်မာ စစ်ပွဲဖြစ်ပွားခဲ့သည်။ အင်္ဂလိပ်တို့သည် စစ်ကြောင်းလေးကြောင်းခွဲကာ ရခိုင်တစ်ပြည်လုံးကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ မြောက်ဦးမြို့ကို ၁၈၂၅ ခု ဇန်နဝါရီလ (၃၁)ရက်နေ့တွင် သိမ်းပိုက်ခဲ့သည်။ သိမ်းပိုက်ပြီးနောက် ရခိုင်သားများကို အုပ်ချုပ်ရန်အတွက် ဗိုလ်မှူးရာပသိန် သပ်သည် စိန်တင်စား နန္ဒသီဟအား မြောက်ဦးမြို့စား ရာထူးပေး၍ အိမ်ခြေ(၈၀)ဖြင့် အစပြုကာ ပြင်စျေးရွာကို စတင် တည်ထောင်စေသည်။ နောက်ပိုင်းကာလတွင် ရပ်(၇)ရပ်အဖြစ် ပြင်စျေး၊ ဝါစျေး နှင့် ငါး/ခြောက်စျေး၊ ကျောက်ရစ်ကေ၊ လက်ကောက်စျေးနှင့် ကံလှ၊ ညောင်ပင်စျေး၊ အလယ်စျေး၊ တောင်ရပ် စသည်ဖြင့် သတ်မှတ်ခဲ့သည်။ ထိုအချိန်ထိ မြောက်ဦးကို ရခိုင်ပြည်၏မြို့တော်အဖြစ် သတ်မှတ်ထားသေးသည်။ သို့သော် မြောက်ဦးမြို့သည် ပင်လယ်နှင့် အလှမ်းဝေးခြင်း ပင်လယ်ကူး သင်္ဘောများ မဝင်နိုင်ခြင်း ခရီးသွားလာရေး ခက်ခဲခြင်းတို့ကြောင့် ဗြိတိသျှအင်္ဂလိပ်တို့သည် မြို့တော်အဖြစ် ဆက်လက်ထားရန် မနှစ်သက်ကြချေ။ ထို့ကြောင့် ဗြိတိသျှအင်္ဂလိပ်တို့ သွားလာရေး လွယ်ကူရန်နှင့် ရာသီဥတုမျှတသောနေရာတွင် မြို့သစ်တည်ရန် ရှာဖွေခဲ့ကြသည်။ ထိုအခါ ရခိုင်ဘုရင်များလက်ထက်အကျပ်ဟု ခေါ်သောမြို့၏အရှေ့ဘက်ထိုးထွက်နေသော စစ်ကဲကျွန်းတွင် မြို့တော်အသစ်ကို တည်ရန် အင်္ဂလိပ်တို့ သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့် ၁၈၂၆ ခုတွင် ကပ္ပတိန်ဒေချိန်းဆင်နှင့် ဒေးဝန်းကြီး အောင်ကျော်ရှီတို့ ဦးဆောင်၍ မြို့တော်သစ်ကို တည်ခဲ့သည်။ စစ်ကဲကျွန်းပေါ်တွင် တည်သောကြောင့် စစ်တွေမြို့ဟု ခေါ်တွင်ခဲ့ သည်။ ၎င်းအချိန်မှစပြီး စစ်တွေမှာ မြို့တော်သစ်ဖြစ်ခဲ့၍ မြောက်ဦးမှာ မြို့တော်ဟောင်းဖြစ်ခဲ့သောကြောင့် မြောက်ဦးမြို့ကို မြို့ဟောင်းမြို့ဟု ခေါ်တွင်ခဲ့သည်။

အင်္ဂလိပ် မြန်မာစစ်ပွဲကို ရန္တပိုစာချုပ်အရ စစ်ပြေငြိမ်းလိုက်သောအခါ အာသံနယ်၊ ရခိုင်နယ်နှင့် တနင်္သာရီနယ်တို့ကို ဗြိတိသျှအင်္ဂလိပ်တို့ အုပ်ချုပ်ရန်ပေးအပ်ရသည်။ ထိုနယ်မြေများကို ဗြိတိသျှတို့သည် ကိုလိုနီစနစ်ဖြင့် အုပ်ချုပ်ခဲ့ကြသည်။ ရခိုင်ဒေသကို တိုင်းအဖြစ် သတ်မှတ်ပြီး အနောက်ဘင်္ဂလားပြည်နယ် ကော်မီရှင်နာမင်းကြီး၏ လက်အောက်၌ ထားရှိလေသည်။ ရခိုင်တစ်တိုင်းလုံးတွင် စစ်တွေခရိုင်၊ အမ်းခရိုင်၊ ရမ်းဗြဲခရိုင်၊ သံတွဲခရိုင်ဟူ၍ ခရိုင်(၄)ခုခွဲကာ ခရိုင်တစ်ခုတွင် ခရိုင်ဝန်တစ်ဦးစီ

ထား၍ အုပ်ချုပ်စေသည်။ မြို့ဟောင်းမြို့သည် စစ်တွေခရိုင်၌ပါဝင်၍ စစ်တွေခရိုင်ဝန်၏ အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သည်။

မြို့ဟောင်းမြို့နယ် တစ်ခုလုံးကို (၁) လကျ်ာရွာကျွန်း (၂) ဘုန်းကြွယ်ကျွန်း (၃) ကုလားပုန်းကျွန်း (၄) ထိပ်ဝပြင်ကျွန်း (၅) ဂုဏ်ကျွန်း (၆) ပြောင်းပြာကျွန်း စသည်ဖြင့် ကျွန်းခြောက်ခု သတ်မှတ်ကာ ကျွန်းအုပ်များခန့်၍ အုပ်ချုပ်ရေးတာဝန် ပေးခဲ့သည်။ ထိုမှတဆင့် နောက်ပိုင်းတွင် မြို့နယ်တစ်ခုလုံးကို တိုက်နယ်များခွဲကာ တိုက်သူကြီးများအား တာဝန်ပေး၍ အုပ်ချုပ်စေခဲ့သည်။ မြို့ဟောင်းမြို့နယ်တစ်ခုလုံးကို တိုက်နယ်ရှစ်ခု သတ်မှတ်ခဲ့သည်။ ၎င်းတို့မှာ (၁) မြို့မတိုက် (၂) မြို့ဟောင်းမြောက်တိုက် (၃) ရမ်းချောင်းတိုက် (၄) လကျ်ာမြန်တိုက် (၅) ချောင်းဖီလာတိုက် (၆) ပါးတော်တိုက် (၇) ဘုန်းကြွယ်တိုက် (၈) လောင်းကြက်တိုက်တို့ ဖြစ်ကြသည်။

ထိုကျွန်းအုပ်နှင့် တိုက်နယ်သူကြီးများသည် ပြည်သူလူထုထံမှ အခွန်တော်များကို ကောက်၍ ဗြိတိသျှအစိုးရထံ ပေးသွင်းရသည်။ ကောက်ခံရသော အခွန်တော်မှတဆယ့်ငါးရာခိုင်နှုန်းကို ကျွန်းအုပ်များက ရရှိကြသည်။ ရာဇဝတ်မှုများ ဖြစ်ပေါ်က ပုလိပ်ထံ အကြောင်းကြားရသည်။ ကျွန်းအုပ်နှင့် တိုက်နယ်သူကြီးများကို ကူညီရန် ရွာသားများက ရွာခေါင်းကို ရွေးချယ်တင်မြှောက်ကြသည်။ ရွာခေါင်းများသည် ရွာမှ အခွန်တော်များကို ကောက်ခံပြီး ကျွန်းအုပ်များထံ ပေးသွင်းရသည်။ ရွာခေါင်းကို ကူညီရန် စာရေးများ ခန့်အပ်ထားသည်။ ကိုလိုနီ အုပ်ချုပ်ရေးစနစ် လည်ပတ်ရန်အတွက် အဆင့်ဆင့် ရွာစာရေး၊ ရွာခေါင်း ကျွန်းအုပ်၊ မြို့ဝန်၊ ခရိုင်တရားသူကြီး၊ တိုင်းမင်းကြီး စသည်ဖြင့် တာဝန်ပေးအပ်ထားသည်။ ၁၈၈၉ တွင် ကျွန်းအုပ်များအား အမှုအသေးအဖွဲ့များကို စစ်ဆေးခွင့်ပေးအပ်ခဲ့သည်။ (၁၈၃၅)ခုနှစ်ရောက်သောအခါ မြို့ဟောင်းမြို့တွင် မြို့ဝန်အစား မြို့အုပ်တစ်ဦးအား အုပ်ချုပ်စေသည်။ မြို့နယ်တစ်ခုလုံးတွင်လည်း ရွာသူကြီးအပိုင် (၉၉)ခု သတ်မှတ်၍ ရွာသူကြီးများကို ခန့်အပ်တာဝန်ပေးခဲ့သည်။ ရွာသူကြီးများမှာ အစိုးရက သတ်မှတ်ထားသော အခွန်တော်ငွေများကို မြို့အုပ်ထံပေးသွင်းကြသည်။ သေးငယ်သောမှုခင်းများကို စစ်ဆေးရသည်။ နောက်ပိုင်းတွင် မင်းပြား၊ မြို့ဟောင်း၊ ကျောက်တော်သုံးမြို့ကို ပေါင်း၍ နယ်ပိုင်ဝန်ထောက်တစ်ဦးအား အုပ်ချုပ်ရန် တာဝန်ပေးအပ်ခဲ့သည်။ ရာဘက်နှင့် တရာမမှုများကို စစ်ဆေးရန် တရားမမြို့အုပ်တစ်ဦးကို ကျောက်တော်၌ ရုံးစိုက်စေပြီး ကျောက်တော်တွင် လဝက်မြို့ဟောင်းတွင် လဝက် ရုံးထိုင်စေသည်။ ဤကဲ့သို့ အုပ်ချုပ်ခဲ့သော စနစ်သည် (၁၉၄၂)ခုနှစ် တိုင်အောင်ရှိခဲ့သည်။

ကိုလိုနီအုပ်ချုပ်ရေးစနစ် လည်ပတ်ရန်အတွက် နယ်ပိုင်၊ မြို့အုပ်၊ ရွာသူကြီး စသည်ဖြင့် ဆင့်ကဲ ဆင့်ကဲ တာဝန်ပေးအုပ်ချုပ်ခဲ့သည်။ အခြားတစ်ဘက်တွင်လည်း လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားမှုအတွက် ပုလိပ်အဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးထားသည်။ ရှေးဦးစွာ မြို့ဟောင်းတွင် ရဲဌာနတစ်ခုကို ယခုတောင်ရပ်ဈေးအနီးတွင် ဆောက်လုပ်ခဲ့သည်။ ၎င်းရဲဌာနအနီး၌ရှိသော ချောင်ကို တံတားထိုးခဲ့သည်။ ရဲဌာနအနီး၌ ရှိခဲ့သော တံတားဖြစ်၍ ယခုတိုင် ဂါရာဒ့်တံတားဟု ခေါ်သည်။ တစ်မြို့လုံးအတွက် ရဲဌာနတွင် ဌာနအုပ်တစ်ဦး ဂါတ်စာရေးတစ်ဦး ရဲကြပ်တစ်ဦးနှင့် ပုလိပ်(၇)ဦး ထားရှိခဲ့သည်။ တောင်ရပ်မှ တဖန် ရဲဌာနကို နန်းတော်ကုန်းပေါ်သို့ ပြောင်းရွှေ့ဆောက်လုပ်ခဲ့သည်။ ဗိုလ်တောရဲဌာနကို ဝင်တိုက်ပြီး နောက်ပိုင်းတွင် အင်္ဂလိပ်အစိုးရသည် မြို့နယ်တွင် ရဲဌာနများကို မြောင်းဘွေနှင့် ထိပ်ဝပြင်ကျေးရွာတို့၌ တိုးချဲ့ဖွင့်လှစ်ထားခဲ့သည်။

## <u>မြို့ဟောင်းမြို့သူမြို့သားတို့၏ နယ်ချဲ့ဆန့်ကျင်ရေးလုပ်ရပ်များ</u>

အင်္ဂလိပ်တို့သည် မြို့ဟောင်းမြို့ရှိ နန်းတော်ကုန်းကို တူးကြည့်ရန် ဆန္ဒရှိကြသည်။ ထို့ကြောင့်အကွက်ဆင်ကာ မြို့ဟောင်းရှိလမ်းများကို ဖောက်လုပ်ခဲ့သည်။ ကံလှမှ ရေပေါက်ဝကျုံးကို ဖြတ်ဆည်ကာ နန်းတော်ကုန်း အနောက်ဘက်လှေကားတွင်လမ်းကို အဆုံးသတ်ခဲ့သည်။ ထိုလမ်းတည့်တည့် အရှေ့ဘက်တွင် ဆင်းလမ်းမှအလယ်ဈေးတစ်လျှောက်လမ်းတစ်ခုကို ဖောက်လုပ်ခဲ့သည်။ ထိုအလယ်ဈေးလမ်းနှင့် ရေပေါက်ဝလမ်းကြားတွင် နန်းတော်ကုန်း ကာဆီးနေသည်။ ထိုလမ်းနှစ်ခုကို ဆက်သွယ်မိရန်အတွက် နန်းတော်ကုန်းကို တူးဖော်မည်ဟု အင်္ဂလိပ်အစိုးရက အစီအစဉ်ချခဲ့သည်။ ဤကိစ္စနှင့်ပတ်သက်၍ မြို့သူမြို့သားများအရေးပိုင်ထံတွင် နန်းတော်ကုန်းကို မတူးရန်အတွက် ကန့်ကွက်လွှာတင်ခဲ့ကြသည်။ ထိုအခါ စစ်တွေမြို့တွင် ရှိသော အင်္ဂလိပ်အရေးပိုင် မစ္စတာဘွန်းသည် မြို့ဟောင်းသို့ လာရောက်ခဲ့သည်။ မြို့ဟောင်းနန်းတော်ကုန်းပေါ်ရှိ တဲနန်းတွင် တည်းခိုနေခဲ့သည်။ ထိုအခါ မြို့သူမြို့သားများကိုယ်စား ဦးရွှေသာဦး (ကွယ်လွန်) ဦးစောလှအောင် (ကွယ်လွန်) ဦးဖထော် (ကွယ်လွန်) ဦးမောင်အေးချမ်း(ကွယ်လွန်)တို့က တဲနန်းပေါ်တက်ရောက်ပြီး အင်္ဂလိပ်အရေးပိုင်အား နန်းတော်ကုန်းကို တူးဖြို၍ လမ်းဖောက်ခြင်း မပြုရန် ပြောဆိုကန့်ကွက်ခဲ့ကြသည်။ အင်္ဂလိပ်အရေးပိုင်လည်း သူတို့၏ပြောဆိုချက်ကို လက်ခံ၍ လမ်းဖောက်လုပ်ခြင်းကို ရပ်ဆိုင်းခဲ့လေသည်။

အကယ်၍သာ ထိုစဉ်က နန်းဖောက်လုပ်မှုကို ကန့်ကွက်၍ မရခဲ့လျှင် ယခုအချိန်၌ နန်းတော်ကုန်းမှာ ပြိုပျက်လျှက်ရှိသည်ကို တွေ့မြင်ရပေမည်။ အင်္ဂလိပ်ဆိုလျှင် မော်မကြည့်ရဲသောအချိန်၌ လူကိုယ်တိုင် သွားရောက်တွေ့ဆုံပြီး ရဲဝန့်စွာကန့်ကွက်ပြောဆိုခဲ့သော မြို့လူကြီးများကို ချီးကျူးစရာပင် ဖြစ်ပေသည်။ ၎င်းတို့၏ ကျေးဇူးကြောင့်လည်း ယခုထက်တိုင် နန်းတော်ကုန်းကို မားမားမတ်မတ် တွေ့ရှိရခြင်းဖြစ်သည်။

ဘုရင်ခံဘတ်တလာသည် မြို့ဟောင်းမြို့သို့ ရောက်ရှိလာပြီး ဘုရားပုထိုးများကို လှည့်လည်ကြည့်ရှုခဲ့သည်။ ထိုစဉ်တွင် မြို့ဟောင်းရှိ ရခိုင်မျိုးညွှန့် လူငယ်များက နယ်ချဲ့ဆန့်ကျင်ရေးကို လုပ်ရပ်တစ်ခုကို ပြခဲ့ကြသည်။ မျိုးညွှန့်လူငယ်များဖြစ်သော မောင်စောဦး၊ ဦးသာထွန်း၊ ကောင်းစံလှ(ကွယ်လွန်) တို့သည် သံပြားတွင် (Footwear Strictly Prohibited ) ဘိနပ်စီး၍ တက်ခြင်းကို ကြပ်တည်းစွာ တားမြစ်သည်ဟု အင်္ဂလိပ်စာဖြင့်ရေးပြီး သျှစ်သောင်းဘုရား၏တက်လမ်း၌ ချိတ်ဆွဲကြသည်။ ၎င်းစာကို အချို့သော အင်္ဂလိပ်အလိုတော်ရိတို့က ယူ၍လွှင့်ပစ်ကြသည်။ နောက်ထပ်တဖန် အင်္ဂလိပ်ဘုရင်ခံလာနေဆဲ တွင် သွားရောက်ပြီး ကောင်းစံလှက ချိတ်ဆွဲခဲ့သည်။ ထိုအခါ ၎င်းစာတမ်းကိုလွှင့်ပစ်ချိန် မရသဖြင့် ဘုရင်ခံ တွေ့မြင်ခဲ့သည်။ ယင်းကြောင့် ဘုရင်ခံသည် ဘိနပ်ကိုချွတ်ကာ ကျောက်စာဝန် ဦးစံရွှေဘုနှင့်အတူ သျှစ်သောင်းဘုရားကို တက်ရောက်လေ့လာကြည့်ရှုခဲ့သည်။ ဤလုပ်ရပ်ကို ကြည့်ရှုခြင်းအားဖြင့် ရခိုင်လူငယ်များ မျိုးချစ်စိတ်ရှိပြီး နယ်ချဲ့ဆန့်ကျင်ရေးလုပ်ငန်းကို ပြုလုပ်ရာ၌ တပိုင်းတစ ပါဝင်ခဲ့ကြောင်း တွေ့ရှိရပေသည်။

၁၉၄၂ ခုနှစ်တွင် ဂျပန်များ မြို့ဟောင်းမြို့သို့ ဝင်ရောက်ခဲ့သည်။ ထိုအချိန်မှစပြီး အင်္ဂလိပ်တို့၏ ဗျူရိုကရေစီအုပ်ချုပ်ရေးချုပ်ငြိမ်းသွားပြီး ဂျပန်တို့၏ တသွေး တသံ တမိန့် ဖက်ဆစ်အုပ်ချုပ်ရေးစနစ် ပေါ်ပေါက်ခဲ့သည်။ မြို့ဟောင်းမြို့မှာ ခရိုင်ဝန်ရုံးဖြစ်သော မြို့ဖြစ်လာခဲ့သည်။ ပုလိပ်တပ်ဖွဲ့တွင်လည်း ခရိုင်ရဲဝန်တစ်ဦးကို ခန့်ထားခဲ့သည်။ ဤအုပ်ချုပ်ရေးစနစ်သည် ၁၉၄၄ ခုနှစ်ကုန်အောင်ထိ ကြာမြင့်ခဲ့သည်။

၁၉၄၅ ခု ဇန်နဝါရီလ နောက်ဆုံးအပတ်မှာ ဗြိတိသျှ အင်္ဂလိပ်တို့သည် မြို့ဟောင်းမြို့ကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ အုပ်ချုပ်ရေးစနစ်ကိုလည်း ချမှတ်ခဲ့ကြသည်။ နယ်ပိုင်တစ်ဦး မြို့ပိုင်တစ်ဦး လက်ထောက်မြို့ပိုင် တစ်ဦးရာဘက်နှင့် တရားမတရားသူကြီး တစ်ဦးတို့ကို တာဝန်ပေးအပ်ပြီး အုပ်ချုပ်စေသည်။

ပုလိပ်အဖွဲ့တွင် ရဲဝန်ထောက်တစ်ဦး၊ အင်စပက်တော်တစ်ဦးတို့က ရဲတပ်သား သုံးဆယ်နှင့် မြို့နယ်၏လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးတာဝန်ကို ယူရသည်။ ဤအုပ်ချုပ်ရေးစနစ်သည် ၁၉၄၈ ခုနှစ်ထိ တည်ရှိခဲ့သည်။

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေး ရရှိခဲ့သည်။ သို့သော်လည်း အုပ်ချုပ်ရေးစနစ်မှာ အနည်းငယ်ပြုပြင်လျှက် မြို့ပိုင်နယ်ပိုင်အုပ်ချုပ်ရေးစနစ်ဖြင့် အုပ်ချုပ်ခဲ့သည်။ ၁၉၆၂ မှ ၁၉၇၀ ထိ မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ကျေးရွာ/ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီများ ဖွဲ့စည်းကာ အုပ်ချုပ်ရေးစနစ်ကို အသွင်ပြောင်း၍ အုပ်ချုပ်ခဲ့သည်။ ၁၉၇၂ ခု ဩဂုတ်လတွင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီတွင် ဥက္ကဋ္ဌတစ်ဦး အတွင်းရေးမှူးတစ်ဦး၊ အချိန်ပြည့် ကော်မတီဝင်သုံးဦးနှင့် အချိန်ပိုင်းခြောက်ဦးပါဝင်သောအဖွဲ့က မြို့နယ်၏လုံခြုံရေးစီမံခန့်ခွဲရေး စသည်တို့ကို ဆောင်ရွက်ခဲ့သည်။ မြို့ပိုင်နယ်ပိုင် တရားမတရားသူကြီးတို့၏ တရားစီရင်ရေးစနစ်ကို ဖျက်သိမ်းပြီး လူထုလူတန်းစား အသီးသီးမှ ပါဝင်သော တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်းကာ မြို့နယ်တစ်ခုလုံး၏ တရားစီရင်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၏ တာဝန်ပေးချက်အရ ကော်မတီတစ်ရပ် ဖွဲ့စည်းကာ မြို့ပတ်ပတ်လည်ရှိနေသော သင်္ချိုင်းများကို ဖျက်စေပြီး မြို့၏မြောက်ဘက်နှင့် တောင်ဘက်အရပ်တို့၌ သင်္ချိုင်းနှစ်ခုသာ ထားရှိခဲ့သည်။

၁၉၇၄ ခု မတ်လ (၂)ရက်နေ့မှ စပြီး ပြည်သူ့ကောင်စီ အဆင့်ဆင့်ဖွဲ့စည်းခဲ့သည်။ မြို့ဟောင်းမြို့နယ်တွင် မြို့နယ်ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ မြို့နယ်လုပ်ငန်းစစ်ဆေးရေးအဖွဲ့နှင့် ရေးရာကော်မတီများကို ဖွဲ့စည်းခဲ့သည်။ ရပ်ကွက်ကျေးရွာများတွင်လည်း အလုပ်အမှုဆောင်အဖွဲ့နှင့် တရားသူကြီးအဖွဲ့များကို ဖွဲ့စည်းခဲ့သည်။ ပထမအကြိမ် မြို့နယ်ပြည်သူ့ကောင်စီမှ မြို့ဟောင်းမြို့အမည်ကို မြောက်ဦးမြို့သို့ အမည်ပြောင်းရွှေ့ခေါ်ဝေါ်သုံးစွဲရန် သင့်ကြောင်းကို အထက်အဖွဲ့အစည်းများသို့ တင်ပြခဲ့သည်။ ထို့ကြောင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၂-၉-၇၈ နေ့စွဲပါ စာအမှတ် ၂/၁၀၅/အထ (၂)အရ မြို့ဟောင်းမြို့နှင့် မြို့ဟောင်းမြို့နယ်ကို မြောက်ဦးမြို့နှင့် မြောက်ဦးမြို့နယ်ဟု ပြင်ဆင်သတ်မှတ်ခဲ့သည်။ ၁၉၇၄ ခုနှစ်မှစ၍ ယနေ့ထိ ကောင်စီအဆင့်ဆင့် ဖွဲ့စည်းကာ မြို့နယ်၏ စီမံခန့်ခွဲရေး၊ စီးပွားရေး၊ လူမှုရေး စသည်များကို မြို့နယ်ပါတီယူနစ်၏ ဦးဆောင်မှုခံယူ၍ ဆိုရှယ်လစ်လူနေမှုစနစ် အောင်မြင်စေရန် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အကောင်အထည်ဖော် ဆောင်ရွက်လျှက်ရှိသည်။

# နယ်နိုင်ငံရေး ဖြစ်စဉ်သမိုင်း

## နယ်ချဲ့ဆန့်ကျင်ရေးနှင့်ဆိုရှယ်လစ်ရေး ကြိုးပမ်းမှု

## ဗြိတိသျှခေတ် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု

### (၁) မြောက်ဦးမြို့နယ် ရခိုင်မျိုးချစ်ခေါင်းဆောင်များ၏ အမျိုးသားရေး၊ လွတ်လပ်ရေး၊ တော်လှန်ရေးကြိုးပမ်းမှု

မြန်မာသက္ကရာဇ် ၁၁၈၆ ခု၊ ခရစ်သက္ကရာဇ် ၁၈၂၅ ခုနှစ်တွင် မြို့ဟောင်းမြို့နယ်သည် ဗြိတိသျှအစိုးရ ဗိုလ်မှူးရာပသိမ်သတ် တပ်၏ သိမ်းပိုက်မှုကြောင့် ဗြိတိသျှကိုလိုနီဘဝသို့ ကျရောက်ခဲ့ရလေသည်။

အစဉ်တစိုက် ကိုယ့်မင်း၊ ကိုယ့်ချင်းဘဝနှင့် နေထိုင်လာခဲ့သော မြို့ဟောင်းမြို့နယ်သူ၊ မြို့နယ်သားများသည် လူမျိုးခြား အင်္ဂလိပ်တို့၏ ကျွန်ဘဝသို့ ကျရောက်လာသည့်အခါ အမျိုးသားစိတ် လွတ်လပ်လိုစိတ်များ တဖွားဖွား ပေါ်ပေါက်လာပြီး၊ အမျိုးသားစည်းလုံးညီညွတ်သော နယ်ချဲ့ဆန့်ကျင်လိုသည့် စိတ်ဓာတ်များ အထွဋ်အထိပ်သို့ ရောက်ရှိလာကြလေသည်။

အင်္ဂလိပ်တို့၏ ကိုလိုနီအုပ်ချုပ်ရေးစနစ်ကို မကျေနပ်သဖြင့် ခရစ်သက္ကရာဇ် ၁၈၃၅ ခုနှစ်တွင် ရခိုင်ပြည်မှ ပထမဆုံး တော်လှန်ခဲ့သောပုဂ္ဂိုလ်မှာ မြို့ဟောင်းမြို့၊ လေးမြို့သူကြီး ငချစ်စံ (ခေါ်) ချစ်စံဝေ ဖြစ်လေသည်။ ချစ်စံဝေ၏ တော်လှန်လှုပ်ရှားမှုကြောင့် သူ့အား အင်္ဂလိပ်တို့က ဖမ်းဆီးရန် ပြုလုပ်ကြလေသဖြင့် ဖိုးခေါင်တောင်ကို ကျော်၍ မြန်မာမင်းထံ ထွက်ပြေးသွားခဲ့လေသည်။ အင်္ဂလိပ်အစိုးရက ထွက်ပြေးသွားသော တော်လှန်ရေးခေါင်းဆောင် ချစ်စံဝေအား ပြန်အပ်ရမည်ဟု မြန်မာမင်းအား အကြောင်းကြားသဖြင့် ချစ်စံဝေသည် ခရစ်သက္ကရာဇ် ၁၈၃၆ ခုနှစ်တွင် အင်္ဂလိပ်တို့၏ ထောင်သွင်းအကျဉ်းချထားခြင်းကို ခံခဲ့ရလေသည်။ ထောင်တွင်း၌လည်း လှုပ်ရှားမှုများ ပြုလုပ်လေသဖြင့် နောက်ဆုံးတွင် မရှုမလှ သတ်ဖြတ်ခြင်း ခံသွားရလေသည်။

ယင်းနောက် သူ့ကျွန်မခံလိုသော ရခိုင်မျိုးချစ်ခေါင်းဆောင်ဖြစ်သည့် မင်းသားကြီးရွှေဘန်း၊ ဒိုးဝန်းအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံတို့သည် ရခိုင်တစ်မျိုးသားလုံး ကျွန်သဘောက်ဘဝမှ လွတ်မြောက်ရေးအတွက် အင်္ဂလိပ်နယ်ချဲ့အုပ်ချုပ်သူများအား (၉)နှစ်နီးပါးခန့် အရေးဆိုတိုက်ပွဲ ဝင်ခဲ့ကြလေသည်။

ယင်းသို့ မျိုးချစ်ပုဂ္ဂိုလ်များ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရာတွင် မြို့ဟောင်းမြို့နယ်သူ၊ မြို့နယ်သားများသည်၊ တော်လှန်ရေးအတွက် လိုအပ်နေသော ဘဏ္ဍာကြေးငွေများကို ဆင်းရဲ၊ ချမ်းသာမရွေး၊ မိမိတို့၏လက်ဝတ်ရတနာများမှ အစ၊ လိုလေသေးမရှိအောင် ထည့်ဝင်ကြလေသည်။

ယင်းသို့ပြည်သူများ စည်းလုံးညီညွတ်နေချိန်တွင် အင်္ဂလိပ်နယ်ချဲ့သမားများသည် ရခိုင်မျိုးချစ်ခေါင်းဆောင်များ ဖြစ်ကြသော မင်းသားကြီး ရွှေဘန်း၊ ဒိုးဝန်းအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံတို့၏ တိုက်ပွဲဝင်တောင်းဆိုချက်များကို မပေးရုံသာမက ယင်းတို့အား ဖမ်းဆီးကာ တခြားနိုင်ငံဖြစ်သည့် ကာလကတ္တားထောင်သို့ ပို့ဆောင်အကျဉ်းချထား ကြလေသည်။ တဆက်တည်းမှာပင် ရခိုင်လူမျိုးများအား ကျွန်သက်ရှည်စွာ အုပ်စိုးနိုင်ရေးအတွက် ရခိုင်အမျိုးသားများ၏ တက်ကြွနိုးကြားသော အမျိုးသားရေး၊ လွတ်လပ်ရေး၊ စိတ်ဓာတ်ကို နည်းအမျိုးမျိုးဖြင့်၊ ချိုးနှိမ်ဖျက်ဆီး ပစ်ကြလေသည်။

မျိုးချစ်ခေါင်းဆောင်သုံးဦး ထောင်အတွင်း အကျဉ်းချချုပ်နှောင်ထားခြင်း ခံနေရစဉ် ရခိုင်မျိုးချစ်ခေါင်းဆောင်ဖြစ်သော မင်းသားကြီးရွှေဘန်းသည် ရန်သူနယ်ချဲ့အင်္ဂလိပ်တို့အား အရှုံးမပေး လက်မမြှောက်သော ပြောင်မြောက်သည့် ရဲစွမ်းသတ္တိဖြင့် ထောင်အတွင်း ရက်ပေါင်း(၄၁)ရက်တိုင်တိုင် အစာငတ်ခံ ဆန္ဒပြရင်း ရခိုင်အမျိုးသားတို့၏ အမျိုးသားရေး၊ လွတ်လပ်ရေးစိတ်ဓာတ်ကို နောင်လာနောက်သားများ၏ စိတ်တွင် အစဉ်ထာဝရ ရှင်သန်နေအောင် အောက်ပါမှာတမ်းလွှာကို ရေးသားခဲ့လေသည်။ ယင်းမှာတမ်းလွှာတွင်-

**မင်းသားအမှန်၊ ငါလျှင်ကြံက၊ နိုင်ငံရပ်စည်၊ တိုင်းပြည်အတွက်၊ ကိုယ့်အသက်ကို၊ ရက်ရက်စွန့်ခွာ၊ ကုလားရွာ၌၊ ခန္ဓာရုပ်ဟောင်း၊ ဘဝပြောင်းခဲ့၊ ဖြစ်ကြောင်းသံသာ၊ သတ္တဝါတို့၊ မှန်စွာမချွတ်၊ သူမသတ်လည်း၊ မလွတ်တခါ၊ သေအံ့ရာတည်း၊ ကမ္ဘာမကြေ၊ သူတို့သည်လည်း၊ အတည်မစိုး၊ ငါမြေထိုးလည်း၊ အရိုးတခါ၊ တွန်လိမ့်ရာ၏၊ နောင်လာနောက်လူ၊ ရခိုင်သူတို့၊ အယူမပြောင်း၊ ငါ့လမ်းကြောင်းကို၊ ကောင်းကောင်းလိုက်နာ၊ ပြည်ဓညာကို၊ တခါမုချ၊ ငါတို့ရအံ့၊ လုံလရွှေ့သန်၊ လူလျှင်ကြံက၊ နိဗ္ဗာန်မချွတ်၊ လက်ဝါးခတ်သည်၊ မလွတ် ဤစာသေတမ်းတည်း။**

မျိုးချစ်ခေါင်းဆောင် ဒိုးဝန်းအောင်ကျော်ရွှီ၊ မြို့သူကြီးအောင်ကျော်ဇံတို့ကလည်း၊ မင်းသားကြီးရွှေဘန်းနည်းတူ၊ ရခိုင်လူမျိုးများ ဗြိတိသျှနယ်ချဲ့သမားများ၏ အုပ်ချုပ်မှုအောက်မှ လွတ်လပ်ရေးအတွက် အသက်သွေးကို ပေးပြီး တိုက်ပွဲဝင်တော်လှန်

ကြရန် အောက်ပါမှာတမ်းလွှာကို ရေးသားတပ်လှန့် ခဲ့ကြလေသည်။

ဒိုးဝန်းအောင်ကျော်ရှိက-

**နောက်သား၊ နောင်လာ၊ နောက်ထပ်ပါလည်း၊ ဆရာသုံးလက်၊ ရှေ့ကတက်၍၊ အသက်ခန္ဓာ၊ လူတို့မှာကား၊ တခါတရံ၊ အဖိုးတန်၏၊ တရံတခါ၊ ဆိုတုံပါလည်း၊ သူသာလာလျက်၊ ဖိနှိပ်စက်က၊ အသက်ထိုခါ၊ ဘိုးမရာရှင့်၊ ဓမ္မလမ်းမှန်၊ ကျင့်ကြောင်းကြံလျက်၊ ပိုက်ဆံကိုစား၊ လိမ်လှည့်ထားသော်၊ နောက်သားတဖန်၊ သည်းမခံနှင့်၊ နိုင်ငံတကာ၊ ဟူရာရာ၌၊ ပညာနှင့်ဉာဏ်၊ သင့်စွာဖန်၍၊ တာဝန်မပျက်၊ သစ္စာရှက်လျက်၊ အသက်ကိုလှီး၊ သွေးချောင်းစီးမှ၊ အပြီးကြံခိုင်၊ နိုင်ငံတိုင်းမြို့၊ အစို့စို့နှင့်၊ ကိုယ့်မြို့ကိုယ့်မြေ၊ ကိုယ့်ဌာနကို၊ ရမေမုချ၊ ဤလောကတည်း၊ အောက်ကျမခံ ချင်သောကြောင့်။**

ထိုနည်းတူ မြို့သူကြီး အောင်ကျော်ဇံကလည်း-

**ဥဒါန်းမကြေ၊ ဖြစ်ရလေခြင်း၊ တိုင်းပြည်ကိုကြံ၊ အောင်ကျော်ဇံမှာ၊ ကြံကာဖွေနှောက်၊ တကျိတ်ခြောက်တို့၊ ယွင်းဖောက်သစ္စာ၊ သူတို့မှာကား၊ ဝမ်းစာစားကွက်၊ တထပ်တွက်ကို၊ တသက်စာထင်၊ ခွေးအမြင်ကြောင့်၊ တိုင်းခွင် သာစည်၊ ငါတို့ပြည်လည်း၊ သူ့ပြည်ဖြစ်ရ၊ ဝမ်းနည်းစွတည်း။ မိဘဆရာ၊ ပေါ်ရဏာသို့၊ ဝေါဟာထုံးဟောင်း၊ လူဗုဒေါင်းတို့၊ မပေါင်းဖော်ရာ၊ ဆိုတုံပါလည်း၊ မေ့ကာသတိ၊ ပေါင်းဖော်မိ၍၊ လက်တွိမုချ၊ ငါကြုံရ၏၊ ဘဝတဇစ်၊ လူပြန်ဖြစ်၍၊ အသစ်ခုပင်၊ ကြံစည်ချင်သည်၊ ဘယ်တွင်မမေ့နိုင်သောကြောင့်-။**

ဟူ၍ အသက်နှင့်လဲပြီး၊ ဆောင်ရွက်ခဲ့ကြသော ရခိုင်မျိုးချစ်ခေါင်းဆောင်များ၏ သူ့ကျွန်မခံလိုသော အမျိုးသားရေး၊ လွတ်လပ်ရေးဆောင်ရွက်ချက်များသည် ရခိုင်အမျိုးသားများအတွင်း အစဉ်တစိုက် လှုပ်ရှားလျက်ပင် ရှိနေပေသေးသည်။

## (၂) **ဗိုလ်တောနှင့် ရခိုင်အမျိုးသားများ၏ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှု**

ခရစ်သက္ကရာဇ် ၁၉ ရာစုတွင် ရခိုင်ပြည် လေးမြို့ချောင်းဒေသကို ဗဟိုပြုပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး လှုပ်ရှားမှုများ ပေါ်ပေါက်ခဲ့ပေသည်။ သက္ကရာဇ် ၁၈၈၈ ခုနှစ်တွင် ဗိုလ်တောနှင့်အဖွဲ့သည် လေးမြို့ချောင်း ဒေသတစ်လျှောက်ရှိ တောင်သူလယ်သမားများအား ဗြိတိသျှနယ်ချဲ့အုပ်စိုးသူများ၏ ကိုလိုနီဘဝ၊ အဖိနှိပ်ခံအခြေအနေများကို တင်ပြကာ စည်းရုံးရေးလုပ်ငန်းများကို မပြတ် ဆောင်ရွက်ခဲ့လေသည်။ ဒေသခံတောင်သူလယ်သမားများသည် ဗိုလ်တောနှင့်အဖွဲ့၏ အမျိုးသားရေး လှုပ်ရှားမှုဆောင်ရွက်ချက်များကို တစ်စတစ်စထောက်ခံ အားပေးကာ နောက်ဆုံးတွင် ဗိုလ်တောနှင့်အတူ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြလေသည်။

ထိုအချိန် မြို့ဟောင်းမြို့၌ ဗြိတိသျှနယ်ချဲ့သမားများသည် ရခိုင်ပြည်သူလူထု၏ အခွင့်အရေးများကို ပိတ်ပင်ထားရုံမက ယင်းတို့၏ကိုလိုနီ ကျွန်ပြုရေး တည်တန့်ခိုင်မြဲရေးအတွက် စစ်ရေး၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးများကို အခိုင်အမာတိုးချဲ့ တည်ဆောက်နေသောကာလလည်း ဖြစ်ပေသည်။ အင်္ဂလိပ်နယ်ချဲ့သမားများသည် ယင်းတို့၏အုပ်ချုပ်ရေး ယန္တရား ကျယ်ပြန့်ရေးအတွက် မြို့ဟောင်းမြို့နယ် တစ်နယ်လုံးကို သိမ်းသွင်းလျက်ရှိရာ လေးမြို့ချောင်း အနောက်ဘက်ကမ်းခြေတစ်နေရာတွင် ဗိုလ်တောအဖွဲ့နှင့် တွေ့ဆုံပြီး တိုက်ပွဲဖြစ်ပွားကြလေသည်။ အချိန်မှာ ခရစ်သက္ကရာဇ် ၁၈၈၇ ခု မိုးတွင်းကာလ ဖြစ်လေသည်။ ထိုတိုက်ပွဲတွင် ဗိုလ်တော၏အဖွဲ့မှ အဖွဲ့ဝင်(၄)ဦးကို ဗြိတိသျှတို့ လက်ရဖမ်းဆီးမိပြီး မြို့ဟောင်းမြို့ အကျဉ်းစခန်းတွင် သစ်သားထိပ်တုံးဖြင့် ချုပ်နှောင်ထားလေသည်။

ဗိုလ်တောသည် မိမိတို့တပ်မှ အဖွဲ့ဝင်များအား ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရခြင်းကို မကြေနပ်နိုင်သဖြင့် အုပ်ချုပ်သူတာဝန်ခံများအား မိမိတို့နှင့်တွေ့ဆုံဆွေးနွေးရန် ဖိတ်ကြားလေသည်။ ယင်းဖိတ်ကြားချက်ကို အုပ်ချုပ်သူများက လက်ခံခြင်းမရှိကြပေ။

ဤသို့လက်ခံခြင်း မရှိကြသောကြောင့် ဗိုလ်တောသည် မြို့ဟောင်းမြို့အုပ်စိုးသူ အစိုးရတို့အား ၁၈၈၈ခု ဧပြီလ(၈)ရက်နေ့တွင် မိမိနှင့်အဖွဲ့ မြို့ဟောင်းမြို့သို့ လာရောက်တိုက်ခိုက်မည်ဖြစ်ကြောင်း သူရသတ္တိပြောင်မြောက်စွာဖြင့် တင်ကြိုအကြောင်းကြားခဲ့လေသည်။ ယင်းသို့ အကြောင်းကြားသည့်နေ့မှာပင် ဗိုလ်တောနှင့် ရခိုင်အမျိုးသား အင်အားစုတို့သည် နန်းတော်ကုန်းရှိ ပုလိပ်စခန်း ကိုလွန်းတောင်ဘက်မှ တစ်တပ်၊ အလယ်ဈေးရှေ့တောင်ဘက်မှတတပ်၊ ရွှေကူတောင်ဘက်မှ တစ်တပ်၊ သုံးတပ်ခွဲ၍ ချီတက်ကြလေသည်။ ယင်းသို့ ချီတက်ရာတွင် ရွှေကူတောင်ဘက်မှ ချီတက်လာသောတပ်သည် မီးတုတ်နှင့်ဓား၊ လှံများကို ကိုင်ဆွဲကာ၊ တိုက်မောင်းကို တီးပြီး၊ မဆိုင်သူမကပ်နှင့်၊ မဆိုင်သူမထိနှင့် ဟူသောကြွေးကြော်သံများဖြင့် ညောင်ပင်ဈေးရပ်ကွက်

လမ်းတစ်လျှောက် ချီတက်လာကြလေသည်။ အုပ်စိုးသူ ပုလိပ်တို့သည် ထိုချီတက်လာသောတပ်ကို ပြန်လှန်တိုက်ခိုက်ရန် စီစဉ်ဆောင်ရွက်နေတုံး ရွှေတောင်ဘက်မှ ချီတက်လာသော တပ်နှင့် လွန်းတောင်ဘက်မှ ချီတက်လာသောတပ်နှစ်တပ်တို့က ပုလိပ်ကင်းစခန်းကို နောက်ကြောမှ ဝင်ရောက်စီးနင်းကြလေသည်။

ထိုတိုက်ပွဲတွင် ပုလိပ်ကင်းစခန်း၌ တာဝန်ကျနေသော ပုလိပ်(၁၁)ဦးတို့မှာ မည်သို့မျှ ပြန်လှန် မတိုက်ခိုက်နိုင်ဘဲ ဘမ်းဆီးခံရကာ ခေါင်းဖြတ်သုတ်သင်ခြင်းကို ခံရလေသည်။ ဗိုလ်တောနှင့် အဖွဲ့သည် ပုလိပ်စခန်းတွင် မိမိတို့တပ်ဖွဲ့မှ ဖမ်းဆီးခြင်းခံနေရသူ အဖွဲ့ဝင်(၄)ဦးအား အချုပ်မှထုတ်ယူလာပြီး ပုလိပ်စခန်းကို မီးရှို့ဖျက်ဆီးပစ်ခဲ့ကြလေသည်။ ထပ်မံပြီး ဗိုလ်တောတပ်ဖွဲ့နှင့် ဗြိတိသျှနယ်ချဲ့တပ်ဖွဲ့တို့သည် ယင်းနှစ်ဧပြီလ (၁၀)ရက်နေ့တွင် တစ်ကြိမ်တိုက်ပွဲဖြစ်ပွားကြလေသည်။ ယင်းနောက်နယ်ချဲ့ဆန့်ကျင်ရေးအင်အား (၁၂၀)ခန့်တို့သည် ဗိုလ်တောနှင့်အတူ လာရောက်ပူးပေါင်းကာ ဗြိတိသျှနယ်ချဲ့သမားတို့အား ဆက်လက်ပြီး တိုက်ပွဲဝင်ခဲ့ကြလေသည်။

## (၃) သခင်လေးမောင်နှင့် သခင်ကျော်ရင် မြို့ဟောင်းမြို့သို့ ရောက်ရှိလာခြင်း

ကျွန်သက်ရှည်၍ အမျိုးသားရေးစိတ်ဓာတ် မီးခဲပြာဖုံးဖြစ်နေချိန်၊ ၁၉၃၅ ခုနှစ်ခန့်တွင်၊ သခင်လူငယ်နှစ်ဦးဖြစ်သည့် သခင်လေးမောင်နှင့် သခင်ကျော်ရင်တို့သည် အမျိုးသားရေးဝတ်စုံ ဖျင်ပင်နီ ခေါင်းပေါင်းတိုနှင့် ပင်နီတိုက်ပုံဝတ်ကာ မြို့ဟောင်းမြို့ပေါ်သို့ ရောက်ရှိလာကြလေသည်။

အမျိုးသားရေးစိတ်ဓာတ် ကိန်းဝပ်နေသော မြို့ဟောင်းမြို့ပေါ်မှ လူငယ်လူရွယ်များသည် သခင်လူငယ်နှစ်ဦးအား တခဲနက်စည်းလုံးညီညွတ်မှုဖြင့် ခရီးဦးကြိုပြုကြလေသည်။ ဧည့်ခံကျွေးမွေးကြသည်။ လူကြီးပိုင်းမှာလည်း လိုလေသေးမရှိအောင် အားပေးကူညီကြလေသည်။ သခင်လူငယ်(၂)ဦး၏ မြို့ဟောင်းမြို့သို့ လာရောက်သည့် အဓိကရည်ရွယ်ချက်မှာ မြို့ဟောင်းမြို့နယ်သူ မြို့နယ်သားများနှင့်၊ တွေ့ဆုံပြီး တို့ဗမာအစည်းအရုံး၏ ဝါဒသဘောထားများကို ရှင်းလင်းတင်ပြရန် ဖြစ်လေသည်။ သခင်လူငယ်နှစ်ဦးသည် ပြည်သူလူထုအတွင်း တို့ဗမာအစည်းအရုံး၏ ဝါဒသဘောထားများကို ရှင်းလင်းတင်ပြခြင်းမပြုမီ မြို့ဟောင်းမြို့ ကံလှရပ်ကွက်ရှိ ဦးမြသာထွန်းနေအိမ်တွင် အမျိုးသားရေး စိတ်ဓာတ်ရှိသော လူကြီးလူငယ်များနှင့် ပထမဆုံး တွေ့ဆုံညှိနှိုင်း ဆွေးနွေးကြလေသည်။

ယင်းနေ့မှာပင် မြို့ဟောင်းမြို့နယ် တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းလိုက်လေသည်။ တို့ဗမာအစည်းအရုံးတွင် ဥက္ကဋ္ဌအဖြစ် ဦးရှောက်ဖွယ်ကလည်းကောင်း၊ ဒုဥက္ကဋ္ဌအဖြစ် ဦးစံညွန့်ကလည်းကောင်း၊ အတွင်းရေးမှူးအဖြစ် ဦးဘဉီး၊ တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးနှောင်းဘော်တို့က ပါဝင်ပြီး အဖွဲ့ဝင်များအဖြစ် ဦးစောထွန်းအောင်၊ ဦးလှထွန်းဖြူ၊ ဦးအောင်ကျော်ဇော၊ ဦးဟိန်းဒုတ်ကေ၊ ဦးမောင်နီ၊ ဦးစောလှဖြူတို့ ပါဝင်ကြလေသည်။

မြို့ဟောင်းမြို့နယ်၊ တို့ဗမာအစည်းအရုံးကို ဖွဲ့စည်းပြီးနောက် သခင်လူငယ်(၂)ဦးအား၊ မြို့ဟောင်းမြို့ပေါ်တွင် တို့ဗမာအစည်းအရုံးဆိုင်ရာ နိုင်ငံရေးတရားဟောပြောပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ရန် စီစဉ်ကြလေသည်။ တချိန်တည်းမှာပင် မြို့ဟောင်းမြို့ လောကမာရ်အောင် ဘုရားသိမ်တော်ကြီးအတွင်း တို့ဗမာအစည်းအရုံး လူထုဟောပြောပွဲကြီးတစ်ရပ်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ကြလေသည်။ ထိုဟောပြောပွဲသို့ မြို့နယ်မှ လူကြီး လူငယ် ပရိသတ်(၃၀၀၀)နီးပါးခန့် တက်ရောက်အားပေးကြလေသည်။ ဟောပြောပွဲမစမီ သခင်လေးမောင်နှင့် သခင် ကျော်ရင်တို့သည် ထိုဟောပြောပွဲတွင် ဟောပြောမည့် အစီအစဉ်ကို ရေးဆွဲချမှတ်ကြပြီး တစ်ဦးကို (၂)နာရီကျော်ခန့်ထိ ဟောပြောကြလေသည်။

ပထမအချိန် ဟောပြောသူမှာ သခင်ကျော်ရင် ဖြစ်သည်။ သခင်ကျော်ရင်က ရခိုင်ဗမာ သွေးမကွဲဘဲ စည်းလုံးညီညွတ်မှုကို အခိုင်အမာတည်ဆောက်ရေး၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီရေး၊ ဗြိတိသျှနယ်ချဲ့တော်လှန်ရေးကို လက်တွဲမဖြုတ်စတမ်း၊ တိုက်ပွဲဝင်ရေးတို့ကို ဟောပြောကြလေသည်။ ဒုတိယပိုင်းတွင် သခင်လေးမောင်က ဆက်လက်ဟောပြောလေသည်။ သခင်လေးမောင်က တို့ဗမာအစည်းအရုံးနှင့် ဆက်သွယ်ရေး၊ ဗြိတိသျှလက်အောက် ရခိုင် လူမျိုးများ၏ အဖိနှိပ်ခံဘဝအခြေအနေ၊ အမျိုးသားလွတ်လပ်ရေးနှင့် ရခိုင်လူမျိုးများ၏ တာဝန်၊ ဗြိတိသျှအုပ်စိုးသူများအား၊ ရဲရဲတောက် အခွင့်အရေးဆို တိုက်ပွဲဝင်ရေး အခြေအနေများကို၊ အကျယ်တဝင့် ရှင်းလင်း တင်ပြလေသည်။ လူထုဟောပြောပွဲသို့ တက်ရောက်လာကြသော လူထုပရိသတ်(၃၀၀၀)နီးပါးခန့်မှာ သခင်လူငယ်(၂)ဦး၏ ဟောပြောချက်များကို စိတ်ပါဝင်စားစွာ အားပေးချီးမြှောက်ကြပြီး မီးခဲပြာဖုံးဖြစ်နေသော မိမိတို့၏ အမျိုးသားရေး စိတ်ဓာတ်ကို ဖော်ထုတ်ကာ အမျိုးသားရေး လှုပ်ရှားမှုများတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ရန် ဆန္ဒပြင်းပြလာကြလေသည်။

မြို့ဟောင်းမြို့နယ်တွင် တို့ဗမာအစည်းအရုံးအတွက် ရံပုံငွေများ ကောက်ခံကြရာ အစည်းအရုံးဝင်အဖွဲ့များအပြင် မြို့ပေါ်ရှိ လူကြီးလူငယ်တို့မှာ အားတက်သရော ထည့်ဝင်ကြလေသည်။ တနေ့တည်း ရံပုံငွေ (၃၀၀၀)ခန့်ထိ ကောက်ခံရရှိလေသည်။ ဆက်လက်ပြီး မြို့ဟောင်းမြို့နယ်သူ မြို့နယ်သားများသည် တို့ဗမာအစည်းအရုံးဆိုင်ရာ လုပ်ငန်းစဉ်ဖြစ်သော နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေး လှုပ်ရှားမှုများတွင် လွတ်လပ်ရေးအောင်ပန်းကို ရအောင်ထိ ဆက်ကာဆက်ကာ တိုက်ပွဲဝင် ပါဝင်ခဲ့ကြလေသည်။

**(၄) အမျိုးသားနေ့**

၁၉၂၀-ခု တက္ကသိုလ်ကျောင်းသားများ၏ ယူနီဗာစီတီ အက်ဥပဒေကို ဆန့်ကျင်သော သပိတ်မှောက်မှုကို အကြောင်းပြု၍ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ကြပေသည်။

ထိုအမျိုးသားနေ့သည် မြန်မာတစ်ပြည်လုံးရှိ ကျောင်းများအတွင်းသို့ တောမီးပမာ တမဟုတ်ချင်း ပျံ့နှံ့ခဲ့ပေသည်။ မြို့ဟောင်းမြို့ပေါ်ရှိ ကျောင်းများတွင်လည်း ထိုအမျိုးသားနေ့ကို သိုက်မြိုက်စည်ကားစွာဖြင့် နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့ကြပေသည်။ အမျိုးသားနေ့ ကျင်းပရာတွင် ကျောင်းချည်းသာမဟုတ်၊ ဆရာနှင့်မိဘပြည်သူများကလည်း အင်တိုက်အားတိုက် ပါဝင်ကူညီပေးကြပေသည်။ ကျောင်းသားများသည် ကျောင်းသားသမဂ္ဂ၏ ကြီးမှူးမှုအောက်တွင် တခဲနက်သော စည်းလုံးညီညွတ်မှုဖြင့်၊ ကျွန်ပညာရေးကို ဆန့်ကျင်ခြင်း၊ အမျိုးသားပညာရေးစနစ်ကို၊ ထောက်ခံအားပေးခြင်း စသောကြွေးကြော်သံများကို ရှေ့တန်းတင်ပြီး စီတန်းလှည့်လည် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြပေသည်။

ယင်းဆန္ဒပြပွဲကြီးသည် ကျောင်းသားများအတွင်းသာမဟုတ် မြို့ပေါ်လူထုတစ်ရပ်လုံးကိုပါ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေး စိတ်ဓာတ်ကို နှိုးဆွပေးသည့် ဆန္ဒပြပွဲကြီးတစ်ရပ်လည်း ဖြစ်ပေသည်။

မြို့ဟောင်းမြို့ ကျောင်းသားသမဂ္ဂတွင် အောင်ထွန်းဖြူ(ကွယ်လွန်)သည် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး သမဂ္ဂလုပ်ငန်းတွင် မမောတမ်း မပန်းတမ်း ရိုးသားတည်ကြည်စွာဖြင့် ကျောင်းသားအရေးတော်ပုံကို ကိုယ်ကျိုးမဖက် ဆောင်ရွက်ခဲ့သူတစ်ဦး ဖြစ်ပေသည်။

**ကျောင်းသားသမဂ္ဂ လှုပ်ရှားဆောင်ရွက်မှု**

၁၉၂၀ ခု တက္ကသိုလ်များ ကျောင်းသားသပိတ် ၁၉၃၆ ခု တက္ကသိုလ်နှင့် ကျောင်းသားများ၏ ကျောင်းသားသပိတ်လှုပ်ရှားမှုများသည်၊ တပြည်လုံးရှိ ကျောင်းသားများအား မီးမောင်းထိုးပြဘိသကဲ့သို့ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးစိတ်ဓာတ်ကို ပေါက်ပွားစေခဲ့လေသည်။

ထိုသပိတ်များ၏ လှုပ်ရှားမှုအောက်တွင်ပင် မြို့ဟောင်းမြို့လည်း ကျောင်းသားသမဂ္ဂသည် ပေါက်ပွားလာသည်ဟုပင် ဆိုရပေမည်။ ကျောင်းသားသမဂ္ဂသည် ကျွန်ပညာရေးကို ဆန့်ကျင်တိုက်ခိုက်ရင်း အမျိုးသားရေး ပြဿနာများတွင်လည်း တစ်ဖက်တစ်လမ်းမှ ပါဝင်လှုပ်ရှားကြပေသည်။

ထိုအချိန် ၁၉၃၈ ခုနှစ် ရေနံမြေ၊ ချောက် အလုပ်သမားအရေးအခင်း၊ ပဲခူး၊ တောင်သူလယ်သမား အရေးအခင်းများတွင် ကျောင်းသားများသည် အမျိုးသားအရေးအခင်းအဖြစ် ပါဝင်ဆောင်ရွက်ကြပေသည်။ ယင်းဆောင်ရွက်မှုကို အကြောင်းပြု၍ ကျောင်းသားခေါင်းဆောင်အချို့မှာ နယ်ချဲ့သမား အုပ်စိုးသူများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကို ခံကြရသည်။ ကျောင်းသားခေါင်းဆောင်များ ဖမ်းဆီးခံရခြင်းကြောင့်၊ ကျောင်းသားများ အတွင်းဝန်ရုံးကို ဝိုင်း၍ဆန္ဒပြကြသည်။ ကျောင်းသားများကို အစိုးရက မြင်းနှင့်တိုက်၊ နံပတ်တုတ်များဖြင့် ရိုက်နှက်နှိပ်ကွပ်ကြရာ ထိုအရေးအခင်းတွင် ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် သေဆုံးပြီး ကျောင်းသား (၉၈)ဦးထိခိုက်ဒဏ်ရာ ရရှိကြသည်။ ကျောင်းသားအချို့နှင့် သခင်ခေါင်းဆောင်များကို ထပ်မံ ဖမ်းဆီးကြပြန်သည်။

ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် ကျဆုံးမှုကို အကြောင်းပြု၍ တပြည်လုံး ကျောင်းသားသပိတ် ပေါ်ပေါက်ခဲ့ရပေသည်။ ယင်းအချိန် မြို့ဟောင်းမြို့တွင်လည်း ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ကိုအောင်ထွန်းဖြူ(ကွယ်လွန်)၏ ရှေ့ဆောင်သော ကျောင်းသားသပိတ်ကြီးသည် ပေါ်ပေါက်လာခဲ့ပေသည်။ ကျောင်းသားသပိတ်ကြီး စတင်မည့်အချိန်တွင် သပိတ်ကို ဖျက်ဆီးရန်အတွက် နယ်ချဲ့လက်ပါးစေပုလိပ်များသည် ဝိုင်းဝန်းမွှေနှောက်ခြင်း ခြိမ်းခြောက်ခြင်း စသောပြုမူချက်များကို လုပ်ဆောင်ကြသည်။ ပုလိပ်များ ပိုက်စိပ်တိုက် ရှာဖွေမှုကြားမှပင် ကျောင်းသားများသည် ထိုသပိတ်တိုက်ပွဲကို အောင်မြင်စွာ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ပေသည်။

ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော် သပိတ်တိုက်ပွဲတွင် စစ်တွေကျောင်းသားသမဂ္ဂမှ ခေါင်းဆောင်များဖြစ်ကြသော မျိုးချစ်ကိုကျော်ဦး၊ မျိုးချစ် ကိုစောထွန်း စသော ပုဂ္ဂိုလ်တို့သည် မြို့ဟောင်းမြို့ကျောင်းသား သပိတ်တိုက်ပွဲသို့ လာရောက်ပြီး ရှေ့ဆောင်အားပေးခြင်း၊ ညလူထုတရားပွဲများ ကျင်းပပြုလုပ်ခြင်း စသည်တို့ကို ဆောင်ရွက်ပေးခဲ့ပေသည်။ မြို့ဟောင်းမြို့ကျောင်းသားသပိတ်သည် ရခိုင်တပြည်လုံး ကျောင်းသားသပိတ်ကဲ့သို့ အုပ်စိုးသူများအား အထိနာစေခဲ့သော သပိတ်ကြီးပင်ဖြစ်ပေသည်။

## (၅) တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး

ရခိုင်ပြည်တွင် ၁၉၃၀ ခုနှစ်မှစ၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးအင်အားစုဖြစ်သည့် ရခိုင်တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကို ထူထောင်ခဲ့ကြပေသည်။ ယင်းအဖွဲ့အစည်းမှ ခေါင်းဆောင်များဖြစ်ကြသော ဦးသာဇံလှ၊ ဦးအောင်ထွန်းဦး၊ ဦးစံရွှေ (ဒို့လက်ရုံး) ဦးဘစံ (ဓညစံ)၊ ဦးမြထွန်း (ရှေ့နေ)၊ ဆရာတော် ဦးစိန္တာ၊ ဆရာတော် ဦးပညာသီဟ စသော ပုဂ္ဂိုလ်များသည် ရခိုင်ပြည်အတွင်းရှိ မြို့နယ်များသို့ နယ်ဆင်းပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးများကို မနားတမ်းဟောပြောခြင်း၊ စည်းရုံးဆော်ဩခြင်းများကို ပြုလုပ်ကြပေသည်။ အထူးသဖြင့် မြို့ဟောင်းမြို့နယ်တွင် ဦးစံရွှေ (ရှေ့နေကြီး)တို့သည် မြို့ဟောင်းမြို့သို့ မကြာခဏ လာရောက်ပြီး လူထုဟောပြောပွဲများကို ပြုလုပ်ကာ စည်းရုံးရေးလုပ်ငန်းများကို ဖောက်ချလုပ်ကိုင်ခဲ့ကြပေသည်။ ၁၉၃၂-၃၃ ခုနှစ်တွင် မြို့ဟောင်းမြို့နယ်၌ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးကို စတင်ဖွဲ့စည်းခဲ့ပေသည်။ ထိုအဖွဲ့တွင် ဦးကျော်ထွန်းဦး(ရှေ့နေ)က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဦးငနီ(နကန်)၊ ဦးစောလှဖြူ (ကျောင်းဆရာ)၊ ဦးသာထွန်းအောင် (ဘောင်းဒွတ်ကျောင်းဆရာ)၊ ဦးလှအောင်(ကျောင်းဆရာ)၊ ဦးဖိုးသာဝ(သခင်ထွန်း)၊ ဦးစိန်ထွန်းဖြူတို့က အဖွဲ့ဝင်များအဖြစ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ယင်းအချိန်က တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံး၏ အဓိကရည်မှန်းချက်မှာ ရခိုင်သမ္မတနိုင်ငံ ထူထောင်ရေးပင်ဖြစ်သည်။ ထိုအဖွဲ့အစည်းမှ အဓိကလက်ငင်း ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်(၃)ရပ်ကို ချမှတ်ခဲ့ပေသည်။

ယင်းတို့မှာ-

(က) သီးစားခလျှော့ပေါ့ရေး

(ခ) မြေခွန်လျှော့ပေါ့ရေး

(ဂ) လူခွန်မကောက်ခံရေး တို့ဖြစ်ပေသည်။

တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်အရုံးသည် ဖော်ပြပါလုပ်ငန်းစဉ် (၃)ရပ်နှင့် ပတ်သက်၍ မြို့ဟောင်းမြို့နယ်လူထုအတွင်းသို့ သွားရောက်ပြီး ဟောပြောခြင်း၊ စည်းရုံးဆောင်ရွက်ခြင်းများကို လုပ်ကိုင်ခဲ့သည်၊ ယင်းအပြင် အင်္ဂလိပ်အရင်းရှင်တို့၏လုပ်ငန်းများကို ဆန့်ကျင်သောလုပ်ရပ်များကိုလည်း လူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပေသည်။ အင်္ဂလိပ်အရင်းရှင်ကုမ္ပဏီသည် ရခိုင်ပြည်ရှိ သယံဇာတအရင်းအမြစ်များကို ဖော်ထုတ်လုပ်ကာ ယင်းတို့၏အကျိုးအမြတ်အတွက် ထုတ်လုပ်ရောင်းချရန် စီမံကိန်းများ ရေးဆွဲခဲ့ပေသည်။ ယင်းအနက် မြို့ဟောင်းလေးမြို့ချောင်းဒေသတွင် စက္ကူစက်ကြီးတစ်စက် တည်ဆောက်ရန် စိုင်းပြင်းခဲ့ပေသည်။ ယင်းအချိန် မြို့ဟောင်းမြို့နယ်မှ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးသည် လက်ငင်းဖြစ်ပေါ်နေသော နိုင်ငံရေးဖြစ်ရပ်များအပေါ် အခြေခံကာ စက္ကူစက်ကြီး တည်ဆောက်ရေးကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့ပေသည်။ စက္ကူစက်ကြီးတည်ဆောက်လာပါက ဝါးတောများကို ကြိုးဝိုင်းအဖြစ် သတ်မှတ်ရမည်ဖြစ်ရာ၊ ရခိုင်ပြည်သူလူထုအနေဖြင့်၊ အိမ်ယာဆောက်လုပ်နေထိုင်ရေးကို ထိခိုက်လာမည်က တစ်ချက်၊ စားသုံးပစ္စည်းဖြစ်သည့် ဆားဈေးကြီးလာမည်ကတစ်ချက် တို့ကြောင့် နယ်သူနယ်သားများအား စည်းရုံးလှုံ့ဆော်ကာ ကြိုးဝိုင်း-ကြိုးဝိုင်း၊ မီးရှို့-မီးရှို့ စသောကြွေးကြော်သံများဖြင့် တခဲနက်ဆန့်ကျင့် တိုက်ပွဲဝင်ခဲ့ကြပေသည်။

တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံးသည် သီးစားခလျှော့ပေါ့ရေး၊ မြေခွန်လျှော့ပေါ့ရေး၊ လူခွန်မကောက်ခံရေး၊ စသောလုပ်ငန်းရပ်များကို တစ်စတစ်စတိုးချဲ့စည်းရုံးဆောင်ရွက်ခဲ့ရာ၊ မြို့နယ်တစ်ခုလုံးသို့ ပျံ့နှံ့ခဲ့လေသည်။ မြို့ဟောင်းမြို့နယ်၊ အရှေ့ပိုင်းဒေသတွင် သခင်ရန်ကြီးအောင် (ပိုးဖြူကျွန်း)၊ သခင်ယာတော(ပြုတ်ချောင်း)၊ ဦးအင်္ဂါဖြူ (ချောင်းသစ်)၊ ဦးအောင်သာဦး (ခြိတ်ချောင်းဘုရားကြီး)တို့ကလည်းကောင်း၊ မြို့ဟောင်းမြို့မြောက်ပိုင်းဒေသတွင် ဦးမောင်သာထွန်း (ပုဇွန်ဖေ)၊ ဦးထွန်းမြဦး(ထမ္မာရာဇ်)၊ ဦးချမ်းလှဦး (ထမ္မရာဇ်)၊ ဦးဂန္ဓမာ (ဝေသာလီ)၊ ဦးဖြူလှ(သံချောင်း)၊ ဦးလူလှ(သံချောင်း)၊ ဦးဝမ်းဖားချေ (မောင်ရှိကန်)၊ ဦးငမဲ(ထီးတတ်)တိန်ညို၊ ဦးငချမ်း(ထိပ်ဝပြင်)၊ တို့ကလည်းကောင်း၊ မြို့ဟောင်းမြို့တောင်ပိုင်းဒေသတွင်

ဦးသာထွန်းအောင်(ကျောင်းဆရာ) ဘောင်းဒွတ်၊ ဦးလှအောင်(သံရှင်ပြင်)၊ ဦးစိန်ထွန်းဖြူ (မောင်းဆွဲ)၊ ဦးမောင်စံ(မောင်းဆွဲ)၊ တို့ကလည်းကောင်း၊ ဦးသောကြာအောင် (ကျောင်းဆရာကြီး) မြောင်းဘွေတို့ကလည်းကောင်း၊ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား အစည်းအရုံး၏ လက်ငင်းဆိုင်ရာလုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် မနားတမ်း၊ မမောတမ်း၊ ပါဝင်ဆောင်ရွက် တိုက်ပွဲဝင်ခဲ့ကြလေသည်။

## (၆) စစ်ကြိုခေတ်မြို့ဟောင်းမြို့နယ်

၁၉၃၉ ခုနှစ်၊ ဖက်ဆစ်ဂျာမဏီသည် ဥရောပတိုက်တွင် အဘီဆီနီယားအား စတင်တိုက်ခိုက်သိမ်းပိုက်မှုဖြင့် ဒုတိယကမ္ဘာစစ်ကြီးကို ဖန်တီးလေတော့သည်။ အာရှတိုက်တွင်လည်း တရုပ်ပြည်ကြီးအား ၁၉၃၇ ခုနှစ်မှစ၍ ကျူးကျော်ဝင်ရောက်တိုက်ခိုက်နေသော ဖက်ဆစ်ဂျပန်သည် အာရှတိုက်၏ သာတူညီမျှကောင်းစားရေးဝါဒကို အသံကောင်းဟစ်၍ ဗြိတိသျှ၊ ပြင်သစ်တို့၏ ကိုလိုနီနိုင်ငံများကို တိုက်ခိုက်သိမ်းပိုက်ရန် စိုင်းပြင်းလာလေသည်။

အရှေ့တောင်အာရှတွင် ကိုလိုနီပိုင်ရှင် ဗြိတိသျှတို့၏ အားအကိုးရဆုံး၊ စိတ်အချရဆုံး ခံတပ်ကြီးဖြစ်သော စင်္ကာပူခံတပ်ကြီးသည် ၁၉၄၀ ခုနှစ်တွင် ဂျပန်၏သိမ်းပိုက်မှုကို ခံရလေတော့သည်။

စင်္ကာပူခံတပ်ကြီး ကျဆုံးသည်နှင့်အမျှ ကိုလိုနီပိုင်ရှင် နယ်ချဲ့သမား ဗြိတိသျှအစိုးရသည် မိမိပိုင် ကိုလိုနီနိုင်ငံဖြစ်သော မြန်မာပြည်အတွင်းရှိ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး ခေါင်းဆောင်များကို ပုဒ်ထီး၊ ပုဒ်မအမျိုးမျိုးတပ်၍ ဖမ်းဆီးမှုများကို ပြုလုပ်လာလေသည်။

## လက်ပါးစေပုလိပ်များ ပိုက်စိတ်တိုက် ရှာဖွေဖမ်းဆီးခြင်း

အလားတူ မြို့ဟောင်းမြို့နယ်တွင်လည်း နယ်ချဲ့သမား ဗြိတိသျှအစိုးရ၏ သစ္စာတော်ခံလက်ပါးစေ၊ ပုလိပ်များသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးခေါင်းဆောင်များအား ဖမ်းဆီးရန် နေ့မရွေး၊ ညမရွေး ချောင်ကြိုချောင်ကြားမကျန် ပိုက်စိတ်တိုက် မွှေနှောက် ရှာဖွေလေတော့သည်။

## ဖမ်းဆီးခံရခြင်း

ဤသို့လက်ပါးစေ ပုလိပ်များ ပိုက်စိတ်တိုက် ရှာဖွေမွှေနှောက်ရာတွင် ရှောင်တိမ်း၍ လွတ်မြောက်သည့် ပုဂ္ဂိုလ်များရှိဘိသကဲ့သို့ ဖမ်းဆီးခံရသည့် ပုဂ္ဂိုလ်အချို့လည်း ရှိပေသည်။ ဖမ်းဆီးခံရသော ပုဂ္ဂိုလ်အချို့မှာ- ဦးမောင်သာထွန်း(ပုဇွန်ဖေ)၊ ဦးအောင်သာဦး(ခြိတ်ချောင်းဘုရားကြီး)တို့ ဖြစ်လေသည်။

ဦးမောင်သာထွန်း(ပုဇွန်ဖေ)နှင့် ဦးအောင်သာဦး (ခြိတ်ချောင်းဘုရားကြီး)တို့ကို မြို့ဟောင်းမြို့အချုပ်ခန်းတွင် ထားရုံထားပြီး စစ်တွေထောင်ချုပ်မှတဆင့် ဆက်၍ အိန္ဒိယပြည် ဒိုင်နာစပူထောင်သို့ ပို့ဆောင်လေတော့သည်။

ဦးအောင်သာဦး(ခြိတ်ချောင်းဘုရားကြီး) မှာ စစ်အတွင်း ဒိုင်နာစပူထောင်တွင်ပင် ကွယ်လွန်သွားခဲ့သည်။ ဦးမောင်သာထွန်း (ပုဇွန်ဖေ)မှာ စစ်ပြီးခေတ် ပြန်လွတ်လာပြီး၊ မိမိကျေးရွာ ပုဇွန်ဖေရွာ၌ပင် ကွယ်လွန်သွားပြီး ဖြစ်လေသည်။

## လက်နက်ကိုင်အင်အားစု ပေါ်ပေါက်လာခြင်း

နယ်ချဲ့လက်ပါးစေ ပုလိပ်များ၏ ဖမ်းဆီးခြင်းမှ ရှောင်တိမ်းနေကြသော နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေးခေါင်းဆောင်များအထဲမှ အချို့တို့သည် ရရာလက်နက်များကို စုဆောင်းပြီး လက်နက်ကိုင်တပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ကြသည်။ ယင်းတပ်ဖွဲ့များမှာ မြို့ဟောင်းမြို့နယ်တောင်ပိုင်းတွင် ဦးထွန်းလှအောင် ခေါင်းဆောင်သောတပ်ဖွဲ့၊ မြို့ဟောင်းမြို့နယ်မြောက်ပိုင်းတွင် ဦးထွန်းမြဦး၊ ဦးချမ်းလှဦးခေါင်းဆောင်သောတပ်နှင့် ဦးဂန္ဓမာခေါင်းဆောင်သော တပ်များပင်ဖြစ်သည်။

အဆိုပါတပ်များသည် ဗြိတိသျှနယ်ချဲ့သမား တပ်များအား ယင်း၏အင်အားကိုလိုက်၍ ရင်ဆိုင်သော်လည်းကောင်း၊ ချောင်းမြောင်း၍သော်လည်းကောင်း၊ တိုက်ခိုက်ရန် စုဆောင်းခဲ့သော တပ်ဖွဲ့များပင် ဖြစ်လေသည်။

## ကုလား၊ ရခိုင်အဓိကရုဏ်း

ဗြိတိသျှနယ်ချဲ့အစိုးရသည် အိန္ဒိယပြည်မှ ကုလားများကို ရခိုင်ပြည်အတွင်းသို့ တံခါးမရှိ၊ ဓားမရှိ ဝင်ထွက်ခွင့်ပြုခဲ့လေ

သဖြင့် ကုလား၊ ရခိုင်အဓိကရုဏ်းသည် မြေပုံမြို့နယ်တွင် စတင်ဖြစ်ပွားခဲ့ပြီးနောက် ထိုအဓိကရုဏ်းကြီးသည် မြေပုံမြို့မှတဆင့် မင်းပြားမြို့နယ်၊ မင်းပြားမြို့မှတဆင့် မြို့ဟောင်းမြို့သို့ တမဟုတ်ချင်း ကူးစက်လာပြီး၊ မြို့ဟောင်းမြို့နယ်တွင်လည်း ကုလား၊ ရခိုင်အဓိကရုဏ်းကြီးသည် ဖြစ်ပွားခဲ့လေသည်။

## မြို့အုပ်ချုပ်ရေးအဖွဲ့၊ ဖွဲ့စည်းတာဝန်ယူဆောင်ရွက်ကြခြင်း

ဤသို့သော အခြေအနေတွင် မြို့ဟောင်းမြို့ပေါ်ရှိ ဗြိတိသျှကိုလိုနီ အစိုးရ၏ ဝန်ထမ်းများဖြစ်ကြသော နယ်ပိုင်၊ စာရေး၊ စာချီနှင့် ပုလိပ်စသော ပုဂ္ဂိုလ်များတို့သည်၊ မိမိတို့၏လုပ်ငန်းခွင်နှင့် တာဝန်များကို မဆောင်ရွက်ရဲကြဘဲ၊ လုပ်ငန်းခွင်မှလည်းကောင်း၊ တာဝန်ချိန်မှလည်းကောင်း၊ ရှောင်တိမ်းကြတော့သည်။

မြို့ပေါ်တွင် အုပ်ချုပ်သူမရှိသည့်အလား ဖြစ်နေသောအချိန်တွင် မြို့ရွာငြိမ်ဝပ်ပိပြားရေး အေးချမ်းသာယာရေးတို့ကို ရှေ့ရှု၍ မြို့ပေါ်မှ လူလတ်ပိုင်းများ ဖြစ်ကြသော ဦးမောင်ကျော်(ယခုစစ်တွေ) ရှေ့နေ၊ ဦးမောင်ထွန်းအောင်(ကွယ်လွန်)၊ ဦးကျော်ဇံခိုင်(ကွယ်လွန်)မြို့ဟောင်းမြို့နယ် ဖဆပလဥက္ကဋ္ဌဟောင်းနှင့် အပေါင်းပါများသည်၊ တိုင်းလုံးဆိုင်ရာ တိုင်းရင်းသား ခေါင်းဆောင် ဦးကျော်ထွန်းဦးတို့နှင့် ညှိနှိုင်းပြီး အုပ်ချုပ်မှုတာဝန်ကို ထမ်းဆောင်ကြလေတော့သည်။

## အပျော်တမ်းတပ်ဖွဲ့ ပေါ်ပေါက်လာခြင်း

ဤအချိန် မြို့ဟောင်းမြို့သို့ စစ်ပြေးဒုက္ခသည်များအဖြစ် စစ်တွေမှပြောင်းရွှေ့လာကြသော အိမ်ထောင်စုတို့မှာလည်း မနည်းလှပေ။ မြို့ဟောင်းမြို့သည် ယင်းအချိန်တွင် အလွန်စည်ကားသော မြို့တစ်မြို့အသွင်ဆောင်လျက် ရှိနေပေသည်။ မြို့ပေါ် အပျော်တမ်းတပ်ဖွဲ့တွင် စစ်တွေမှပြောင်းလာသော လူငယ်များနှင့် မြို့ဟောင်းမြို့နယ်မှ လူငယ်များကာ ပါဝင်ကြလေသည်။

အပျော်တမ်းတပ်ဖွဲ့၏ခေါင်းဆောင်မှာ စစ်တွေမှ ဝတ်လုံတော်ရ ရှေ့နေကြီး ဦးစံရွှေဘုပင် ဖြစ်လေသည်။ အပျော်တမ်းတပ်ဖွဲ့မှကိုင်ဆောင်သော လက်နက်များမှာ ပုလိပ်များထံမှ လက်နက်များနှင့် မြို့ပေါ်ရှိလိုင်စင်ဖြင့် ကိုင်ဆောင်သောလက်နက်များပင် ဖြစ်သည်။ အပျော်တမ်းတပ်ဖွဲ့သည် နံနက်ချိန်တွင် စစ်ရေးလေ့ကျင့်မှုများကို အမြဲပြုလုပ်ပြီး နေ့ကင်း၊ ညကင်း၊ လှည့်ကင်းများခွဲကာ၊ မြို့လုံခြုံရေးကို စောင့်ရှောက်ကြလေသည်။

အပျော်တမ်းတပ်ဖွဲ့သည် မြို့လုံခြုံရေးကို ထမ်းဆောင်ရင်း အခြားတစ်ဘက်တွင် ကုလားရခိုင်အဓိကရုဏ်း၌ ပါဝင်သင့်သည့်အပိုင်းတွင်လည်း ပါဝင်ဆောင်ရွက်ကြလေသည်။ မြို့ဟောင်းမြို့နှင့်အနီး ဘောင်းဒွတ်ရခိုင်ရွာကို ဘောင်းဒွတ်ကုလားရွာက ဝိုင်းဝန်းပြီး တိုက်ခိုက်ရန် စီစဉ်နေပြီဟူသော သတင်းပေးပို့ချက်အရ အပျော်တမ်းတပ်ဖွဲ့သည် ဦးဂန္ဓမာတပ်နှင့် ပူးပေါင်းပြီး ဘောင်းဒွတ်ကုလားရွာသို့ သွားရောက်တိုက်ခိုက်ကြသည်။ ယင်းတိုက်ပွဲတွင် ဦးဂန္ဓမာမှာ စစ်ရေးခေါင်းဆောင်ဖြစ်ပြီး၊ အုပ်ချုပ်ရေးမှူးမှာ ဦးစောလှဖြူပင် ဖြစ်လေသည်။

## (၇) ဗိုလ်ရန်အောင်တပ် ရောက်ရှိလာခြင်း

၁၉၄၂-ခု ဧပြီလတွင် ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေး တပ်မတော်မှ ဗိုလ်ရန်အောင် တပ်ရင်းသည်၊ ရခိုင်ပြည်ဒေသသို့ ရောက်ရှိလာလေသည်။ ဗိုလ်ရန်အောင်တပ်ရင်းမှ ဗိုလ်အာဋ္ဌါဝကတပ်ခွဲသည် မြို့ဟောင်းမြို့တွင် အခြေစိုက်စခန်းချလေသည်။ ဗိုလ်ရန်အောင်တပ်ရောက်ပြီး မရှေးမနှောင်းမှာပင် ဗိုလ်ရန်အောင်တပ်နှင့် တစ်ပါတည်းပါလာသော ကိုမြတို့ စီစဉ်ဆောင်ရွက်မှုဖြင့် မြို့ပြအုပ်ချုပ်ရေးများကိုလည်း ဖွဲ့စည်းလာကြလေသည်။

မြို့ဟောင်းမြို့တွင် အခြေစိုက်သော ဗိုလ်အာဋ္ဌါဝက တပ်ခွဲသို့ မြို့ဟောင်းမြို့နယ်မှ မျိုးချစ်လူငယ်များသည်၊ ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေး တပ်မတော်သို့ ခြေစုံပစ် ဝင်ရောက်ကြလေသည်။ မြို့ဟောင်းမြို့မှ ဝင်ရောက်ကြသော ရဲဘော်များကို စစ်တွေရှိတပ်ရင်း အခြေစိုက်စခန်းသို့ ပို့ပြီး အခြေခံစစ်ရေးသင်တန်းများကို တက်ရောက်လေ့ကျင့်သင်ကြားစေသည်။ ရဲဘော်များသည်၊ စစ်ရေးသင်တန်းကို အပြင်းအထန် လေ့ကျင့်သင်ကြားပြီးနောက် ရဲဘော်ပီသစွာဖြင့် တိုင်းပြည်မှပေးအပ်လာသော တာဝန်များကို ရွတ်ရွတ်ချွန်ချွန် ထမ်းဆောင်ကြလေသည်။

ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်ရန်အောင်တပ်ရင်း ရခိုင်ဒေသမှ ရုပ်သိမ်းပြီး ပြည်မသို့ ပြောင်းရွှေ့သွားသည့်တိုင်အောင် မြို့ဟောင်းမြို့နယ်မှ အချို့ရဲဘော်များသည် တပ်မှနုတ်ထွက်ခြင်းမရှိကြဘဲ တပ်မတော်နှင့်တစ်ပါတည်း

တပ်မတော်ရဲဘော်ဘဝဖြင့်၊ ပြည်မသို့ အတူလိုက်ကာ တပ်မတော်၏ ဘဝအဆက်ဆက်တွင် မဆုတ်မနစ်သော ဖွဲလုံ့လဖြင့် ထမ်းဆောင်ကြသော ရဲဘော်များလည်း ယခုထက်တိုင် အသက်ထင်ရှားရှိနေသူများလည်း ရှိကြပေသေးသည်။ ယင်းရဲဘော်ကြီး တို့မှာ ပဲခူးဗိုလ်မှူး စံရွှေ၊ သရက်ကမ္မဗိုလ်ကြီးကျော်ဇော၊ ဗိုလ်မြထွန်း (မန္တလေး) စသော ရဲဘော်များပင် ဖြစ်ကြလေသည်။

ဗိုလ်ရန်အောင်တပ်ရင်း ရခိုင်ဒေသသို့မရောက်မီ ရခိုင်ပြည် စစ်တွေခရိုင်ဘက်တွင် ပေါ်ပေါက်ခဲ့သော ရခိုင်မျိုးချစ် လက်နက်ကိုင် အင်အားစုများထဲတွင် အပါအဝင်ဖြစ်သည့် မြို့ဟောင်းမြို့နယ်မှ ဦးထွန်းမြဦး၊ ဦးချမ်းလှဦး ခေါင်းဆောင်သောတပ်၊ ဦးဂန္ဓမာခေါင်းဆောင်သော တပ်တို့မှ ကိုင်ဆောင်သော လက်နက်များကို ဘီ-အိုင်-အေ တပ်တွင် အပ်နှံကြရလေသည်။ မြို့နယ်ရှိ လိုင်စင်ဖြင့် ကိုင်ဆောင်နေကြရသော တစ်ဦးချင်းလက်နက်များကိုလည်း အပ်နှံကြရလေသည်။

ဘီ-အိုင်-အေ တပ်ဖွဲ့သည် ရခိုင်ပြည်တွင် ပေါ်ပေါက်ခဲ့သော လက်နက်ကိုင်တပ်ဖွဲ့များနှင့် ပတ်သက်၍ အရေးယူလို သည့် သဘောရှိလေသည်။ မင်းပြားမြို့နယ်မှ ပေါ်ပေါက်သော ဦးသိန်းကျော်အောင် တပ်ကိုလည်း အရေးယူလိုသည့် ဆန္ဒရှိမှု ကြောင့် သက်ဆိုင်ရာ ရခိုင်ခေါင်းဆောင်အချို့နှင့် ဗိုလ်ရန်အောင်တို့ အကြိတ်အနယ် ဆွေးနွေးပြီးမှ ပြေလည်သွားလေသည်။

ဘူးသီးတောင်၊ မောင်းတောဘက်တွင် ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေး တပ်မတော်နှင့် ကုလားအမျိုးသားများ တိုက်ပွဲဖြစ်ကြပြီး မကြာသောအချိန်မှာပင် ဗိုလ်ရန်အောင်တပ်ရင်းသည် ရခိုင်ဒေသမှ ရုပ်သိမ်းပြီး ပြည်မသို့ ပြောင်းရွှေ့သွားရ လေသည်။

## (၈) ဆရာတော် ဦးပညာသီဟ၊ ဗိုလ်ကြာလှအောင်၊ ဗိုလ်စစ်၊ ဗိုလ်အောင် စသော နယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများ၊

မြို့ဟောင်းမြို့နယ်မှ ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်အာဠာဝက တပ်ခွဲရုပ်သိမ်းပြီးနောက်ပိုင်း၊ တိုင်းလုံးဆိုင်ရာတိုင်းရင်းသားခေါင်းဆောင်လည်းဖြစ်၊ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးအတွက် လက်နက်ကိုင် ခေါင်းဆောင်လည်းဖြစ်သော ဆရာတော်ဦးပညာသီဟသည် ဗိုလ်ကြာလှအောင်၊ ဗိုလ်စစ်၊ ဗိုလ်အောင်၊ စသောရဲဘော်များနှင့်အတူ မြို့ဟောင်းမြို့ ဇိနမာန်အောင် ဘုန်းတော်ကြီးကျောင်းအတွင်း နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်လပ်ရေးအတွက် လက်နက် ကိုင်တပ်ဖွဲ့ကြီးကို စုစည်းတိုးချဲ့ ဖွဲ့စည်းကြပြန်သည်။ မြို့ဟောင်းမြို့ ဘောလုံးကွင်းနှင့် ဇိနမာန်အောင်ကွင်းတွင် စစ်ဆင်ရေး နည်းဗျူဟာနှင့် စစ်လက်နက်ကိုင်ဆောင်ပုံ ကိုင်ဆောင်နည်းစသည့် စစ်ရေးပြသင်တန်းကို အချိန်အတော်ကြာ တက်ရောက်ကြရ လေသည်။

အလားတူ ဘီ-အိုင်-အေ တပ်ဖွဲ့ဝင်တပ်သား (၇၈)ယောက်တို့လည်း၊ မြို့ဟောင်းမြို့ ရှစ်သောင်းဘုရားအနီး ဓမ္မာရုံတွင် စခန်းချပြီး၊ သျှစ်သောင်းဘုရားကွင်းတွင် တစ်လခန့် စစ်သင်တန်းတက်ရောက်ကြလေသည်။ စစ်သင်တန်းတက်ရောက်ပြီးနောက် ဦးမောင်စောဦးအား ဗိုလ်ကြီးအဖြစ် ခန့်အပ်ပြီး ဦးစံရွှေထွန်း(မြောက်ဦး)အား ဒုဗိုလ်အဖြစ် ခန့်အပ်လေသည်။ ယင်းတပ်ဖွဲ့နှင့် ဗိုလ်မှူး ကြာလှအောင်တပ်တို့ ပူးပေါင်းပြီး ပူးတွဲစစ်ဆင်ရေး အစီအစဉ်များကို ရေးဆွဲချမှတ်ကြလေသည်။ ချမှတ်သော စစ်ဆင်ရေးအစီအစဉ်အရ ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာတွင် တပ်စွဲနေကြသော နယ်ချဲ့အင်္ဂလိပ်စစ်တပ်ကို ပွဲဦး ထွက် ထိုးစစ်ဆင် တိုက်ခိုက်ကြလေသည်။ ထိုတိုက်ပွဲကို အောင်မြင်စွာ တိုက်ခိုက်ပြီးနောက် မူလရည်ရွယ်ရင်းဖြစ်သော ပလက်ဝ နယ်ဘက်ရှိ အင်္ဂလိပ်နယ်ချဲ့စစ်တပ်အား တိုက်ခိုက်ရန် ဗိုလ်မှူးကြာလှအောင် ဦးစီးပြီး ချီတက်တိုက်ခိုက်ကြလေသည်။

## (၉) ဂျပန်လက်အောက် မြို့ဟောင်းမြို့

ဂျပန်လက်အောက် မြို့ဟောင်းမြို့နယ်သည် မြို့ပိုင်ရုံးစိုက်နေသော မြို့အဆင့်မှ ခရိုင်အရေးပိုင် ဦးကျော်ထွန်းဦး၊ ဦးထွန်းဦးနှင့် ခရိုင်ရဲဝန်ကြီး ဆရာဦးဘိုးမြစိန်(ကျောင်းဆရာကြီး)တို့ ရုံးစိုက်သော ခရိုင်မြို့အသွင်သို့ ဆောင်လာပေသည်။

အာရှတိုက်၏ သာတူညီမျှကောင်းစားရေးကို ကြွေးကြော်ပြီး မြန်မာပြည်သို့ ရောက်ရှိလာသော ဂျပန်နိပွန် မစ္စတာအစိုး ရသည် မြန်မာပြည်အား ရွှေရည်စိမ်လွတ်လပ်ရေးကို ပေးပြီး လူမဆန်သော ဖက်ဆစ်အုပ်ချုပ်ရေးဖြင့် ဖိနှိပ်အုပ်ချုပ်စိုးမိုးလာ တော့သည်။ မြို့ဟောင်းမြို့နယ် အပါအဝင် ရခိုင်ပြည်သူလူထုတစ်ရပ်လုံးသည် ဂျပန်များ၏ဘုရား၊ ကျောင်းကန်၊ ပုထိုးများကို ဖျက်ဆီးခြင်း၊ အမျိုးသမီးများအား မတရားစော်ကားခြင်း၊ ချွေးတပ်ဆွဲခြင်း၊ အကြောင်းအမျိုးမျိုးပြကာ ဖမ်းဆီးပြီး၊ လက်သဲခွံခွာ ခြင်း၊ ရေပူလောင်းခြင်း၊ စသည့်မကောင်းမှု ဒုစရိုက်ဟူသမျှတို့ကို မရှုမလှ ခံစားလာကြရတော့သည်။

ဤသို့သောအချိန်တွင် ဖက်ဆစ်စနစ်ဖြင့် အုပ်ချုပ်နေသော ဂျပန်အား လက်နက်ကိုင်တိုက်ပွဲဖြင့် အဆုံးသတ်နိုင်မှသာ

ရခိုင်ပြည်အပါအဝင်၊ မြန်မာပြည်လွတ်လပ်ရေးကို ရနိုင်မည်ဟု ယုံကြည်ပြီး၊ ရခိုင်အမျိုးသားရေးကို ခေါင်းဆောင်နေသော တိုင်းလုံးဆိုင်ရာ၊ တိုင်းရင်းသားအစည်းအရုံးမှ ခေါင်းဆောင်အချို့ဖြစ်သော ဦးဘစံ၊ ဦးစံတင့်၊ ဦးဘော်လီ၊ ဦးသာကျော်၊ ဦးစိန်ထွန်းဖြူတို့သည် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးကြီးကို မြို့ဟောင်းမြို့နယ်၊ မောင်းဆွဲစခန်း၌ အခြေစိုက်ကြလေသည်။ အလားတူပင် ဂျပန်အား လက်နက်ကိုင် တိုက်ခိုက်ရန် မြေအောက်အစည်းအရုံးကို ခေါင်းဆောင်နေသော ဆရာတော်ဦးပညာသီဟသည် မြို့ဟောင်းမြို့နယ် ပျားတဲ၊ လောင်းရှည်ချောင်းနယ်မြေတွင် ယင်း၏တပ်ဖွဲ့ကို အခြေစိုက်ထူထောင်ပြီး ဖက်ဆစ်ဂျပန်အား တော်လှန်တိုက်ခိုက်ရန် စိုင်းပြင်းလာတော့သည်။

ဖက်ဆစ်ဂျပန်အား တော်လှန်ရန်အတွက် အိန္ဒိယပြည်ရှိ မဟာမိတ်များနှင့် ဆက်သွယ်၍ ဧရာမကြီးလေးသော မဟာတာဝန်ကြီးကို မကြောက်မရွံ့၊ မမောတမ်း၊ မပမ်းတမ်း ဖွဲလုံ့လဝိရိယဖြင့် မြို့ဟောင်းမြို့နယ် နကန်ကျေးရွာမှ ရဲဘော်ထွန်းအောင်ကျော်သည် အိန္ဒိယရှိ ဦးသိန်းဖေထံသို့လည်းကောင်း၊ ၎င်းမှပေးပို့သော လုပ်ငန်းရပ်များကို ပြည်မရှိခေါင်းဆောင်များသို့လည်းကောင်း၊ ကုန်းလမ်း ရေလမ်းခရီးဖြင့် အမျိုးမျိုးသော အန္တရာယ်များကို ရှောင်ကွင်းကာ သက်စွန့်ဆံဖျား ဆောင်ရွက်ခဲ့လေသည်။

မြို့ဟောင်းမြို့နယ် နကန်ရွာသား ရဲဘော်-ထွန်းအောင်ကျော်၏ ဆောင်ရွက်မှုကြောင့် ရခိုင်ခေါင်းဆောင်များနှင့် ပြည်မခေါင်းဆောင်များ၊ ပြည်မခေါင်းဆောင်၊ ရခိုင်ခေါင်းဆောင်များနှင့်၊ အိန္ဒိယပြည်ရှိ မဟာမိတ်ခေါင်းဆောင်များ အချင်းချင်း အဆက်အသွယ်ရရှိမှုကြောင့်၊ ဂျပန်တော်လှန်ရေးတွင် ကြီးမားသော အရှိန်အဟုန် မြင့်မားလာသည်ဆိုက မှားနိုင်မည်မဟုတ်ပေ။ နကန်ရွာသား ရဲဘော်ထွန်းအောင်ကျော်သည် ကိုလိုနီခေတ် တိုင်းလုံးဆိုင်ရာ တိုင်းရင်းသားအစည်းအရုံးမှသည် သူသေသည့် အချိန်ထိ ကိုယ်ကျိုးမဖက်ဘဲ၊ ခြေသလုံးအိမ်တိုင်ဘဝဖြင့်၊ ဥပဒေတွင်းနည်း လက်နက်ကိုင်နည်းများဖြင့် အမျိုးသားလွတ်မြောက်ရေးကို ရှေ့တန်းမှ ထမ်းဆောင်ခဲ့သည့် သမိုင်းတင်ရမည့် ရဲဘော်ကြီးတစ်ဦး ဖြစ်ပေသည်။

နေမြင့်လေ အရှူးသဲလေဆိုဘိအလား နီပွန်ဖက်ဆစ်ဂျပန်တို့သည်၊ တာရှည်လေ ကြမ်းတမ်းမှု ရက်စက်မှု၊ ယုတ်မာမှုများ ပို၍ပို၍ ဆိုးဝါးလေ ဖြစ်လာပေသည်။ နီပွန်ဖက်ဆစ်ဂျပန်တပ်များ၏ ဆိုးဝါးမှုအောက်တွင် တာရှည်သည်းမခံနိုင်ကြသော ရခိုင်အမျိုးသားခေါင်းဆောင်များသည် ဂျပန်ဆန့်ကျင်ရေး မြေအောက်စည်းရုံးမှုလုပ်ငန်းကို ဇောက်ချ၍ လုပ်ဆောင်လာကြတော့သည်။

မဟာမိတ်များနှင့် ပူးပေါင်းရန်၊ လေထီးအပါအဝင် စစ်ပညာများသင်ရန် မဟာမိတ်များရှိရာ အိန္ဒိယပြည်သို့ မြို့ဟောင်းမြို့မှ ရဲဘော်မောင်စောဖြူ (ယခု နိုင်ငံဂုဏ်ရည် ဒုတိယဆင့်)၊ ရဲဘော်ကျော်ဖြူ (လက္ကာ) ကွယ်လွန်တို့ သွားရောက်ကြလေသည်။

မဟာမိတ်များထံမှလည်း ရခိုင်ပြည်ရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုများသို့ ဆက်သွယ်ရေးကိရိယာဖြစ်သော ကြိုးမဲ့ကြေးနန်း (ဝိုင်ယာလက်)များကို ပို့ပေးလာတော့သည်။ မြို့ဟောင်းမြို့နယ် ပျားတဲလောင်းရှည်ချောင်းစခန်းတွင်လည်း ဆက်သွယ်ရေးကြိုးမဲ့ကြေးနန်းစက်များ ရောက်ရှိလာလေသည်။

မြို့ဟောင်းမြို့နယ်ရှိ ဖက်ဆစ်ဆန့်ကျင်ရေး အင်အားစုတို့မှ ထောက်လှမ်းစီစဉ်ချက်အရ မြို့ဟောင်းမြို့နယ်အတွင်းရှိ လင်းမြွေတောင်တွင်ရှိသော ဂျပန်တပ်များသည်လည်းကောင်း သောက်စာတွင်း၊ အောင်တပ်၊ ဘောင်းဒွတ်ရှိ ဂျပန်တပ်စခန်းနှင့် မောင်းဆွဲတောင်တန်းနှင့် ဖောင်တော်ချောင်းရှိ ဂျပန်စခန်းများသည်လည်းကောင်း၊ ဆောက်တည်ရာမရအောင် မဟာမိတ်လေတပ်မှ ဗုံးဒဏ်၊ စက်သေနတ်ဒဏ်တို့ကို အလူးအလှိမ့် ခံစားလာကြရပေတော့သည်။

## <u>မြို့ဟောင်းမြို့နယ်မှ၊ ဂျပန်ကို လက်နက်ဖြင့် တော်လှန်ကြပြီ</u>

ဖက်ဆစ်ဆန့်ကျင့်ရေး၊ အမျိုးသားလွတ်မြောက်ရေးကို ခေါင်းဆောင်နေသော ရခိုင်အမျိုးသားတို့၏ ခေါင်းဆောင်ဆရာတော် ဦးပညာသီဟသည် ဖက်ဆစ်ဆန့်ကျင်ရေးတည်းဟူသော တစ်မျိုးသားလုံး အတိုင်းအတာအထ ကြီးကျယ်သော တာဝန်ကို မြို့ဟောင်းမြို့နယ် ပျားတဲ၊ လောင်းရှည်ချောင်းစခန်းတွင် အခြေချဆောင်ရွက်နေပေသည်။

ဆရာတော်၏အခြေချစခန်းဖြစ်သော ပျားတဲကျောင်းတိုက်ဘက်ရှိ ဗိုလ်နဂါးမီအပါအဝင် ဂျပန်များကို ၁၉၄၄ခု ဒီဇင်ဘာလ (၂၅)ရက်တွင် ဘုံပေါက်သာကျော်(မော်ကွန်း ဒုတိယဆင့်) ခေါင်းဆောင်သောအင်အားစုမှ စတင်တိုက်ခိုက်ခဲ့ကြပေသည်။ ဤတိုက်ပွဲမှစ၍ ဂျပန်အား လက်နက်ကိုင်နည်းဖြင့် တိုက်ခိုက်သည့် တော်လှန်ရေးလုပ်ငန်းသည် တစ်တိုင်းတစ်ပြည်လုံးသို့ ကျယ်ပြန့်သွားပေသည်။ မြို့ဟောင်းမြို့နယ်တွင် ဂျပန်များ ဆောက်တည်ရာမရတော့သောအခါ တစ်စ၊ တစ်စဆုတ်ခွာသွားကြရပေတော့သည်။ မြို့ဟောင်းမြို့တပ်စခန်းမှ ရေကြောင်းဖြင့် ဆုတ်ခွာသွားကြသော ဂျပန်နေဗီ (NAVY)များကို ငါးစလောင်း

ပေါက်အထွက်တွင် ဦးအောင်ထွန်းမြတို့ပါဝင်သော ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုနှင့် မဟာမိတ်တို့ ပူးပေါင်း၍ အထိနာသည် အထိ တိုက်ခိုက်ကြလေသည်။

**ဗြိတိသျှအစိုးရ ပြန်လည်ဝင်ရောက်လာခြင်း**

ဆာဒေါ်မန်စမစ်ကြီးမှူးသော ဆင်းမလားအစိုးရသည် စက္ကူဖြူစာတမ်းကို လက်ဝယ်ပိုက်၍ မြန်မာပြည်သို့ ဝင်ရောက်ကာ အုပ်ချုပ်ရေးကို စတင်ထူထောင်လေသည်။ ဗြိတိသျှနယ်ချဲ့အစိုးရသည် အတ္တလန်တိတ်စာချုပ် တိဟိရန်စာချုပ်တို့အရ မြန်မာပြည်တွင် ကိုယ်ပိုင်အုပ်ချုပ်ရေးကို ချမှတ်ရမည့်အစား၊ ယင်းတို့၏ ကိုလိုနီအုပ်ချုပ်ရေး ကျွန်သက်ရှည်ရေးကိုသာ ရုပ်လုံးဖော် လုပ်ဆောင်လာလေသည်။ အထူးသဖြင့် ဗြိတိသျှအုပ်ချုပ်ရေးခေတ်က စီမံအုပ်ချုပ်ခဲ့သော မြို့နယ်၊ ကျေးရွာအဆင့်တို့တွင် သူတို့၏အလိုတော်ရိဖြစ်ကြသော သူကြီးဟောင်းများနှင့် ပုလိပ်ဟောင်းများကိုသာ ခန့်ထားအုပ်ချုပ်စေလေသည်။

ယင်းအချိန် မြို့ဟောင်းမြို့တွင် မျက်နှာဖြူလူမျိုးဖြစ်သည့် ကပ္ပတိန်မိုးဆိုသော အရေးပိုင်က အုပ်ချုပ်နေလေသည်။ တစ်ချိန်တည်းမှာပင် မြို့ဟောင်းမြို့နယ်ရှိ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး အင်အားစုများသည်လည်း ဖဆပလအဖွဲ့ကို တောလက်ကျေးရွာများမှအပ အခြေခံဖွဲ့စည်းကာ၊ စည်းရုံးရေးလုပ်ငန်းများကို အင်တိုက်အားတိုက်လုပ်ဆောင်နေလေသည်။ မြို့ဟောင်းမြို့ရှိ အရေးပိုင် ကပ္ပတိန်မိုးသည် ယင်းသို့ကျေးလက်တောရွာများပါမကျန် စည်းရုံးလှုပ်ရှားနေသော ဖဆပလအဖွဲ့ကို မနာလိုမရှုစိမ့်နိုင်သဖြင့် ယင်း၏အုပ်ချုပ်ရေးတွင် ပါဝင်သော သူကြီးဟောင်းများနှင့် ပုလိပ်များကို အသုံးချကာ အမျိုးသားရေးအင်အားစုခေါင်းဆောင်များကို ပုဒ်ထိ၊ ပုဒ်မအမျိုးမျိုးတပ်ကာ ဖမ်းဆီးလေတော့သည်။ ဖမ်းဆီးခြင်းခံရသော ခေါင်းဆောင်များမှာ ဦးကျော်ထွန်းဦး (အထက်တန်းရှေ့နေ)၊ ဦးလှစောဖြူ (ကျောင်းဆရာ)၊ ဦးသာထွန်းအောင်(ကျောင်းဆရာ)၊ ဦးစိန်ထွန်းဖြူ (မောင်းဆွဲ)၊ သခင်ရန်ကြီးအောင် (ပိုးဖြူကျွန်း)၊ ဦးပေါ်ထွန်းအောင် (မြက်ရိတ်ကျွန်း)၊ ဦးမောင်နီ (နကန်)၊ ဦးဖိုးသာဝ (သခင်ထွန်း)တို့ ဖြစ်လေသည်။

အုပ်စိုးသူ အစိုးရသည် မြို့ဟောင်းမြို့နယ်တွင် ဖဆပလအဖွဲ့ဖျက်ဆီးရန် မည်သို့ပင် ကြံရွယ်လုပ်ဆောင်စေကာမူ ဖဆပလအဖွဲ့မှာ ပျက်စီးခြင်းမဖြစ်ရုံသာမက၊ ပို၍ပင် တဟုန်ထိုးစည်းရုံး လာကြတော့သည်။ ယင်းအချိန် မြို့နယ်ဖဆပလ ဥက္ကဋ္ဌအဖြစ် ဒိုင်နာစပူပြန် ဦးသတိုးလှ (အယ်ဒီတာဟောင်း)က ဆောင်ရွက်ပြီး၊ အတွင်းရေးမှူးအဖြစ် ရဲဘော်ထွန်းအောင်ကျော် (နကန်)တို့က ဆောင်ရွက်နေသောအချိန် ဖြစ်လေသည်။

**(၁၀) ဗိုလ်ချုပ်အောင်ဆန်းအဖွဲ့ ရောက်ရှိလာခြင်းနှင့် ဖဆပလအဖွဲ့ စည်းရုံးရေးအရှိန် မြင့်မားလာခြင်း**

ဖဆပလအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များဖြစ်ကြသော ဟသ်ာတဦးမြ၊ ဦးအောင်ဇံဝေ၊ စသောပုဂ္ဂိုလ်တို့သည် ၁၉၄၆ ခု မတ်လ(၁၅)ရက်နေ့ မြို့ဟောင်းမြို့သို့ ရောက်ရှိလာကြလေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့အား မြို့ပေါ်မှလူကြီးလူငယ်များ ဧည့်ခံကြိုဆိုပြုစုကြသည်။ ဗိုလ်ချုပ်တို့ ရောက်ရှိသည့်နေ့ ညနေစာကို လက်ကောက်ဈေးရပ်ကွက်မှ ဦးမောင်ထွန်းအောင်(ကွယ်လွန်)က လိုလေသေးမရှိသော အစီအစဉ်ဖြင့် ဧည့်ခံကျွေးမွေးသည်။ ယင်းနည်းနှင်နှင် မြို့ပေါ်လူငယ်အဖွဲ့အစည်းများမှလည်း မိတ်ဆက်ပွဲများ ပြုလုပ်ကာ ကျွေးမွေးဧည့်ခံပြုစုကြသည်။

ဗိုလ်ချုပ်တို့ ရောက်ရှိနေသောအချိန်သည် မြို့ဟောင်းမြို့နယ်တွင် မျက်နှာဖြူနယ်ချဲ့သမား အလိုတော်ရိဝန်ထမ်းများ၏ ဖိနှိပ်မှုပြင်းထန်နေသောအချိန်နှင့် တိုက်ဆိုင်နေပေသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့အား ဧည့်ခံကျွေးမွေးလက်ခံလျှင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့၏ လူထုဟောပြောပွဲသို့ တက်ရောက်လေ့လာလျှင်၊ ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သို့ ဝင်ရောက်လျှင် နေ့လား၊ ညလားဖမ်းဆီးခံရမည်ဟူသော ကောလာဟာလသတင်းများသည် မြို့ပေါ်တွင် ဝေဝေဆာပျံ့လွင့်နေလေသည်။

ဤအချိန် ဤအခြေအနေမျိုးတွင် လက်ခံကြိုဆိုခြင်း၊ ဧည့်ခံကျွေးမွေးခြင်း၊ ပြုလုပ်သော ဦးမောင်ထွန်းအောင်ကို အမျိုးသားရေး၊ လွတ်လပ်ရေးအင်အားစုများမှ ချီးကျူးဂုဏ်ပြုကြသည်။ ဦးမောင်ထွန်းအောင်သည် ဗိုလ်ချုပ်တို့အဖွဲ့အား ဧည့်ခံကျွေးမွေးပြုစုသည်သာမက၊ မြို့နယ်ဖဆပလအဖွဲ့ နကန်ညီလာခံအတွက် လိုအပ်နေသောငွေ (စဝဝိ/-)ကိုလည်း ရက်ရောစွာပေးကမ်း ထောက်မသောပုဂ္ဂိုလ်ကြီးလည်း ဖြစ်ပေသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့သည် ၁၉၄၆ခု မတ်လ(၁၆)ရက်နေ့ မြို့ဟောင်းမြို့ ဝါဈေးရပ် ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း လူထုဟောပြောပွဲတစ်ရပ်ကို ကျင်းပပြုလုပ်သည်။ ယင်းလူထုအစည်းအဝေးသို့ လူထုသုံးထောင်ကျော်ခန့် ကွင်းမဆန့်

အောင် တက်ရောက်ကြသည်။

ယင်းလူထုဟောပြောပွဲတွင် ဗိုလ်ချုပ်အောင်ဆန်းက လွတ်လပ်ရေးကို ဘာကြောင့်လိုချင်သလဲ၊ သက်တမ်းချင်းမတူ၍ လိုချင်ကြောင်းကိုအစချီပြီး အတ္တလန္တိတ်စာချုပ်၊ တီဟီရန်စာချုပ်ပါ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ အဓိပ္ပါယ်များကို ဖွင့်ဆိုပြီး၊ လက်ရှိဗြိတိသျှအစိုးရ၏ ဖိနှိပ်မှုများကို ဖွင့်ချသည်။ လွတ်လပ်ရေးကို မရမချင်း၊ လွတ်လပ်ရေးရအောင်ထိ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ချက်ကြီးတလှဲ့ ရွှေဘန်းတလှဲ့ ပုံပြင်များကို ဟောကြားသည်။ တက်ရောက်လာကြသော လူထုပရိသတ်များမှာအထူး စိတ်ဝင်စားပြီး မဆုံးနိုင်သော ရှည်လျှားသည့် လက်ခုပ်သံများဖြင့် သြဘာပေး၍ ထောက်ခံကြသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့အဖွဲ့ ရောက်ပြီးနောက်ပိုင်း မြို့ဟောင်းမြို့နယ်တွင် ဖဆပလအဖွဲ့ကြီး၏ စည်းရုံးရေးသည် ဒီရေအလား တိုးတက်လာလေသည်။ တိုင်းဖဆပလအဖွဲ့ရုံးကို ပထမကျောက်ရစ်ကေ ရပ်ကွက်တွင်လည်းကောင်း၊ နောက် အောင်တပ်ရပ်ကွက်တွင်လည်းကောင်း၊ အခြေစိုက်ဖွင့်လှစ်ကြလေသည်။

ဖဆပလမှ ကြီးမှူးကျင်းပသော လူထုတရားပွဲများ စီတန်းလမ်းလျှောက်ဆန္ဒပြမှုများ အစီအရီဖြစ်ပေါ်လာကြပေသည်။ ယင်းအချိန် ရခိုင်အမျိုးသားခေါင်းဆောင် ဆရာတော် ဦးစိန္ဒာအား ဗြိတိသျှအစိုးရက ဝရမ်းထုတ်ထားသောအချိန်လည်းဖြစ်၊ လွတ်လပ်ရေးကို လိုချင်သော ဆန္ဒကလည်း ပြင်းထန် စသောအချက်များဖြစ်နေကြသောကြောင့်၊ လူထုတရားပွဲ၊ စီတန်းလမ်း လျှောက်ဆန္ဒပြပွဲတို့တွင် **"အရှေ့ဘက်က နေဝန်းပေါ် ဆရာစိန္ဒာလာမည့်နိုးနိုး"၊ "ဆီ၊ ဆား၊ ငပိ ဈေးတက်လာ၊ အမတော် ငွေအမြန်ထုတ်ပေး" "လုံးဝလွတ်လပ်ရေး ချက်ချင်းပေး"** စသော ကြွေးကြော်သံများသည် တစ်မြို့လုံး၊ တစ်နယ်လုံး၊ တောကြို တောင်ကြားမကျန် ပဲ့တင်ရိုက်ခတ် နေပေတော့သည်။

ဤသို့ ဖဆပလအဖွဲ့၏ စည်းရုံးလှုပ်ရှားမှုအရှိန် မြင့်မားလာသောအခါ ဗြိတိသျှအစိုးရအဖွဲ့အတွင်းရှိ မျိုးချစ်စိတ်ရှိသော ဝန်ထမ်းတို့သည်၊ ဖဆပလသို့ တိမ်းညွတ်လာကြသည်။ ထောက်ပံ့ကြေးများ ဖဆပလအဖွဲ့သို့ လျှို့ဝှက်လှူဒါန်းလာကြသည်။ သတင်းများပေးလာကြသည်။ အထူးသဖြင့် ယိုင်လဲရန် တိမ်းစောင်းနေသည့် ဗြိတိသျှအစိုးရအား ကျားကန်ပေးနေသော ပုလိပ်အဖွဲ့မှပင် ဖဆပလအဖွဲ့ဘက်သို့ ကိုင်းညွတ်လာကြလေသည်။ မြို့နယ်ဖဆပလအဖွဲ့တွင် ပထမစခါစအချိန်၌ ဦးသဒိုးလှက ဥက္ကဌဖြစ်ပြီး၊ ရဲဘော်ထွန်းအောင်ကျော်က အတွင်းရေးမှူးဖြစ်သည်။ နောက်ပြောင်းလဲလာသော ဥက္ကဌများမှာ ဦးငနီ(နကန်) ဖြစ်ပြီး၊ ဦးသာထွန်းအောင် (ဘောင်းဒွတ်)က အတွင်းရေးမှူးဖြစ်သည်။ ဦးငနီ တိုင်း ဖဆပလ အတွင်းရေးမှူးဖြစ်သွားပြီး၊ ဦးအောင်သာကျော်က ဥက္ကဌဖြစ်လာ၍ ဦးသာထွန်းအောင်က အတွင်းရေးမှူး ဖြစ်လာတော့သည်။

ဖဆပလအဖွဲ့တွင် အကောင်းဆုံးသော အင်အားမှာ ပြည်သူ့ရဲဘော်တပ်ဖွဲ့ပင်ဖြစ်သည်။ ဖဆပလအဖွဲ့ကြီး၊ ကြီးထွားအောင်၊ အားကောင်းအောင်၊ ထက်မြက်အောင်၊ တည်ဆောက်ပေးသည့်အင်အားစုမှာလည်း၊ ပြည်သူ့ရဲဘော်တပ်ဖွဲ့ဆိုက မှားနိုင်မည်မဟုတ်ပေ။ ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင်၊ ပထမရဲဘော်မြအောင်(လေထီး)၊ ရဲဘော်မြအောင် နှုတ်ထွက်ပြီး ရဲဘော်မိုးစိန်(ဝါဈေး) ကွယ်လွန်နောက် ရဲဘော်မိုးစိန်အား ထုတ်ပယ်ပြီး၊ ရဲဘော်ဘဦး(ကံလှ)(ကွယ်လွန်)၊ တို့က မြို့နယ် စစ်ခေါင်းဆောင်များအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

## (၁၁) <u>ပြည်သူ့ရဲဘော်များ အသင့်ပြင်ဆင်ကြပြီ</u>

၁၉၄၆ ခု၊ စက်တင်ဘာလအတွင်း တစ်ပြည်လုံး အထွေထွေသပိတ်ဖြစ်ပြီးနောက်ပိုင်း၊ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့သည်၊ ယာယီအမျိုးသား ကြားဖြတ်အစိုးရအဖွဲ့သို့ ဝင်ရောက်လာကြသည်။ ၁၉၄၆ ခု၊ ဒီဇင်ဘာလအတွင်း ဘိလပ်အစိုးရမှ ဗိုလ်ချုပ်အောင်ဆန်း အမျိုးသားကြားဖြတ်အစိုးရအား၊ ဆွေးနွေးရန်အတွက် ဘိလပ်သို့ လာရန် ဖိတ်ကြားလာသည်။

ဘိလပ်မှဖိတ်ကြားစာရသည့်အခါ ဘိလပ်သို့သွားမည့်ဆဲဆဲ ဗိုလ်ချုပ်အောင်ဆန်းသည် ခါးတောင်းကျစ် မဖြုတ်နဲ့ အသင့်အနေအထားရှိနေစေရန် မိန့်မှာညွှန်ကြားခဲ့သည်။

ထိုမိန့်မှာညွှန့်ကြားချက်အရ မြို့ဟောင်းမြို့နယ် ပြည်သူ့ရဲဘော်များသည်၊ မောင်းဆွဲစခန်းကို ဗဟိုပြုပြီး အသင့်အနေ အထားဖြင့် စီစဉ်ဆောင်ရွက်ကြသည်။ တပ်မကျွံအောင်လည်း ရဲဘော်များအား ထိန်းသိမ်းကြရသည်။

## (၁၂) <u>လွတ်လပ်ရေး ရရှိခြင်း</u>

၁၉၄၈ ခု၊ ဇန်နဝါရီလ(၄)ရက်၊ နံနက်(၄)နာရီ၊ မိနစ်(၂၀)တွင် မြန်မာနိုင်ငံသည်၊ လုံးဝလွတ်လပ်ရေးရမည်မှာ

သေချာနေပြီဖြစ်သည်။ မြို့ဟောင်းမြို့နယ်ရှိ မျိုးချစ်အင်အားစုနှင့် လုပ်သားပြည်သူများသည် လွတ်လပ်ရေးအရသာကို ခံစားရန်အတွက် အာသာငံ့ငံ့ စောင့်မျှော်နေချိန် ဖြစ်သည်။ လွတ်လပ်ရေးနေ့တွင် လွတ်လပ်ရေးအခမ်းအနား စည်ကားသိုက်မြိုက်စေရန်၊ ဖဆပလအဖွဲ့နှင့်၊ ပြည်သူ့ရဲဘော်အဖွဲ့တို့မှ၊ ရဲဘော်များသည် နယ်ဆင်းပြီး ကျေးရွာတန်းစေ့ ဟောပြောပွဲများ၊ ပိုစတာများဖြင့် လှုံ့ဆော်၍လည်းကောင်း၊ မြို့ပေါ်တွင် ဗ-သ-န-တ ဗမာ့သောင်းကျန်းနှိမ်နင်းရေးတပ်ဖွဲ့၊ ဗိုလ်သာတင်တပ်ခွဲမှ ရဲဘော်များနှင့် ပြည်သူ့ရဲဘော်အဖွဲ့မှ ရဲဘော်များပူးပေါင်း၍ ဒိုးပတ်၊ အိုးစည်တို့ဖြင့်၊ ရှမ်း၊ ကရင် ဒိုးပတ်အက စသည်ဖြင့် သုံးရက်တိုင်တိုင် လှုံ့ဆော်ပြီး လွတ်လပ်ရေးပွဲအခမ်းအနားအတွက် ကြိုးစားဆောင်ရွက်ကြပေသည်။

လွတ်လပ်ရေးနေ့ ကျရောက်လေပြီ မြို့ဟောင်းမြို့ပေါ်ရှိ အိမ်များသည် တစ်မြို့လုံး လှုပ်လှုပ်ရွရွဖြစ်နေကြပြီ၊ အိမ်တိုင်းစေ့၊ အိမ်ရှေ့တိုင်း မီးအိမ်များထွန်းညှိပြီး ပန်းသပြေနှင့် ညောင်ရေအိုးများ စိုက်ထူထားကြလေသည်။ နံနက်(၄)နာရီ မိနစ်(၂၀)မကျမီ ဖဆပလမှ ထုတ်ပယ်ခြင်းခံရသော မြို့ဟောင်းမြို့နယ် ကွန်မြူနစ်ပါတီ အပါအဝင်၊ကျောင်းသားသမဂ္ဂ၊ ပြည်သူ့ရဲဘော်၊ ဖဆပလ စသောအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့များသည် အဖွဲ့လိုက်ချီတက်၍ နန်းတော်ရာကုန်းရှိ လွတ်လပ်ရေးအလံတိုင်ရှေ့တွင် အဖွဲ့လိုက်နေရာယူကြသည်။ လွတ်လပ်ရေးအောင်လံတိုင်တွင် တင်ထားသော ယူနီယံဂျက်အောင်လံကို မြို့ပေါ်တွင် သမာဓိအရှိဆုံး အသက်အကြီးဆုံး ပုဂ္ဂိုလ်ဖြစ်သည့် ဦးမန်လီက တင်ဆောင်ရန်ဖြစ်သည်။

နံနက်(၄)နာရီ မိနစ်(၂၀)ထိုးပေပြီ၊ လက်နက်ကိုင် တပ်ဖွဲ့မှ၊ သေနတ်ဖောက်၍ လွတ်လပ်ရေးနေ့ အခမ်းအနား ဖွင့်လှစ်သည်နှင့် ယူနီယံဂျက်အောင်လံကို မီးရှို့ပြီး နိုင်ငံတော်အောင်လံကို လွှင့်ထူလိုက်သည်။ တပ်ခွဲမှူး-ဗိုလ်ကြီးသာတင်က မြန်မာနိုင်ငံတော်အောင်လံကို အလေးပြုရန် အမိန့်ပေးရာ လွတ်လပ်ရေးနေ့သို့ ချီတက်လာသော တပ်ဖွဲ့များအားလုံးနှင့် လူထုပရိတ်သတ် သုံးထောင်ကျော်ခန့်တို့က ဦးညွှတ်အလေးပြု ကြလေသည်။ အခမ်းအနားသို့ ချီတက်လာကြသော အဖွဲ့အစည်းမျိုးနှင့် လူထုများမှာ ပျော်မဆုံး ရွှင်မဆုံးဖြင့် လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးကြသည်။ နေ့လည်ပိုင်းတွင် ဟောပြောပွဲများ စာစီစာကုံးပြိုင်ပွဲများ၊ အားကစားပြိုင်ပွဲများ ကျင်းပကြပြီး ညနေဘက်တွင် ဇာတ်ပွဲဖြင့် စည်ကားသိုက်မြိုက်စွာ သုံးရက်တိုင်တိုင် ကျင်းပကြသည်။

## (၁၃) ဖ–ဆ–ပ–လ အဖွဲ့

အမျိုးသားသစ္စာဖောက်၊ နယ်ချဲ့သမားတို့၏လက်ပါးစေ ဂဠုန်ဦးစောတို့ဂိုဏ်းမှ လုပ်ကြံသတ်ဖြတ်မှုကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များ ကျဆုံးခဲ့ပြီး ဗိုလ်ချုပ်နေရာဖြစ်သော အစိုးရအဖွဲ့နှင့် ဖ-ဆ-ပ-လအဖွဲ့တွင် သခင်နုက နေရာယူရတော့သည်။

သခင်နုခေါင်းဆောင်မှုအောက်မှာပင် မြန်မာနိုင်ငံ လွတ်လပ်ရေး ရရှိသည်။

လွတ်လပ်ရေးရပြီး တစ်နှစ်သားမစေ့မီ သုံးလခန့်အရွယ်တွင် ဗ-က-ပတို့ တောခိုပြီး ပြည်တွင်းစစ် ဖြစ်ပေါ်လာသည်။ ဖ-ဆ-ပ-လအတွင်းရှိ ဆိုရှယ်လစ်ပါတီအင်အားနှင့် ပြည်သူ့ရဲဘော် အဖွဲ့အင်အားတို့သည်လည်း ဂိုဏ်းဂဏစိတ် ပြင်းထန်လာကြသည်။ သခင်နုမူ၊ ရဲဘော်မူဟူ၍ ကွဲပြားလာသည်။ ပြည်တွင်းစစ်သည် ရပ်တန့်မသွားဘဲ ပို၍ပို၍နက်ရှိုင်းလာသည်။ ကရင်များ တောခိုသွားကြသည်။

ဗဟိုအဆင့်တွင်ဖြစ်သော အပြန်အလှန်သံသယများ၊ ဂိုဏ်းဂဏများသည်၊ အောက်ခြေဖြစ်သော မြို့နယ်အဖွဲ့အစည်းများသို့ တတင်းတင်း ရိုက်ခတ်လာပေတော့သည်။

မြို့ဟောင်းမြို့နယ် ဖ-ဆ-ပ-လအဖွဲ့တွင် တစ်တပ်တစ်အားအဖြစ် ပါဝင်နေကြသော ပြည်သူ့ရဲဘော်များသည်လည်း တက်ကြွမှု လျော့ရိလာကြသည်။ ဖ-ဆ-ပ-လအဖွဲ့မှလည်း ပြည်သူ့ရဲဘော်များအပေါ် သံသယအမြင်ဖြင့် ကြည့်လာကြသည်။ ဤသို့ဖြစ်မှုကြောင့် မြို့ဟောင်းမြို့နယ် ဖ-ဆ-ပ-လသည် ယခင်ကကဲ့သို့ လှုပ်ရှားဆောင်ရွက်နိုင်ခြင်းမရှိဘဲ အီလယ်လာတော့သည်။

ဤသို့သောအချိန်တွင် မြို့ဟောင်းမြို့ပေါ်ရှိ ပုလိပ်များ တောခိုသွားကြသည်။ ပုလိပ်များ တောခိုရာတွင် သခင်ထွန်းခေါ် ဦးဖိုးသာဝသည်၊ အနှိပ်စက် အညှင်းပန်း ခံရသည်။ ပုလိပ်များလမ်းခုလပ်မှ ဥပဒေတွင်းသို့ ပြန်လည်ဝင်လာသည်။ ၁၉၄၉ ခု၊ ဖေဖော်ဝါရီလတွင် ဘုံပေါက်သာကျော် ခေါင်းဆောင်သော အလံနီတပ်မှ မြို့ဟောင်းမြို့ကို ဝင်ရောက်တိုက်ခိုက်လာသည်။ မြို့ဟောင်းမြို့ရှိ စစ်ရဲတပ်ရင်း(၁)မှ တပ်ခွဲမှူး ဗိုလ်မောင်မောင်၊ တပ်စုမှူး ဗိုလ်စောနက်ကေတပ်မှ ပြန်လှန်တိုက်ခိုက်မှုကြောင့် အလံနီသူပုန်များ အကျအဆုံးများစွာနှင့် ဆုတ်ခွာသွားကြရသည်။

မြို့ဟောင်းမြို့သည် ယင်းသို့ မငြိမ်မသက်ဖြစ်လာသောအခါ ဖ-ဆ-ပ-လနှင့် ပြည်သူ့ရဲဘော်များ ခေါင်းချင်းရိုက်ပြီး၊ မြို့နှင့်နယ်လုံခြုံရေး၊ စည်းရုံးလှုပ်ရှားနိုင်ရေး စသောလမ်းစများကို ရှာဖွေကြသည်။

အစိုးရအဖွဲ့တွင် ပြန်ကြားရေးဝန်ကြီး၏လည်းဖြစ် ရခိုင်တိုင်းတွင် တိုင်းမင်းကြီးလည်းဖြစ်သော ဦးညိုထွန်းနှင့် တိုင်း ဖ-ဆ-ပ-လ ဥက္ကဋ္ဌဆရာတော် ဦးပညာသီဟတို့သည် မြို့ဟောင်းမြို့ကို စိတ်ဝင်စားသောပုဂ္ဂိုလ်ကြီးများ ဖြစ်လေသည်။

မြို့ဟောင်းမြို့နယ် လုံခြုံရေးနှင့် စည်းရုံးလှုပ်ရှားနိုင်ရေးအတွက် မြို့ဟောင်းမြို့နယ်မှ တင်ပြချက်အရ၊ ရဲဘော်ထွန်းအောင်ကျော် ဦးစီး၍ ဆောင်ရွက်ရန် လက်နက်(၁၀၀)နှင့်ငွေများ ထုတ်ပေးသည်။ ရဲဘော်ထွန်းအောင်ကျော် ဦးစီး၍ ဖွဲ့စည်းမည့်တပ်ကို ရ-သ-န-တ ဟု အမည်ပေးသည်။

ရဲဘော်ထွန်းအောင်ကျော်သည်၊ ရရှိသောလက်နက်များကို ဘုတ်ဖြင့်သယ်ယူခဲ့ပြီး မြို့ဟောင်းမြို့ ရဲစခန်းတွင် အပ်နှံထားလေသည်။ သုံးရက်အတွင်း ရဲဘော်များကို စုပြီးတပ်ဖွဲ့စည်းသည်။

ရ-သ-န-တတပ်ဖွဲ့စည်းပြီး စစ်ရေးသင်တန်းတစ်လပေးသည်။ စစ်ရေးသင်တန်းပြီးသည်နှင့် လုံခြုံရေးနှင့် စည်းရုံးရေး ကိစ္စများကို ခေါင်းချင်းရိုက်ဆွေးနွေးပြီး နည်းလမ်းရှာကြသည်။

စည်းရုံးရေးအရ ထိုးဖောက်မည့်နေရာမှာ အလံနီများ၏ စပါးလည်းပိတ်ဆို့၊ ရွှေလည်းဈေး၊ ငွေလည်းတောင်းခံနေရသော ဒေသကို ထိုးဖောက်နိုင်က စည်းရုံးရေးအောင်မြင်မည်ဟု သတ်မှတ်ပြီး၊ မြို့ဟောင်းမြို့တောင်ပိုင်းသို့ တပ်များကို နေရာယူရန် စီစဉ်ဆောင်ရွက်ကြသည်။

မြို့ဟောင်းမြို့တောင်ပိုင်းတွင် ရ-သ-န-တအဖွဲ့များနေရာယူသည်နှင့် ယင်းဒေသအတွင်းရှိ အလံနီများမှာ ဆုတ်ခွာသွားကြရသည်။ ယင်းဒေသရှိ လယ်သမားများမှာလည်း စပါးကို လွတ်လွတ်လပ်လပ် ရောင်းချနိုင်ကြသည်။ ရွှေဈေး၊ ငွေဈေး ခံခြင်း ဘဝမှလွတ်မြောက်ကြ၍၊ ရ-သ-န-တ-တပ်နှင့် ဖ-ဆ-ပ-လအဖွဲ့အား အားကိုးယုံကြည်စိတ်များ ဝင်လာကြပြီး၊ တက်တက်ကြွကြွထောက်ခံမှုကို ရရှိလာကြပေသည်။ ဤသို့သော အခြေအနေမျိုး ဖြစ်လာချိန်တွင် ရခိုင်တိုင်း ဖ-ဆ-ပ-လ၊ တိုင်းဦးစီးအဖွဲ့အတွင်း၌ အာဏာသိမ်းရေ မသိမ်းရေး၊ သီးခြားနေရေး၊ မနေရေး၊ တော်လှန်ရေးလုပ်ရေး၊ မလုပ်ရေး စသောကိစ္စများကို အထူးအရေးပိုင် ဦးကျော်ဦးနေအိမ်တွင် ဆွေးနွေးကြရာ ယင်းဆွေးနွေးပွဲ၌ သဘောထားကွဲကြသည်။ ထိုကွဲလွဲမှုပေါ် အကြောင်းပြု၍၊ ကျောက်ဖြူ သံတွဲဘက်ရှိ တပ်ရင်း(၂၀)သည်၊ ယင်းတို့၏ လက်ဝယ်ရှိမြို့များကို သိမ်းပိုက်ကြသည်။ တစ်ပါတည်း ကျောက်တော်ဘက်တွင်လည်း ဗိုလ်ကြာလှအောင်နှင့်တပ်များသည် ကျောက်တော်မြို့ကို သိမ်းပိုက်ကြသည်။

ဤသို့ကျောက်ဖြူ သံတွဲဘက်တွင် တပ်ရင်း(၂၀)မှ မြို့များကို သိမ်းခြင်း၊ ကျောက်တော်မြို့ကို သိမ်းခြင်းများသည် မြို့ဟောင်းမြို့ ဖ-ဆ-ပ-လအတွင်း အလွန်ချောက်ချားစေလေသည်။ ယင်းအချိန် မြို့ဟောင်းမြို့နယ်တွင် စစ်ရဲတပ်ရင်း(၁)မှ၊ ဗိုလ်ရွှေထွန်းခိုင် တပ်ဖွဲ့၊ ပုလိပ်ဌာန၊ ရ-သ-န-တ တပ်ဖွဲ့များ ရှိနေချိန်ဖြစ်သည်။

၁၉၄၉ ခု ဇူလိုင်လတွင် မြို့ဟောင်းမြို့သို့ တပ်ရင်း(၁)မှ တပ်ရင်းမှူး ဗိုလ်မှူးမောင်ကလေး ရောက်ရှိလာသည်။

ဗိုလ်မှူးမောင်ကလေး မြို့ဟောင်းမြို့သို့ ခရီးရောက်မဆိုက်၊ ကျောက်တော်မှ ဗိုလ်ကြာလှအောင်၊ မြို့ဟောင်းမြို့နယ် ဗ-က-ပမှ ရဲဘော်များ မြို့ဟောင်းမြို့သို့ ဝင်လာပြီး၊ ဗိုလ်မှူးမောင်ကလေးနှင့် တွေ့ဆုံကြသည်။ နောက်ဆုံးတွင် မြို့ဟောင်းမြို့ကို သိမ်းပိုက်သည့် အခြေအနေသို့ ရောက်ရှိကြလေသည်။ ယင်းသိမ်းပိုက်မှုတွင် မြို့ဟောင်းမြို့နယ်ရှိ လက်နက်ကိုင်အင်အားများ အားလုံး ပါဝင်ကြသည်။

မြို့ကို သိမ်းကြသည့်အခါ မြို့သိမ်းမှုကို မလိုလားသော မြို့နယ် ဖ-ဆ-ပ-လအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သာကျော်နှင့် အချို့တို့မှာ စစ်တွေမြို့သို့ ထွက်သွားကြသည်။ ဤသို့ဖြင့် မြို့ဟောင်းမြို့သည် သူပုန်လက်သို့ ၁၉၄၉ ခုနှစ် ဇူလိုင်လတွင် ကျရောက်သွားလေတော့သည်။

၁၉၅၁ ခုနှစ်တွင် မြို့ဟောင်းမြို့ကို သူပုန်လက်မှ အစိုးရတပ်တို့က ပြန်လည်သိမ်းပိုက်ခဲ့ပြန်သည်။ တဆက်တည်းမှာ မြို့နယ်ဖ-ဆ-ပ-လအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဥက္ကဋ္ဌအဖြစ် ဦးအောင်သာကျော်၊ အတွင်းရေးမှူး ဦးလှစောဖြူတို့က ဆောင်ရွက်ခဲ့ကြသည်။ ဖ-ဆ-ပ-လ အဖွဲ့ကို၊ ဖွဲ့စည်းပြီးနောက် ဗ-တ-လ-စ၊ တီ-ယူ-စီ-ဘီနှင့် ပြည်ထောင်စု လူငယ်အဖွဲ့အစည်းများကို တိုးချဲ့ဖွဲ့စည်းကြသည်။ ဗ-တ-လ-စအဖွဲ့တွင် ဥက္ကဋ္ဌ ဦးစောရွှေမောင်၊ အတွင်းရေးမှူး ဦးအောင်ထွန်းကျော်တို့က ဆောင်ရွက်ကြပြီ၊ တီ-ယူ-စီ-ဘီအဖွဲ့အစည်းတွင် ဥက္ကဋ္ဌအဖြစ် ဦးဖြူမောင်၊ အတွင်းရေးမှူး၊ ဦးထွန်းအောင်ကျော်တို့က ဆောင်ရွက်ခဲ့ကြသည်။ ဖ-ဆ-ပ-လအဖွဲ့အစည်း လက်အောက်တွင် ဖွဲ့စည်းထားသော ပြည်ထောင်စု လူငယ်အဖွဲ့အစည်း၌ ဥက္ကဋ္ဌ ဦးထွန်းအောင်ကျော်၊ အတွင်းရေးမှူး ဦးထွန်းစိန်တို့က ခေါင်းဆောင်ပါဝင်ခဲ့ကြသည်။

မြို့နယ် ဖ-ဆ-ပ-လအဖွဲ့ကို တစ်နှစ်လျှင် တစ်ကြိမ် ပြန်လည်ဖွဲ့စည်းခဲ့ရာ ၁၉၅၃ ခုနှစ် ပြန်လည်ဖွဲ့စည်းသည့် မြို့နယ် ဖ-ဆ-ပ-လအဖွဲ့တွင် ဥက္ကဋ္ဌ ဦးကျော်ဇံခိုင်(ကွယ်လွန်)၊အတွင်းရေးမှူး ဦးအောင်ကျော်ဇော(ကွယ်လွန်)တို့က ဆောင်ရွက်ခဲ့ကြသည်။

## (၁၄) ရခိုင်ပြည် တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့ချုပ် (ရ-တ-ည)

ရခိုင်အမျိုးသားများသည် ဖက်ဆစ်ဆန့်ကျင်ရေး အရေးတော်ပုံတွင်လည်းကောင်း၊ စစ်ပြီးခေတ် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး အရေးတော်ပုံတွင်လည်းကောင်း၊ တတပ်တအားအဖြစ် ဖ-ဆ-ပ-လအဖွဲ့တွင် ပါဝင်ခဲ့ကြသည်။ ထောက်ခံအားပေးခဲ့ကြသည်။ ထိုအချိန်က ဖ-ဆ-ပ-လ ခေါင်းဆောင်များ ဖြစ်ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်မြတို့သည် ရခိုင်အမျိုးသားအပေါ် အားကိုးယုံကြည်ခဲ့ကြသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ဖ-ဆ-ပ-လအစိုးရသည်၊ ပြည်တွင်းစစ်ကို အကြောင်းပြပြီး စစ်အတွင်း ပျက်စီးမှုများအား ထုထောင်ရာတွင်လည်းကောင်း၊ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်ရာတွင်လည်းကောင်း၊ လမ်းပန်းဆက်သွယ်ရေး ပြုလုပ်စရာရှိသည်များကိုလည်းကောင်း၊ လူမှုရေးအရ၊ ကျန်းမာရေး၊ ပညာရေးများကိုလည်းကောင်း၊ လျှစ်လျူရှုခဲ့သည်။ အခြားတဘက်တွင်လည်း ထူထောင်ရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများကို မလုပ်ရုံသာမက ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော လမ်းစဉ်မှလွဲဖယ်လာမှုကြောင့် ရခိုင်အမျိုးသားများသည်၊ ဖ-ဆ-ပ-လအပေါ် မူလသဘောထားများ ပြောင်းလဲလာခဲ့သည်။

ဤသို့သော အခြေအနေများကြောင့် ပါလီမန်ရွေးကောက်ပွဲများ ကျင်းပလာသည့်အခါ ဖ-ဆ-ပ-လ အမတ်လောင်းများနှင့် ယှဉ်ပြိုင်ရန် တသီးပုဂ္ဂလအမတ်လောင်းများ ပေါ်ပေါက်လာလေတော့သည်။ ၁၉၅၁ ခုနှစ် ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်ရွေးကောက်ပွဲ ကျင်းပပြုလုပ်သောအခါ မြို့ဟောင်းမြို့နယ် ဖဆပလအဖွဲ့မှ အမတ်လောင်းအဖြစ် အရွေးချယ်ခံမည့် ဦးကျော်ဇံခိုင်(မြို့နယ် ဖဆပလ ဥက္ကဋ္ဌ)အား ယှဉ်ပြိုင်ကာ တသီးပုဂ္ဂလ အမတ်လောင်းအဖြစ် ဦးမောင်ဦးကျော်က ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ၊ ဦးမောင်ဦးကျော်မှာ အနိုင်ရ အရွေးချယ်ခြင်း ခံရလေသည်။

ယင်းနည်းတူ ရခိုင်ပြည်အတွင်းရှိ မြို့နယ်များတွင် ပြည်သူ့လွှတ်တော် အမတ်(၁၀)နေရာနှင့် လူမျိုးစုလွှတ်တော် အမတ်(၅)နေရာတွင် အမတ်လောင်းများအဖြစ် ရွေးချယ်ခံခဲ့ကြရာ ပြည်သူလူထုမှာ ဖဆပလကို မဲမပေးကြဘဲ၊ တသီးပုဂ္ဂလ အမတ်များကိုသာ မဲပေးခဲ့ကြသဖြင့် တသီးပုဂ္ဂလအမတ်(၁၂)နေရာအထိ ရွေးချယ်ခြင်း ခံခဲ့ကြရလေသည်။ ပြည်သူလူထု၏ ရွေးချယ်ခြင်းခံရသော တသီးပုဂ္ဂလ အမတ်များမှာ ယင်းတို့အချင်းချင်း စုစည်းကာ ဝတီလေးရပ်လုံးဆိုင်ရာ ညီလာခံကြီးကို ၁၉၅၃ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့ကြလေသည်။ ယင်းညီလာခံမှပင် ရခိုင်ပြည်တိုင်းရင်းသား ညီညွတ်ရေးအဖွဲ့ချုပ် (ရ-တ-ည)သည် ပေါ်ပေါက်လာခဲ့ပေသည်။

## မြို့ဟောင်းမြို့ ရ-တ-ည

ရခိုင်ပြည်တွင်၊ ရခိုင်ပြည် တိုင်းရင်းသားအဖွဲ့အစည်းကြီး ပေါ်ပေါက်လာသကဲ့သို့ မြို့ဟောင်းမြို့နယ်တွင်လည်း မြို့နယ် ရ-တ-ညအဖွဲ့သည် တပါတည်း ပေါ်ပေါက်လာခဲ့လေသည်။ မြို့ဟောင်းမြို့နယ် ရ-တ-ညအဖွဲ့အစည်းတွင် ဥက္ကဋ္ဌအဖြစ် ဦးရှောက်ဖွေ၊ အတွင်းရေးမှူးအဖြစ် ဦးစောထွန်းအောင်တို့က ခေါင်းဆောင်ပါဝင်ခဲ့ကြသည်။ အမျိုးသမီးခေါင်းဆောင်အဖြစ် ဒေါ်ဝင်းစိန်က ပါဝင်ဆောင်ရွက်ခဲ့သည်။

မြို့ဟောင်းမြို့ ရ-တ-ညအဖွဲ့သည် ဝတီလေးရပ်လုံးဆိုင်ရာ ရခိုင်ပြည်တိုင်းရင်းသားညီညွတ်ရေးအဖွဲ့ချုပ် ညီလာခံမှ ချမှတ်ပေးလိုက်သော ရခိုင်ပြည်နယ် ရရှိရေးဆိုင်ရာ အဓိကရည်မှန်းချက်ကိုလည်းကောင်း၊ လက်ငင်းလုပ်ငန်းစဉ်အဖြစ် ချမှတ်လိုက်သော ပြည်တွင်းငြိမ်းချမ်းရေး၊ ရခိုင်ပြည်ပညာရေး၊ ကျန်းမာရေးမြှင့်တင်ရေး၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းမြှင့်တင်ရေး၊ ရခိုင်ပြည်လမ်းပန်း ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး၊ ရခိုင်ပြည်စီးပွားရေးမြှင့်တင်ရေး၊ ရခိုင်ပြည်ခြေလျင်တပ်ရင်းပြန်လည်ထူထောင်ဖွဲ့စည်းရေးနှင့် လယ်ယာမြေပြည်သူပိုင် ပြုလုပ်ရေးဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ မြို့နယ်အတွင်းရှိ ပြည်သူလူထုနှင့် ပူးပေါင်းကာ အစဉ်တစိုက် အရေးဆိုတိုက်ပွဲဝင်ခဲ့ကြလေသည်။

ဤသို့အရေးဆို တိုက်ပွဲဝင်ရင်း နိုင်ငံရေးတိုက်ပွဲ ပြင်းထန်လာရာ ရ-တ-ည အဖွဲ့အစည်းနှင့် ဖဆပလ အဖွဲ့အစည်း နှစ်ရပ်သည် မြို့ဟောင်းမြို့နယ်အတွင်း အချင်းချင်း တဖွဲ့နှင့်တဖွဲ့ ပြိုင်ဆိုင်လာကြတော့သည်။ ပြည်သူလူထုအတွင်းတွင်လည်း

စိတ်ဝမ်းကွဲပြားပြီး စည်းလုံးညီညွတ်ရေး တိုက်ခိုက်လာလေသည်။ ဤအခြေအနေမျိုးတွင် ၁၉၅၄ ခုနှစ်၊ အမျိုးသားနေ့အောင်ပွဲကို မြို့ဟောင်းမြို့ နန်းတော်ကုန်းကျုံးပြင်တွင် တိုးတက်လူငယ်အဖွဲ့အစည်းမှ ဦးစီးကျင်းပလေသည်။ ယင်းအချိန် မြို့ဟောင်းမြို့ ကျောင်းသားလူငယ်အတွင်းတွင် ဒီ-အက်စ်-အို ကျောင်းသားလူငယ်က တစ်ဖွဲ့၊ တိုးတက်လူငယ်က တစ်ဖွဲ့၊ တကွဲတပြားစီဖြစ်နေသောအချိန် ဖြစ်လေသည်။ ဒီ-အက်စ်-အို ကျောင်းသားလူငယ်အဖွဲ့က တိုးတက်လူငယ်အဖွဲ့မှ ဦးစီးကျင်းပပြုလုပ်သော အမျိုးသားနေ့ လှုပ်ရှားမှုတွင် ဗုံးဖေါက်ခွဲသည့် အဖြစ်အပျက်တစ်ခု ပေါ်ပေါက်ခဲ့လေသည်။

ရ-တ-ည အဖွဲ့သည် ၁၉၅၃ ခုနှစ်မှစ၍ ၁၉၆၀ ခုနှစ်ထိ ကျင်းပပြုလုပ်ခဲ့သော ရွေးကောက်ပွဲ သုံးကြိမ်တွင်၊ သုံးကြိမ်တိုင်တိုင် ပါလီမန်အမတ်နေရာများကို ရရှိခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ရပ်တည်နိုင်ခဲ့သည်။

## (၁၅) <u>ပြည်ထောင်စု (ပ-သ-စ) အဖွဲ့နှင့် တည်မြဲ ဖဆပလအဖွဲ့</u>

ဖဆပလအဖွဲ့ကြီးသည် ၁၉၄၈ ခု လွတ်လပ်ရေးရပြီးနောက် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးများကို ဆောင်ရွက်လာခဲ့ရာ ပြည်ထောင်စု မြန်မာနိုင်ငံတွင်း အမျိုးသားတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုကို ထူထောင်နေသည့် အဖွဲ့အစည်းကြီးတစ်ရပ် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ဖဆပလအဖွဲ့ချုပ်ကြီးသည် ပါလီမန်အတွင်း အင်အားအကောင်းဆုံးသော ပါတီတစ်ရပ်အဖြစ် ရပ်တည်ကာ အစိုးရအဖွဲ့ ဖွဲ့စည်းပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာကိစ္စရပ်များကို ဦးစီးဦးဆောင် ဆောင်ရွက်လာခဲ့သော်လည်း ၁၉၅၈ ခုနှစ်တွင် ဖဆပလအတွင်း နုတင်အုပ်စုနှင့် ဆွေငြိမ်းအုပ်စုဟူ၍ ဖဆပလ နှစ်ခြမ်းကွဲလေသည်။ နုတင်အုပ်စုသည် ဖဆပလအဖွဲ့မှ ခွဲထွက်ပြီး သန့်ရှင်း ဖဆပလကို ထူထောင်ဖွဲ့စည်းသလို၊ ဆွေငြိမ်းအုပ်စုကလည်း တည်မြဲ ဖဆပလအမည်ဖြင့် ဖွဲ့စည်းထူထောင်လေသည်။

ဖဆပလ အဖွဲ့ချုပ်ကြီး၏ အကွဲအပြဲသည် ဗဟိုမှတဆင့် အောက်ခြေဖြစ်သောတိုင်း၊ ပြည်နယ်၊ မြို့နယ်များ အထိ ကူးစက်လာကာ နောက်ဆုံးတွင် ပြည်သူလူထုအတွင်းသို့ပင် ဂယက်ရိုက်ခတ်လာလေသည်။

တချိန်တည်းမှာပင် မြို့ဟောင်းမြို့နယ်ရှိ ဖဆပလအဖွဲ့တွင်လည်း သန့်ရှင်းဖဆပလကို ထောက်ခံသူကတစ်ဖက်၊ တည်မြဲဖဆပလကို လိုလားထောက်ခံသူကတစ်ဖက် နှစ်ဖက်နှစ်ခြမ်းကွဲကြလေသည်။ မြို့ဟောင်းမြို့နယ်တွင် သန့်ရှင်းတည်မြဲ ကွဲကြစဉ်က သန့်ရှင်းဖဆပလအဖွဲ့သို့ ပါသူများမှာ မပြောပလောက်ပေ၊ သို့သော်လည်း ဖဆပလမှ အကြောင်းအမျိုးမျိုးကြောင့် ထွက်ထိုင်နေသူများနှင့် တောတွင်းမှ ဝင်လာသူများထဲမှ တချို့တို့သည် သန့်ရှင်းထဲသို့ ဝင်ရောက်ပြီး သန့်ရှင်းအဖွဲ့၏ စည်းရုံးရေးကို လုပ်ဆောင်ရင်း ပထစအဖွဲ့ကို ဖွဲ့စည်းတော့သည်။ မြို့ဟောင်းမြို့နယ် ပထစအဖွဲ့တွင် မြို့နယ်ဥက္ကဋ္ဌအဖြစ် ဦးအောင်သာကျော်(ကွယ်လွန်)၊ အတွင်းရေးမှူးအဖြစ် ဦးအောင်ကျော်ဇော(ကွယ်လွန်)တို့က ခေါင်းဆောင်ပါဝင်ခဲ့ကြသည်။ ပထစစည်းရုံးမှုအောက်တွင် ဖွဲ့စည်းထားသော ပြည်ထောင်စု အလုပ်သမားအစည်းအရုံး(ယူ-အယ်-အို)တွင် ဥက္ကဋ္ဌအဖြစ် ဦးစောထွန်း၊ အတွင်းရေးမှူးအဖြစ် ဦးဖိုးသာဝ(သခင်ထွန်း)တို့က ဆောင်ရွက်ခဲ့ကြသည်။

တည်မြဲ ဖဆပလအဖွဲ့တွင် မြို့နယ်ဥက္ကဋ္ဌအဖြစ် ဦးကျော်ဇံခိုင်(ကွယ်လွန်)၊ အတွင်းရေးမှူး ဦးစောရွှေမောင်တို့က ဆောင်ရွက်ခဲ့ကြသည်။

## (၁၆) <u>တော်လှန်ရေးကောင်စီကာလ မြို့ဟောင်းမြို့ အခြေအနေ</u>

ပြည်ထောင်စု မြန်မာနိုင်ငံတွင် အဘက်ဘက်မှ ယိုယွင်းလာသောအခြေအနေကြောင့် ဗိုလ်ချုပ်ကြီးနေဝင်း ခေါင်းဆောင်သော ဗမာ့တပ်မတော်သည် ၁၉၆၂ ခု မတ်လ(၂)ရက်နေ့တွင် နိုင်ငံတော်အာဏာကို ထိန်းသိမ်းရယူခဲ့ပေသည်။ နိုင်ငံတော်အာဏာကို ထိန်းသိမ်းရယူသည့် ချက်ချင်းတော်လှန်ရေးကောင်စီကို ဖွဲ့စည်းလိုက်ကြောင်းနှင့် တော်လှန်ရေးကောင်စီ၏ ဝါဒသဘောထားကို တိုင်းပြည်သို့ ကြေငြာလိုက်လေသည်။

တော်လှန်ရေးကောင်စီသည် နိုင်ငံအတွင်း စည်းလုံးညီညွတ်မှုရရှိရေးကို ရည်ရွယ်၍ တောတွင်းရှိ အတိုက်အခံပါတီအဖွဲ့အစည်းများကို ဖိတ်ခေါ်ပြီး ပြည်တွင်းငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့လေသည်။ တွေ့ဆုံဆွေးနွေးပွဲ ပျက်ပြားသွားသည့်နောက်ပိုင်း တော်လှန်ရေးကောင်စီသည် ၁၉၆၄ ခု အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့် ဥပဒေကို ထုတ်ပြန်ခဲ့လေသည်။

ယင်းဥပဒေအရ ပါတီဂိုဏ်းဂဏအဖွဲ့အစည်း ဟူသမျှကို ဖျက်သိမ်းခဲ့ရာ မြို့ဟောင်းမြို့နယ်ရှိ မြေပေါ်နိုင်ငံရေးပါတီ

များမှာလည်း တစ်ပါတည်း ဖျက်သိမ်းခြင်းကို ခံခဲ့ရလေသည်။ ပါတီဂိုဏ်းဂဏများကြောင့် သူဖြူ ငါမဲ အကွဲကွဲ၊ အပြားပြားဖြစ်နေကြသော သဘောထားများသည် ပြည်သူလူထုအတွင်းတွင် တစ်စတစ်စပျောက်ကွယ်ကာ တိုင်းပြည်၏ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မြို့နယ်ရပ်ကွက် ငြိမ်ဝပ်ပိပြားရေးလုပ်ငန်းများကို လုပ်ကိုင်လာနိုင်တော့သည်။

တော်လှန်ရေးကောင်စီတက်လာပြီးနောက် မြို့ဟောင်းမြို့နယ်၏ အခြေအနေသည် လူဆိုး၊ သူဆိုး၊ ဓားပြများမှအစ ပြည်တွင်းသောင်းကျန်းမှုများကို နှိပ်ကွပ်ပြီး တိုင်းပြည်ပြန်လည်စည်းရုံးရေးလုပ်ငန်းကို ထိရောက်စွာဆောင်ရွက်လာနိုင်ခဲ့ခြင်း၊ အရင်းရှင်များ ကြီးစိုးသော စီးပွားရေးလုပ်ငန်းများကို ပြည်သူပိုင်အဖြစ် သိမ်းပိုက်ဆောင်ရွက်လာနိုင်ခဲ့ခြင်း စသောတော်လှန်ရေးကောင်စီ၏ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းအပေါ် လူထုတစ်ရပ်လုံး ထောက်ခံအားပေးကြသလို မြို့ဟောင်းမြို့နယ်သူမြို့နယ်သားများမှာလည်း အားတက်သရော ထောက်ခံအားပေး လာကြတော့သည်။

တော်လှန်ရေးကောင်စီသည် ၁၉၆၂ ခုနှစ် ဇူလိုင်လ(၄)ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်ပြီး ပါတီစည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ မြို့ဟောင်းမြို့နယ်တွင်လည်း ပါတီအခြေစိုက်အင်အားစုများကို စုစည်းဖွဲ့စည်းခဲ့လေသည်။ ၁၉၆၅ ခုနှစ် မြို့ဟောင်းမြို့နယ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ပါတီယူနစ်စည်းရုံးရေးကော်မတီကို ဖွဲ့စည်းထူထောင်ခဲ့လေသည်။

အုပ်ချုပ်ရေးနှင့်ပတ်သက်၍ ယင်းအချိန် မြို့ဟောင်းမြို့နယ်တွင် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ၊ ကျေးရွာလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းကာ မြို့နယ်ရပ်ကွက်ဆိုင်ရာများကို ဗဟိုဦးစီးဦးဆောင်မှုအရ ဆောင်ရွက်လုပ်ကိုင်ခဲ့လေသည်။

## (၁၇) ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုကော်မတီ

မြို့ဟောင်းမြို့နယ် ဆိုရှယ်လစ်စီးပွားစနစ်တည်ဆောက်မှု ကော်မတီကို ၁၉၆၄ ခုနှစ် ဩဂုတ်လ(၇)ရက်နေ့တွင် မြို့ပိုင်၊ နယ်ပိုင်စုပေါင်းရုံးကြီးတွင် ဖွင့်လှစ်ခဲ့သည်။ မြို့နယ်အတွင်း စီးပွားရေးစာရင်းဇယားများ ပြုစုထိန်းသိမ်းထားခြင်း၊ ပြည်သူပိုင်လုပ်ငန်း၊ စုပေါင်းလုပ်ငန်း၊ ပုဂ္ဂလိကဆိုင်ရာ စာရင်းဇယားများကို ပြုစုထိန်းသိမ်းခြင်းများကို ဆောင်ရွက်ပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်တည်ဆောက်မှုကိစ္စရပ်များကို သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးနှင့် ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

# ယဉ်ကျေးမှုဖြစ်စဉ်

## (က) မြောက်ဦးမြို့ရှေးဟောင်းသုတေသနပြတိုက် သမိုင်းစဉ်

အင်္ဂလိပ်အရေးပိုင် မစ္စတာမောရစ်ကောလစ်နှင့် ဦးစံရွှေဖူးတို့သည် နောင်သောအခါ ပြတိုက်ကြီးတစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ဗြိတိသျှအစိုးရလက်ထက်ကပင် စတင်ရှာဖွေစုဆောင်းခဲ့ကြသည်။ ထိုစဉ်က ကျောက်ရုပ်နှင့် ကျောက်စာ(၁၀)မျိုးခန့်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ယင်းတို့ကို နန်းတော်ကုန်းရှိ ဗိုလ်တဲ၌ သိမ်းဆည်းထားပြီး ရှေးဟောင်းဝတ္ထုပစ္စည်းများကို ရှာဖွေစုဆောင်းမှတ်တမ်းတင်ရန်အတွက် အင်္ဂလိပ်အစိုးရသည် ဦးစံရွှေဖူးအား ကျောက်စာဝန်ထောက်မင်းအဖြစ် ခန့်အပ်ခဲ့သည်။ ဦးစံရွှေဖူးသည် အပျော်တမ်းကျောက်စာဝန်မင်းအဖြစ်ကိုသာ လက်ခံခဲ့သည်။ သို့နှင့် အင်္ဂလိပ်အစိုးရသည် သိမ်းဆည်းစုဆောင်းမိသော ပစ္စည်း(၁၀)မျိုးကို သက်ဆိုင်ရာမြို့ပိုင်နယ်ပိုင်များအား တာဝန်ယူထိန်းသိမ်းစေပြီး၊ ယင်းတို့ကို စောင့်ရှောက်ရန်အတွက် ကံလှရပ်ကွက်မှ ဦးထွန်းစံဖြူအား အစောင့်အမှုထမ်းအဖြစ် ခန့်အပ်ခဲ့သည်။ ၁၉၃၂-၃၃ ခုနှစ်ခန့်တွင် မြေထိုင်အဆောက်အဦးတစ်ခုကို ဆောက်လုပ်၍ အဆိုပါပစ္စည်း(၁၀)မျိုးခန့်ကို ခင်းကျင်းပြသထားရှိခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်သောအခါ ပစ္စည်း(၁၀)မျိုးအနက် အချို့သောပစ္စည်းများ ပျောက်ဆုံးပြီးလျှင် အစောင့်အမှုထမ်း ဦးထွန်းစံဖြူ ကွယ်လွန်သွားသဖြင့် ရေပေါက်ဝရပ်ကွက်မှ ဦးရှောက်ဖွေအား ခန့်ထားခဲ့သည်။ ဦးရှောက်ဖွေ အငြိမ်းစားယူသောအခါ ကြက်ဈေးရပ်ကွက်မှ ဦးမောင်ပုံအား ခန့်ထားခဲ့သည်။ ထိုစဉ်က အစောင့်အမှုထမ်းများအနေနှင့် ပစ္စည်းများ ရှာဖွေစုဆောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်ခွင့် မရှိခဲ့သဖြင့် ပြတိုက်အတွင်းရှိ ပစ္စည်းများမှာ တိုးတက်မှု မရှိခဲ့ပေ။

လွတ်လပ်ရေးရပြီးနောက်ပိုင်း ၁၉၅၅ ခုနှစ်တွင် ကမ္ဘည်းကျောက်စာဌာနမှ ညွှန်ကြားရေးဝန်မင်း ဦးလူဖေဝင်းသည် မြောက်ဦးမြို့သို့ ရောက်ရှိခဲ့သည်။ ဦးလူဖေဝင်းသည် ရှေးဟောင်းသုတေသနလုပ်ငန်းများနှင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ ရှာဖွေ စုဆောင်းခြင်းလုပ်ငန်းကို လုပ်ကိုင်နိုင်ရန်အတွက် မြောက်ဦးမြို့တွင် ရှေးဟောင်းသုတေသနဌာနစိတ်တစ်ခု ဖွင့်လှစ်ပြီး

ညောင်ပင်ဈေးရပ်ကွက်မှ ကျောင်းဆရာ ဦးဦးသာထွန်းအား ရခိုင်မြန်မာပဏ္ဍိတ်အဖြစ် ခန့်အပ်ခဲ့သည်။

ရခိုင်မြန်မာပဏ္ဍိတ်၏ ကြိုးစားမှုကြောင့် ရှေးဟောင်းဝတ္ထုပစ္စည်းများ တစ်စထက်တစ်စများပြားလာသဖြင့် ၁၉၅၈-ခုနှစ်တွင် ယခုလက်ရှိပြတိုက်(၆ဝ X ၂ဝ)(သွပ်မိုးသံပေါက်ကာ)ကို တည်ဆောက်ခဲ့သည်။ ၁၉၆၇-ခုနှစ်တွင် ပြတိုက်ပြီး၌ ကာရံထားသော သံပေါက်များကို ဖယ်ရှားပြီး၊ အုတ်အင်္ဂတေများဖြင့် အစားထိုးဆောက်လုပ်ခဲ့သည်။ ၁၉၇၇-၇၈ ခုနှစ်တွင် ပြတိုက်နှင့် ဆက်လက်ရှေးဟောင်းသုတေသနရုံးခန်းတစ်ခုကို ဆောက်လုပ်ခဲ့သည်။ ရှာဖွေစုဆောင်းလာသော ရှေးဟောင်းဝတ္ထုပစ္စည်းများမှာ အလွန်များပြားလာသဖြင့် ၁၉၈၁-၈၂ ခုနှစ်တွင် ယခင်ပြတိုက်ကြီးနှင့်ဆက်လျှက် အဆောင်သစ်တစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ ၁၉၈၂-၈၃ ခုနှစ်တွင် ယင်းအဆောင်နှင့်ဆက်လျှက် အဆောင်သစ်တစ်ဆောင် ဆောက်လုပ်ရန် ရှေးဟောင်းသုတေသန ဦးစီးဌာနမှ အစွမ်းကုန်ကြိုးစား ဆောင်ရွက်လျှက်ရှိသည်။

## (ခ) စာကြည့်တိုက်

ရှေးရခိုင်မင်းများလက်ထက်က မြောက်ဦးမြို့နယ်အတွင်း အများပြည်ရှင်ရဟန်းတို့ ဗဟုသုတပြည့်ဝစေခြင်း အကျိုးငှါ လောကလောကုတ္တရာဆိုင်ရာ ပိဋကတ်စာကြည့်တိုက်များကို ထားရှိခဲ့ကြောင်း မျက်မြင်ကိုယ်တွေ့ရှိနေသော ပိဋကတ်တိုက် အဆောက်အဦးဟောင်းများကို လေ့လာ၍ သိရှိရသည်။

သမိုင်းသုတေသီတို့အဆိုအရ မြောက်ဦးမြို့နယ်အတွင်း ပိဋကတ်စာကြည့်တိုက် အဆောက်အဦးပေါင်း (၄၈)ခု ရှိသည်ဟု ဆိုသည်။

မြောက်ဦးခေတ် ကောင်းစားစဉ်က မြောက်ဦးမြို့နယ်အတွင်း ပိဋကတ်စာကြည့်တိုက်ပေါင်းများစွာ ရှိခဲ့ပါသော်လည်း သူတစ်ပါးလက်အောက် ကိုလိုနီဘဝသို့ ရောက်ခဲ့သဖြင့် ကိုလိုနီနယ်ချဲ့အင်္ဂလိပ်များတို့သည် လုပ်သားပြည်သူများအား ပညာရေး၊ ကျမ်းမာရေး၊ လူမှု၊ စီးပွားရေးချို့သွားစေရန် စီမံအုပ်ချုပ်ခဲ့ကြသဖြင့် ပိဋကတ်တိုက်များ ပျက်ပြုံပြီး၊ ယခုအခါ ပိဋကတ်တိုက်အချို့သာ ကျန်ရှိတော့သည်။

ဒုတိယကမ္ဘာစစ် မဖြစ်မီ နှစ်အနည်းငယ်ခန့်က မြောက်ဦးမြို့နယ်အတွင်း လူငယ်စာပေဝါသနာရှင်များ စုစည်းကာ မိမိတို့စရိတ်များဖြင့် အကုန်အကျခံပြီး၊ ပရဟိတစာကြည့်တိုက်များကို တည်ထောင်ခဲ့ကြသည်။ ထိုအချိန်က တောင်ရပ်ရပ်ကွက် စာကြည့်တိုက်နှင့် လက်ကောက်ဈေးလူငယ်များ၊ မြို့မစာကြည့်တိုက်အပါအဝင် ညောင်ပင်ဈေးနှင့် ရေပေါက်ဝရပ်ကွက်တို့တွင်လည်း လူငယ်စာဖတ်အသင်းများကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ လွတ်လပ်ရေးမရမှီ မြောက်ဦးမြို့ ဝါဈေးရပ်ကွက်တွင် သုစရိတယုဝအမည်နှင့် စာကြည့်တိုက်တစ်ခု ပေါ်ပေါက်လာခဲ့သည်။

၁၉၅ဝ ခုနှစ်တွင် ပြည်ထောင်စုလူငယ်များ စည်းရုံးလျှက် ကြက်ဈေးရပ်ကွက်၊ တောင်ရပ်ရပ်ကွက်၊ ဘုရားပေါ်ရပ်ကွက်၊ အလယ်ဈေးရပ်ကွက် စသည့်မြို့ဟောင်းမြို့ပေါ်ရှိ ရပ်ကွက်တိုင်းလိုလို၌ လူငယ်စာကြည့်တိုက်များကို ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ သို့သော် ယင်းစာကြည့်တိုက်များမှာ (၅)နှစ်ကျော်ခန့် တည်တံ့ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် မြို့မစာကြည့်တိုက်တစ်ခုကို ကုန်သည်တန်းရပ်ကွက်၌ တည်ထောင်ခဲ့သည်။ ဤစာကြည့်တိုက်မှာ (၂)နှစ်ခန့် တည်တံ့ခဲ့သည်။

၁၉၇၄-ခုနှစ်တွင် ခေတ်မှီတိုးတက်သော လူငယ်အချို့တို့သည် ဆင်ချဆိပ်ရပ်ကွက်နှင့် လက်ကောက်ဈေးရပ်ကွက်တို့တွင် စာကြည့်တိုက်များ တည်ထောင်ခဲ့ကြသည်။ ဤစာကြည့်တိုက်မှာ (၃)နှစ်နီးပါးတည်တံ့ခဲ့သည်။

ယနေ့ထိ မြောက်ဦးမြို့နယ် တစ်ခုလုံးတွင် ဝါဈေးရပ်ကွက်ရှိ သုစရိတယုဝ စာကြည့်တိုက်နှင့် မြောင်းဘွေစာကြည့်တိုက်များသာ ရှိကြသည်။ ၁၉၇၈ ခုနှစ်တွင် မြောက်ဦးမြို့နယ် ပါတီယူနစ်၏လမ်းညွှန်မှုဖြင့် မြောက်ဦးမြို့နယ် လမ်းစဉ်လူငယ်စည်းရုံးရေးကော်မတီမှ လမ်းစဉ်လူငယ်စာကြည့်တိုက်တစ်ခုကို လူငယ်များ လုပ်အားဖြင့် တည်ထောင်ခဲ့ကြသည်။ ယခုအခါ ၎င်းအဆောက်အဦးမှာ ပျက်ပြုံသွားပြီးဖြစ်သော်လည်း စာကြည့်တိုက်ကို မြို့နယ်လမ်းစဉ်လူငယ် စည်းရုံးရေးကော်မတီရုံးတွင် ပူးတွဲဖွင့်လှစ်ထားရှိသည်။

## (ဂ) စာပုံနှိပ်စက်

မြောက်ဦးမြို့နယ်တွင် ၁၉၃၉-ခုနှစ်၌ အမျိုးသားကျောင်းအုပ်ဆရာကြီး ဦးစိန်ထွန်းဦးက ဦးစီး၍ စာပုံနှိပ်စက်တစ်ခုကို တည်ထောင်ခဲ့သည်။ သို့သော် ၎င်းစာပုံနှိပ်စက်မှာ စစ်ကြီးဖြစ်ပြီးနောက်ပိုင်းတွင် ပျက်စီးခဲ့ရသည်။ စစ်အတွင်း ဝါဈေးရပ်ကွက်တွင် စစ်တွေမှ ပြည်ကြီးမဏ္ဍိုင်စာပုံနှိပ်လုပ်ငန်းတစ်ခုကို တည်ထောင်ခဲ့သော်လည်း စစ်ပြီးခေတ်တွင် ၎င်းစာပုံနှိပ်စက်မှာ

စစ်တွေသို့ ပြန်လည်ပြောင်းရွှေ့သွားသည်။ စစ်ကြီးဖြစ်ပြီးနောက်ပိုင်းတွင် မြောက်ဦးမြို့နယ်တွင် စာပုံနှိပ်စက်များ တည်ထောင်ခြင်းမပြုနိုင်ကြတော့ပေ။ ယခုအခါ မြောက်ဦးမြို့နယ်တွင် စာပုံနှိပ်စက်လုပ်ငန်းများ မရှိတော့၍ စစ်တွေမြို့သို့ သွားရောက်ကာ စာပုံနှိပ်စက်လုပ်ငန်းများ၌ ပုံနှိပ်ကြရသည်။

## (ယ) <u>စာပေလှုပ်ရှားမှု</u>

မြောက်ဦးမြို့နယ်အတွင်း စာပေလှုပ်ရှားမှုမှာ ရှေးရခိုင်ဘုရင်များလက်ထက် ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ် စသည့်ခေတ်အဆက်ဆက် လှုပ်ရှားလာခဲ့ရာ နယ်ချဲ့ကိုလိုနီတို့၏လက်အောက်တွင် သူ့ကျွန်ဖြစ်ရသောဘဝနှင့် လွတ်လပ်ရေးရပြီးသည်မှ အစပြု၍ ယနေ့ထိတိုင် စာပေလှုပ်ရှားမှုသည် သူ့ခေတ်သူ့အချိန်အခါအလျှောက် လှုပ်ရှားတိုးတက်လျှက်ရှိကြသည်သာဖြစ်သည်။

ဝေသာလီ ကျောက်လှေခါးခေတ်(အေဒီ၃၂၇ မှ ၈၁၇)တွင် ရခိုင်စာဆို အကျော်အမော်များ ဖြစ်ကြသော သုဝဏ္ဏဝေဝီ(စောပြည့်ညို)၊ ဗျည်း(၃၃)လုံး၊ လှေတော်သံ၊ စာဆိုရှင် ဓမ္မဇေယျအမတ် အာနန္ဒစန္ဒြမင်း၏ အဂ္ဂမဟေသီ၊ ယန္တာဒေဝီ စသည့်စာဆိုရှင်မြောက်များစွာတို့သည် ရတု၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ ပုံပြင်၊ ဘွဲ့၊ ကျောက်စာ စသည်တို့ကို ရေးသားဖွဲ့ဆိုခဲ့ကြပေသည်။ ဝေသာလီခေတ်တွင် ပါဠိဘာသာ၊ သက္ကဋဘာသာတို့မှ ရက္ခဝဏ္ဏအက္ခရာဘာသာသို့ ပြန်ဆိုရေးသားသော လောကီလောကုတ္တရာဆိုင်ရာ၊ စာပေကျမ်းဂန်ဆိုင်ရာမြောက်များစွာတို့ ရှိခဲ့သည်။

ယင်းကျမ်းစာများအနက် စနကျအမတ်ကြီး၏ စာနကျနီတိကျမ်း၊ ကြမ္မာဒိုက်မင်းကြီးဝတ္ထု၊ မနုဓမ္မသတ်ကျမ်းနှင့် ဂေါတမ ပူရဏ်ကျမ်း၊ နက္ခတ်ဗေဒင်ကျမ်း၊ ဆေးကျမ်း၊ ဓာတ်ကျမ်း၊ သင်္ချာကျမ်း၊ စသည်တို့လည်း ကျော်ကြားခဲ့သည်။ သက္ကဋဘာသာ၊ သုတ ဗောဓ(သျှုတဗောဓ)ကျမ်းကို စောပြည့်ညိုသည် ရက္ခဝဏ္ဏအက္ခရာသို့ ကဝိကဏ္ဏပါသနကျမ်း၊ ကဝိဂဏ္ဏုကျမ်းအဖြစ် ပြန်ဆိုပြုစုရာ ယနေ့ထိတိုင် ကျော်ကြားခဲ့သည်။

ဝေသာလီသင်းကျစ်တော်ကျောက်စာ၊ နီတိစန္ဒြမိဖုရားကျောက်စာ၊ ဝီရစန္ဒြမင်းကျောက်စာ၊ ဝေသာလီဘုရားကြီးကျောက်စာ၊ ကြေးနီပြားစာ၊ အာနန္ဒစန္ဒြမင်းကျောက်စာ စသည်တို့သည် ဝေသာလီခေတ်၏စာပေယဉ်ကျေးမှုနမ၊ အနုပညာလှုပ်ရှားခဲ့မှုမှာ အဓိကအချက်များ ဖြစ်ကြသည်။

လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ)တွင်လည်း လင်္ကာများ၊ လျှောက်ထုံးများ၊ ပျို့များ၊ ဘွဲ့များ၊ နီတိကျမ်းများ၊ ကျောက်စာမော်ကွန်းစာ၊ ပရပိုက်စာ စသည်တို့ကို စာရေးဆရာစာဆိုအကျော်အမော်များစွာတို့က ရေးသားစီကုံးခဲ့ကြပေသည်။

ဒသရာဇာမင်းလက်ထက် (အေဒီ ၁၁၂၃-၁၁၃၉)တွင် ပညာရှိ သုခမိန် ကဝိကျော်အမတ်ကြီး၏ ဘိသိက်ခန်းလျှောက်ထုံးနှင့် မင်းထီးဘုရင်လက်ထက် (အေဒီ ၁၂၈၃-၁၃၈၉)တွင် စစ်တကောင်းစား ဝိမလအမတ်ကြီးလျှောက်ထုံးနှင့် ရခိုင်သူမြတ်(ကန်တော်မင်းကျောင်းဆရာတော်)၏ လောကသာရပျို့ စသည်တို့မှာ လေးမြို့ခေတ်စာပေလှုပ်ရှားမှုအချို့တို့ ဖြစ်သည်။

ကောလိယမင်းသက္ကရာဇ် (၄၈၀-၄၈၅) (အေဒီ ၁၁၁၈-၁၁၂၃)သည် ၎င်း၏သားတော် ဒုတိယပုရိန်မြို့တည် ဒသရာဇာမင်း (သက္ကရာဇ် ၄၈၅-၅၀၁) (အေဒီ ၁၁၂၃-၁၁၃၉)သည်လည်းကောင်း၊ သီဟိုဠ်ကျွန်းရောက် အလောမာဖြူမင်းတို့သည်လည်းကောင်း၊ လေးမြို့ခေတ်တွင် ကျောက်စာရေးထိုးခဲ့ပေသည်။

မင်းစောမွန်တည် မြောက်ဦးခေတ်(အေဒီ ၁၄၃၀-၁၇၈၄)တစ်လျှောက်တွင် ရခိုင်စာပေယဉ်ကျေးမှု အနုပညာသည် အထွဋ်အထိပ်သို့ရောက်ခဲ့ပေသည်။ ရဟန်းပညာရှိ၊ လူပညာရှိ၊ အမတ်သုခမိန်များစွာတို့လည်း ပေါ်ထွန်းခဲ့ပေသည်။ ယင်းပညာရှိများသည် ကဗျာ၊ လင်္ကာ၊ ရတု၊ ပျို့၊ မော်ကွန်း၊ သာချင်း၊ ဧချင်း၊ သာစွလေ၊ လင်္ကာ၊ လျှောက်ထုံး၊ ဘွဲ့စသည်များကို ရေးသားဖွဲ့ဆိုခဲ့သည့်အပြင် လောကီဆိုင်ရာ လောကုတ္တရာဆိုင်ရာ ကျမ်းပေါင်းမြောက်များစွာတို့ကိုလည်း ကျမ်းပြုရေးသားခဲ့ကြပေသည်။

သက္ကရာဇ် ၈၃၂-ခု(အေဒီ ၁၄၇၀)တွင် ဘားတူ(ဖဒူ)ကျွန်းသားမင်းညိုသည် ရခိုင်မင်းသမီးစောရွှေကြာ၏ "ရခိုင်မင်းသမီးဧချင်း"ကို ရေးသားဖွဲ့ဆိုခဲ့သည်။

သီရိသုဓမ္မယစန္ဒမဟာဓမ္မရာဇာခေါ် မင်းဗာကြီးလက်ထက် သက္ကရာဇ်၊ ၈၉၃-၉၁၅ (အေဒီ ၁၅၃၁-၁၅၅၃)တွင် မဟာပညာကျော်သည် (၁၂)လရာသီ ဧကပိုဒ်ရတု၊ လျှောက်ထုံးများအပါအဝင် သေနင်္ဗျူဟာကျမ်း၊ ဓမ္မသတ်ကျမ်းနှင့် ကျမ်းပေါင်းများစွာကို ပြုစုခဲ့သည်။ စာဆိုတော်ဝိမလအမတ်ကြီးသည်လည်း ကော်ကာနုနှင့် သတ္တဌာနု အစရှိသော ဇာတ်တော်များကိုလည်း သာချင်းဖွဲ့ဆိုခဲ့ပေသည်။

ဆင်ဖြူသခင် ဆင်နီသခင်ဖြစ်တော်မူသော သီရိသုဓမ္မရာဇာလက်ထက် သက္ကရာဇ်၊ ၉၈၄-၁၀၀၀(အေဒီ ၁၆၂၂-

၁၆၃၈)တွင် သိုက်တက်လေက်ရုံးသည် ပတ္တရာငစွေခြင်းနှင့် သိုက်သမိုင်းကျမ်းအစောင်စောင်ကို ရေးသားခဲ့၏။ လေက်ရုံး၏ သိုက်ကျမ်းများမှာ အလွန်စိတ်ဝင်စားဖွယ်ကောင်း၏။

နရအဘယရာဇာ (အေဒီ ၁၇၄၂-၁၇၆၁)မှ စန္ဒဝိမလရာဇာ(အေဒီ ၁၇၇၇)စသော မင်းအဆက်ဆက်တို့လက်ထက်တွင် နို့ထိမ်းတော်အဖြစ်လည်းကောင်း၊ မင်းတိုင်ပင်အမတ်အဖြစ်လည်းကောင်း၊ ကျော်ကြားခဲ့သော သီရိမာလာမိပန်းရုံသည် **"ကြားပိမ့် ဗိုလ်လူအံ့ချီးမူလော့"**အစချီသော ရက္ခိုင်အောင်လံတော်လင်္ကာနှင့် အခြားလင်္ကာများစွာတို့ကိုလည်း ရေးသားစီကုံးဖွဲ့ဆိုခဲ့သည်။

ကိုလိုနီနယ်ချဲ့ခေတ်ဦး သက္ကရာဇ် ၁၁၉၂ ခုတွင် ဦးထော်အောင်ဖဲသည် မာရယုဒ်ုံးချင်းကို ရေးသားခဲ့သည့်အပြင် မဏိသျှုတ္တရကျမ်း၊ ပိသုကာကျမ်း၊ နက္ခတ်ကျမ်း၊ ရက္ခိုင်မင်းခန်းတော်ညီလာခံကျမ်း၊ ပလ္လင်(၁၂)ခန်းနှင့် စည်တော် (၂၅)မျိုး လုပ်ထုံး လုပ်နည်းအပါအဝင် လောကီကျမ်းများကို မြောက်များစွာ ရေးသားခဲ့သည်။

၎င်းပြင် ဦးထော်အောင်ဖဲသည် ဖာတစ်လုံးခေါင်းကျားဇာတ်၊ ဒ်ုံးချင်းများစွာတို့ကိုလည်း ရေးသားခဲ့ပေ၏။ ညောင်ပင်ဈေး ဆရာတော် ဦးဥတ္တမသီရိသည် ၁၂၈၄-ခုတွင် ဥဒ္ဒေသဂဏ္ဌိနည်းကျမ်းနှင့် ၁၂၉၀-ခုတွင် ရက္ခိုင်ပြည် အဓိမည်ကျမ်း၊ သတ္တုရူပပိသုကာကျမ်းအပါအဝင် ဓေညဝတီရာဇဝင်သစ်ကျမ်းကို ရေးသားခဲ့ပေသည်။

ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်မှာလည်း ရက္ခိုင်လောကသာရပျို့ဟောင်း၊ ရက္ခိုင်မဟာရာဇဝင်တော်ကြီး၊ ရက္ခိုင်ပြက္ခဒိန်အဓိမသ်၊ အငြင်းအခုန်စာတမ်း၊ ဒေါင်မာတင် (ရခိုင်မင်းသား)၊ ဦးမြဝါ၊ ဆံတော်ရှင်သမိုင်း၊ ဗုဒ္ဓနှင့်အာနန္ဒာ ဗျာဓိဟကထာ စသည်တို့ကို ရေးသားပြုစုခဲ့သည်။

အင်္ဂလိပ်ဘာသာဖြင့် ရှင်ငယ်စိတ္တနာရတနှင့် နန်းကျားကြီးအကြောင်း၊ မြောက်ဦးမြို့ဝန်းကျင်စာအုပ် စသည်တို့ကို နန်းရာကုန်းရပ်နေ ရွှေနေ ဦးစံဘော်ဦးက ရေးသားပြုစုခဲ့သည်။ ဖဆပလခေတ်တွင် သံတရာဆရာတော်သည် သံသရာစက်ပြတ်ကြောင်း ကျမ်း ပ-တွဲ၊ ဒု-တွဲတို့ကို ထုတ်ဝေရေးသားခဲ့သည်။

ဗန္ဓုလဆရာတော်အသျှင် ဦးပုညသည် နိဗ္ဗာန်နာ၊ နိဗ္ဗာန မဟာဏိဘူတကထာ စာအုပ်နှင့် ၁၉၅၅ ခုနှစ်တွင် အဂ္ဂဓမ္မ လောင်းကြက်ဆရာတော်သည် **"ဝါဆိုအမှန်ပြည်နိဗ္ဗာန်"**နှင့် ဝါဆိုကပ်အဓိကရုဏ်း ရှင်းတမ်းစာစောင်များကို ရေးသားပြုစုခဲ့သည်။ လောင်းရှည်ချောင်းဆရာတော် နိုင်ငံဂုဏ်ရည်ဒုတိယဆင့် ဆရာတော် ဦးပညာသီဟသည်လည်း **"ဝါဆိုမမှန် ပါယ်ဖျက်ရန်"**ရှင်းပြချက်စာအုပ်နှင့် ခမီးလူမျိုး စာအုပ်တို့ကို ရေးသားခဲ့သည်။

မြောက်ဦးမြို့ ဆင်ချဆိပ်ရပ်ကွက်၏ မြောက်ဘက်အရပ် တေဇာရာမကျောင်းတိုက် ဆရာတော်ဦးပညာသည် မဏိဒီပဝိပဿနာကျမ်းကို ရေးသားပြုစုခဲ့သည်။

၁၉၆၇-ခုနှစ်တွင် တောင်ခြေနွေတန်းကဗျာများ၊ ၁၉၆၇-၆၈ ခုနှစ်တွင် ပန်းရိုင်းငုံအာကဗျာများ၊ ၁၉၆၈-၆၉ ခုနှစ်တွင် ဖူးငုံပွင့်လန်းကဗျာများကို လက်ကောက်ဈေးရပ်ကွက်ရှိ ခေတ်မှီနည်းပြသင်တန်းကျောင်းဆရာ ဦးဦးစံကျော်(ဓေညဦး)က တာဝန်ခံစာတည်း(ဥက္ကဌ)နှင့် ဦးစံမောင်(ဓေညမင်းစံ) စာတည်းအဖွဲ့ဝင်(အတွင်းရေးမှူး)တို့က မြို့နယ်ပါတီယူနစ်၏ ခွင့်ပြုချက်ဖြင့် ထုတ်ဝေခဲ့သည်။

ရက္ခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ စာပေလှူပ်ရှားမှုမှာ ခေတ်အလိုက် အောက်ပါအတိုင်း ဖြစ်ပါသည်။

**ဗြိတိသျှခေတ်**

(၁) မြောက်ဦးမြို့ ဘုရားသမိုင်းကျမ်း (၁၃၀၁-ခုပုံနှိပ်)
(၂) ရက္ခိုင်ကဗျာပေါင်းချုပ်၊
(၃) ရက္ခိုင်ရာဇဝင်လင်္ကာဘာသာပြန်၊
(၄) ရက္ခိုင်ဒင်္ဂါးများဘာသာပြန်၊
(၅) ဓေညသွီးမဂ္ဂဇင်း(စာတည်းနှင့် အယ်ဒီတာတာဝန်ကို ယူလျှက်ထုတ်ဝေခဲ့သည်)။
(၆) သမိုင်းဆောင်းပါးများနှင့် ယဉ်ကျေးမှုဆောင်းပါးများ သတင်းစာ၊ စာနယ်ဇင်းတို့တွင် ရေးသားခဲ့သည်။

အထက်ပါ (၂၊ ၃၊ ၄) စာမူများကို စာမူခငွေဖြင့် ပုံရိုက်ရန် ဘဏ္ဍာရေးဝန်ကြီး ဆားဦးထွန်းအောင်ကျော်သို့ ပေးအပ်ခဲ့သည်။

(၇) အံတော်ဘုရားသမိုင်းကျမ်း။

**ဒုတိယစစ်ပြီးခေတ် လွတ်လပ်ရေးမရမီ**

(၁) ရက္ခိုင်ပြည် ဓာတ်တော်ဘုရားစေတီများနှင့် မြောက်ဦးမြို့တန်ခိုးကြီးဘုရားများ သမိုင်းကျမ်း လက်ရေးမူ (ဘဏ္ဍာရေးဝန်ကြီးဆား ဦးထွန်းအောင်ကျော်အား စာမူခပေး၍ အပ်ခဲ့သည်။)

(၂) ဦးရာဇ်တောင်ဘုရားကြီးသမိုင်း (ပုံနှိပ်)။

**လွတ်လပ်ရေးရပြီးခေတ်**

(၁) မြောက်ဦးမြို့ ဘုရားသမိုင်းကျမ်း ပြင်ဆင်ဖြည့်စွက်ချက် (၁၉၅၂-၅၃) (ပုံနှိပ်)၊

(၂) ရက္ခိုင်အမျိုးသမီး သူရဲကောင်း အတ္ထုပ္ပတ္တိ (၁၉၅၃-၅၄) (ပုံနှိပ်)၊

(၃) ရက္ခိုင်ရာဇဝင်သခင်ပကျမ်း (၁၉၅၄-၅၅) (ပုံနှိပ်)၊

(၄) ဝသဲဘုရားသမိုင်း (ပုံနှိပ်)၊

(၅) ရှင်သတ်ဘုရားသမိုင်း (ပုံနှိပ်)၊

(၆) သဲတက်ဘုရားသမိုင်း၊ ထီးတော်မိုးဘုရားသမိုင်း၊ ဘောင်းဒွတ်နတ်တောင်ဘုရားသမိုင်း၊ ဝေသာလီဘုရားကြီးသမိုင်း၊ သိမ်ကြီးတောင်ဘုရားသမိုင်း၊ မဟာထီးဘုရားသမိုင်း၊ ပါးတော်ဘုရားသမိုင်း၊ ဘုရားပေါ် ဘုရားသမိုင်း၊ သျှစ်သောင်းဘုရားသမိုင်း၊ မင်္ဂလာဓာတ်ရွှေကူ စသည်တို့ကို ရတုလင်္ကာဖြင့် တစ်မျိုး၊ စကားပြေဖြင့်တစ်မျိုး သမိုင်းမော်ကွန်း ရေး၍ စာတမ်းများ ထုတ်ဝေခဲ့သည်။

(၇) ရန်ကုန်တက္ကသိုလ် ရက္ခိုင်တိုင်းရင်းသားများ ထုတ်ဝေသော ဓညဝတီစာစောင်၊ ဓညဝတီမဂ္ဂဇင်းနှင့် ရခိုင့်တန်ဆောင်မဂ္ဂဇင်းတို့တွင် အမြဲတမ်းဆောင်းပါးများ ရေးသားထုတ်ဝေခဲ့သည်။

(၈) မန္တလေးပြည်သူ့ဂျာနယ်နှင့် ရန်ကုန်မဂ္ဂဇင်းတွင် ဆောင်းပါးများရေးခဲ့သည်။ စစ်တွေကောလိပ်မဂ္ဂဇင်း၊ ရခိုင်ပြည်နယ်စာစောင်များတွင် ရေးသားလျှက်ရှိသည်။

(၉) မြို့စောင့်နတ်ဒေဝတာဗလိပူဇော်ခန်းကျမ်း၊

(၁၀) အဥ္စနနိဒါန်းဆေးကျမ်း (၁၉၆၀)

(၁၁) ရခိုင်စည်ပြုလုပ်ပုံနှင့် တီးကွက်တီးလုံးများ၊ ကဗျာများ၊ စုပေါင်းစာတမ်း၊

(၁၂) ရခိုင်ထိမ်းမြားမင်္ဂလာ ပန်တျာတီးလုံးတီးကွက်နှင့် ပြုလုပ်ပုံအတိုင်းအတာစာတမ်း၊

(၁၃) ပါမောက္ခဦးအေးမောင်နှင့် ရက္ခိုင်သတ်ပုံသတ်ညွှန်းခွဲထား၏အဓိပ္ပါယ်တွက်ပုံစာတမ်း၊

(၁၄) ရက္ခိုင်ပွဲအမျိုးမျိုးတို့ကို ပြုလုပ်ပုံအတိုင်းအတာစာတမ်း၊

(၁၅) ဗုဒ္ဓပူဇနိယဆီမီးခွက်အက သီချင်းကဗျာ။

**နိုင်ငံခြားသား သုတေသီများနှင့် ပြုစုခဲ့သော စာတမ်းများ**

(၁) ဩစတြေးလျားနိုင်ငံ ကထိက ပင်မိလာဂေါ်တမိနှင့် ဝေသာလီခေတ် ကျောက်ရုပ်ကျောက်စာများ စာတမ်း၊

(၂) ပြင်သစ်နိုင်ငံ ပါရစ်မြို့တွင် ပါမောက္ခပရိုဖက်ဆာဘာနောဗ်နှင့်ဇနီးတို့အား ရခိုင်ပုံပြင်လိပ်ကန်ဖာမဝတ္ထုနှင့် ကျိုးဖြူရွာစာတမ်း၊

(၃) အင်္ဂလန်နိုင်ငံပါမောက္ခ ဦးလှသိန်းခေါ် ဂျွန်အိုကဲလ်နှင့် စေတီအဆောက်အဦးနှင့် နန်းအဆောက်အဦးဆိုင်ရာ စာတမ်း၊

(၄) အမေရိကန်နိုင်ငံ အာရှဖောင်ဒေးရှင်း အတွင်းရေးမှူး ဒေးဗစ်စတိမ်းဗောစ်နှင့် ဝေသာလီကျောက်ရုပ်ထု၊ ဆင်းထုတို့၏ နှစ်ပေါင်းမည်မျှကြာတိုင်းတာချက်စာတမ်း၊

(၅) ဂျပန်နိုင်ငံ ပါမောက္ခအိုနိုတိုရုနှင့် ရခိုင်စကားပြောလေယူလေသိမ်း အသံထွက်ပုံစာတမ်း၊ ဘောင်းဒွတ်အရပ်ရှိ ဒါ့ချိုကောင်ဆယ်လာ အဆောက်အဦးပုံစံနှင့် ကူးသန်းရောင်းဝယ်ခဲ့ကြပုံစာတမ်း။

**နိုင်ငံတော် အစိုးရယဉ်ကျေးမှုဌာနနှင့် အခြားပုဂ္ဂိုလ်များနှင့် ပူးပေါင်း၍ ပြုစုခဲ့သောစာတမ်းများ၊ ကျမ်းများ**

(၁) ပြည်ထောင်စုအက ပဒေသာစာအုပ်၊

(၂) ရခိုင့်တေးသံစာအုပ် (၁၉၆၅)၊

(၃) ရခိုင်တိုင်းရင်းသားလူမျိုးများဖြစ်စဉ်နှင့် ဓလေ့ထုံးစဉ်များစာအုပ်၊
(၄) တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစဉ်များ၊
(၅) ရခိုင်ပြည်နယ်ဘဏ္ဍာတိုက်ကြီးများကျမ်း၊
(၆) ရခိုင်ရိုးရာစည်နှင့် ဒူရိယာတီးကွက်များစာတမ်း၊
(၇) မြန်မာဝေါဟာရအဘိဓာန်ကျမ်းပြုစုရာတွင် ဝေါဟာရစာလုံးများ ပြုစုပေးပို့ခြင်း။
(၈) ရခိုင်ဝေါဟာရအဘိဓာန်ပြုစုရာတွင် ဝေါဟာရစာလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ကျမ်းကိုးကားချက်များ စာအုပ်ပြုစုခြင်း။
(၉) ၁၉၇၆-၇၇ ရခိုင်ပြည်နယ်နေ့ ရခိုင်ပြည်နယ် အောင်လံ၊ ရခိုင်ပြည်နယ်တံဆိပ်၊ ရခိုင်ရိုးရာကျား/မဝတ်စုံ တို့ကို ရခိုင်ပြည်နယ်ပြည်သူ့ကောင်စီ၌ ဖွဲ့စည်းထားသော ဆပ်ကော်မတီနှင့်အတူ ရခိုင်ပြည်နယ် အောင်လံ တံဆိပ် အဝတ်အစားတို့ကို စာတမ်းပြုစုခြင်း။

**<u>ဦးစံသာအောင်နှင့် ပူးပေါင်း၍ထုတ်ဝေပြုစုခဲ့သောစာအုပ်များ</u>**

(၁) ၁၉၇၂-ခုတွင် အဘိဓမ္မာကောက်နုတ်ချက် ပုရပိုက်ကို မိုက်ခရိုဖလင်ဖြင့် ရိုက်နိုပ်သောစာအုပ် (ပ-တွဲ၊ ဒု-တွဲ)၊
(၂) ကဝိကဏ္ဍ၊ ပါသကကျမ်းပေမူကို မိုက်ခရိုဖလင်ဖြင့် ရိုက်ထုတ်သောစာအုပ်၊
(၃) လျှို့ဝှက်ကျောက်စာဂဏန်းရေးနည်း ပေမူကို မိုက်ခရိုဖလင်ဖြင့် ရိုက်ထားသောစာအုပ်၊
(၄) နက္ခတ်ပျို့ (ပါဠိတော်၊ နိဿယ)ပေမူကို မိုက်ခရိုဖလင်ဖြင့် ရိုက်ထားသောစာအုပ်၊
(၅) အေဒီ-၆ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံးအက္ခရာစာအုပ်၊
(၆) အာနန္ဒစန္ဒြကျောက်စာဘာသာပြန်၊
(၇) ရခိုင်ဒင်္ဂါးများသမိုင်း၊
(၈) ဗုဒ္ဓအနုပညာစာအုပ် တို့ဖြစ်သည်။

ဆရာသည် ဖဆပလခေတ်တွင် သျှစ်သောင်းပုထိုးတော်ကြီး၊ ထီးတော်ကပ်လှူရာတွင် သမိုင်းသံချပ်ကြီးနှင့် မြောက်ဦးမြို့ဘုရားသမိုင်းသာခြင်း၊ စာတမ်းများကိုလည်း ရေးသားခဲ့၏။ ဆရာတော်ကြီးများ ပျံလွန်ရာတွင် ထေရုပ္ပတ္တိမော်ကွန်း၊ သင်းကြန်သံချပ်အမျိုးမျိုး၊ ရတုပိုဒ်စုံများ၊ ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့ မြောက်ဦးမြို့သို့ စောမြနန္ဒာပြဇာတ်၊ မင်းထီးပြဇာတ်၊ သျှစ်သောင်းဘုရားသမိုင်းပြဇာတ်၊ မင်းသားကြီးရွှေဘန်းနှင့် ဒေးဝန်းကြီးအောင်ကျော်ရွှိ မြို့သူကြီးအောင်ကျော်ဇံတို့၏ အင်္ဂလိပ်တော်လှန်ရေးပြဇာတ်၊ ကောက်ဦးဆွမ်းတင်ကဗျာများ၊ ပိုးဝါဘွဲ့ကဗျာများ ရေးသားခဲ့သည်။ ရခိုင်တိုင်းရင်းသား မရာမာဲကြီးကို အိထိပဟ်ချခေါ် သမိုင်းဖြစ်စဉ်ကျမ်းကိုလည်း ရေးသားခဲ့သည်။

အခြားနိုင်ငံမှ အမည်မရသော သုတေသီများနှင့် ဘုရားအဖွဲ့အသီးသီးတို့မှ သမိုင်းဆိုင်ရာ ရတု၊ ကဗျာ၊ စကားပြေများကိုလည်း များစွာရေးသားပြုစုပေးခဲ့သည်။ စာပေလှုပ်ရှားမှုနှင့် ပတ်သက်၍ ယခုအချိန်အထိ မြောက်ဦးမြို့နယ်အတွင်း သုတေသီများ အပါအဝင် ခေတ်ပေါ်စာရေးဆရာအမြောက်အများ စာပေရေးသားပြုစုလျှက် ရှိကြသည်။

## ၃။ (က) <u>ရုပ်သေးအက</u>

မြောက်ဦးမြို့နယ်အတွင်း ရုပ်သေးအကကို ရှေးရခိုင်ဘုရင်များခေတ်မှ ယခုမျက်မှောက်ခေတ်ထိ မြို့နယ်တစ်ခုလုံးတွင် သီးသန့်ဇာတ်ရုံများဖြင့်လည်းကောင်း၊ ဘုရားပွဲနှင့် အခြားအလှူမင်္ဂလာပွဲများတွင် ရှေးနိပါတ်တော်လာ ဇာတ်ဝတ္ထုများကို ရုပ်လုံးရုပ်ကြွများဖြင့်လည်းကောင်း၊ သရုပ်ဆောင် ကပြကြသည်။ များသောအားဖြင့် ဘုရားလောင်း ဝေသန္တရာဇာတ်၊ ဘုရားလောင်း တေမိမင်းဇာတ်၊ သတ္တထာနု၊ ကော်ကာနုဇာတ်များကို ကပြသည်။ ရာဇဝင်အထောက်အထားအရ ရုပ်သေးအကသည် မြောက်ဦးမြို့နယ်မှ သက္ကရာဇ် ၉၅၃ ခုနှစ်ကပင် စတင်ပေါ်ပေါက်ကြောင်း သိရသည်။

မြောက်ဦးခေတ် ဘုရင်မင်းဖလောင်းလက်ထက်တွင် ဦးရာဇ်တောင်စေတီတော်ကို တည်ထားကိုးကွယ်၍ ထိုဘုရားပွဲတော်ကို အခမ်းအနားကျင်းပရာ၌ သဘင်ပညာအရုပ်ရုပ် စုံလင်စေခြင်းငှာ မြို့တော်ရှိကျွမ်းကျင်လိမ်မာသော

ပန်းပုဆရာကြီးများကို ခေါ်ယူ၍ ဇာတ်ကြီး(၁၀)ဘွဲ့နှင့် ငါးရာငါးဆယ်နိပါတ်တော်များ ပါဝင်သော ပန်းပုရုပ်လုံးရုပ်ကြွများကို ပီသအောင် ထုလုပ်စေပြီး၊ ဇာတ်တော်များ၏ ဖြစ်ဟန်ပျက်ဟန်များကို သရုပ်ဆောင်ခင်းကျင်း ကပြစေသည်။ ထို့ကြောင့် သက္ကရာဇ် ၉၅၃ ခုနှစ်ကပင် ရခိုင်တွင် ရုပ်သေးအက ပေါ်ပေါက်လာသည်ဟု သုတေသီများကဆိုသည်။

## (ဓ) <u>တေးဂီတ</u>

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ တိုင်းရင်းသားလူမျိုးများ အသီးသီးတို့၌ အသုံးပြုလျှက် ရှိသော တေးဂီတများရှိသည့်နည်းတူ ရက္ခိုင်ပြည်နယ်ရှိ မြောက်ဦးမြို့တွင်လည်း ရက္ခိုင်လူမျိုးတို့၏ ရိုးရာဓလေ့ တေးဂီတများကို သီဆိုတီးမှုတ်လျှက် ရှိကြသည်။ ရခိုင်အတီးအမှုတ် တေးဂီတတူရိယာများသည် အိန္ဒိယအရှေ့ဖက်မှ ဆင်းသက်လာခဲ့သော်လည်း ရခိုင်အမျိုးသားတို့အနေဖြင့် မိမိတို့၏ တောတောင်ရေမြေသဘာဝအခြေအနေများကိုလိုက်၍ တီထွင်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ရာဇဝင်လက်ာ၌ ဒသဘာတိက ညီနောင်တို့ ပင်လယ်နား၌ ရေကစားရာသို့ မျောပါလာသော ကက္ကဋပုဇွန် လက်မကို ဗဟိုစည်ကြက်၍ မြောက်စည်ပြုသည်ဟု ဆိုသည်။ ဓညဝတီခေတ် စန္ဒသူရိယမင်းလက်ထက် မဟာမြတ်မုနိအသျှင်ကို သွန်းလုပ်စဉ် ပဥ္စင်တူရိယာတီးမှုတ်သည်ဟု ပါရှိသည်။

ဝေသာလီခေတ် စန္ဒြားမင်းများလက်ထက်တွင် တူရိယာများဖြင့် တွဲဖက်သီဆိုသော ဟန်စွလေ လေ့တော်သံ၊ စန္ဒြားဘွဲ့အဖြစ် သုဝဏ္ဏဒေဝီ စောပြည့်ညို ရေးစပ်သော ရွှန်းလိုက်ရတုများကို ရခိုင်ဝေသာလီခေတ် အေဒီ ၆၀၀ ခုတွင် စပ်ဆိုခဲ့သည်။ ဟန်စွလေ လေ့တော်သံကို အေဒီ ၇၆၈ ခုတွင် ရေးစပ်ခဲ့သည်ဟု သုတေသီတို့က ဆိုကြသည်။ မြောက်ဦးခေတ်တွင် ထင်ရှားခဲ့ သော (ဘားတူ) ဖဒူမင်းညို၏ ရခိုင်မင်းသမီးဧခြင်းကို ဘစောဖြူမင်းလက်ထက် သက္ကရာဇ် ၈၂၀ (အေဒီ ၁၄၅၈)တွင် ရေးသားစီကုံးခဲ့သည်။

တေးနှင့်ဂီတများသည် ရှေးအထက်ကျော်ကာလ မြောက်ဦးထွန်းကားစဉ်ကပင် သုခုမပညာရပ်များဖြစ်သော တေးသံ အမျိုးမျိုးနှင့် ဂီတအမျိုးမျိုးတို့ကို ကျွမ်းကျင်လိမ်မာစွာ အသုံးပြုခဲ့ကြောင်းကို သမိုင်းအထောက်အထားများနှင့် မြောက်ဦးခေတ် ကတည်းက တည်ထားကိုးကွယ်ခဲ့သော ထင်ရှားသည် သျှစ်သောင်းပုထိုးတော်ကြီး၏အပြင်လှိုဏ်ထပ်ရှိ အနောက်ဖက်၊ မြောက်ဖက်မျက်နှာတို့၌ ကဟန်၊ တီးမှုတ်ဟန်များကို၊ ကျောက်ဆစ်ရုပ်ကြွင်းများဖြင့် ထုလုပ်ထားသည်ကို မြင်တွေ့ရသည်။ အတီးအမှုတ် တူရိယာများဖြစ်သည့် သရော၊ စောင်းကောက်၊ ခရာမြွာ၊ ခရာကောက်၊ လက်တန်ရှည်၊ ဒူလောင်၊ ခွက်ခွင်း၊ စည်းစုတ်၊ စည်၊ ပတ်သာစသော တူရိယအမျိုးစုံကိုလည်း မြင်တွေ့နိုင်သည်။

မြောက်ဦးမြို့နယ်၌ တေးဂီတများရှိခြင်းကို စေတီပုထိုးများနှင့် ရှေးစာဆိုအကျော်အမော်များ ရေးသားခဲ့သော စာပေ များကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ ရှေးခေတ်အဆက်ဆက်မှသည် မြောက်ဦးခေတ် စာဆိုပညာရှင်များ သီကုံးဖွဲ့ဆိုရေးသား ခဲ့သော တေးကဗျာများမှာ ရွှန်းလိုက်ရတု၊ ဟန်စွလေလေ့တော်သံ၊ စန္ဒြားဘွဲ့၊ ဧခြင်း၊ ရတု၊ ကဗျာလင်္ကာ၊ ပျို့၊ သံပိုင်း၊ မော်ကွန်း၊ သာခြင်း၊ သံချပ်ကြီး၊ ယိုင်းသာခြင်း၊ တိုက်သာခြင်း၊ ပိုးဝါဘွဲ့၊ မိုးပန်းဝေဘွဲ့၊ ဇမ်းခြင်းနှင့် ကျေးလက်သဘာဝတေးသံ၊ သားချော့ သာခြင်း စသောတေးအမျိုးမျိုး ရှိခဲ့သည်။

မြောက်ဦးမြို့နယ်အတွင်း ရှေးမြောက်ဦးခေတ်မှသည် ယခုအချိန်အထိ အသုံးပြုနေသောတူရိယာများမှာ **"ပဥ္စင်တူရိယာ တီးမှုတ်ကာဖြင့်"** ဟူ၍ ရှေးရခိုင်စာဆိုများ စပ်ဆိုထားသည့်အတိုင်း ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်၊ ဟုဆိုအပ်သော အင်္ဂါရပ်များပါဝင်သည့် တူရိယာများဖြစ်သည်။ ယင်းတူရိယာများမှာလည်း၊ စည်၊ ပန်းတျား၊ နှဲ၊ ပွိ၊ ခြီခေါင်း၊ ညှင်း၊ ဒုံမင်း၊ ဒူလောင်း၊ ခရာကောက်၊ ခရာမြွာ၊ ခရာရှည်၊ ခွက်ခွင်း၊ ပတ်သာ၊ စည်းစုတ်၊ ပတ္တလား၊ မောင်း၊ ကြေးနင်း၊ ခရုသင်း စောင်းကောက်၊ သရော၊ မိကျောင်းစောင်းတို့ဖြစ်သည်။

ရှေးခေတ်ကပင် သုံးသောတူရိယာများအားလုံး မစုံလင်သော်လည်း၊ ယခုအခါ မြောက်ဦးမြို့နယ်အတွင်း အသုံးပြုလျှက် ရှိသော ရခိုင်တို့၏ တူရိယာများမှာ စည်၊ ပန်းတျား၊ ပတ်သာ၊ ခွက်ခွင်း၊ စည်းစုတ်၊ စည်ကျော၊ အိုးစည်၊ သရော၊ စောင်းကောက်၊ မီးကျောင်းစောင်း၊ နှဲ၊ ပတ္တလား၊ ပွိ၊ ခြီခေါင်း၊ ဝါးလက်ခုတ် အစရှိသည့်တူရိယာများကို အဆိုအကများဖြင့် လိုက်လျောညီထွေ သူ့နေရာနှင့်သူ တီးမှုတ်သီဆိုကြသည်။ ၁၉၅၇-၅၈ ခုနှစ်မှစ၍ နေ့ကြီး ရက်ကြီးတို့တွင် ဘုရားတရားနှင့် ဆရာသမားတို့အား ပူဇော်ရန်အလို့ငှါ ပျောက်ကွယ်တိမ်ကောလျှက်ရှိသော ရခိုင်ရိုးရာတူရိယာများကို မြောက်ဦးမြို့ အခြေခံအလွတ် ပညာသင်ကျောင်းမှ ဆရာများနှင့် တပည့်များ စုပေါင်း၍ စတင်ဖော်ထုတ်တီးမှုတ်ကြသည်။ ရှေးဦးစွာ တီးမှုတ်ကြသော တူရိယာများမှာ စည်၊ ပန်းတျား၊ စည်းစုတ်၊ တရော၊ ဗင်ဂျို စသည်တို့ဖြစ်ပြီး၊ ဦးစွာစည်တီးကွက်များကို ဆရာဦးဦးသာထွန်းနှင့်

ဦးထွန်းကျော်စိန်တို့မှ သင်ယူစတင်တီးမှုတ်ကြသည်။

မြောက်ဦးမြို့နယ်တွင် မြို့နယ်ပါတီယူနစ်၏ဦးဆောင်မှု၊ မြို့နယ်ပြည်သူ့ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်ရခိုင်ယဉ်ကျေးမှုကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားရှိပြီး ဝါသနာရှင်များ၏ ကျွမ်းကျင်ရာအလိုက် စာပေ၊ ဂီတ၊ သမိုင်းစသည်ဖြင့် ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းကာ မြို့နယ်၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ခေတ်နှင့်လိုက်လျောညီထွေ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။

မြောက်ဦးမြို့နယ် ပါတီယူနစ်၏ဦးဆောင်မှု၊ မြို့နယ်ပြည်သူ့ကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြောက်ဦးမြို့နယ်မှ ထမင်းထောင် ပန်းထောင်ယိမ်းအက၊ ပိုးဝါတွဲ့အကနှင့် ကောက်ဦးဆွမ်းတင် ယိမ်းအကတို့ကို မြောက်ဦးမြို့နယ် ကုန်သည်တန်းရပ်ကွက်နေ ဦးဦးထွန်းသာနှင့် ဗန္ဓုလရပ်ကွက်နေ ဦးမောင်ထွန်းတို့ စီစဉ်သင်ပြလျှက် ၁၉၇၆ ခု(၂၉)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ရန်ကုန်မြို့သို့ သွားရောက်ကပြဖော်ထုတ်ခဲ့သည်။ ၎င်းအပြင် မြောက်ဦးမြို့နယ် ရခိုင်ယဉ်ကျေးမှုကော်မတီသည် ခေတ်နှင့်ညီထွေသောယိမ်း၊ ပြဇာတ်၊ ဇာတ်ထုတ် စသည်များကို ယနေ့ထိ ဆန်းသစ်တီထွင်လုပ်ဆောင်လျှက်ရှိပြီး၊ မြို့နယ်အတွင်း၊ နေ့ထူးနေ့မြတ်များတွင်လည်းကောင်း၊ ဘုရားပွဲတော်ကြီးများတွင်လည်းကောင်း၊ ရခိုင်ယဉ်ကျေးမှုပဒေသာကပွဲဖြင့် မိုးလင်းသည်အထိ ကပြအကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည်။

ယနေ့ထိ မြောက်ဦးမြို့နယ် ရခိုင်ယဉ်ကျေးမှုကော်မတီမှ စီစဉ်ဆောင်ရွက်ပြီးစီးသော ဇာတ်ထုတ်များမှာ (၁)သျှစ်သောင်း ဘုရားသမိုင်း (၂) မင်းသားကြီးရွှေဘန်း (၃) စာဆိုစောမြနန္ဒာ(တဝဂူ) (၄) မင်းထီး (၅) နရိဠရာကမ်းအလှက ကိုန်စာကျလွမ်းမျက်ရည် (၆) ဒုံးညို (၇) နရမိတ်လှ စသည့်ဇာတ်ထုတ်များ ဖြစ်သည်။ တစ်ဖက်မှာလည်း မြောက်ဦးမြို့နယ်အတွင်းတွင် ရခိုင်မျိုးနွယ်စုဝင်များဖြစ်သော သက်၊ ဒိုင်းနက်၊ မရာမာကြီး၊ ခမီ၊ ချင်းစသောတိုင်းရင်းဖွား အမျိုးသားများမှာ နေရာအနှံ့အပြား နေထိုင်လျှက် ရှိကြသည်။

## (၁) သက်လူမျိုးတို့၏ တေးဂီတ

သက်အမျိုးသားတို့၏ တေးဂီတ အသုံးအနှုန်းမှာ လူကြီးများနှင့် သက်ဆိုင်သော တေးဂီတ၊ လူငယ်များနှင့်ပတ်သက်သော တေးကဗျာဂီတဟူ၍ (၂)မျိုးရှိသည်။ ယင်းတေးကဗျာဂီတတို့ကို ရှင်ပြုမင်္ဂလာခါနှင့် ထိမ်းမြားမင်္ဂလာအခါများတွင် ဝိုင်းဖွဲ့၍သီဆိုကြသည်။ သီဆိုသည့်အခါ လက်ခုတ်တဖြောက်ဖြောက်ဖြင့် ဝိုင်း၍တီးကြသည်။ အပျိုလူပျိုလှည့်ကြသည့်အခါ ခြီခေါင်းတူရိယာနှင့် ဝါးပုလွေတို့ဖြင့် အခြင်းဖော်၍ တီးမှုတ်သီဆိုကြသည်။

မင်္ဂလာအခါများတွင် သီဆိုသောကဗျာနှင့် အသုဘတွင် သီဆိုသော ကဗျာမှာ မတူဘဲခြားနားကြသည်။ အသုဘတွင် တီးသောစည်တစ်မျိုးရှိသည်။ ၎င်းကို သက်စကားဖြင့် (သိုင်ဘောင်)ဟု ခေါ်သည်။ သိုင်ဘောင်ခေါ် စည်ဖြင့် အသုဘချသည့်အခါ တစ်ဦးက အတိုင်သဘောဖြင့် တဘက်ပိတ်စည်ကို တီး၍ အခြားတစ်ဦးက သိုင်ဘောင်စည်ကို လက်နှစ်ဘက်ဖြင့် အခြင်းဖော်၍ တီးသည်။ တစ်ခါတစ်လေ သိုင်ဘောင်စည်တစ်လုံးတည်းတွင် လူနှစ်ဦးက အခြင်းဖော်၍ တီးလေ့ရှိသည်။

## (၂) ဒိုင်းနက်လူမျိုးတို့၏ တေးဂီတ

ဒိုင်းနက်အမျိုးသားတို့တွင် တူရိယာတေးဂီတများ ရှေးရှေးက သီးခြားရှိခဲ့သည်ဟု ဆိုသော်လည်း၊ ယခုအခါ လုံးဝပျောက်ကွယ်သွားပြီ။ ဒုရေး သုရေးကိစ္စများ၌ ရခိုင်အမျိုးသားတို့ အသုံးပြုသော တေးဂီတများဖြင့် သူ့နေရာနှင့်သူ အသုံးပြုကြသည်။

## (၃) မရာမာကြီး အမျိုးသားများ၏ တေးဂီတ

မရာမာကြီး အမျိုးသားတို့မှာ ရှေးရှေးကာလအချိန်ကပင် တူရိယာဂီတများ ရှိကြောင်း လေ့လာသိရှိရသည်။ သို့သော်လည်း ယခုမြောက်ဦးမြို့နယ်တွင် နေထိုင်လျှက်ရှိသော မရာမာကြီးအမျိုးသားတို့၏ အသုံးပြုသည့် တူရိယာဂီတများမှာ နှစ်ဘက်ပိတ်စည်ရှည်၊ ပြွေ၊ ဝါးလက်ခုတ်၊ ပီယာနိုး၊ စသောဂီတများကိုသာ အသုံးပြုကြကြောင်း တွေ့ရှိရသည်။ ယင်းဂီတများကို ဘုရားသွား၊ ကျောင်းသွား၊ ဆရာကန်တော့ပွဲများနှင့်၊ ရိုးရာကဇာတ်များ ကပြရာတွင် တီးမှုတ်အသုံးပြုသည်။ အခြားသီးသန့်တူရိယာများကိုကား မတွေ့ရှိရပေ။

### (၄) ချင်းအမျိုးသားတို့၏ တေးဂီတ

မြောက်ဦးမြို့နယ်ရှိ ချင်းအမျိုးသားတို့မှာကား ဂီတနှင့်ပတ်သက်၍ ထင်ထင်ရှားရှား မတွေ့ရှိရပေ။ သို့သော် စည်မောင်း၊ လင်းကွင်း၊ တို့မှာ ချင်းအမျိုးသားတို့၏တူရိယာများဖြစ်သည်။ လူပျိုအပျိုလှည့်ရာတွင် ခြီခေါင်းခေါ် ဂီတမျိုးကိုလည်း အသုံးပြုကြောင်း တွေ့ရသည်။ မိမိတို့ပြောလိုသည့် စကားများကို အဓိပ္ပါယ်ပေါ်လွင်အောင် ခြီခေါင်းဖြင့် မှုတ်ကြသည်။ ထို့ပြင် စည်းချက်ညီညီ ဝါးချက်ညီညီဖြင့် တီး၍ ဝါးညှပ်အကကို ကလေ့ရှိကြသည်။ ချင်းအမျိုးသားတို့သည် လုံနှင့်ဒိုင်းကာလွှားများကို အသုံးပြုကာ ရိုးရာပျော်ရွှင်ပွဲများကို ကျင်းပကခုံလေ့ရှိသည်။

### (၅) ခမိအမျိုးသားများတို့၏ တေးဂီတ

မြောက်ဦးမြို့နယ်ရှိ ခမိအမျိုးသားတို့မှာ မြို့နယ်အတွင်းရှိ အခြားအမျိုးသားများနည်းတူ တေးဂီတ တူရိယာများ ရှိကြသည်။ ယင်းတို့၏ ရိုးရာတေးဂီတများကို အလုပ်ရပ်နားချိန်တွင် ကျင်းပသော မင်္ဂလာပွဲများ၌ တီးမှုတ်သီဆိုကြသည်။ ထိုတူရိယာဂီတများအနက် ကာလသားလူပျိုများ လူပျိုလှည့်ရာတွင် အကြိုက်ဆုံးအသုံးပြုသည့် တူရိယာမှာ ဝါးစောင်း၊ ခြီခေါင်းနှင့် ဒဲဟင်းခေါ် တူရိယာများကို အသုံးပြုသည်။ လူကြီးများသည် စောင်းမှုတပါး အခြားသောတူရိယာများဖြင့် ပွဲတော်အလိုက် တီးမှုတ်သီဆိုပျော်ရွှင်ကြသည်။ ထိမ်းမြားမင်္ဂလာပွဲ၊ ဧည့်တက်ပွဲ၊ ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ နားထိုးပွဲ စသည့်မင်္ဂလာပွဲများတွင် သက်ဆိုင်ရာတူရိယာများဖြင့် တီးမှုတ်ကြသည်။

အသုဘတွင် **"ကထင်"** ခေါ် ဝါးပြွေဖြင့် မှုတ်၍ ကခုန်သီဆိုကြသည်။ ခမိအမျိုးသား အမျိုးသမီးတို့မှာ စုပေါင်းကာ လက်ချင်းတွဲ၍ ကကြသော ဓလေ့ရှိသည်။ ယင်းအကများမှာ ကောက်စိုက်အက၊ ဝါးညှပ်အက၊ ဒိုင်းအက စသည်ဖြင့် ဖြစ်သည်။ ထိုအကများကို ရစ်စာ၊ ဝကုန်၊ ကတူ၊ ကတင်၊ ကိန်ဒေ ကတင်လုံး၊ ကတုန်၊ ပွလိမ်း၊ ယင်းဂြိုက်၊ တထိ (အဖို-အမ)၊ ခြီခေါင်း၊ ဝါးစောင်း၊ မောင်း(အကြီးအငယ်နှစ်မျိုး)၊ ကလက်၊ ဆပုံ၊ ဆောဆတ် ခေါက်ခေါ် တူရိယာ (၁၆)မျိုးဖြင့် တီးမှုတ်ကြသည်။

### (၈) ဆပ်ကပ်

မြောက်ဦးမြို့နယ်တွင် ဆပ်ကပ်ခေါ် ဂျွမ်းဘားကပွဲများကို ဘုရားပွဲ၊ ဘုန်းတော်ကြီးပျံပွဲ၊ အလှူပွဲများ၌ သီးသန့်ဇာတ်ရုံများဖြင့် ကပြလေ့ရှိသည်။ ဂျွမ်းဘားကပွဲတွင် တိုင်တက်ခြင်း၊ ၎င်းတိုင်ပေါ်မှ ကပြခြင်း ကြိုးတန်းလျှောက်ကပြခြင်း၊ ဂျွမ်းထိုး စောက်လှန်ကခြင်း၊ မီးကွင်းမီးတုတ်များဖြင့် ရိုက်သိုင်း၍ကခြင်း၊ ဒါးသွားပေါ်တွင် တက်၍ကပြခြင်း၊ ဤကဲ့သို့ ကပြရာတွင် တူရိယာများနှင့် တီးမှုတ်ကပြသည်။ မြောက်ဦးမြို့နယ်တွင် ရှေးခေတ်အဆက်ဆက်မှသည် ယခုအထိ ဖျော်ဖြေကပြသည်။

ရှေးဘုရင်များခေတ်တွင် ဂျွမ်းဘားအကများရှိကြောင်းကို ရှေးဟောင်းစာပေများနှင့် ဘုရားပုထိုးအတွင်းရှိ ကျောက်ဆစ်ရုပ်များကို လေ့လာခြင်းဖြင့် သိရှိနိုင်သည်။ မြောက်ဦးပြတိုက်နှင့် သျှစ်သောင်းပုထိုးတော်အတွင်း ဒုတိယလှိုဏ်ထပ် မြောက်ဘက် မျက်နှာတွင် ဂျွမ်းဘားကဟန်နှင့်အတူ တီးမှုတ်နေသော တူရိယာများကိုလည်း တွေ့မြင်နိုင်သည်။ ရခိုင်ရာဇဝင်လင်္ကာတွင်လည်း အစောက်ရှည်ငါး၊ ပန်းတျားနှင့်၊ ပန်းတျားပတ်ဝန်း၊ ပတ်ဆိုင်းတန်းဖြင့်၊ ကြိုးတန်းလျှောက်သွား၊ ကခြေများနှင့်၊ တီးပြောရပ်မြည်၊ စည်ဝါးမည်တည်းဟု ရေးသားထားခြင်းကို သိခြင်းအားဖြင့် မြောက်ဦးမြို့နယ်တွင် ယခင်ကပင် ဆပ်ကပ်အကရှိကြောင်း တွေ့ရသည်။

## (ဃ) မျက်လှည့်နှင့် အခြားဖျော်ဖြေရေးလုပ်ငန်းများ

### (၁) မျက်လှည့်

မျက်လှည့်အတတ်ပညာရှင်များသည် မြောက်ဦးမြို့နယ်အတွင်း အထင်အရှား ရှိခဲ့ကြသည်။ မျက်လှည့်ဆရာများသည် သီးသန့် ဇာတ်ရုံများဖြင့်လည်းကောင်း၊ အခြားဇာတ်ပွဲရုံများဖြင့်လည်းကောင်း၊ တွဲဖက်၍ ပြသကြသည်။ ဘုန်းတော်ကြီးပျံပွဲ၊ ဘုရားပွဲတော်၊ အလှူပွဲနှင့်ရပ်ကွက်/ကျေးရွာများတွင် သီးသန့်ပြသလေ့ရှိသည်။ မျက်လှည့်ပညာရှင်များအနက် မြောက်ဦးမြို့နယ် အတွင်း နာမည်အကျော်ကြားဆုံးသော ပုဂ္ဂိုလ်များမှာ ဦးဦးကျော်ဇံနှင့် ဦးမောင်ညွန့်တို့ ဖြစ်ကြသည်။ ဦးဦးကျော်ဇံသည် ဒုတိယကမ္ဘာ စစ်မဖြစ်မီအချိန်ကပင် မြောက်ဦးမြို့နယ်အတွင်း အလွန်ထင်ရှားကျော်ကြားသော မျက်လှည့်ဆရာတစ်ဦး ဖြစ်သည်။ ယင်းကြောင့် မျက်လှည့်ပညာနှင့် ပညာရှင်တို့သည်လည်း မြောက်ဦးမြို့နယ်အတွင်း ရှေးယခင်ကပင် အထင်အရှား ရှိခဲ့ကြောင်း

သိနိုင်သည်။

## (၂) အခြားဖျော်ဖြေရေးလုပ်ငန်းများ

ဇာတ်၊ အငြိမ့်၊ ရုပ်သေး၊ တေးဂီတ၊ ဆပ်ကပ်နှင့်မျက်လှည့်များအပြင် အခြားဖျော်ဖြေရေးလုပ်ငန်းများမှာ မြောက်ဦးမြို့နယ်အတွင်း ရှေးမြောက်ဦးခေတ်မှသည် ယခုအချိန်ကာလအထိ အစဉ်အဆက် အလှူမင်္ဂလာပွဲ၊ ဘုရားပွဲများနှင့် အခြားပွဲလမ်းသဘင်များ၌ ဖြေဖျော်အသုံးပြုသည့်လူထုအား ဖြေဖျော်မှုအများအပြားပင် ရှိသည်။ ထိုဖြေဖျော်မှုများမှာ သိုင်းအက၊ ဟန်အက၊ ဒုံးကြမ်း၊ ဒုံးယဉ်၊ ရှေးသူရုပ်ကြီးအက၊ ဆတောက်ပိုးအက၊ နဂါးအက၊ သိုးအက၊ ငွေယ်အက၊ ပင့်ကူအက၊ လှေလှော်ယိမ်းအက၊ ကိန္နရာဖို-မအက၊ နတ်အကတို့အပြင် ကျင်ပွဲနှင့် လှေပြိုင်ပွဲတို့ဖြစ်ကြသည်။ ဟန်အက၊ ဒုံးကြမ်း၊ ဒုံးယဉ်၊ သိုင်းအကနှင့် ကျင်ပွဲတို့ကို ဘုန်းတော်ကြီးပျံပွဲများတွင် ဖျော်ဖြေကပြကြသည်။ ရှေးသူရုပ်ကြီးအက၊ နဂါးအက၊ သိုးအက၊ ဆတောက်ပိုးအကတို့ကို ဆွမ်းတော်ကြီးလောင်းပွဲ၊ ဝက်ဘာပွဲတော်၊ ကထိန်အလှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့်၊ ဝါကျွတ်မီးထွန်းပွဲများတွင် ဖျော်ဖြေကပြကြသည်။

နွေရာသီ ဘုရားပွဲတော်များတွင် လှေပြိုင်ပွဲနှင့်ကျင်ပွဲ၊ ဇာတ်ပွဲများနှင့်ဖြေဖျော်ကြသည်။ ပင့်ကူအကနှင့် ငွေယ်အကကို သီးသန့်ကပွဲအဖြစ် မြို့နှင့်ကျေးလက်တောရွာများတွင် လူထုဖြေဖျော်မှုကပွဲအဖြစ် ဖြေဖျော်ကပြသည်။ နတ်အကဖြေဖျော်မှုများကို ဗလိနတ်စာပူဇော်ခြင်းဖြစ်သော ပြည်ရှင်၊ ကျွန်းရှင်၊ မြို့ရှင်၊ ရွာရှင်နှင့် အိမ်ရှင်နတ်များကို ပူဇော်ပသသည့်အခါ ပန်းတျားစည်များဖြင့် ဖြေဖျော်ကပြလေ့ ရှိကြသည်။

ကျင်ပွဲ၊ သိုင်းအကနှင့် ကိန္နရာ အဖို-အမကဟန်တို့သည် မြောက်ဦးမြို့ သျှစ်သောင်းဘုရား ဒုတိယလှိုဏ်အထပ် အနောက်ဘက်နှင့် တောင်ဘက်မျက်နှာ နံရံများ၌ရှိသည်။ မြောက်ဦးမြို့နယ်တွင် ရှေးဟောင်းယဉ်ကျေးမှုများကို အခြေခံ၍ ရခိုင်အကဆန်းများကို ခေတ်နှင့်လျော်ညီစွာ တီထွင်လျှက် ကပြကြသည်။

ပိုးဝါအက၊ ပိုးဝါယိမ်းအက၊ ဗုဒ္ဓပူဇနိယယိမ်း၊ ထမင်းထောင်ပန်းထောင်ယိမ်း၊ သားချစ်ဇာနည်ယိမ်း၊ ရွှေခိုင်ဌာနေယိမ်းနှင့် သင်းကြန်ယိမ်းအကများမှာ မြောက်ဦးမြို့နယ်မှ နောက်ထပ်တီထွင်စီစဉ်ထားသော ယိမ်းအကများပင် ဖြစ်သည်။

## ၄။ ရုပ်ရှင်ရုံများ

မြောက်ဦးမြို့နယ်တွင် ရုပ်ရှင်ရုံလုပ်ငန်းနှင့် ပတ်သက်၍ ဗြိတိသျှလက်ထက်ကပင် လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ယခုလက်ရှိ ပြသလျှက်ရှိသော ရုပ်ရှင်ရုံကို ၁၉၅၅ ခုနှစ်လောက်ကပင် ဦးသာပွင့်ခိုင်၊ ဦးကျော်လှအောင် စသောပုဂ္ဂိုလ်များ တည်ဆောက်ပြသခဲ့ပြီး၊ ရုပ်ရှင်ရုံအမည်ကို ပဋ္ဌမရွှေမာလာရုပ်ရှင်ရုံ၊ တိုင်းလုံးကျော်ရုပ်ရှင်ရုံ၊ အောင်ရတနာရုပ်ရှင်ရုံနှင့် ယခုလက်ရှိ စန္ဒာရုပ်ရှင်ရုံဟူ၍ အဆင့်ဆင့်အမည်ပေးခဲ့ကြသည်။

မြောက်ဦးမြို့နယ်တွင် ပုဂ္ဂလိက ရုပ်ရှင်ရုံနှင့် တစ်ခါတစ်ရံနယ်လှည့်ပြသသော ရုပ်ရှင်ရုံများသာ ရှိပြီး၊ ပြည်သူပိုင်ရုပ်ရှင်ရုံများ ယနေ့ထိ မရှိသေးပါ။

## ၅။ အသံသွင်းလုပ်ငန်းများ

အသံသွင်းလုပ်ငန်းနှင့်ပတ်သက်၍ မြောက်ဦးမြို့တောင်ရပ် ရပ်ကွက်တွင် သပြေတေးသံသွင်းတစ်ခုရှိပြီး၊ တေးသံသွင်း/ကူးလုပ်ငန်းများကို ၁၉၈၁-ခု၊ မတ်လမှစတင်ဆောင်ရွက်ပေးလျှက်ရှိသည်။

## ၆။ ရေဒီယိုနှင့် ကက်ဆက်သုံးစွဲမှု

မြောက်ဦးမြို့နယ်အတွင်း ရေဒီယိုနှင့် ကက်ဆက်ကိုင်တွယ်သုံးစွဲသူများအတော်များများ ရှိသည်။ ၁၉၇၀-ခု၊ ဇူလိုင်လမှ ၁၉၈၂-ခု၊ ဇွန်လထိ လိုင်စင်ကိုင်ဆောင်ထားသော ရေဒီယိုနှင့် ကက်ဆက်ဦးရေမှာ (၃၂၈)လုံးဖြစ်သည်။

## ၇။ ပန်းချီပန်းပုလုပ်ငန်းနှင့် ပညာရှင်များ

မြောက်ဦးမြို့နယ်အတွင်း ပန်းချီပန်းပုလုပ်ငန်းများနှင့် ပညာရှင်များသည် ရှေးမြောက်ဦးခေတ် ထွန်းကားစဉ်အချိန်ကာလမှသည် ယခုမြောက်ဦးခေတ်ထိ ခေတ်အဆက်ဆက် သိသိသာသာ ထင်ပေါ်ကျော်စော တိုးတက်လျှက်ရှိသည်။

ရှေးမြောက်ဦးခေတ် ပန်းချီပန်းပုလုပ်ငန်းနှင့် ပညာရှင်များ၏တိုးတက်ခဲ့မှုကို ရှေးဟောင်းစေတီပုထိုးများနှင့် အဆောက်အဦးများကိုလည်းကောင်း၊ ရှေးဟောင်းကြွေထည်၊ မြေထည်၊ ကြေးထည်ပစ္စည်းအမျိုးမျိုးနှင့် ရွှေထည်၊ ငွေထည်ပစ္စည်းများကိုလည်းကောင်း၊ ပိသုကာကျမ်းများကို လေ့လာခြင်းအားဖြင့်လည်းကောင်း၊ သိရှိနိုင်သည်။

ရှေးအခါက ပန်းချီပန်းပုလုပ်ငန်းနှင့် ပတ်သက်၍ ကြွေထည် မြေထည် ကြေးထည်ပစ္စည်းအမျိုးမျိုးနှင့် ရွှေထည် ငွေထည်ပစ္စည်းများကိုလည်းကောင်း၊ ပိသုကာကျမ်းများကို လေ့လာခြင်းဖြင့်လည်းကောင်း၊ သိရှိနိုင်သည်။ ရှေးအခါက ပန်းချီပန်းပုလုပ်ငန်းနှင့် ပါတ်သက်၍ ကြွေထည်၊ ငွေထည်ပစ္စည်းအမျိုးမျိုးတို့ လုပ်ရာဌာနဖြစ်သော ရွှေကြာသိမ်ဘုရား၊ မြောက်ဘက်ကုန်းမြေတစ်လျှောက်နှင့် ဓာတ်ရှေ့ကူဘုရားတောင်ခြေရင်းမှ ဘောင်းဒွတ်ကျေးရွာ တစ်လျှောက်ရှိ မြေအိုးမြေခွက်လုပ်ငန်းဌာနများကို ယနေ့တိုင် တွေ့ရှိရသေးသည်။ ပန်းချီပန်းပုလုပ်ငန်းနှင့် ပညာရှင်များတို့သည် မြောက်ဦးခေတ် ပျက်ခဲ့သည့်အချိန်မှစ၍ ကိုလိုနီခေတ်ဦးပိုင်းထိ တိမ်ကောပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရသည်။

ဗြိတိသျှခေတ်လယ်လောက်မှစပြီး မြောက်ဦးမြို့နယ်အတွင်းရှိ ရှေးမှီနောက်မှီ ပန်းချီပန်းပု ရုပ်လုံးရုပ်ထု ပညာရှင်အချို့တို့က မိမိတို့၏ရိုးရာ အနုပညာရပ်များ ပျောက်ဆုံးတိမ်ကောသွားမည်ကို စိုးရိမ်၍ အခက်အခဲအမျိုးမျိုးကြားမှ ပန်းချီပန်းပု အနုပညာရပ်များ ပေါ်ထွက်ထွန်းကားလာအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားဖော်ထုတ်ခဲ့ကြသည်။ ယခုအချိန်ထိ ထင်ရှားသော ပန်းချီဆရာများမှာ ဘားဘူတောင်ရပ်ကွက်မှ ဦးမြကျော်ဇံ၊ ကံလှရပ်ကွက်မှ ဦးသာထွန်းဦး၊ မြင်းစိုင်းပြင်ရပ်ကွက်မှ ဦးရွှေထွန်းကျော်၊ မြို့သစ်ရပ်ကွက်မှ ဦးမောင်အေးသာ၊ ခဲမောင်းတက်ကျေးရွာမှ ဦးမောင်သန်းနု၊ ၎/ခြောက်ဈေးရပ်ကွက်မှ ဦးမောင်နီ စသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

ပန်းပုလုပ်ငန်းနှင့်ပတ်သက်၍ ထင်ရှားသောပုဂ္ဂိုလ်အချို့တို့မှာ ပြင်ဈေးရပ်ကွက်မှ ပန်းပုဆရာကြီး ဦးသာအောင်၊ လက်ကောက်ဈေးရပ်ကွက်မှ ပဋ္ဌင်းဆရာကြီး ဦးစံရာဝေ၊ ပန်းပဲဆရာကြီး ဦးကြင်ရာဝေနှင့် ပန်းထိမ်ပန်းပုဆရာကြီး ဦးထွန်းလှဖြူ၊ ရေပေါက်ဝရပ်ကွက်မှ ဦးအောင်ထွန်းဖြူ၏ဖခင်နှင့် ၎/ခြောက်ဈေးရပ်ကွက်မှ ယွန်းထည်နှင့်ပန်းချီဆရာကြီး ဦးသတိုးခိုင်၊ ဦးဘော်လီတို့ ဖြစ်ကြသည်။ ပြင်ဈေးရပ်ကွက်မှ ပန်းပုပညာရှင် ဆရာစံခေါ် ဦးစံသာထွန်းနှင့် ပန်းပုပန်းချီ ဦးပန်းသာအောင် တို့သည်လည်း နာမည်ရပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဝါဈေးရပ်ကွက်မှ ဦးကောင်းစံကျော်မှာလည်း ခွက်ဖလားများကို ပြုလုပ်ပြီး နာမည်ကျော်ကြား လူသိများသော ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့သည်။

မြောက်ဦးမြို့နယ်၊ ၎/စွယ်ကန်ကျေးရွာသား ပန်းပုဆရာကြီး ဦးစံလှဘော်မှာ နာမည်ကျော်ကြား လူသိများသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဤပုဂ္ဂိုလ်တို့မှာ ဗြိတိသျှခေတ်တွင် ပေါ်ထွန်းခဲ့ကြသည်။ ယင်းပုဂ္ဂိုလ်များ၏ အဆက်အနွယ် ပညာရှင်များတို့သည် ယနေ့တိုင် မြောက်ဦးမြို့နယ်တွင် ရှိကြသည်။ ၎င်းပုဂ္ဂိုလ်များသည် နိုင်ငံတော်၏ ယဉ်ကျေးမှု မူဝါဒနှင့်အညီ မိမိတို့၏ ရှေးရိုးရာယဉ်ကျေးမှု အနုပညာရပ်များဖြစ်သော ပန်းချီပန်းပုလက်ရာများကို အခြေခံပြီး လေ့လာကြိုးစားဖော်ထုတ်လျက်ရှိကြသည်။ ၎င်းပုဂ္ဂိုလ်များအနက် ညောင်ပင်ဈေးရပ်ကွက်မှ ကြေးသွန်းအတတ်ပညာဆရာကြီး ဦးထက်ခိုင် (ကွယ်လွန်)၊ ဦးကျော်အေးနှင့် ဦးစံထွန်းဖြူတို့မှာ ရုပ်လုံးရုပ်ကြွ ပန်းချီပန်းပုနှင့် ကြေးသွန်းအတတ်ပညာရှင်များအဖြစ် ထင်ရှားသောပုဂ္ဂိုလ်များဖြစ်သည်။

## ၈။ <u>သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်ဖြန့်ဝေသုံးစွဲမှု</u>

မြောက်ဦးမြို့နယ်အတွင်း သတင်းစာ၊ မဂ္ဂဇင်းနှင့် စာစောင်များ ဖြန့်ဝေသုံးစွဲမှုသည် မြောက်ဦးမြို့နယ်တွင် ယခုအချိန်မှသာမဟုတ်ဘဲ၊ ရှေးမြောက်ဦးခေတ် ကာလတွင်လည်း၊ သူ့ခေတ်နှင့် သူ့အချိန်အခါအလိုက် ဖြန့်ဝေသုံးစွဲခဲ့ကြောင်းကို ရတု၊ ကဗျာ၊ လင်္ကာ၊ သာခြင်း၊ ရာဇဝင်သမိုင်း အစရှိသော စာပေများနှင့် ဆေးကျမ်း၊ ဓာတ်ကျမ်း၊ အင်းကျမ်း၊ ဗေဒင်ကျမ်းများ စသည်တို့ကို ကျောက်ပြားစာ၊ ကြေးပြားစာများတွင် ရေးကူး၍လည်းကောင်း၊ ပေရွက်တွင် ရေးကူး၍လည်းကောင်း၊ ပုရပိုက်ခေါ် (စက္ကူကြမ်း) တစ်မျိုးပေါ်တွင် မှိုင်းဖြင့်ပြုလုပ်သော မှင်နှင့်ရေးကူး၍လည်းကောင်း၊ တစ်ဦးထံမှ တစ်ဦးက ရေးကူး၍လည်းကောင်း၊ တစ်ဖွဲ့မှတစ်ဖွဲ့သို့လည်းကောင်း၊ တစ်ကျောင်းမှတစ်ကျောင်းသို့လည်းကောင်း၊ ခေတ်အလိုက် အဆင့်ဆင့်ဖြန့်ဝေ သုံးစွဲခဲ့ကြောင်းကို လေ့လာ၍ သိရှိရပါသည်။ ယင်းရှေးဟောင်းစာပေ အချို့တို့သည် ယနေ့တိုင် ရှိနေကြပေသည်။

ဗြိတိသျှကိုလိုနီခေတ်ဦးပိုင်းတွင် မြောက်ဦးမြို့နယ်တွင် ရှေးအဆက်ဆက်မှ စာပေများသည် တိမ်ကောပျောက်ကွယ်လုနီးပါး ရှိခဲ့သော်လည်း ကျန်ရှိနေရစ်ခဲ့သော စာဟောင်း၊ ပီဟောင်း၊ ကျောက်စာ၊ မော်ကွန်း၊ ပုရပိုက်စာတို့ကို တစ်ဆင့်မှတစ်ဆင့် လက်ကမ်းကူးယူ ဖြန့်ဝေခြင်းမျိုး ရှိခဲ့သည်။ ယင်းအချိန်က စာကူးသူကို (လက်ရေးတတ်)ဟု ခေါ်ကြသည်။

ဗြိတိသျှလက်ထက်မှ ခေတ်အလျှောက် တဖြေးဖြေး တိုးတက်လာသည်နှင့်အတူ မြို့နယ်အတွင်း သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့်အခြားဝတ္ထု စာပေများကို ကိုယ်စားလှယ်နှင့် ပုဂ္ဂလိက ရောင်းဝယ်နည်းဖြင့် ဖြန့်ဝေသုံးစွဲခဲ့ကြသည်။

လွတ်လပ်ရေး ရပြီးနောက် ဖ-ဆ-ပ-လ ခေတ်တွင် နိုင်ငံတော် ပြန်ကြားရေးဌာနမှ ထုတ်ဝေသော စာအုပ်စာတမ်း၊ မဂ္ဂဇင်း၊ စာစောင်များကို ဖ-ဆ-ပ-လ လူငယ်အဖွဲ့မှ ဖြန့်ဝေပေးသည်။ ပုဂ္ဂလိကထုတ်ဝေသော သတင်းစာ၊ မဂ္ဂဇင်းစာပေများကို ကိုယ်စားလှယ်နည်းဖြင့်တစ်မျိုး၊ ပုဂ္ဂလိက အရောင်းဆိုင်များမှ တဖုံ၊ ဖြန့်ဝေရောင်းချကြသည်။ ယခုအချိန်တွင် မြောက်ဦးမြို့နယ်အတွင်း ဖြန့်ဝေသုံးစွဲသော သတင်းစာ၊ မဂ္ဂဇင်း၊ စာစောင်များသုံးစွဲမှုနှုန်းမှာ ဖော်ပြခဲ့သော အချိန်ကာလများထက် တိုးတက်လာသည်။ အောက်ဖော်ပြပါ ဇယားများမှာ မြောက်ဦးမြို့နယ်အတွင်း ယခုအချိန်ထိ ဖြန့်ဝေသုံးစွဲလျက်ရှိသော သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်စာစောင်များ၏ စာရင်းဖြစ်သည်။

| စဉ် | စာစောင်အမျိုးအစား | စောင်ရေ |
|---|---|---|
| ၁။ | လုပ်သားပြည်သူ့နေ့စဉ်သတင်းစာ | ၂၁၀ |
| ၂။ | မြန်မာ့အလင်းသတင်းစာ | ၇၀ |
| ၃။ | ကြေးမုံသတင်းစာ | ၂၀ |
| ၄။ | ဗိုလ်တထောင်သတင်းစာ | ၅၀ |
| ၅။ | WORKING PEOPLE'S DAILY | ၃၆ |
| ၆။ | GUARDIAN | ၂၀ |
| ၇။ | လုပ်သားဂျာနယ် | ၁၇၀ |
| ၈။ | လယ်သမားဂျာနယ် | ၂၀၀ |
| ၉။ | ပါတီရေးရာစာစောင် | ၁၁၀၀ |
| ၁၀။ | ရွှေသွေးဂျာနယ် | ၁၀၀ |
| ၁၁။ | မိုးသောက်ပန်း | ၇၅ |
| ၁၂။ | ဒို့ကျောင်းသား | ၂၀၀ |
| ၁၃။ | သိပ္ပံမဂ္ဂဇင်း | ၅၀ |
| ၁၄။ | မိုးဝေမဂ္ဂဇင်း | ၂၀ |
| ၁၅။ | ရှုမဝမဂ္ဂဇင်း | ၃၀ |
| ၁၆။ | မြဝတီမဂ္ဂဇင်း | ၂၀ |
| ၁၇။ | စစ်ပြန်မဂ္ဂဇင်း | ၂၀ |
| ၁၈။ | စန္ဒာမဂ္ဂဇင်း | ၂၀ |
| ၁၉။ | သပြေမဂ္ဂဇင်း | ၁၅ |
| ၂၀။ | ရုပ်ရှင်မဂ္ဂဇင်း | ၄၀ |
| ၂၁။ | တိုင်းရင်းမေဂျာနယ် | ၅၀ |
| ၂၂။ | GUARDIAN (MAGAZINE) | ၁၀ |
| ၂၃။ | NEWS WEEK (MAGAZINE) | ၁၀ |
| ၂၄။ | TIME (MAGAZINE) | ၁၀ |
| ၂၅။ | ငွေတာရီမဂ္ဂဇင်း | ၁၅ |
| ၂၆။ | သွေးသောက်မဂ္ဂဇင်း | ၁၅ |
| ၂၇။ | နိုင်ငံတကာရေးရာ | ၁၁၀ |
| ၂၈။ | စီးပွားရေး၊ ပညာပေးစာစောင် | ၂၀ |
| ၂၉။ | လမ်းစဉ်သတင်း | ၁၁၀ |
| ၃၀။ | ရခိုင်ပြည်နယ်စာစောင် | ၂၀ |

---

## ၉။ ထင်ရှားသောစာပေ၊ ယဉ်ကျေးမှုအနုပညာရှင်များ

မြောက်ဦးမြို့နယ်အတွင်း ထင်ရှားကျော်ကြားသော စာပေယဉ်ကျေးမှု အနုပညာရှင်များသည် ခေတ်အဆက်ဆက် ထင်ပေါ်ကျော်ကြားခဲ့ရာ၊ မြောက်ဦးမြို့နယ်ရှိ ထင်ရှားကျော်ကြားသော စာပေယဉ်ကျေးမှု အနုပညာရှင်များကို

(၁) ရှေးဘုရင်များခေတ်၊

(၂) ကိုလိုနီနယ်ချဲ့ခေတ်၊

(၃) ယခုခေတ် ဟူ၍ ခေတ်ကာလအပိုင်းအခြားဖြင့် ဖော်ပြနိုင်သည်။

### (၁) ရှေးဘုရင်များခေတ်

ရှေးရခိုင်ဘုရင်များခေတ်တွင် မြောက်ဦးမြို့နယ်အတွင်း ထင်ရှားသောစာပြု စာဆိုနှင့် ပညာရှိကဝိအမတ် သုခမိန်၊ စာပေယဉ်ကျေးမှု အနုပညာရှင်များတို့ ပေါ်ထွန်းခဲ့ကြသည်။ ၎င်းတို့သည် ရတု၊ ရကန်၊ ဧ၊ အန်၊ သာခြင်း၊ ပျို့၊ ကဗျာ၊ လင်္ကာ၊ ဘွဲ့၊ လျှောက်ထုံးတို့ကို မြောက်များစွာ စီကုံးရေးသားခဲ့ကြပေသည်။ ၎င်းတို့မှာ-

(က) ဝေသာလီကျောက်လှေကားခေတ် (အေဒီ ၃၂၇မှ ၈၁၈ ထိ) ၄၉၁-နှစ်။

(ခ) လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃၀ ထိ) ၆၁၂-နှစ်။

(ဂ) မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ) ၃၅၄-နှစ်

စသည့်ခေတ်အဆက်ဆက်၌ ပေါ်ထွန်းခဲ့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

### (က) ဝေသာလီကျောက်လှေကားခေတ် (အေဒီ ၃၂၇ မှ ၈၁၈ ထိ)

ဝေသာလီကျောက်လှေကားခေတ်တွင် ထင်ရှားသော စာပေယဉ်ကျေးမှု အနုပညာရှင်မြောက်များစွာ ရှိခဲ့သည်။ အေဒီ ၆၀၀ ခုနှစ်တွင် သီရိစန္ဒြားမင်း၏သား အိမ်ရှေ့စံ သိင်္ဂစန္ဒြားမင်း၏ ကြင်ယာတော် အိမ်ရှေ့စံမိဖုရားကြီး သုဝဏ္ဏာဒေဝီခေါ် စောပြည့်ညိုသည် **"သိန်ကန်မိန်တွင်"** အစချီသောအလွမ်းသျှိုးလိုက်ရတု သုံးပိုဒ်ကို စီကုံးဖွဲ့ဆိုခဲ့သည်။

**"က-ကိုမူကား ကဥ္စနပဗ္ဗတာ၊ ငွေတောင်သာက"** အစချီသောဖျည်း(၃၃)လုံး လှေတော်သံကို အေဒီ ၇၆၈ ခုနှစ်တွင် ရေးစပ်ဖွဲ့ဆို၍ ယနေ့ထိတိုင် ကျော်ကြားနေသော ဓမ္မဇေယျအမတ်ကြီးသည်လည်း ဝေသာလီခေတ်၏ ထင်ရှားသော စာပေယဉ်ကျေးမှု အနုပညာရှင်တစ်ဦး ဖြစ်သည်။

### (ခ) လေးမြို့ခေတ် (အေဒီ ၈၁၈ မှ ၁၄၃ ထိ)

စမ္ဘာဝက်၊ ပဥ္စာ၊ ပုရိန်၊ လောင်းကြက်၊ စသည့်ခေတ်ကာလ အဆက်ဆက်ဟု ဆိုအပ်သော လေးမြို့ခေတ်တွင် ရတု၊ ကဗျာ၊ ပျို့၊ လျှောက်ထုံး၊ လင်္ကာ၊ ဘွဲ့များကို သီကုံးဖွဲ့ဆိုခဲ့သော စာပေယဉ်ကျေးမှု အနုပညာရှင်မြောက်များစွာတို့သည်လည်း ပေါ်ထွန်းခဲ့ပေ၏။

ယင်းစာပေပညာရှင်များအနက် ဒဿရာဇာမင်းလက်ထက် (အေဒီ ၁၁၂၃-၁၁၃၉)တွင် **"ရဟန်းသိက္ခာ၊ မင်းမှာဘိသိက်၊ သူတော်စိတ်သည် မဖိတ်ကျင့်ရိုး၊ မြတ်အမျိုး"** စသည့် မင်း၏ဘိသိက်ခန်းကို လျှောက်တင်ခဲ့သော စာပေအနုပညာရှင် ကဝိကျော်အမတ်ကြီးတစ်ဦးဖြစ်သည်။

အေဒီ ၁၂၈၃-၁၃၈၉ ခု၊ မင်းထီးဘုရင်လက်ထက် မင်း၏ဦးရီးတော် နန္ဒာဘယမျက်နှာကို မထောက်ဘဲ၊ ဟုတ်တိုင်းမှန်ရာ ရဲဝံ့တည်ကြည်စွာ လျှောက်တင်ခဲ့သော စစ်တကောင်းစား ဝိမလအမတ်ကြီးသည်လည်း လေးမြို့ခေတ်တွင် ကျော်ကြားခဲ့သော စာပေကဝိတစ်ဆူပင် ဖြစ်သည်။

သက္ကရာဇ် ၆၈၈ ခုနှစ်တွင် စောစုံ၊ စောဖြူ၊ စောတူ စသည့်သက်မင်းသား သုံးပါးအား လောကသာရပျို့ကို ရေးသားစီကုံးသင်ပြ၍ ကျော်ကြားခဲ့သူမှာ ရခိုင်သူမြတ်(ကန်တော်မင်းကျောင်းဆရာတော်)ဖြစ်သည်ဟု ဆရာမင်းသုဝဏ်၏ **"လောကသာရပျိုက စကားပြေနှင့် ခက်ဆစ်အဘိဓာန်"** စာအုပ်နှင့်ကွယ်လွန်သူ ရာဇဝင် ဆရာကြီး ဦးသာထွန်းအောင်၏လောကသာရပျို့ မူဟောင်းက ဆိုထားပေသည်။

**(၈) မြောက်ဦးခေတ် (အေဒီ ၁၄၃၀–၁၇၈၄ ထိ)**

မြောက်ဦးခေတ်တွင် ရတုများ၊ သာခြင်းများ၊ လင်္ကာများ၊ ရာဇဝင်လင်္ကာ၊ ရာဇဝင်ဘွဲ့များ၊ ဇာတ်ကြီးဆယ်ဘွဲ့၊ ဆေးကျမ်း၊ ဓာတ်ပြန်ရိုက်ကျမ်း၊ ဗေဒင်ကျမ်း၊ နက္ခတ္တဗေဒကျမ်း၊ စသည့်လောကီ၊ လောကုတ္တရာစာပေများကို ရေးသားသီကုံးပြုစုခဲ့သော ရဟန်းပညာရှိ အကျော်အမော်များ၊ လူပညာရှိ စာဆိုတော် မြောက်များစွာတို့ ထင်ပေါ်ကျော်ဇောခဲ့ကြလေသည်။

သက္ကရာဇ် ၈၃၂ ခု (အေဒီ ၁၄၇၀)တွင် ရက္ခိုင်ဘုရင် ဘစောဖြူမင်း၏သမီးတော် စောရွှေကြာ၏ **"ရခိုင်မင်းသမီး ချောင်း"**ကို ရေးသားစီကုံးခဲ့သော ဘားတူ(ဖဒူ) ကျွန်းသားဘားတူ (ဖဒူ)မင်းညိုသည်လည်းကောင်း၊ မင်းဗာကြီး (၈၉၃-၉၁၅) လက်ထက်တွင် ပညာအရာ၌ ဧတဒဂ်ဟုဆိုအပ်သော မဟာပညာကျော်အမတ်ပညာရှိ သုခမိန်သည်လည်းကောင်း၊ ကော်ကာနု နှင့် သတ္တဌာနအစရှိသော ဇာတ်တော်ကြီးများကို သာချင်းဖွဲ့နွဲ့ခဲ့သော စာဆိုတော်ဝိမလအမတ်သည်လည်းကောင်း၊ (၁၂)လ ရာသီဘွဲ့၊ မယ်ဘွဲ့တ၊ ကျေးစေ၊ စစ်ချီ၊ ဘုရားတိုင် စသည့် ရတုအမျိုးမျိုးကို ရေးစပ်ခဲ့သော ဥက္ကာပျံ စသည့် စာဆိုအကျော်အမော် တို့သည် မြောက်ဦးခေတ်တစ်လျှောက်တွင် အထင်အပေါ် အကျော်ကြားဆုံးသော စာပေအနုပညာရှင်များ ဖြစ်ကြလေသည်။

**(၂) ကိုလိုနီနယ်ချဲ့ခေတ်**

ကိုလိုနီနယ်ချဲ့ခေတ်တွင် မြောက်ဦးမြို့နယ်ရှိ ထင်ရှားသော စာပေယဉ်ကျေးမှု အနုပညာရှင်များကို အောက်တွင် ဖော်ပြပါသည်။

(၁) လောကမာရ်အောင် ဆရာတော်၊
(၂) ဦးမောင်သာအောင် (ညောင်ပင်ဈေး)၊
(၃) ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင် (ညောင်ပင်ဈေး)၊
(၄) ဦးဥတ္တမသီရိဆရာတော် (ညောင်ပင်ဈေး)၊
(၅) ဦးထော်အောင်ဇံ (ပြင်ဈေး)၊
(၆) ဦးထွန်းရွှီဖွယ် (ပြင်ဈေး)
(၇) ကမ္ဗရာဇ်ဆရာတော်၊
(၈) ဦးစံဘော်ဦး။

အထက်ဖော်ပြပါပုဂ္ဂိုလ်များအနက် ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်မှာ ရခိုင်မြန်မာပဏ္ဍိတ် ဆရာကြီး ဦးဦးသာထွန်း၏အဘိုးဖြစ်သည်။ ၎င်းပုဂ္ဂိုလ်မှာ ရခိုင်လောကသာရပျို့ဟောင်း၊ ရခိုင်မဟာရာဇဝင်တော်ကြီးအစရှိသည့် ရခိုင်ရာဇဝင် အစောင်စောင်၊ ရခိုင်သမိုင်းကျမ်းတို့ကို ကျမ်းပြုခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ညောင်ပင်ဈေး ကျောင်းတိုက်ဆရာတော် ဦးဥတ္တမသီရိဆရာတော်မှာလည်း ရခိုင်အဓိမသ်ကျမ်းနှင့် သတ္တုရူပ ပိသုကာကျမ်းကို ရေးသားခဲ့သော ပုဂ္ဂိုလ်ကျော်ဖြစ်သည်။

**(၃) ယခုခေတ်**

လွတ်လပ်ရေးရပြီးသည်မှ ယခုမျက်မှောက် ပစ္စက္ခထင်ပေါ်ကျော်ကြားသော စာပေယဉ်ကျေးမှု အနုပညာရှင် အကျော်အမော်များမှာ-

(၁) ဦးဦးသာထွန်း (ရက္ခိုင်မြန်မာပဏ္ဍိတ်-ညောင်ပင်ဈေး)၊
(၂) ဦးပညာဆရာတော် (တေဇရာမကျောင်းတိုက်-ဆင်ချဆိပ်)၊
(၃) ဦးပုည (ဗန္ဓုလဆရာတော်-တောင်ရပ်)၊
(၄) သံတရာဆရာတော်၊
(၅) ဘော်ရွာဈေးဆရာတော်၊
(၆) အဂ္ဂဓမ္မလောင်းကြက်ဆရာတော်၊
(၇) ဦးပညာသီဟတို့ဖြစ်သည်။

ရခိုင်မြန်မာပဏ္ဍိတ် ဦးဦးသာထွန်းမှာ ရခိုင်ပြည်သူပြည်သားများသာမက မြန်မာနိုင်ငံရှိ စာပေယဉ်ကျေးမှု အနုပညာရှင် များ ရိုသေလေးစားခြင်းခံရသော ပုဂ္ဂိုလ်ဖြစ်သည့်အပြင် ကမ္ဘာအရပ်ရပ်မှ ရောက်ရှိကြသော ခရီးသွားများ၊ နယ်လှည့်စာပေ

ပညာရှင်များကပင် ရိုသေလေးစားလူသိများသော စာပေသုတေသီကြီးတစ်ဦး ဖြစ်သည်။

ဆရာသည် တိမ်ကောပျောက်ကွယ်လု ပျောက်ကွယ်ဆဲ ပျောက်ကွယ်လတ့်သော ရခိုင်ရာဇဝင်ယဉ်ကျေးမှုသမိုင်းကို ယထာဘူတကျကျ၊ သိပ္ပံနည်းကျကျ ဘုရားသမိုင်း အစောင်စောင်၊ ရခိုင်ကဗျာပေါင်းချုပ်၊ ရခိုင်ရာဇဝင် အစရှိသော ရခိုင်သမိုင်း ယဉ်ကျေးမှုနှင့်ပါတ်သက်သော စာပေများကို ဖော်ထုတ်ရေးသားလျှက်ရှိသည်။

မော်ကွန်းဝင်ပထမဆင့်၊ နိုင်ငံဂုဏ်ရည် ဒုတိယအဆင့် ဖြစ်သော ဆရာတော် ဦးပညာသီဟမှာလည်း **ခမိလူမျိုး”** **“ဝါဆိုမမှန်၊ ပါယ်ဖျက်ရန်”**စသည့်စာအုပ်များကို ရေးသားထုတ်ဝေခဲ့သည်။

ဗန္ဓုလဆရာတော် ဦးပုညနှင့် အဂ္ဂမဟာမ္မလောင်းကြက်ဆရာတော်တို့မှာလည်း မြောက်ဦးမြို့နယ်အတွင်း ကျော်ကြားသော ရဟန်းပညာရှိ စာပေအနုပညာရှင်များ ဖြစ်ကြသည်။

## မြို့နယ်အတွင်းရှိ ထူးခြားချက်များနှင့် ဓလေ့ထုံးစံများ

### ၁။ နတ်ပူဇော်ပွဲ

တိုင်းရင်းသားလူမျိုးအသီးသီးတွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှု ဒေဝတာဗလိနတ်စာ ပူဇော်ပသကြသည့် ဓလေ့ထုံးစံ ရှိကြဘိသကဲ့သို့ ရခိုင်ပြည်-မြောက်ဦးမြို့တွင်လည်း ဒေဝတာ ဗလိရိုးရာနတ်ပူဇော်မှု ဓလေ့ထုံးစံတို့မှာ ရှိကြသည်။ ရိုးရာနတ် ပူဇော်မှုကို ဗုဒ္ဓရှင်တော်မြတ်မပွင့်မီ ရှေးကာလကပင် ပူဇော်ပသမှု ပြုလာကြသော်လည်း ဗုဒ္ဓရှင်တော်မြတ် ပွင့်တော်မူပြီးနောက် ရှင်တော်ဘုရားဟောကြားတော်မူသော **“အပရိဟာနိယ”** တရားတော်လာအတိုင်း ပြည်စောင့်နတ်၊ မြို့စောင့်နတ်၊ ရွာစောင့်နတ် အစရှိသော နတ်ကောင်းနတ်မြတ်တို့အား အပြစ်အနာအဆာ ကင်းသောအုန်း၊ ငှက်ပျော၊ ချိုချဉ်၊ မုန့်မျိုးစုံတို့ဖြင့် ဒေဝတာဗလိ ပူဇော်ပွဲများကို ဝေသာလီခေတ်၊ လေးမြို့ခေတ်၊ မြောက်ဦးခေတ်ထိ မင်းကောင်းမင်းမြတ်တို့သည် နှစ်စဉ်နှစ်တိုင်း မိုးဦးကျ နယုန်လတွင် တခမ်းတနား ဒေဝတာဗလိနတ်ပူဇော်ပွဲများကို ဘုရင်နေပြည်တော်၌ တစ်နိုင်ငံလုံးတွင် ကျင်းပပြုလုပ်သည်ဟု သုတေသီများက ဆိုသည်။ ယင်းအစဉ်အလာကို မြောက်ဦးမြို့နယ်အတွင်း စဉ်ဆက်မပြတ် ပြုလုပ်ကျင်းပပူဇော်ကြသည်။

၁၉၄၉-ခုနှစ်ထိ မြောက်ဦးမြို့ပေါ်တွင် နယုန်လ၌ ဒေဝတာဗလိနတ်ပူဇော်ပွဲ ကျင်းပရာတွင် မြို့ပေါ်ရှိ လူကြီးလူကောင်း၊ မြို့မိမြို့ဘများနှင့် သက်ဆိုင်ရာ အာဏာပိုင် ပုဂ္ဂိုလ်များ ဦးစီးဦးဆောင်ပြုလျှက် တာဝန်ရှိ မြို့လူကြီးများက မှန်မမှန် စစ်ဆေးပြီး နောက် မြို့ကို နှစ်ရက်တိုင်တိုင် မြို့ပိတ်သည်ဟု ကြေငြာသည်။

သက်ဆိုင်ရာနေရာများတွင် အစောင့်အရှောက်များ ချထားပြီး ပဌမနေ့နံနက်(၆)နာရီမှ ဒုတိယနေ့ည(၆)နာရီထိ မြို့ပေါ်ရှိ မြောက်ဦးမြို့စောင့်နတ်ကွန်းနှင့်တကွ (၁၄)ဌာနရှိ မြို့စောင့်နတ်ကွန်းများကို နတ်ဝင်ယောကျ်ား၊ နတ်ဝင်မိန်းမများဖြင့်၊ ပန်းတျား(၅)လုံး သို့မဟုတ် (၃)လုံးဖြင့် တီးကာချိုချဉ်၊ မုန့်ပွဲ၊ ငှက်ပျောပွဲ၊ အုန်းပွဲများဖြင့် မြို့ကို လှည့်ပတ်လျှက် ပူဇော်ပသက ပြဖျော်ဖြေပြီးလျှင် မြို့ပေါ်သူ မြို့ပေါ်သားများနှင့် နယ်သူနယ်သားများပါ မကျန် ကျမ်းမာချမ်းသာ၍ စီးပွားတိုးတက်ပါစေ ဟု ဆုမွန်ကောင်းများ တောင်းလျှက် မြောက်ဦးမြို့စောင့်နတ်များအား ပူဇော်ပွဲကို ပြုလုပ်ကျင်းပသည်။

အခမ်းအနားဖြင့် ပူဇော်ပသမှု ပြုလုပ်ခြင်းသည် ရှေးခေတ်များမှ ဆက်နွယ်ကာ ဗြိတိသျှအုပ်စိုးသည့်ခေတ်မှ ၁၉၄၉ ထိ ပြုလုပ်ကြသည်။ ယင်းနောက်ပိုင်းတွင်မူကား ထိုကဲ့သို့ အခမ်းအနားမျာ မပြုလုပ်ကြတော့ချေ။

နယုန်လနှင့် ဝါဆိုလ၊ ဝါမဝင်မီအချိန်ထိ မြောက်ဦးမြို့ပေါ်ရှိ အမျိုးသမီးအများစုသည် နတ်တင်ရွှေပြားနှစ်ချပ်စီဖြင့် မြေက်ဦးမြို့ ရှင်မနှင့်မြို့အတွင်းရှိ ခုနှစ်ဌာနရပ်ကွက် နတ်ကွန်းများသို့ သွားရောက်ပူဇော်ကြသည်။

မြို့နယ်များတွင်လည်း အထက်ပါအတိုင်း ရပ်ရှင်ရွာရှင်များအား နတ်တင်ရွှေပြား နှစ်ချပ်စီဖြင့် ပူဇော်ကြသည်။ လယ်မထွန်မီ မိုးဦးကျအချိန်တွင် လမိုင်းနတ်(လယ်စောင့်နတ်)နှင့် အိမ်ရှင်နတ်များကို အချိုအချဉ်မျိုးစုံဖြင့် ပူဇော်သောအလေ့ ရှိသည်။

နတ်ပူဇော်ပသမှုသည် မြောက်ဦးမြို့နယ်အတွင်း၌ ရက္ခိုင်အမျိုးသားတစ်ခုတည်း မဟုတ်ဘဲ၊ ရက္ခိုင်မျိုးနွယ်စုဝင်များ ဖြစ်သော မရာမာကြီး၊ ဒိုင်းနက်၊ သက်၊ ခမိ၊ ချင်းအမျိုးသားတို့မှာလည်း ပူဇော်ပသကြသည်။ ယင်းတို့အနက် မရာမာကြီးနှင့် ဒိုင်းနက် အမျိုးသားတို့မှာ ရက္ခိုင်အမျိုးသားတို့၏ ပူဇော်ပသမှုနှင့် အတူတူပင်ဖြစ်သည်။

သက်အမျိုးသားတို့မှာ ရွာရှင်ပြည်ရှင်နတ်များကို တစ်နှစ်တစ်ခါ မုန့်မျိုးစုံဖြင့် အချိုကျွေးလျှက် ပူဇော်ကြသည်။ မိုးဦးကျလယ်ယာခင်းများတွင် ကောက်ပဲသီးနှံများ မျိုးစေ့ချသည့်အခါတွင် ကြက်(၂)ကောင်အရှင်ကို မိမိယာတော လယ်တော များတွင် လွှတ်၍ စုံးပင်လယ်နတ်အား ပူဇော်ကြသည်။ ၎င်းကို အစိမ်းပူဇော်သည်ဟု ခေါ်သည်။

ခမိအမျိုးသားတို့မှာမူကား ရှေးပဝေသဏီကပင် (ဆဝပ်) ခေါ် အိမ်ရှင်နတ်နှင့် (လ-ဝတ်နတ်) ယာနတ်၊ လယ်နတ်တို့ကို နှစ်စဉ် တစ်နှစ်လျှင်(၃)ကြိမ်ကျ ကြက်၊ ဝက်၊ ငှက်တို့ဖြင့် ပူဇော်ပသလေ့ရှိသည်။

အိမ်ရှင်နတ်ကို ရောဂါ အန္တရာယ်ကင်းအောင်နှင့် လယ်နတ်၊ ယာနတ်ခေါ် (လ-ဝတ်နတ်)ကို ဟင်းသီးဟင်းရွက်နှင့် စပါးသီးနှံများ ကောင်းအောင်ပူဇော်ပသကြသည်။

ခမိအမျိုးသားတို့မှာ မျိုးစေ့ချချိန်နှင့် ကောက်သိမ်းချိန်၊ တောင်ယာလုပ်ချိန်တို့တွင် ထုံးတမ်းဓလေ့အတိုင်း ကြက်၊ ဝက်၊ ငှက်များသတ်၍ ခေါင်အိုးဖွင့်ကာ အစားအသောက်များဖြင့် ယာရှင်လယ်ရှင်နတ်များအား ပူဇော်ကြသည်။ ဤပူဇော်မှု ဓလေ့များမှာ ယနေ့တိုင် ပူဇော်လျှက် ရှိကြသည်။

ချင်းအမျိုးသားတို့မှာလည်း ခမိအမျိုးသားများကဲ့သို့ နတ်ပူဇော်မှု ဓလေ့ရှိသည်။ နတ်ပူဇော်သည့်အခါ ဝက်၊ ငှက်၊ သတ်၍ သွေးချခြင်း၊ အစာကျွေးခြင်း စသောပူဇော်မှုများဖြင့် ပူဇော်ကြသည်။

## ၂။ ယုံကြည်စွဲလန်းမှု

မြောက်ဦးမြို့နယ်အတွင်း နေထိုင်လျှက်ရှိကြသော ရက္ခိုင်၊ မရာမာကြီး၊ ဒိုင်းနက်၊ သက်၊ ခမိ၊ ချင်းအမျိုးသားတို့မှာ ရှေးပဝေသဏီကပင် ယုံကြည်စွဲလန်းမှုအရ စုန်း၊ ကဝေ၊ မှော်အတတ်၊ ဗေဒင်အတတ်၊ မန္တရားအတတ်၊ များကို ယုံကြည်ကြသည့် အလျောက် တစုံတရာအကြောင်းကြောင့် စိတ်ကြောက်လန့်၍ ဖျားနာခြင်းသော်လည်းကောင်း၊ တခြားရောဂါတစ်ခုခုဖြစ်ပွားလျှင် သော်လည်းကောင်း။ နတ်တိုက်သည်၊ စုန်းတိုက်သည်ဟု ယုံကြည်ကြသည်။

ဤကဲ့သို့ နတ်တိုက်၊ စုန်းတိုက်သည်ဟု ထင်မှတ်လျှင် မှော်ဆရာ၊ နတ်ဝင်စားများဖြင့် ကုသလေ့ရှိသည်။

ထို့အပြင် ကလေးသူငယ်များ လန့်ဖြတ်၍ အလန့်တကြား ငိုသည့်အခါ မန္တရားများဖြင့် ချည်မျှင်များကို မန်းမှုတ်၍ လည်တွင်ဆွဲသည်။

တစ္ဆေဖမ်းစားခြင်း၊ စုန်းဖမ်းစားခြင်းဟု ယုံကြည်လာလျှင် အင်း၊ မန္တာန်များဖြင့် မန်းမှုတ်ခြင်း၊ အင်းပြာများတိုက်ခြင်းများ ဖြင့် ကုသသည်။

ကလေးသူငယ်များ ရက်ကြာဖျားလျှင် နိဒါန်းစာကြည့်၍ နိဒါန်းစာတွင်ပါသည့်အတိုင်း ခေါခွက်တွင် ပန်းမျိုးစုံ၊ အရုပ်မျိုးစုံထည့်၍ ပူဇော်သည်။ ကိုယ်ဝန်ဆောင် မိန်းမများ ညနေဆည်းဆာ အိမ်မှအပြင်သို့ ထွက်လိုလျှင် အိမ်မိုးစွန်းတစ်စကို ချိုး၍ ခေါင်းတွင်ပန်ပြီးမှ ထွက်သွားလေ့ရှိသည်။ အကြောင်းမှာမူကား ညအချိန် တစ္ဆေမင်စာများ ဘေးအန္တရာယ်မှ ကာကွယ်ရန် ဖြစ်သည်ဟု ယူဆသည်။ အထူးသဖြင့် သက်အမျိုးသားများနှင့် ခမိအမျိုးသားတို့မှာ ရောဂါဖြစ်လျှင် နတ်ဗေဒင်ဆရာထံသွား၍ (ဝေဖလိ)နတ်ဗေဒင် ကြည့်ကြသည်။ နိဒါန်းစာကြည့်၍လည်း ကုသကြသည်။ ချင်းအမျိုးသားတို့မှာလည်း ရောဂါဖြစ်လျှင် နတ်ဆရာ ဟောပြောချက်အတိုင်း ကြက်၊ ဝက်၊ ခွေးများကို သတ်၍ ပွဲလုပ်ခြင်းဖြင့် ကုသကြသည်။

အထက်ဖော်ပြပါ ယုံကြည်မှု ကုသမှုအမျိုးတို့သည် ရှေးအခါက အများအပြား အလေးထား၍ ယုံကြည်စွဲလန်းမှုမျိုး ရှိခဲ့ကြသော်လည်း ယခုအချိန်၌မူကား ခေတ်မှီတိုးတက်လာသည်နှင့်အမျှ တိကျသော သိပ္ပံနည်းများဖြင့် ဖော်စပ်သည့်ဆေးများ နှင့် ကုသနည်းများကို ယုံကြည်လာကြသဖြင့် မြောက်ဦးမြို့နယ်အတွင်းရှိ အမျိုးသားတိုင်းလိုလိုပင် ရှေးကယုံကြည်စွဲလန်းချက်များ တဖြည်းဖြည်း ပပျောက်လာကြသည်။

## ၃။ ဘာသာကိုးကွယ်မှု

မြောက်ဦးမြို့နယ်အတွင်း နေထိုင်ကြသော ရခိုင်အမျိုးသား၊ ဒိုင်းနက်၊ မရာမာကြီးတို့မှာ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ခမိအမျိုးသားတို့မှာ ရှေးယခင်က နတ်ကိုးကွယ်သူများ ဖြစ်ခဲ့ကြသော်လည်း ယခုအခါ ဗုဒ္ဓ၏အဆုံးအမတရားတော်ကို ယုံကြည်သက်ဝင်လာကြ၍ ခမိအမျိုးသားအားလုံးသည် ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။ ချင်းအမျိုးသားအချို့မှာလည်း ရှေးကကဲ့သို့ နတ်ကိုးကွယ်မှုကို အလေးထား ယုံကြည်မှု မရှိကြတော့ဘဲ၊ ယခုအခါ ဗုဒ္ဓ၏အဆုံးအမ တရားတော်ကို ယုံကြည် သက်ဝင်လာကြပြီး ဗုဒ္ဓဘာသာဝင်များ ဖြစ်လာကြသည်။

## ၄။ ရိုးရာယဉ်ကျေးမှု(၁၂)လ ရာသီပွဲတော်များ

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား ညီအစ်ကို မောင်နှမနည်းတူ မြောက်ဦးမြို့နယ်

အတွင်း နေထိုင်ကြသော ရခိုင်၊ ဒိုင်းနက်၊ မရာမာကြီး၊ သက်၊ ခမိ၊ ချင်းအမျိုးသားတို့မှာလည်း ကိုယ့်ယဉ်ကျေးမှုအလိုက် (၁၂)လ ရာသီပွဲတော်များကို ကျင်းပကြသည်။ ချင်းအမျိုးသားတို့မှာ သူတို့၏ဓလေ့ရိုးရာပွဲဖြစ်သော ကောက်သစ်စားပွဲ (တန်းဗျင်းတက်ပွဲ)၊ ကောက်သိမ်းပွဲများကို ကျင်းပပြုလုပ်ကြသည်။

မြောက်ဦးမြို့နယ်အတွင်း(၁၂)လ ရာသီပွဲတော်များကို အမြဲတမ်းကျင်းပကြသော်လည်း ယခုအခါ အားလျော့စွာ ကျင်းပကြသည်။ (၁၂)လရာသီပွဲတော်များကို အောက်တွင်ဖော်ပြပါသည်။

| | | | |
|---|---|---|---|
| (၁) | တန်းခူးလ | - | သင်္ကြန်ပွဲတော်၊ လှေပြိုင်ပွဲတော် |
| (၂) | ကဆုန်လ | - | ညောင်ရေသွန်းပွဲတော် |
| (၃) | နံယုန်လ | - | ကိန္နရီဖို-မပွဲ၊ မဟာသမယသုတ်ရွတ်ပွဲ၊ ဒေဝတာဗလိနတ်ပူဇော်ပွဲ |
| (၄) | ဝါဆိုလ | - | ဓမ္မစကြာရွတ်ပွဲ၊ ပဋ္ဌင်းခံပွဲ |
| (၅) | ဝါခေါင်လ | - | စာရေးတံဆွမ်းပွဲ |
| (၆) | တော်သလင်းလ | - | လှေပွဲသဘင်၊ ငွေ/တန်ထိုးပွဲသဘင် |
| (၇) | ဝါကျွတ်လ | - | သဗိုတ်ဆွမ်းခေါ် ထမင်းထောင် ပန်းထောင်တင်ပွဲ၊ အဘိဓမ္မာတရားတော်ရွတ်ပွဲ၊ သက်ကြီး မိဖပူဇော်ပွဲ၊ ဆီမီးထွန်းပွဲ |
| (၈) | တန်ဆောင်မုန်းလ | - | တန်ဆောင်တိုင် ဆီမီးပူဇော်ပွဲ၊ မေတ္တာယျသုတ်ရွတ်ပွဲ၊ မာလာပြန်ဖတ်ပွဲ ခေါ် ရှင်မာလဲသုတ်ဖတ်ပွဲ၊ သင်္ဃာ့ဒါနဆွမ်းတော်ကြီးလောင်းပွဲ၊ ဝက်ဘာပွဲ |
| (၉) | နတ်တော်လ | - | မဟာပိန္နဲနတ်ပွဲ (ယခုမရှိတော့ပြီ) |
| (၁၀) | ပြာသိုလ | - | လေးခြင်း၊ ဆင်ခြင်း၊ မြင်းခြင်းသဘင်ပွဲ |
| (၁၁) | တပို့တွဲလ | - | မီးပုံကြာသွတ်ပွဲ၊ ရထားဆွဲပွဲ၊ ယာဂုတ်လှူပွဲ |
| (၁၂) | တပေါင်းလ | - | သဲပုံစေတီပွဲ၊ ဘုရားပွဲများ |

## ၅။ ဘုရားပွဲတော်များ

မြောက်ဦးမြို့နယ်အတွင်း နှစ်စဉ်ကျင်းပပြုလုပ်သော ဘုရားပွဲတော်များမှာ သျှစ်သောင်းဘုရားနှင့် ထုက္ကန့်သိမ်ဘုရားပွဲတော်၊ ဘုရားပေါ်ဘုရားပွဲတော်၊ ရှင်ကျော်ဘုရားပွဲတော်၊ သင်းချပ်တော်ဘုရားနှင့် ဝေသာလီဘုရားပွဲတော်များ ဖြစ်ကြသည်။

## ၆။ သျှစ်သောင်းဘုရားနှင့် ထုက္ကန့်သိမ်ဘုရားပွဲတော်

သျှစ်သောင်းဘုရားနှင့် ထုက္ကန့်သိမ်ဘုရားပွဲတော်ကို မြောက်ဦးမြို့နယ် ပါတီကောင်စီနှင့် မြို့နယ်ဂေါပကအဖွဲ့မှ ဦးစီး၍ တစ်မြို့နယ်လုံး အလှူငွေများ ထည့်ဝင်လျှက် ကျင်းပကြသည်။ ဤဘုရားပွဲတော်သည် ရခိုင်ပြည်နယ်တစ်ခုလုံးတွင် အစည်ကားဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ ပွဲတော်ကို နှစ်စဉ် ကဆုန်လပြည့်ကျော် (၂)ရက်မှ (၃)ရက်အတွင်း ၃/၄ရက် တိုင်တိုင် ကျင်းပသည်။ ပွဲတော်ရက်များအတွင်း ရခိုင်ရိုးရာပဒေသာကပွဲ၊ ရုပ်သေးပွဲ၊ အငြိမ့်ဇာတ်ပွဲ၊ ပုဂ္ဂလိကပိုင် ရုပ်ရှင်ပြပွဲ၊ အစိုးရပြန်ကြားရေးဌာနမှ ရုပ်ရှင်ပြပွဲ၊ ကျင်ပွဲနှင့် လှေပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ၇။ ဘုရားပေါ် ဘုရားပွဲတော်

မြောက်ဦးမြို့ပေါ်တွင် ဘုရားပေါ်ဘုရားသည် ရှေးဟောင်းဘုရားဖြစ်ပြီး သမိုင်းအရ အထူးထင်ရှားသည်။ ဘုရားပေါ် ဘုရားပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခြင်း မရှိသော်လည်း မြို့နယ်ရှိ ပါတီ၊ ကောင်စီ၊ ဘုရားဂေါပက လူကြီးများ ဦးစီး၍ မကြာမကြာ ကျင်းပသည်။

## ၈။ ရှင်ကျော်ဘုရားပွဲတော်

ရှင်ကျော်ဘုရားသည် သရေချောင်း၏ အနောက်ဘက် ရှင်ကျော်ရွာတွင် တည်ရှိသည်။ တန်ခိုးကြီးဘုရားဖြစ်၍ နာမည်ကျော်ကြားသည်။ ရှင်ကျော်ဘုရားပွဲတော်ကို သရေချောင်းအတွင်းရှိ ကျေးရွာပေါင်း (၄၆)ရွာတို့မှ ပူပေါင်းဖွဲ့စည်းထားသော ဂေါပကအဖွဲ့မှ ဦးစီး၍ ကျင်းပသည်။ ပွဲတော်ကို တပေါင်းလ သို့မဟုတ် တန်ခူးလတွင် ကျင်းပသည်။ ပွဲတော်ကျင်းပရက်မှာ

(၃)ရက်တိုင်တိုင်ဖြစ်ပြီး အထူးစည်ကားသိုက်မြိုက်သည်။

## ၉။ သချိုပ်တော်ဘုရားနှင့် ဝေသာလီဘုရားပွဲတော်

သချိုပ်တော်ဘုရားနှင့် ဝေသာလီဘုရားပွဲတော်မှာ ရှေးရခိုင်ဝေသာလီမြို့တော်ဟောင်း နယ်နမိတ်တွင် တည်ရှိသည်။ ဝေသာလီဘုရားကြီးမှာ နန်းဦးဘုရားဖြစ်ပြီး ရခိုင်တစ်ပြည်လုံးတွင် ထင်ရှားကျော်စောသည်။ သချိုပ်တော်ဘုရားမှာ မြတ်စွာဘုရား၏နဖူးသချိုပ်တော်ဓာတ်ဖြစ်သည်။ ဤပွဲကို နတ်တော်လတွင် အမြဲကျင်းပပြီး၊ ဝေသာလီဘုရားပွဲတော်ကို တပေါင်းလတွင် ကျင်းပပြုလုပ်သည်။ ဘုရားပွဲတော်များကို သချိုပ်တော်နှင့် ဝေသာလီဘုရားဂေါပက အဖွဲ့မှ ဦးစီး၍ ဇာတ်ပွဲ၊ ကျင်ပွဲ၊ ဆွမ်းလောင်းပွဲများဖြင့် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ၁၀။ သုံးရက်တစျေး

မြောက်ဦးမြို့နယ်တွင် နေ့စဉ်နေ့တိုင်း အတည်အမြဲ ရောင်းချနေသောဈေးမှာ မြောက်ဦးဈေးကြီးနှင့် မြောင်းဘွေဈေး ပင်ဖြစ်သည်။ သို့သော်လည်း မြောက်ဦးမြို့နယ်ရှိ ကျေးရွာများတွင် နှစ်ရက်တစ်ဈေး၊ သုံးရက်တစ်ဈေး ရောင်းချသော ခေတ္တဈေးများ ရှိသည်။ ယင်းဈေးများကို ဖွင့်လှစ်သောကျေးရွာများမှာ ဆင်အိုးကျေးရွာ၊ ပြုတ်ချောင်းကျေးရွာ၊ ယဉ်သည်ကျေးရွာနှင့် လောင်းကြက်ကျေးရွာများ ဖြစ်ကြသည်။

## ၁၁။ ချင်းအမျိုးသားတို့၏ ဂုဏ်ယူသောအလှူပွဲ

မြောက်ဦးမြို့နယ်ရှိ ချင်းအမျိုးသားတို့တွင် ထူးခြားဆန်းကျယ်သည့် ဂုဏ်ယူပွဲတစ်မျိုး ရှိသည်။ ၎င်းဂုဏ်ယူပွဲမှာ ကျွဲဖြူ (သို့) တောင်နွားကို သတ်၍ပွဲလုပ်ခြင်းပင်ဖြစ်သည်။ သူတို့မှာ အလှူပွဲပြုလုပ်သည်ဟု ယုံကြည်ကြသည်။ ဤပွဲများကို ကျင်းပပြုလုပ်မည်ဆိုလျှင် ရပ်နီးရပ်ဝေးရှိ ရင်းနှီးခင်မင်သော မိတ်ဆွေများနှင့် မိမိတို့ကျေးရွာရှိ လူအားလုံးကို ဖိတ်ခေါ်၍ အိမ်တန်းဗျင်းတွင် ခေါင်ရေအိုးများဖွင့်ကာ ဧည့်ခံထားသည်။ ပွဲရှင်မှာ လှူဒါန်းမည့်ကျွဲဖြူကြီး (သို့) လှပသောတောင်နွားကို အိမ်ရှေ့တန်းဗျင်းအောက်တွင် ချည်နှောင်ထားပြီး အလှူရှင်က ခေါင်းတွင်ဗောင်းနီပေါင်း၍ လှံရှည်တစ်ချောင်းကိုကိုင်လျှက် မိမိကိုယ်တိုင် ထိုးသတ်သည်။ ယင်းအသားများကို ချက်ပြုတ်၍ ခေါင်ရေအိုးများ ဖွင့်ကာ တပျော်တပါး ရောက်ရှိလာသော ဧည့်သည်များအား ကျွေးမွေးလှူဒါန်းကြသည်။

ကျွဲခေါင်း၊ နွားခေါင်းအမြောက်အများ အိမ်တွင်ချိတ်ဆွဲထားနိုင်သူသည် ချမ်းသာ၍ အလှူအတန်းပြုနိုင်သောသူဟု ယုံကြည်ကြသည်။ ယင်းကြောင့်လည်း ချင်းအမျိုးသားတို့၏ အိမ်နံရံတွင် ကျွဲခေါင်း၊ နွားခေါင်းများ အမြောက်အများ ချိတ်ဆွဲထားကြသည်ကို တွေ့ရှိရသည်။

## ၁၂။ ဘုန်းကြီးပျံပွဲ

မြောက်ဦးမြို့နယ်အတွင်း ဘုန်းတော်ကြီး ပျံလျှင် ပျံလျှင်ပျံချင်း ကျေးရွာမှ ရွာသူရွာသားများ သိစေခြင်းငှါ ကုလားတက်ကို ခေါက်ပြီး အချက်ပေးသည်။ ၎င်းနောက် သက်ဆိုင်ရာ ဂိုဏ်းအဖွဲ့အစည်းကို ပျံလွန်သည့်ကျောင်းမှ အကြောင်းကြားသည်။ ဂိုဏ်းဆိုင်ရာ အကြီးအကဲဖြစ်သော ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များက လာရောက်ပြီး ရပ်ရွာရှိ ကျောင်းတကာများနှင့် ရပ်ရွာအုပ်ချုပ်သူ တာဝန်ရှိပုဂ္ဂိုလ်များကို တိုင်ပင်ကာ ဘုန်းကြီးပျံပွဲအတွက် လုပ်ငန်းနှင့် ငွေရေးကြေးရေးကိစ္စကို အသီးသီး တာဝန်ခွဲဝေယူကြသည်။ ယင်းနောက် ဘုန်းတော်ကြီးအလောင်းကို မပုပ်မသိုးရအောင် ဓာတ်ဆီ၊ အရက်ပျံများနှင့် ပျားရည်များကို ဝမ်းတွင်းသို့ ထည့်သွင်းကြသည်။ ယင်းပြီးနောက် တစ်ကိုယ်လုံးကို ခြေဖျားမှစ၍ သင်္ကန်းဖြင့် ရစ်ပတ်ချည်နှောင်ပြီးမှ ခေါင်းသွင်းသည်။ ခေါင်းကို သရက်ပင်၊ ပိန္နဲပင်များကို အခေါင်းထွင်း၍ လုပ်သည်။ တစ်ချို့မှာ သွပ်ပြားခေါင်းကိုလည်း ပြုလုပ်ကြသည်။

ခေါင်းသွင်းသည့်အခါ ပြာသို့မဟုတ် အနောက်ဆေးရွက်များကို ခေါင်းတွင် ခင်းသည်။ တစ်ချို့မှာ ထုံးများကို ခေါင်းထဲတွင် ထည့်ကြသည်။ အလောင်းကို ခေါင်းထဲတွင် သွင်းပြီးပါက ကျောင်းတွင် ကုတင်ဖြင့်တင်၍လည်းကောင်း၊ သို့မဟုတ် ဓမ္မာရုံများတွင်လည်းကောင်း၊ ခေတ္တထားသည်။ ဤသို့ ပြုလုပ်ထားပြီးနောက် (၃)လခန့်အကြာတွင် ကြာကလာပ်တင်ပွဲကို ပြုလုပ်သည်။ ကြာကလာပ်တင်လျှင် အလောင်းကို ယခင်ခေါင်းနှင့်မထားဘဲ၊ မှန်ဘီဒိုခေါင်း သို့မဟုတ် သစ်စေးများ၊ ပန်းပြောက် ပန်းနွယ်များဖော်ကာ မွမ်းမံပြီး ရွှေပိန်းချလျှက်ထားသော ရွှေခေါင်းတွင် ထည့်ပြီး သီးသန့်စံကျောင်းနှင့် ဓမ္မာရုံများတွင်

ထည့်လေ့ရှိသည်။ ဤကြာကလာပ်တင်ပွဲတွင် ဂိုဏ်းရှိသင်္ဃာတော်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးမွေးကာ ကြာကလာပ်တင်ပွဲကို ချီးမြှောက်သည်။ အကယ်၍ နှစ်ကုန်ခါနီးတွင် ပျံလွန်ပါက ပျံလွန်တော်မူသော ရုပ်ကလာပ်ကို နှစ်မကူးမီ မီးသင်္ဂြိုဟ်ပြီး အလောင်းကို ရွာပြင်တွင် သီးခြားကျောင်းငယ်ဖြင့် ထားသည်။ မောင်ရှင်များနှင့် ပဥ္စင်းများ ပျံလွန်လျှင် ပျံလွန်ပြီးနောက် ရက်သတ္တတစ်ပါတ်အတွင်း မီးသင်္ဂြိုဟ်သည်။

ဘုန်းတော်ကြီးပျံပွဲများကို တပေါင်းလတွင် ပြုလုပ်ပြီး၊ ပွဲကျင်းပသည့်ရက်သို့ ရောက်လျှင် ကြာကလာပ်တွင် တင်ထားသော ရုပ်ကလာပ်ကို ပွဲခင်းတွင် ဆောက်ထားသော စံကျောင်းပေါ်သို့ အခမ်းအနားဖြင့် ယူဆောင်ကာ စံကျောင်းပေါ်ရှိ ဒါန်းပေါ်တွင်တင်၍ ဖယောင်းကျူးကြသည်။ ဖယောင်းကျူးပြီးနောက် ရုပ်ကလာပ်ကို ပွဲခင်းအတွင်းရှိ လုပ်ထားသော ကတလားများပေါ်တွင် တင်ကာ အကမျိုးစုံဖြင့် က၍ ဘုန်းတော်ကြီးအား ချီးမြှောက်ပူဇော်ကြသည်။ ဤကဲ့သို့ ပူဇော်ပြီးနောက် ရုပ်ကလာပ်ကို ဆွဲတလားပေါ်တွင်တင်၍ တစ်ဘက်နှင့်တစ်ဘက် အပြိုင်အဆိုင်ဆွဲကြရသည်။ ဘုန်းကြီးပျံပွဲကို (၃)ရက်တိုင်တိုင် ဇာတ်၊ ဒိုး၊ သိုင်း၊ ဟန်၊ ယိမ်း၊ အကမျိုးစုံတို့ဖြင့် ကျင်းပပြုလုပ်သည်။ ဤကဲ့သို့ အသီးသီးချီးမြှောက်ပူဇော်ပြီးမှ မီးသင်္ဂြိုဟ်ရန် ရုပ်ကလာပ်ကို ယူဆောင်လျှက် မြေစိုက်တလားပေါ်တွင် တင်ထားပြီး၊ ရဟန်းသင်္ဃာတော်များက သရဏဂုဏ်တင်၍ အသုဘရှုကြသည်။ ယင်းပြီးနောက် မီးမသင်္ဂြိုဟ်မီ ဒုံးများဖြင့် ပူဇော်ကြသည်။ ဒုံးတိုက်ရာတွင် ပထမဆုံး မင်္ဂလာဒုံးဖြင့် ပူဇော်ရသည်။ ဒုံးစင်ကို မြေစိုက်တလားနှင့် လက်တောင်တစ်ရာခန့်အကွာတွင် ထားပြီး မြေစိုက်တလားနှင့် ဒုံးတိုက်မည့်နေရာကို ကြေးကြိုး၊ သံကြိုးဖြင့် ဆက်ထားသည်။ ဒုံးများကိုလည်းကောင်း၊ ကြေးကြိုးပေါ်တွင် ချိတ်ဆွဲပြီး တိုက်သည်။ ဒုံးတိုက်၍ ပူဇော်ပြီးမှ မြေစိုက်တလားတွင် တင်ထားသော ဘုန်းတော်ကြီး ရုပ်ကလာပ်ကို မီးရှို့သင်္ဂြိုဟ်၍ အရိုးပြာများကို သက်ဆိုင်ရာ ဂိုဏ်းချုပ်သံဃာ အကြီးအကဲများက ကောက်ယူ၍ သင့်တော်သောနေရာတွင် ဂူသွင်းထားသည်။

## ၁၃။ <u>ထိမ်းမြားလက်ထပ်ခြင်း</u>

မြောက်ဦးမြို့နယ်အတွင်း နေထိုင်ကြသော ရခိုင်အမျိုးသားနှင့် ရခိုင်မျိုးနွယ်စုဝင် ဒိုင်းနက်၊ မရမာကြီး၊ သက်၊ ခမိ၊ ချင်းအမျိုးသားတို့မှာ လက်ထပ်ခြင်းဓလေ့သည် တစ်မျိုးသားနှင့် တစ်မျိုးသား ခြားနားမှု ရှိကြသည်။

### (က) <u>ရခိုင်အမျိုးသားတို့၏ ထိမ်းမြားခြင်းဓလေ့</u>

ရခိုင်အမျိုးသားတို့မှာ မိမိတို့သားသမီးများ အပျိုလူပျိုအရွယ်သို့ရောက်လျှင် မိဘတို့က သားသမီးများအတွက် အိမ်ထောင်ဘက်ရွေးချယ်ကြသည်။ ထိုနည်းတူပင် မြောက်ဦးမြို့နယ်ရှိ ရခိုင်အမျိုးသားတို့မှာလည်း မိမိတို့၏အရွယ်ရောက်သော သားသမီးများအတွက် အိမ်ထောင်ဘက်ရှာကြသည်။ အပျိုလူပျိုချစ်ကြိုက်၍လည်း မင်္ဂလာဆောင်ကြသည်။ သတိုးသမီးတို့၏ မိဘများမှာ မိမိတို့၏ သမီးအတွက် မျိုးရိုးမှန်ခြင်း၊ အကျင့်စာရိတ္တကောင်းမွန်ခြင်း၊ နှုတ်မှုလက်မှု စသော သက်မွေးဝမ်းကြောင်း ပညာနှင့် ပြည့်စုံခြင်းနှင့် ကျန်းမာရေးကောင်းမွန်သောသူများကို မိမိ၏သမက်လောင်း(သတိုးသား)အဖြစ် ရွေးချယ်ကြသည်။ သတိုးသားမိဘများဘက်မှလည်း ချွေးမလျာ(သတိုးသမီး)အဖြစ် ယဉ်ကျေးသိမ်မွေ့ခြင်း၊ အိမ်မှုကိစ္စများတွင် ကျွမ်းကျင်ခြင်း၊ လျှပ်ပေါ်လော်လီမှုကင်းခြင်း၊ ပေါင်းသင်းဆက်ဆံရေးကောင်း၍ ခြိုးခြံချွေတာတတ်ပြီး ရုပ်ဆင်းအင်္ဂါနှင့်ညီညွတ်လှပသော သတိုင်းသမီးများကို ရှာဖွေစုံစမ်း၍ ရွေးချယ်ကြသည်။ ဤကဲ့သို့ ရွေးချယ်၍ တွေ့ရှိသောအခါ သတိုးသားမိဘများက သတိုးသမီး မိဘများထံသို့ မင်္ဂလာစကား ကမ်းလှမ်းလေ့ရှိသည်။

အိမ်ထောင်ဘက် ရွေးချယ်ရာတွင် မိမိတို့၏ အမျိုးသားထဲမှ အိမ်ထောင်ဘက် တော်စပ်သူ (သမီးမျောက်သား) တို့ကို ဦးစားပေး၍ မိဘများက ရွေးချယ်တတ်သည်။ အဆင်မပြေမှသာ တခြားသော ဆွေမျိုးအုပ်စုများထံမှ ကောင်းမွန်သူများကို ရွေးချယ်ကြသည်။နှစ်ဘက်သော မိဘများက တစ်ဘက်မှတစ်ဘက်သို့ အပြန်အလှန်စုံစမ်း၍ နှစ်ဘက်စလုံး သဘောတူကြလျှင် သတိုးသားမိဘများ က ရပ်ရွာလူကြီးများကိုဖိတ်၍ မယားလျှာဆိုရန် (စေ့စပ်ကြောင်းလမ်းခြင်းပွဲ) သတိုးသမီးအိမ်သို့ သွားကြသည်။ မယားလျှာ ဆိုရန်သွားသည့်အခါ (၇)ယောက်၊ (၉)ယောက်၊ (၁၅)ယောက် စသည်ဖြင့် **“မ”**သွားရသည်။ စုံမသွားရ။ မယားလျှာဆိုရန် ရောက်လာသော သတိုးသားဘက်မှ ဧည့်သည်များကို သတိုးသမီးဘက်မှ အကျွေးအမွေးဖြင့် ဧည့်ခံရသည်။ သတိုးသမီးအိမ်တွင် အသင့်ဖိတ်ခေါ်ထားသော ဗေဒင်ဆရာနှင့် သတိုးသား သတိုးသမီးတို့၏ နေ့ရက်နံသင့်မသင့် အတွင်းဇာတာ၊ ပြင်ဇာတာများ၊ သင့်မသင့် စသည်တို့ကို တွက်ကြည့်ကြသည်။

ရှေးအခါက မယားလျှာ-ဆိုခြင်းကို ပထမအကြိမ် စေ့စပ်ခြင်းဟုခေါ်သည်။ လင်လျှာမယား လျှာကြည့်ရာတွင် တင်ကြို

ညှိနှိုင်းတွက်ချက်မှုမရှိဘဲ တစ်ကြိမ်တည်းမှာပင် သတိုးသားဘက်မှ မိဘများနှင့် သက်ဆိုင်ရာလူကြီးများ မိန်းမကြီးများတို့သည် အုပ်တစ်လုံးတွင် မုန့်မျိုးစုံထည့်လျှက် သတိုးသမီးအိမ်ရှိ လူကြီးစုံလင်ရှေ့တွင် သတိုးသားနှင့် သတိုးသမီး၏ ဇာတာကို သင့်မသင့် ညှိနှိုင်းတွက်ချက်ကြသည်။ အကယ်၍ နေ့နံဇာတာ မတည့်၍ မယားလျှာလင်လျှာကြည့်ပွဲ ပျက်သွားပါက သတိုးသမီးမှာတပွဲတင် ခံရသည်ဟု ဂုဏ်ယူပြောဆိုကြသည်။ ထိုကဲ့သို့ တပွဲ၊ နှစ်ပွဲ၊ သုံးပွဲအတင်ခံရသူသည် နာမည်ကြီး၍ နောက်လိုချင်သူများသည် အသွင်းပိုပေးရသည်။ ဤအစဉ်အလာ အလေ့အထများမှာ ယခုအခါ မြောက်ဦးမြို့နယ်တွင် ပျောက်သွားပြီဖြစ်သည်။ သတိုးသားနှင့် သတိုးသမီးတို့၏ ဇာတာကို တွက်ကြည့်၍ သင့်မြတ်သည်ဟု တွေ့ရှိရလျှင် သတိုးသမီးဘက်မှနေ၍ အသွင်းတောင်းကြသည်။ များသောအားဖြင့် ရွှေကို အဓိကထား၍ ၃ကျပ်၊ ၅ ကျပ်၊ ၁၀ ကျပ်ထိ သင့်သလို တောင်းကြသည်။

အသွင်းရွှေ၏ သုံးပုံတစ်ပုံကို အခါကြည့်သည့်နေ့တွင် ချွေးမလျှာအားနှင်းသည်။ ဥပမာ-လက်စွပ်တစ်ကွင်း၊ လက်ကောက်တစ်ရံ စသည်ဖြင့် ဖြစ်သည်။ အခါကြည့်ပြီးနောက် ရက်ကောင်းနေ့ကောင်း တစ်နေ့ကို ရွေးချယ်၍ စေ့စပ်ထားသော သတိုးသမီးအိမ်သို့ သတိုးသားမိဘနှင့် မိန်းမကြီးများ သီးသန့်သွားရောက်၍ အသွင်းရွှေ၏သုံးပုံတစ်ပုံကို ပေးနှင်းကြသည်။ အသွင်းရွှေကို သတိုးသားမိခင်ကသော်လည်းကောင်း၊ သတိုးသားဘက်မှပါလာသော အညွန့်ရှင်မိန်းမကသော်လည်းကောင်း၊ သတိုးသမီးအား ကိုယ်တိုင်ဝတ်ဆင်ပေးသည်။ ဤကဲ့သို့ ကိုယ်တိုင်ကိုယ်ကျ ဝတ်ဆင်ပေးခြင်းသည် သတိုးသမီး၏ သွင်ပြင်လက္ခဏာကို လေ့လာလို၍ ဖြစ်ကြသည်။ ယင်းကဲ့သို့ အသွင်းနှင်းရာတွင် သတိုးသမီးအား မျက်နှာခ (ဝါ)ကန္တေ့ခအဖြစ် ငွေပေးရသည်။ တစ်စုံတစ်ခုအကြောင်းကြောင့် သတိုးသားဘက်မှ မင်္ဂလာကိစ္စပျက်ကွက်ခဲ့လျှင် အသွင်းရွှေကို အဆုံးခံရသည်။ သတိုးသမီးဘက်မှ ပျက်ကွက်ခဲ့လျှင် အသွင်းရွှေကို သတိုးသားဘက်သို့ ပြန်ပေးရသည်။

ထိမ်းမြားလက်ထပ်ပွဲအတွက် နှစ်ဘက်သော မိဘများသည် ပွဲအစီအစဉ်များကို ပြုလုပ်ကြသည်။ ရက်နီးကပ်လာသောအခါ မင်္ဂလာပွဲအတွက် သီးသန့်မွေ့ရာ၊ ခေါင်းအုံး၊ ဖျာများကို အသင့်ဝယ်ယူပြင်ဆင်ကြသည်။ မင်္ဂလာမြောက်ရန်အတွက် သတိုးသား သတိုးသမီး၏ အခြေအရံများကို နေ့ရက်သင့်သူများအား နှစ်ဘက်စလုံးတွင် ရွေးကြသည်။ မင်္ဂလာဆောင်ရန် (၂)ရက် (၃)ရက်အလိုတွင် ဆေးကွမ်းလက်ဆောင်ပေး၍ မင်္ဂလာပွဲအတွက် ရပ်ရွာရှိလူများနှင့် ရပ်နီးရပ်ဝေးဆွေမျိုးများကို ဖိတ်သည်။ ဤဓလေ့ထုံးစဉ်သည် မြို့ပေါ်၌ ပျောက်ကွယ်၍ မြို့နယ်ကျေးလက်တောရွာများတွင် ယခုထိ ရှိသည်။ မြို့ပေါ်၌ မင်္ဂလာဖိတ်စာများဖြင့် ဖိတ်ကြားကြသည်။

မင်္ဂလာမဆောင်မီတစ်ရက်အလိုတွင် သတိုးသားအိမ်မှ အညွန့်ရှင်တစ်ဦးသည် မင်္ဂလာပွဲအတွက် မင်္ဂလာဆန်ကို သတိုးသမီးအိမ်သို့ ပို့ပေးသည်။ မင်္ဂလာဆန်ကို (၂)ဘူး သို့မဟုတ် (၄)ဘူး ထိပေးသည်။ သတိုးသားထံမှ ပေးပို့သော မင်္ဂလာဆန်နှင့် သတိုးသမီးထံမှ မင်္ဂလာဆန်ကို ရောနှောပြီး၊ မင်္ဂလာပွဲအတွက် ချက်သည်။ မင်္ဂလာရက်တွင် ကျွေးမွေးဧည့်ခံလုပ်ဆောင်မည့်တာဝန်ကို ရပ်ရွာရှိ အပျိုလူပျိုတို့က တာဝန်ယူဆောင်ရွက်ကြသည်။

မင်္ဂလာဆောင်မည့်နေရက် အာရုဏ်တက်အချိန်တွင် သတိုးသားအိမ်၌ သတိုးသားနံသင့် အခြေအရံများဖြင့် မင်္ဂလာမြောက်သည်။ သတိုးသမီးအိမ်တွင်လည်း သတိုးသမီးအား အခြေအရံများဖြင့် မင်္ဂလာမြောက်သည်။

မင်္ဂလာမြောက်ရာတွင် မိမိတို့ကိုးကွယ်သော မုနိဦးဆွမ်းဆရာတော်အား ပင့်ဖိတ်၍ ဆွမ်းကပ်လှူဒါန်းသည်။ ငါးပါးသီလကို ခံယူပြီး မင်္ဂလာတရားတော်ကို နာယူကြသည်။ ထို့နောက် မင်္ဂလာမြောက်သော ဗေဒင်ပညာရှိက အမွှေးနံ့သာများ ပက်ဖြန်း၍ မင်္ဂလာကိစ္စကို ပြီးမြောက်အောင်မြင်စေသည်။ ရှေးအခါက မင်္ဂလာမြောက်ရာတွင် မင်္ဂလာစည်ကို တီးသည်။

သတိုးသားနှင့် သတိုးသမီးအိမ်တွင် မင်္ဂလာထမင်း၊ မင်္ဂလာငါးဟင်းများကို အညွန့်ရှင်မိန်းမက ချက်ပြုတ်ရသည်။ အညွန့်ရှင်မဟုတ်သော မိန်းမများ လုံးဝကိုင်တွယ်ဝင်ရောက်ခြင်း မပြုရ။ ချက်ပြုတ်ပြီးသော မင်္ဂလာထမင်းနှင့် မင်္ဂလာကောက်ညှင်းထမင်းကို ရော၍ မင်္ဂလာလောင်ပန်းတွင် ထည့်သည်။ မင်္ဂလာထမင်းအပေါ်တွင် အသင့်ချက်ပြုတ်ထားသော ဘဲဥနှစ်လုံး၊ ကန်စွန်းမြောက်ဥနှစ်ဥ၊ နှုတ်ခမ်းမွှေးနှင့် ခြေချောင်းလက်ချောင်းများ မကျိုးမပဲ့သော အင်္ကြိန် ပုဇွန်တုပ်နှစ်ကောင်။ ဂရင်သီးနှစ်လုံးနှင့် အကြေးပါချက်ထားသော ငါးကံသားနှစ်ကောင်ကိုပါ ထည့်ရသည်။ ထို့နောက် မင်္ဂလာခုံတွင် ရွှေဖရုံသီးနှစ်ခွက်၊ ကြက်သားသဲစုံအူစုံသုံးခွက်၊ စုစုပေါင်း(၅)ခွက် ခူးခတ်ထားရသည်။ ထို့ပြင် ကြေးအိုးငယ်တွင် ခြည်ဖြူ(၇)ပတ် သို့မဟုတ် (၂၁)ပတ်ရစ်ပတ်၍ ထားရသည်။ ယင်းရေစင်အိုးတွင် သပြေညွန့်နှင့် နံသင့်အညွန့်များကို စိုက်ထားသည့်အပြင် အခါပေးစာရေးထားသော ပေရွက်ကိုလည်း စိုက်ထားသည်။ မင်္ဂလာလောင်ပန်းအောက်တွင် ငွေသားဒင်္ဂါးနှစ်ပြားကိုလည်း ထည့်ထားသည်။

လက်ထပ်ပွဲမကျမီ အကြိုနေ့ညဥ့်နှင့် လက်ထပ်ပွဲ ကျင်းပမည့်နေ့လည်ပိုင်းတွင် သတိုးသမီးအိမ်သို့ မိန်းမပျိုများ သွားရောက်၍ လက်ဆောင်များ ပေးကြသည်။ ထို့အပြင် မိန်းမပျိုဖြူများမှာ တညဥ့်လုံး သတိုးသမီးအိမ်တွင် အိပ်ကြသည်။

၎င်းကို သမီးစောင့်သည်ဟု ခေါ်သည်။ ရှေးအခါက ညသမီးစောင့်ရန်အတွက် သမီးရှင်(သတိုးသမီး)နှင့် ယင်း၏အဖော်များက ရပ်ရွာတွင် လှည့်လည်၍ ဖိတ်ခေါ်သည်။ ယခုမူ သမီးစောင့်ရန်ဖိတ်စာဖြင့် ဖိတ်သည်။ သမီးစောင့်သည်သမီးရှင်၏ ဧည့်ခံပွဲပင်ဖြစ်ပြီး နေ့လည်ပိုင်း သမီးစောင့်သည့်ဓလေ့မှာ ယခုအခါ ပျောက်သွားပြီဖြစ်သည်။

နေ့လည်ပိုင်း သမီးစောင့်ဧည့်ခံပွဲ ပြီးဆုံးပြီးနောက် ညနေ(၃)နာရီခန့်အချိန်ကပင် မင်္ဂလာပွဲကို ဆက်လက်ကျင်းပသည်။ နှစ်ဘက်သော မိဘများမှ ဖိတ်ကြားထားသော ဧည့်သည်များသည် မိမိတို့၏ ရင်းနှီးရာဘက်သို့ သွားကြသည်။ မင်္ဂလာဆောင်ရန်အချိန်ကျရောက်သောအခါ သတိုးသားနှင့် ယင်း၏ပရိသတ်များသည် သမီးရှင်(သတိုးသမီး)အိမ်သို့ တူရိယာစုံတီး၍ စီတန်းလျှက်သွားကြသည်။ သတိုးသားနှင့် ၎င်း၏ပရိသတ်များမှာ ဗေဒင်အဟောအတိုင်း နဂါးဦးခေါင်းလွတ်အောင်သွားကြသည်။ စီတန်းသွားရာတွင် သတိုးသား၏ဘခင်နှင့် လူကြီးလူကောင်းများသည် ရှေ့မှသွားပြီး၊ နောက်မှအညွှန့်အုပ်ထမ်းသူ အမျိုးသမီးများလိုက်သည်။ အညွှန့်အုပ်ကို (၅)အုပ် သို့မဟုတ် (၇)အုပ်ထိ ယူသည်။ ပထမအညွှန့်အုပ်တွင် မင်္ဂလာအညွှန့်ဖြစ်သော ပစ္စည်း (၂)ညွှန့်နှင့် မြောက်(၂)ညွှန့်ထည့်သည်။ ဒုတိယအုပ်တွင် ဆေးကွမ်းများ ထည့်သည်။ တတိယနှင့် စတုတ္ထအုပ်တွင် ပန်းကုံးများထည့်ပြီး နောက်ဆုံးအုပ်(၂)အုပ်တွင် ငှက်ပျော(၂)ဖီးနှင့် ဆေး(၂)ပျစ်ထည့်သည်။

အညွှန့်အုပ်တွင် ရှေးအခါက လှပသော ပုဆိုးပိုင်းများ သို့မဟုတ် အင်္ကျီချာများကို အညွှန့်အုပ်ဖျားတွင် ချည်နှောင်၍ထည့်သည်။ ၎င်းကို အညွှန့်အုပ်ထမ်းသူများက လက်ဆောင်အဖြစ် ရသည်။ ယခုအခါမူကား များသောအားဖြင့် လှပသောလက်ကိုင်ပုဝါများကို အညွှန့်အုပ်ဖျားတွင် ချည်နှောင်၍ထည့်ကြသည်။ အညွှန့်အုပ်ထမ်းသူ၏နောက်မှ သတိုးသား၏ မိခင်နှင့် ဖိတ်ကြားထားသော မိန်းမကြီးများ လိုက်ပါသည်။ ၎င်းနောက်မှ သမက်ရှင် (သတိုးသား)နှင့် ယင်း၏အခြွေအရံများ လိုက်ကြသည်။ သမက်ရှင်၏ နံဘေးတစ်ဘက်တစ်ချက်တွင် ရေစင်အိုးကိုင်သူ၊ ဒါးကိုင်သူနှင့် ထီးမိုးသူတို့ လိုက်ကြသည်။ ယင်းနောက်မှ တူရိယာစုံကို တီးမှုတ်၍လိုက်သည်။ ရှေးအခါက ပန်တျာခေါ် စည်ကိုတီး၍လိုက်သည်။ သမက်တက်သွားရာတွင် မိန်းမပျိုများလိုက်လေ့မရှိ။ ထို့အပြင် မင်္ဂလာဆောင်ရန် စီတန်းလှည့်လည်၍လာလျှင် မင်္ဂလာမရှိသော အတိတ်နမိတ်များနှင့် မတွေ့ရအောင် လူတိုင်းလူတိုင်း အသိသဘောဖြင့် ကြိုတင်စောင့်ရှောက်သော ဓလေ့ရှိသည်။ ဤသို့စီတန်းလှည့်လာသောအချိန်တွင် မင်္ဂလာအိမ်မှအပ အခြားမည်သည့်အိမ်ကိုမျှ မဝင်ရ။ သတိုးသမီးအိမ်သို့ရောက်သောအခါ အိမ်ရှေ့၌ ဆောက်လုပ်ထားသော မဏ္ဍာပ်တွင် သတိုးသားနှင့် ၎င်းဘက်မှလိုက်လာသော ဧည့်သည်များကို သတိုးသမီးဘက်မှ အဖျော်ရည်များဖြင့် ဧည့်ခံသည်။ သတိုးသားသည် ချက်ချင်းသတိုးသမီးမင်္ဂလာဆောင်ခန်းသို့ မတက်ရ။ ဧည့်ခံမဏ္ဍာပ်၌ ထိုင်နေရသည်။

ပထမဆုံးသတိုးသားဘက်မှ အညွှန့်အုပ်ထမ်းလာသူ အမျိုးသမီးများက သတိုးသမီး၏ အိမ်ပေါ်သို့ တက်ရသည်။ အိမ်ပေါ်သို့တက်သည့်အခါ သတိုးသမီးဘက်မှ အညွှန့်အုပ်လှမ်းယူရန် စောင့်နေကြသော အညွှန့်ရှင် အမျိုးသမီးများတို့က အညွှန့်အုပ်ကို လှမ်းမယူမီ သတိုးသားဘက်မှ အညွှန့်အုပ်ထမ်းလာသူများထံမှ ခန်းဝင်ခတောင်းကြသည်။ ခန်းဝင်ခ မပေးလျှင် ခန်းတွင်းသို့ မဝင်ရ။ ခန်းဝင်ခပေးမှ အညွှန့်အုပ်ကို လှမ်းယူပြီး သတိုးသားဘက်မှ အညွှန့်အုပ်ထမ်းသမား အမျိုးသမီးများကို ဝင်ခွင့်ပြုသည်။ အညွှန့်အုပ်ကို သမီးရှင်၏ရှေ့ မင်္ဂလာခုံအနားတွင် တင်ထားရသည်။ သတိုးသားဘက်မှ ပထမဆုံး အညွှန့်အုပ်ထမ်းသူ အညွှန့်ရှင်အမျိုးသမီးက သမီးရှင်အား အညွှန့်အုပ်တွင်ပါလာသော ပစ္စည်း(၂)ညွှန့်၊ မြောက်ညွှန့်(၂)ညွှန့်ကို၊ ဦးစွာပန်ဆင်ပြီးလျှင်၊ ကျန်အုပ်တွင် ပါလာသော ပန်းကုံးများကို ပန်ဆင်သည်။ မပန်ဆင်မီ သမီးရှင်အား လှပသောအဝတ်အစားများဖြင့် သပ်ယပ်သင့်တော်သော ဆံထုံးများထုံး၍ မျက်နှာကို ပုဝါးပါးများဖြင့် ဖုံးအုပ်ထား၍ ပန်းပန်ဆင်ရန် မျက်နှာဖုံးကို ဖွင့်ခပေးရသည်။ ၎င်းကို ဣန္ဒြေခ(ဝါ) မျက်နှာခဟု ခေါ်သည်။ အညွှန့်ပန်းများကို ပန်ဆင်ပြီးနောက် သတိုးသား၏မိခင်တွင် အသင့်ပါလာသော အသွင်းရွှေအားလုံးကို မိမိကိုယ်တိုင်သော်လည်းကောင်း၊ အညွှန့်ရှင်အမျိုးသမီးတစ်ဦးအား လွှဲပြောင်း၍သော်လည်းကောင်း၊ သမီးရှင်အား ဝတ်ဆင်ပေးရသည်။ အညွှန့်အုပ်ကို မင်္ဂလာခုံတွင် ထားရသည်။ ၎င်းအုပ်ကို ထိန်းထားပြီးလျှင် အိမ်ပြန်လည်ခါမှ ယူရသည်။ ကျန်အုပ်များကို အညွှန့်အုပ်ထမ်းသူများသည် ပြန်ဆင်းလာသည့်အခါ ယူဆောင်သွားကြသည်။ အညွှန့်အုပ်ထမ်းသူ အမျိုးသမီးများ မင်္ဂလာပန်းပန်ဆင်သည့်ကိစ္စပြီး၍ ပြန်ဆင်းလာပြီးမှ သတိုးသားနှင့် အခြွေအရံများ၊ သတိုးသမီးအိမ်ပေါ်သို့ တက်ရသည်။ လှေကားရင်းတွင် သတိုးသမီး၏ညီမငယ်ဖြစ်စေ၊ မောင်ငယ်ဖြစ်စေ သတိုးသား၏ခြေကို ရေဖြင့်လောင်း၍ ခြေဆေးခတောင်းသည်။ ခြေဆေးခငွေပေးမှ မင်္ဂလာခန်းသို့ ဝင်ရသည်။ မင်္ဂလာဆောင်ခန်းတွင် သတိုးသားသည် အခြွေအရံများနှင့် သတိုးသမီး၏လက်ယာဘက်တွင် ထိုင်သည်။ သတိုးသားနှင့် ပါလာသော ရေစင်အိုးနှင့် အိပ်ရာ၊ သေတ္တာများကို မင်္ဂလာခုံနားတွင် ထားရသည်။ လက်ထပ်ထိမ်းမြားပွဲကို အညွှန့်ရှင်အမျိုးသမီး၊ အမျိုးသားတို့က ချည်ခင်ကို ကိုင်ပြီး၊ သတိုးသမီးနှင့် သတိုးသားအပါအဝင် မင်္ဂလာခုံ၊ သေတ္တာ၊ အိပ်ရာလိပ်၊ ဒါးရှည်၊ အညွှန့်အုပ်တို့ကို တစ်ပါတည်းခြုံ၍ (၇)ပတ် ရစ်ပတ်သည်။

တချို့တွင် သီးခြားသီးခြားစီချဉ်၍ (၇)ပတ် ရစ်ပတ်ကြသည်။ ရေစင်အိုးကိုလည်း (၇)ပတ် ရစ်ပတ်သည်။ ဤကဲ့သို့ ချည်ဖြင့် (၇)ပတ်စီ အသီးသီး ရစ်ပတ်ပြီးနောက် အညွှန့်ရှင်မိန်းမဖြစ်စေ၊ ယောက်ျားဖြစ်စေ တစ်ဦးတစ်ယောက်က သတိုးသား၏ ညာလက်ကို အပေါ်ထား၍ သတိုးသမီး၏ ညာလက်ကို အောက်ထားပြီး လက်ထပ်ပေး၏။ ရေစင်များ သွန်းလောင်းလျှက် ထိမ်းမြားပေးသည်။ ဤသို့ပြုလုပ်ခြင်းကို မြားသည်ဟုခေါ်သည်။ ထိုနောက် သတိုးသားနှင့် သတိုးသမီးတို့နှစ်ဦး မင်္ဂလာလက်ဆေးအိုးတွင် လက်ကိုဆေးကြော၍ မင်္ဂလာလောင်ပန်းမှ မင်္ဂလာထမင်းကို (၇)ဆုပ် စားရသည်။

မင်္ဂလာလက်ထပ် ထိမ်းမြားပွဲပြီးမြောက်သည့်အခါ ပထမဦးဆုံးသတိုးသား၊ သတိုးသမီးတို့၏ မိဘနှင့်ဆွေမျိုးများက လက်ဖွဲ့ကြသည်။ ၎င်းနောက် ဖိတ်ကြားထားသူနှစ်ဘက်ဧည့်သည်များက လက်ဖွဲ့ကြသည်။ လက်ဖွဲ့သော ငွေကို သတိုးသား၊ သတိုးသမီးရှေ့တွင်ရှိသော ငွေဖလားများ၌ ထည့်ကြပြီး လက်ဖွဲ့စဉ် သတိုးသားနှင့် သတိုးသမီးတို့မှာ လက်အုပ်ချီ၍နေရသည်။ လက်ဖွဲ့ငွေကို သတိုးသားက သတိုးသမီးလက်သို့ အပ်သည့်အခါ သတိုးသမီးက ရှိခိုး၍လက်ခံရသည်။ မင်္ဂလာအခမ်းအနားပြီးဆုံး၍ သတိုးသားထွက်ခွာရန် ပြုလျှင် သတိုးသား၏အခြွေအရံတို့က သတိုးသားခ(ဝါ) ဣန္ဒြေခငွေကို သတိုးသမီး အခြွေအရံတို့ထံမှ တောင်းကြရသည်။ သတိုးသားတို့ဘက်မှ တောင်းဆိုသောငွေကို သတိုးသမီးတို့ဘက်မှ ပေးရသည်။ သတိုးသမီးအိမ်မှ ပြန်လာသောအခါ သတိုးသားမှာ မိဘအိမ်သို့ မတက်ရဘဲ၊ အိမ်ရှေ့မဏ္ဍာပ်တွင် နေရသည်။ ဤဓလေ့ထုံးစံသည် ရှေးရှေးကပင် အစဉ်အလာရှိသည်။ သတိုးသားက မိမိမိတ်ဆွေများအား ညနေစာထမင်းဖြင့် ဧည့်ခံကျွေးမွေးသည်။ စားသောက်ပြီးသောအခါ သတိုးသားအား အပေါင်းအဖော်များက သတိုးသမီးအိမ်သို့ လိုက်ပို့ကြသည်။ သတိုးသားက အဝတ်အစားလဲရန် သတိုးသမီးအား သော့ကိုပေးအပ်သည့်အခါ ရှိခိုး၍ယူရသည်။ မင်္ဂလာတွင် အသုံးပြုခဲ့သော အဆောင်အယောင်များကို မရုပ်သိမ်းဘဲ၊ တသီးတသန့် ထားရသည်။ မင်္ဂလာထမင်းကို မင်္ဂလာအိုးထဲတွင်ထည့်၍ အခန်းတွင် လုံခြုံစွာဖြင့် အိမ်ပြန်လည်သည်ထိ ထားရသည်။ အိမ်ပြန်လည်ပြီးမှ ၎င်းမင်္ဂလာအိုးကို မင်္ဂလာရေကန်တွင် မြှုပ်ရသည်။

အိမ်ပြန်လည်ခြင်းကို (၃)ရက် (၅)ရက် (၇)ရက်အတွင်း သွားလေ့ရှိသည်။ အိမ်ပြန်လည်သည့်အခါ နှစ်ဘက်သော ဆွေမျိုးများလိုက်ပါပြီး၊ ဦးစွာ ရွာဦးကျောင်းဆရာတော်အား လက်ဆောင်များဖြင့် ပူဇော်ကန်တော့သည်။ ထိုနောက် နှစ်ဘက်သောမိဘများနှင့် ဆွေမျိုးတို့အား သွားရောက်ကန်တော့သည်။ ရှေးအခါက မင်္ဂလာဆောင်သည့်အခါတွင် ထမင်းကျွေးလေ့ရှိသည်။ ထိုသို့ ကျွေးမွေးစဉ် သက်ဆိုင်ရာ လူကြီးတစ်ဦးက လက်သင့်စားပါဟုဆိုလျှင် မျက်နှာချင်းဆိုင်၍ ဧည့်သည်များ၊ စားကြသည်။ ဤကဲ့သို့ လက်သင့်ဝင်ဟု ပြောရခြင်းမှာ မယားငယ်နေသူ ယောကျ်ားနှင့် မယားငယ်ဖြစ်သူ မိန်းမများ မျက်နှာချင်း မဆိုင်စေရန် သတိပေးခြင်းဖြစ်သည်။ ရခိုင်အမျိုးသားများသည် တလင်တမယားစနစ်ကိုသာ ကျင့်သုံးလေ့ရှိသောကြောင့် ဖြစ်သည်။

မင်္ဂလာဆောင်မည့်ကိစ္စနှင့်ပတ်သက်၍ ရှောင်ကြဉ်သော ဓလေ့များရှိသည်။ ၎င်းတို့မှာ မင်္ဂလာဆောင်မည့်အိမ်တွင် ကိုယ်ဝန်ဆောင် မိန်းမရှိလျှင် ထိမ်းမြားမင်္ဂလာပွဲကို မပြုရ။ တစ်နှစ်အတွင်း မင်္ဂလာနှစ်ပွဲလုပ်ရန် မဖြစ်မနေကျနေပါက မင်္ဂလာ(၃)ပွဲဖြစ်အောင် အခြားအလှူမင်္ဂလာပွဲတစ်ခုခုကို လုပ်ရသည့်ဓလေ့ရှိသည်။ ဝါတွင်း(၄)လတွင် မင်္ဂလာလက်ထပ်ပွဲ မပြုလုပ်ရ။ ရှောင်ကြဉ်ကြသည်။ လက်ထပ်မင်္ဂလာပွဲများနှင့် အခြားမင်္ဂလာပွဲများတွင် အညွှန့်ရှင်များကသာ ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ရသည်။

## (၈) <u>မရာမာကြီး အမျိုးသားများ၏ ထိမ်းမြားခြင်းဓလေ့</u>

မရာမာကြီး အမျိုးသားများတွင် လက်ထပ်မင်္ဂလာပြုလုပ်ရာ၌ အောက်တွင်ဖော်ပြသော အကြောင်းအချက်များမှလွဲ၍ ကျန်သောအချက်များမှာ ရခိုင်အမျိုးသားတို့နှင့် အတူတူပင်ဖြစ်သည်-

(၁) မင်္ဂလာမဆောင်မီ သမီးစောင့်အဖော်များနှင့် သမီးရှင်သည် လောင်ပန်းတစ်ချပ်တွင် ငါးဟင်းမျိုးစုံ ထည့်၍ အားလုံးဝိုင်းဖွဲ့ကာ လက်ရေတပြင်စီး စားသောက်ကြသည်။

(၂) သမက်တက်ရန် မသွားမီ သမက်ရှင်(သတိုးသား) သည် မိဘနှစ်ပါးအား ဦးတိုက်ရှိခိုးသည်။ မိဘနှစ်ပါးကလည်း သတိုးသားအား ဆုမွန်ကောင်းများပေးသည်။ ဤကဲ့သို့ပြုလုပ်ပြီးမှ သမက်တက်သွားသည်။

(၃) သတိုးသမီးနှင့် သတိုးသားအား လက်ထပ်ထိမ်းမြားရန် အချိန်ရောက်သည့်အခါ ပင့်ဖိတ်ထားသည့် ဆရာတော်ဘုရားက ငါးပါးသီလပေးကာ မင်္ဂလာတရားတော်ကို ဟောကြားပြီး၊ ကျောင်းသို့ပြန်ကြွသွားသည်။ ထိုနောက် တတ်သိလိမ္မာသော ဗေဒင်ဆရာပုရောဟိတ်က ရေစင်အိုးမှ မင်္ဂလာရေကို သပြေခက်နှင့် သတိုးသား သတိုးသမီးတို့အား ပက်ဖြန်းသည်။ ထိုနောက်

သတိုးသားနှင့် သတိုးသမီးတို့အား ခြေကို ခြေချင်း လက်ကိုလက်ချင်း ဆက်စေလျှက် ရပ်ခိုင်းသည်။ သတိုးသား၏လက်ဝဲနှင့် သတိုးသမီး၏လက်ယာလက်ကို စွဲကိုင်စေသည်။ သတိုးသမီး၏ လက်ယာခြေကို သတိုးသား၏လက်ဝဲခြေနှင့် အနည်းငယ် နင်းထားရသည်။ ယင်းနောက် ပုရောဟိတ်ဆရာက ထိမ်းမြားလက်ထပ်ပေးရသည်။ ထိုနောက် သတိုးသမီးက သတိုးသားအား (၇)ခေါက် (၇)ကြိမ် လက်ယာရစ်လှည့်ပတ်ပြီး၊ (၇)ကြိမ်တိုင်တိုင် ရှိခိုးရသည်။

## (ဂ) ဒိုင်းနက်အမျိုးသားတို့၏ ထိမ်းမြားခြင်းဓလေ့

ဒိုင်းနက်အမျိုးသားတို့မှာ ထိမ်းမြားမင်္ဂလာဆောင်ရန်အတွက် မိဘနှစ်ပါးတို့က ပထမဆုံး စေ့စပ်ကြသည်။ စေ့စပ်၍ သင့်မြတ်လျှင် နေ့ရက်များကို ရွေးချယ်ပြီး အသွင်းပစ္စည်းများကို သတိုးသား မိဘများက သတိုးသမီးမိဘများကို ပေးကြသည်။ မင်္ဂလာဆောင်သည့်နေ့တွင် သမီးရှင်နေအိမ်တွင်လည်း သမီးရှင်၏အခြွေအရံများဖြင့် တပျော်တပါး စောင့်နေကြသည်။ သမက်ရှင် ခေါ် သတိုးသားဘက်မှာလည်း အပေါင်းအသင်းများဖြင့် တပျော်တပါး စားသောက်ကြသည်။ သမီးရှင်၏နေအိမ် မင်္ဂလာခန်းတွင် မင်္ဂလာခုံတစ်ခုံရှိသည်။ ၎င်းတွင် ရေစင်အိုးတစ်လုံးကို သပြေခက်စိုက်ပြီး ထားရှိသည်။ မင်္ဂလာဆောင်ချိန်သို့ ကျရောက်သည့်အခါ သမက်ရှင်ဘက်မှ ဆွေမျိုးမိဘများ သမက်ရှင်နှင့် သမက်ရှင်အခြွေအရံများသည် သမီးရှင်၏ နေအိမ်သို့ လာကြသည်။ သမက်ရှင်သည် သမီးရှင်နေအိမ်သို့ ရောက်သောအခါ လှေကားရင်းတွင် အသင့်စောင့်နေသော သမီးရှင်၏ မောင်တော်သူက သမက်ရှင်ထံ လာရောက်ပြီး သမက်ရှင်၏ ဘယ်ဘက်လက်သန်းကို အပ်ချည်ဖြင့်ချည်နှောင်ပြီး၊ ကြက်ဥတစ်လုံး ကို သမက်ရှင်အား နောက်ပြန်ပစ်စေ၍ အိမ်လှေကားမှ သမီးရှင်ရှိရာ မင်္ဂလာခန်းသို့ ခေါ်ဆောင်သွားသည်။ မင်္ဂလာဆောင်ခန်း သို့ ရောက်သောအခါ သမီးရှင်နှင့် သမက်ရှင်တို့ကို နှစ်ဘက်သောအဖော်များက မင်္ဂလာခုံရှိ ရေစင်အိုးမှ ရေကိုယူလျှက် သပြေခက်ဖြင့် ပက်ဖြန်း၍ ထိမ်းမြားလက်ထပ်ကြသည်။

ထို့နောက် နှစ်ဘက်သော သတိုးသား သတိုးသမီးတို့အား ယနေ့မှစ၍ သင်တို့နှစ်ဦးသည် ဇနီးမောင်နှံဖြစ်ကြပြီဟု ကောင်းချီးသြဘာပေးကြသည်။ ဤကဲ့သို့ မင်္ဂလာဆောင်ပြီးမှ မင်္ဂလာပွဲသို့ရောက်လာကြသော ဧည့်သည်တော်များသည် သတိုးသားနှင့် သတိုးသမီးတို့အား လက်ဖွဲ့ငွေများ ပေးကြသည်။

သမီးရှင်ကို သမက်ရှင်အိမ်သို့ မင်္ဂလာဆောင်ပြီး (၅)ရက် သို့မဟုတ် (၇)ရက်နေ့တွင် ခေါ်ယူသည်။ ၎င်းကို ချွေးမချ သည်ဟု ခေါ်သည်။ သမီးရှင်ကိုခေါ်ရန် လာမည့်ရက်တွင် သမက်ရှင်အိမ်မှ ဆားဖြင့်လုပ်ထားသော ဖက်ထုပ်မုန့်ကို သမီးရှင် အိမ်သို့ ယူလာပြီး ပေးကမ်းကျွေးမွေးသည်။ သမက်ရှင်တို့အိမ်သို့ ပြန်မည့်အချိန်တွင် ယင်းမုန့်များ ကျန်ပါက အိမ်အပြန်တွင် ယူဆောင်သည့်ဓလေ့ရှိသည်။

## (ဃ) သက်အမျိုးသားတို့၏ ထိမ်းမြားခြင်းဓလေ့

သက်အမျိုးသားတို့၏ ထိမ်းမြားမင်္ဂလာပွဲမှာလည်း တမျိုးတဘာသာဖြစ်သည်။ နှစ်ဘက်သော မိဘတို့သည် ပထမဆုံး သတိုးသားနှင့် သတိုးသမီးတို့၏ နေ့ရက်ကို ဗေဒင်ဆရာများဖြင့် သင့်မသင့်ဇာတာကို ယှဉ်ကြည့်ပြီး သင့်မြတ်ပါက နေ့ရက်များကို ရွေးချယ်၍ အသွင်းပစ္စည်းများကို ယောက်ျားမိဘထံမှ တတ်နိုင်သလောက် ပေးသည်။ မင်္ဂလာဆောင်သည့်အခါ သမီးရှင်၏ မိဘအိမ်၌ ကျွေးမွေးရန် ကိစ္စအတွက် သမက်ရှင်၏မိဘထံမှ ကျွဲ၊ ဝက်၊ ကြက်စသည်ဖြင့် မိမိတို့ တတ်နိုင်သလောက် ပေးကြ သည်။ ထိမ်းမြားမင်္ဂလာပွဲတွင် ထည့်ရန်အတွက် ကြက်အပိုတစ်ကောင်နှင့် ကြက်အမအသားကို တစ်အိုးသီးသန့်ခွဲ၍ ချက်ထား သည်။ ကြက်အဖိုသားကို သမက်ရှင်အတွက် ခူး၍ ကြက်အမသားကို သမီးရှင်အတွက် ခူးပြီးလျှင် မင်္ဂလာပွဲခုံတွင် ထားရသည်။ ထို့အပြင် အရက်(၂)ခွက်ကိုလည်း သမက်ရှင်အတွက် (၁)ခွက်၊ သမီးရှင်အတွက်(၁)ခွက်ခတ်၍ မင်္ဂလာခုံတွင် တင်ထားရသည်။ သမီးရှင်သည် မင်္ဂလာခန်းတွင် သူ၏အခြွေအရံများဖြင့် နေသည်။ သမက်တက်ရန် ရောက်လာသောအခါ သမက်ရှင်သည် သူ၏အခြွေအရံများဖြင့် မင်္ဂလာဆောင်ခန်းသို့ ဝင်သွားသည်။ ရောက်သောအခါ မင်္ဂလာခုံရှေ့တွင် သမီးနှင့်အတူထိုင်ပြီးနောက် သမက်ရှင်က သမီးရှင်အား မိမိအတွက်ခတ်ထားသော အရက်ခွက်ကို ပေးသည်။ သမီးရှင်က၎င်းနည်းတူ အရက်ခွက်ကို သမက်ရှင်အား ပေးသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကို သမက်ရှင် အခြွေအရံများက **"သင်တို့နှစ်ဦး ဘာလုပ်ကြသနည်း"**ဟု မေးသောအခါ သမက်ရှင်က **"ငါတို့မှာ မိဘထုံးစဉ်အတိုင်း ပြုလုပ်သည်"**ဟု ပြန်ပြောသည်။

ဤသို့ သမက်ရှင်က ပြန်ပြောသောအခါ မင်္ဂလာဆောင်မည့်ခန်းတွင် ရှိနေသော သမက်ရှင်နှင့် သမီးရှင်တို့၏ အပေါင်း အသင်း အခြွေအရံများက သင်တို့နှစ်ဦးအား ယနေ့မှစ၍ ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြုလိုက်ပြီဟု ဟစ်အော်၍ ကောင်းချီး

ပြဘာပေးကြသည်။ မိမိတို့နှစ်ဦး ချစ်ကြိုက်၍ရလျှင် သတိုးသားနှင့် သတိုးသမီးတို့၏ မိဘအိမ်များကို ပြန်လည်သည့်အခါ နို့ဘိုးငွေ(၃၀)ကျပ်ကို အပြန်အလှန်ပေးရသည်။ တစ်စုံတစ်ဦးသော အိမ်သို့ သမက်သစ်(ဝါ) သမီးသစ်ရောက်ရှိပါက အိမ်ရှင်နတ်အား မုန့်မျိုးစုံဖြင့် အချို့ကျွေးလျှက် ပူဇော်ကြသည်။

## (ဃ) <u>ချင်းအမျိုးသားတို့၏ ထိမ်းမြားခြင်းဓလေ့</u>

မြောက်ဦးမြို့နယ်ရှိ ချင်းအမျိုးသားတို့မှာ အမျိုးသားနှင့် အမျိုးသမီးတို့ သဘောတူ၍ မင်္ဂလာဆောင်မည်ဟုဆိုလျှင် နှစ်ဘက်သောမိဘများက စေ့စပ်ပြီး အသွင်းပေးရသည်။ အသွင်းပေးရာတွင် ယောက်ျားမိဘတို့က မိမိတို့၏ စီးပွားရေးအခြေအနေကို ထောက်၍ နွား၊ မောင်း၊ လုံကြီး၊ လုံငယ်၊ ဒါး၊ ငွေသားဒင်္ဂါး စသည်ဖြင့် သတိုးသားဘက်မှ သတိုးသမီးဘက်သို့ အသွင်းပေးနှင်းရသည်။

## (င) <u>ခမိအမျိုးသားတို့၏ ထိမ်းမြားခြင်းဓလေ့</u>

ခမိအမျိုးသားတို့မှာ မင်္ဂလာဆောင်ခြင်း ဓလေ့သည် တစ်မျိုးတစ်ဘာသာထူးခြားသည်။ ခမိအမျိုးသားများတွင် (၁) ယောက္ခမမျိုး (၂)သမက်မျိုး (၃) အစ်ကိုမျိုးနွယ် ဟု သုံးမျိုးခွဲခြားသည်။ အိမ်ထောင်ပြုလျှင် ယောက္ခမမျိုးနှင့် လုံးဝအိမ်ထောင်မပြုရ။ ရှောင်ကြဉ်ကြသည်။ သမက်မျိုးသည်လည်း မည်သည့်အခါမျှ ယောက္ခမမျိုး မဖြစ်ရ။ ယောက္ခမမျိုးလည်း မည်သည့်အခါမျှ သမက်မျိုးမဖြစ်ရဟု ရှေးကပင် ထုံးစံရှိသည်။

ရှေးခမိအမျိုးသားများမှာ မိဘနှစ်ပါးသဘောတူညီမှု မရရှိလျှင် မည်မျှပင်ချစ်ခင်ကြသော်လည်း အိမ်ထောင်ဘက်ထိမ်းမြားခြင်းကို လုံးဝခွင့်မပြု။ သို့သော်လည်း ယခုအခါ ခေတ်နှင့်အညီ လူကြီးမိဘများက လိုက်လျောမှုပြုလာကြသဖြင့် မိမိတို့လူငယ်အချင်းချင်း မေတ္တာမျှ၍ လက်ထပ်ခြင်း၊ အောင်သွယ်ခြင်း၊ တောင်ရမ်းလက်ထပ်ခြင်း၊ မိဘနှစ်ပါးသဘောတူ၍ လက်ထပ်ခြင်းများကို လက်ခံလာကြပေသည်။

မိဘနှစ်ပါး သဘောတူ၍ဖြစ်စေ၊ အချင်းချင်းချစ်ကြိုက်၍ဖြစ်စေ ထိမ်းမြားမင်္ဂလာပြုလုပ်မည်ဆိုလျှင် သတိုးသမီး၏မိဘများက သတိုးသမီးကို သတိုးသားမိဘများအိမ်သို့ သွား၍ပို့ရသည်။ (၃)ရက်ခန့်ကြာလျှင် သမီးရှင်၏ မိဘက သမက်ရှင်၏မိဘအိမ်သို့ အသွင်းငွေနှင့် ပစ္စည်းတောင်းရန် သွားကြသည်။ အသွင်းပေးဆောင်မှုမှာ နေရာဒေသကိုလိုက်၍ အနည်းငယ်ခြားနားသည်။ ရှေးအခါက အသွင်းတောင်းခံမှုများမှာ အသွင်းပေးသော တိရိစ္ဆာန်များအပေါ် အင်္ဂလိပ်ငွေဒင်္ဂါးကို အဓိကတန်ဘိုးဖြတ်၍ တောင်းဆိုကြသော်လည်း ယခုအခါ ပုံသေမဟုတ်ဘဲ၊ ဒေသအလိုက် ငွေသားဒင်္ဂါး(၃၀)ကျပ်မှ (၅၀)ကျပ်ထိ တောင်းခံကြသည်။ ရှေးအခါက သမီးရှင်၏အတွင်းပစ္စည်းကို မိဘများက ကျွဲတစ်ကောင်မှ ငါးကောင်ထိလည်းကောင်း၊ နွားနှစ်ကောင်မှ ဝက်နှစ်ကောင်ထိလည်းကောင်း၊ တောင်းယူလေ့ရှိကြသည်။ ထို့အပြင် ဒါးရှည်ငါးစင်း၊ ဒါးမကြီးငါးစင်း၊ ဒါးငယ်(၂၅)စင်းထိ တောင်းသည်။ အသွင်းတောင်းရာတွင် စုံမတောင်းရ။ **"မ"**သာတောင်းရသည်။ နွားနောက်တစ်ကောင်ကို ငွေ(၃၀)ကျပ် တန်ဘိုးထားပြီး နွားနောက်တစ်ကောင်၊ လုံရှည်တစ်ချောင်း၊ တောင်းကြသည်။ ပျောက်ကြေး ခေါ် (အာလက်)အတွက်လည်း ငွေသား (၃၀)ကျပ် ပေးဆောင်ရသည်။ ဤပျောက်ကြေးသည် သမီးရှင်မိဘက သမက်ရှင်မိဘအား စေ့စပ်သည့်အခါကပင် ဦးစွာပေးထားရသောငွေဖြစ်သည်။ အကယ်၍ သမီးရှင်နှင့် သမက်ရှင်တို့ အကြင်လင်မယားဖြစ်ပြီးနောက် ကွာရှင်းမှုဖြစ်ပါက ပျောက်ကြေးပေးထားသောငွေကို သမီးရှင်မိဘများက ပြန်၍မရတော့ပေ။

အထက်ဖော်ပြပါ အသွင်းငွေနှင့် အသွင်းပစ္စည်းများကို ပေးဆောင်ရန်ကိစ္စအတွက် နှစ်ဘက်မိဘတို့ စေ့စပ်ပြောဆို၍ သဘောတူကြေနပ်ကြသောအခါ သတိုးသမီးဘက်မှ မိဘဆွေမျိုးများကို သတိုးသားမိဘက ကြက်သားဟင်းဖြင့် သီးသန့်ကျွေးရသည်။ သတိုးသမီးဘက်ကလည်း ၎င်းတို့သတိုးသားမိဘအိမ်မှာပင် သတိုးသား မိဘဆွေမျိုးများကို ဝက်သားဟင်းချက်၍ ကျွေးရသည်။ ယင်းကဲ့သို့ ကျွေးမွေးရာတွင် မလောက်မငှဟူ၍ မရှိစေရ။ လုံလောက်စွာ ကျွေးရသည်။ အသွင်းပစ္စည်းများကို အသွင်းတောင်းခံသည့်နေ့တွင် သတိုးသားဘက်မှ အပြည့်အဝ အစုံပေးရသည်။ ဤကဲ့သို့ ကျွေးမွေးစားသောက်ပြီးနောက် အသွင်းပစ္စည်းများကို ပြည့်ပြည့်စုံစုံ ရရှိထားသော သတိုးသမီး၏မိဘများသည် မိမိ၏သမီးဖြစ်သော သမီးရှင်ကို မိမိတို့နှင့်အတူ အိမ်သို့ ပြန်ခေါ်သွားသည်။ နောက်(၃)ရက်ခန့်အကြာတွင် သတိုးသား၏မိဘများဘက်မှ ကြက်တစ်ကောင်ကို ကြက်မြုံတွင်ထည့်၍ ၎င်းကြက်မြုံတွင် လုံတစ်ချောင်းစိုက်ကာ သတိုးသမီးကို ၎င်း၏မိဘများထံမှ ပြန်လည်၍ တောင်းယူရပြန်သည်။ ဤသို့ပြုလုပ်ပြီးမှသာလျှင် သတိုးသားနှင့် သတိုးသမီးတို့၏ လက်ထပ်ထိမ်းမြားပွဲမှာ ပြီးမြောက်လေသည်။

### ၁၄။ ရှင်ပြုမင်္ဂလာ

ရှင်ပြုမင်္ဂလာကို ဗုဒ္ဓဘာသာအစဉ်အလာအတိုင်း ရဟန်းသံဃာတော်အရှင်မြတ်တို့ထံတွင် မိမိရင်၌ဖြစ်သောသားကိုဖြစ်စေ၊ သူတစ်ပါးရင်၌ဖြစ်သော သားကိုဖြစ်စေ ရှင်ပြုကြသည်။ ရှင်ပြုရန်အတွက် ရှင်လောင်းကို တစ်လခန့်ကြိုတင်ပြီး ရှင်ကျင့်ဝတ်တို့ကို သင်ကြားရန် ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်အပ်နှံကြသည်။

ရှင်မပြုမီ ရက်သတ္တတစ်ပါတ်လောက်တွင် ရှင်ပြုဖိတ်ကြားစာကို လူငယ်များက ကမ်းလှမ်းဖိတ်ကြားကြသည်။ ရှေးအခါကမူ ဆေး၊ ကွမ်း၊ လက်ဘက်များပေး၍ ဖိတ်ကြားကြသည်။ ယခုလည်း တစ်ချို့ကျေးရွာများတွင် ဤဓလေ့မျိုး ရှိကြလေသည်။ မြို့ပေါ်၌ကား ဤဓလေ့မှာ လုံးဝမရှိတော့ပေ။

ရှင်ပြုရန် ရက်နီးလာသောအခါ မောင်ရှင်လောင်းအား ခရီးဝေးမသွားရ၊ သစ်ပင်မတက်ရ၊ ရေမကူးရ၊ အထူးအရေးတယူ စောင့်ရှောက်ကြသည်။

ရှင်မပြုမီ(၂)ရက်အလိုတွင် မောင်ရှင်လောင်းအား ကင်းပွန်းပေးကြသည်။ ၎င်းနောက်မိဘများက ဘုန်းတော်ကြီးကျောင်းသို့သွား၍ သင်္ကန်းပရိက္ခရာကို ပေးပို့အပ်နှံသည်။ ရှင်မပြုမီ တစ်ရက်နေ့ ညနေပိုင်းတွင် သင်္ကန်းတောင်းရန်အတွက် မောင်ရှင်လောင်းနှင့် ၎င်း၏အခြွေအရံများ၊ မိတ်ဆွေမျိုးနှင့် ဖိတ်ကြားထားသူများပါ ကျောင်းသို့သွားကြသည်။ ရှင်လောင်းအတွက် သင်္ကန်းတောင်း၍ ကျောင်းမှအပြန်တွင် ရှင်လောင်းလှည့်လျက်လာကြသည်။

ရှင်လောင်းလှည့်ရာတွင် သံစည်နှင့် မင်္ဂလာစည်ကို တီးသည်။ ယင်းနောက် မောင်ရှင်ဘသည် ပရိက္ခရာအစုံကို လွယ်၍လိုက်သည်။ ၎င်းနောက်မှ ဆွေမျိုးနှင့် ဖိတ်ကြားထားသော လူကြီးများလိုက်သည်။ ထိုနောက် ပရိတ်အိုးကို ထမ်းသော အမျိုးသမီးများလိုက်သည်။ တဖန် မောင်ရှင်မိနှင့် တခြားအမျိုးသမီးများက သင်္ကန်းကိုထမ်း၍လိုက်သည်။ ပြီးနောက် သပေ့၊ ခေါင်းအုံးနှင့် အခြားလှူဘွယ်များကိုထမ်း၍ စီတန်းလျက် အခြားမိန်းမများက လိုက်ရသည်။ မောင်ရှင်လောင်းနှင့် အခြွေအရံများ၊ တူရိယာတီးသမားများမှာ နောက်မှလိုက်ရသည်။ ရှင်လောင်းလှည့်ပွဲတွင် စည်၊ ဗျော၊ များကိုတီး၍ ရွှန်းလိုက်ရတုများကို သီဆိုလျှက် လိုက်ကြသည်။ ရှင်ပြုမင်္ဂလာပွဲတွင် မာရ်နတ်မှောက်သော အလေ့သည် တောရော မြို့ပါရှိသည်။ ယခုအခါ မာရ်နတ်မှောက်သော အလေ့အထမှာ ပျောက်ကွယ်လုနီးပါးဖြစ်သည်။

ရှင်ပြုမည့်နေ့ နံနက်စောစောတွင် ရွာဦးကျောင်းဆရာတော်ကို ပင့်ဖိတ်၍ မောင်ရှင်လောင်းအား မင်္ဂလာမြောက်သည်။ နေ့နံသင့်သူကို မင်္ဂလာမြောက်ရာတွင် အခြွေအရံများအဖြစ် ထားသည်။ မင်္ဂလာမြောက်ပြီး၍ နံနက်(၈)နာရီတွင် ပင့်ဖိတ်ထားသော ဆရာတော်အရှင်မြတ်က မောင်ရှင်လောင်းအား သာမဏေအဖြစ် သွတ်သွင်းသည်။ မောင်ရှင်မိဘများမှ ဆရာတော်အား လှူဘွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ကပ်လှူ၍ မောင်ရှင်ထံတွင် ပစ္စည်းလေးပါး ဒါယိကာအဖြစ် တာဝန်ယူဂတိပြုသည်။ ဆရာတော်က ရှင်ပြုအနုမောဒနာတရားကို ဟောကြားသည်။ ပြီးနောက် ရေစက်ချအမျှဝေ၍ ကြွရောက်လာသော ပရိသတ်အား မိမိတို့တတ်နိုင်သလောက် ကျွေးမွေးဧည့်ခံသည်။

မောင်ရှင်ဘဝနှင့် အနည်းဆုံး(၇)ရက်နေရသည်။ ရှင်ပြုရာတွင် အသက်အပိုင်းအခြား မရှိသော်လည်း အသက်(၇)နှစ်မှ လူပျိုကာလသားအရွယ်ထိ ရှင်ပြုကြသည်။ ရှေးအခါက ရှင်မပြုဘဲ မင်္ဂလာဆောင်ခြင်း မပြုလုပ်ရပေ။

### ၁၅။ ထမင်းထောင် ပန်းထောင် ခေါ် သဗိုတ်ဆွမ်းကပ်လှူ ပူဇော်ပွဲ

မြောက်ဦးမြို့နယ်တွင် ထမင်းထောင် ပန်းထောင်တင်ပွဲခေါ် သဗိုတ်ဆွမ်းတော်ကပ်လှူပွဲကို ဝါကျွတ်လပြည့်၊ တန်ဆောင်မုန်းလပြည့်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သည်။ ထမင်းထောင် ပန်းထောင်ပွဲ၏အဓိက ရည်ရွယ်ချက်မှာ ကောက်ဦးဆွမ်း ကပ်လှူပူဇော်ခြင်း ဖြစ်လေသည်။ ထမင်းထောင် ပန်းထောင်ပြုလုပ်ပုံမှာ ထမင်းထောင်ကို ညောင်ရွက်၊ ဗောဓိရွက်များဖြင့် ကတော့ပုံသဏ္ဌာန်ပြုလုပ်၍ အသင့်ချက်ပြုတ်ထားသော ထမင်းဆွမ်းကို ထည့်ကာ၊ စေတီပုံသဏ္ဌာန် ထမင်းထောင်များကို ရရှိသည်။ ၎င်းကို ဗန်းထဲတွင်ထည့်၍ ရောင်စုံဆေးများဖြင့် ပန်းသဘွယ်ပြုလုပ်ခြင်းများလည်း ရှိသည်။ ဤထမင်းထောင်များကို ညဦးပိုင်းမှပင် တပျော်တပါး ဝိုင်းဖွဲ့၍ အစုလိုက်၊ အသင်းလိုက်၊ ရပ်လိုက်၊ ရွာလိုက်ပြုလုပ်ကြသည်။ နံနက်အာရုဏ်တက်လာသည့်အခါ အတီးအမှုတ်များဖြင့် စီတန်းလှည့်လည်လျှက် သျှစ်သောင်းဘုရား လှိုဏ်ဂူတော်သို့ သွားရောက်ကပ်လှူပူဇော်ကြသည်။ ဤကဲ့သို့ ထမင်းထောင် ကပ်လှူပူဇော်ရာတွင် ကြာခေါင်းလောင်းပန်းများကိုလည်း ကပ်လှူပူဇော်ကြသည်။

ဤပူဇော်ပွဲများကို ရှေးအခါများတွင်လည်း ကျင်းပပြုလုပ်ကြောင်းကို စာဆိုတော် ဥက္ကာပျံ၏ (၁၂)လရာသီဘွဲ့တွင် အောက်ပါအတိုင်း ရေးစပ်ထားသည်။

**"သူတော်မိမှတ်၊ လဝါကျွတ်သည်၊ ဆန်းလတ်ခါ၊ လူ့ရွာပွဲသဘင်၊ ဆီမီးတန်ဆောင်၊ ပန်းထောင်ဆီမီးပြင်၍၊ ဒါနဝတ်စွန့်ကြလှူ၊ ကောင်းမှုလက်ဆောင်၊ ထမင်းထောင်ကို ဝန်း၍---လှိုဏ်ဂူတွင်ထား၊ ဘုရားပါးရောက်အောင်တည့်။"**

သဗ္ဗိတ်ဆွမ်းကပ်လှူပူဇော်ခြင်းနှင့် ပါတ်သက်၍ ရက္ခိုင်ကျေးလက်တေးကဗျာတွင်လည်း **"အသူ့ထမင်းထောင်ထောင်၊ ရွာတော်လုံးမှာ ပပန်းပြောင် ထမင်းထောင် ဟင်းထောင်ပေါ်စ၊ အသျှင်ပြည်မှာ ဝါကျွတ်လလေ- ဝါကျွတ်လ"**ဟူ၍ ရေးစပ်သီကုံးထားသည်ကို တွေ့ရပေသည်။

## ၁၆။ **ဆွေမျိုးတော်စပ်ပုံ**

ရခိုင်လူမျိုးတို့နှင့် ရခိုင်မျိုးနွယ်စုတို့မှာ မိမိတို့အမျိုးအနွယ်ကို စောင့်ထိန်းသူများဖြစ်ကြသဖြင့် အိမ်ထောင်ပြုရာတွင် မျိုးကွဲမျိုးခြားများနှင့် အိမ်ထောင်ပြုခြင်း မရှိကြပေ။ မိမိတို့ မိသားစုထဲမှ သမီးမျောက်သား တော်စပ်သူများကိုသာ အလေးထား၍ အိမ်ထောင်ပြုကြသည်။ အကြောင်းမညီညွတ်မှသာ မိမိတို့လူမျိုးထဲမှ တစ်ခြားမိသားစုတို့ကို ရွေးချယ်၍ အိမ်ထောင်ပြုကြသည်။ ထို့အတူ မြောက်ဦးမြို့နယ်တွင် နေထိုင်ကြသော ခမိအမျိုးသားနှင့် ချင်းအမျိုးသားမှတပါး ကျန်သောရခိုင်၊ မရမာ၊ သက်၊ ဒိုင်းနက် အမျိုးသားတို့မှာ အထက်ပါ ဓလေ့ထုံးစံအတိုင်း လိုက်နာဆောင်ရွက်ကြသည်။

ရခိုင်တို့၏ သမီးမျောက်သားတော်စပ်ပုံမှာ အစ်ကို သို့မဟုတ် မောင်ငယ်တို့မှ မွေးဖွားသော သားသမီးများကို သမီးမျောက်သား တော်ကြသည်။ ၎င်းတို့သည် အချင်းချင်း ရခိုင်ထုံးတမ်းစဉ်လာအရ အိမ်ထောင်ပြုနိုင်ကြသည်။ ညီအစ်ကို အချင်းချင်းမှ မွေးဖွားသော သားသမီးတို့မှာ ညီအစ်ကို၊ ညီအစ်မများ တော်စပ်ကြသည်။ ဘခင်၏အစ်မ၊ ဘခင်၏ညီမတို့ကို အရီးမတော်၍ မိခင်၏အစ်ကိုနှင့် မိခင်၏မောင်ကို ဦးရီးတော်ကြသည်။ အစ်ကိုနှင့်မောင်၏သမီးကို အစ်မနှင့် ညီမတို့၏ သမီးများက သမီးယောက်မတော်စပ်ကြ၍ ညီအစ်ကိုတို့၏သားနှင့် အစ်မညီမတို့၏ သားများမှာ သမီးယောက်မတော်စပ်သည်။ ကြီးသူကိုငယ်သူက ယောက်ဖဟု ခေါ်သည်။ ညီ၏သားက ဘခင်၏အစ်ကိုကို ဘကြီးတော်စပ်သည်။ အစ်ကိုသားက ဘခင်၏ညီကို ဘထွေး သို့မဟုတ် အဘေချေဟု တော်စပ်သည်။

## ၁၇။ **မိသားစု အချင်းချင်း ခေါ်ဝေါ်ခြင်း**

လင်မယား အချင်းချင်း တစ်ဦးကိုတစ်ဦး သားသမီး၏အမည်များကို ထုတ်၍ ခေါ်ကြသည်။ သို့မဟုတ် သားဦး သမီးဦးတို့၏ အမည်ရင်းကို မခေါ်ဘဲ၊ ဦးဝေမိ၊ ဦးဝေဘဟု ခေါ်ကြသည်။ သားသမီးများက မိဘတို့အား အဘာ၊ အဘ၊ ဘာဘာ၊ အဖ၊ အဖရှင်ဟု ခေါ်၍ အမိကို အမင်၊ အမိ၊ အမိရှင်၊ အီးယောင်၊ အီးယေဟု ခေါ်ကြသည်။ မြေးများက အဘောင်မများအား ဒါဒါ၊ အဒါရှင်၊ အဘောင်ရှင်၊ ဘောင်ဘောင်၊ ဒိုးဒို စသည်ဖြင့် ခေါ်ပြီး၊ အဘောင်၏အစ်မ ညီမကို အဒါကြီး၊ အဘောင်ကြီး၊ အဘောင်လတ်၊ အဘောင်ချေ၊ အဒါချေ၊ ဒိုးလတ်၊ ဒိုးချေ စသည်ဖြင့် ခေါ်ကြသည်။

မိဘတို့က သားသမီးများကို အများအားဖြင့် အဦးဆုံးမွေးသူ၏အမည်ကို ထုတ်ဖော်၍ မခေါ်ဘဲ ဦးဝေဟု ခေါ်လေ့ရှိသည်။ အလတ်သားသမီးများကို နာမည်အပြည့်အစုံလည်း ခေါ်သည်။ အချို့မှာ အဖျားတစ်လုံးကို ထုတ်၍ခေါ်ကြသည်။ အငယ်ဆုံးကို အထွေး၊ သို့မဟုတ် အနှောင်း၊ အနှောင်းချေဟု ခေါ်ကြသည်။ ညီအစ်ကိုမောင်နှမတို့မှာ အကြီးဆုံးအစ်ကိုက ညီငယ်ညီမငယ်တို့၏ အမည်ကိုထုတ်၍ ခေါ်သည်။ ညီငယ် ညီမငယ်များက အစ်ကိုကြီး၊ အစ်မကြီး၊ အစ်မတို့ကို အကိုကြီး၊ အကိုလတ်၊ အမေကြီး၊ အမေလတ်၊ မမကြီး၊ မမလတ်၊ မေးကြီး၊ မေးလတ်၊ ဂိုးကြီး၊ ဂိုးလတ်၊ ဂိုးချေ စသည်ဖြင့် ခေါ်ကြပြီး မိခင်၏မောင်ကြီး၊ မောင်လတ်၊ မောင်ငယ်တို့ကို အခင်ကြီး၊ အခင်လတ်၊ အခင်ချေ၊ မင်းကြီး၊ မင်းလတ်၊ မင်းချေ စသည်ဖြင့် ခေါ်ကြသည်။

## ၁၈။ **ကိုယ်ဝန်ဆောင် မိန်းမများ ရှောင်ကြဉ်ရသည့် ဓလေ့ထုံးစဉ်**

ရခိုင်လူမျိုးတို့၏ ဓလေ့ထုံးစဉ်အတိုင်း မြောက်ဦးမြို့နယ်ရှိ ရခိုင်အမျိုးသားနှင့် ရခိုင်မျိုးနွယ်စုတို့မှာလည်း ကိုယ်ဝန်ဆောင် မိန်းမများ ရှောင်ကြဉ်ရသော ဓလေ့ထုံးစဉ်များရှိသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးတို့သည် မင်္ဂလာဆောင်သို့

မသွားရ။ လက်မဖွဲ့ရ။ မွေ့ရာခေါင်းအုံးများ၏ အပေါက်ကို မပိတ်ရ။ ညနေဆည်းဆာ အိမ်မှအပြင်သို့ မထွက်ရ။ အသုဘတွင် အလှူမထည့်ရ။ အမွှာပူးသစ်သီးများကို မစားရ။ ကိုယ်ဝန်ဆောင်အမျိုးသမီး၏ လင်ယောကျ်ားသော်လည်း အသုဘမထမ်းရ။ အသုဘတွင် တွင်းမတူးရ။ ဒါး၊ လက်နက်၊ သေတ္တာတို့ကို မဝယ်ရ။ မီးနေခန်းသို့ ယောကျ်ားမဝင်ရ။ စသည်ဖြင့် ရှောင်ကြဉ်လေ့ရှိသည်။

## ၁၉။ မွေးဖွားရာတွင် လုပ်ဆောင်ရသော ဓလေ့

မွေးဖွားရာတွင် ရှေးအခါက အရပ်လက်သည်မများဖြင့် မွေးဖွားကြသည်။ မွေးဖွားရာတွင် ရှေးအချိန်ကစ၍ ယခုအချိန်ထိ ထုံးတမ်းစဉ်လာပြုလုပ်ကြသည်မှာ မွေးဖွားရန်အခက်အခဲနှင့် ရင်ဆိုင်နေပါက ပရိတ်ရေပေးခြင်း၊ အမိုးစွန်းအုံးလက်ကို ယူ၍ **“နငယ်”** နရွှင်း ပိတ်အကွခရာရေး၍ ခေါင်းတွင်စိုက်ထားခြင်း စသည့်ဓလေ့များကို ပြုလုပ်ကြသည်။ မွေးဖွားလျှင် အိမ်လေးထောင့်၌ ဆူးခက်များ ချိတ်ဆွဲသည်။ ဤကဲ့သို့ ဆူးခက်ချိတ်ခြင်းသည် မီးယပ်ဖုတ်နှင့် တစ်ခြားမိစ္ဆာများ မနှောက်ယှက်နိုင်ရန် အယူဓလေ့ရှိသည်။

မွေးဖွားသော မိန်းမကို မီးနေခန်းတွင် မီးမပြတ်ထည့်၍ မီးလှုံစေသည်။ ၎င်းအပြင် သွေးလန့်မည်ကို စိုးရိမ်၍ မိန်းမကြီးများ မီးစောင့်ကြသည်။ ညဉ့်အချိန်တွင် မီးယပ်ဖုတ်လာသည်ဟု အယူအဆရှိသဖြင့် မိန်းမကြီးများမှာ မအိပ်ဘဲ အလှည့်ကျစောင့်ကြသည်။ သားဦးဆိုလျှင် မီးနေခန်းတွင် (၅)ရက်နေကြသည်။ နောက်သားများတွင်ကား (၃)ရက်တည်း နေကြသည်။ မီးနေထင်းမှာ မီးပေါက်သောထင်းကို မသုံးရ။ မီးထွက်လျှင် ၎င်းမီးစကို ဆက်မသုံးဘဲ လွှင့်ပစ်ရသည်။

မီးတွင်းတွင် စားသုံးရသော အစားအစာများမှာ များသောအားဖြင့် ငါး/လက်ခွာနှင့် သင်းပေါင်းထိုး ခေါ် ငရွှေဖြစ်ပြီး၊ ရှေးအခါက ဆေးအဖြစ် ပုလဲ၊ ဆားဖုတ်များကို စားကြသည်။ ရေနွေးချိုး၍ ဆန္ဓင်းနှင့် တောင်သံကြီးကို လိမ်းကြသည်။ ယခုအခါ အများအားဖြင့် အရပ်လက်သည်မများနှင့် မွေးဖွားခြင်းမပြုကြဘဲ၊ ကျန်းမာရေးဌာနမှ သားဖွားဆရာမများဖြင့် မွေးဖွားကြသည်။ ဆေးဝါးများကိုလည်း ကျန်းမာရေးဌာနမှ ပေးသောဆေးများကိုသာ အသုံးပြုကြသည်။

## ၂၀။ ကင်းပွန်းတပ်အမည်ပေးခြင်း

မီးထွက်သည့်နေ့တွင် ဆွေမျိုးမိဘ၊ မိတ်သင်္ဂဟများကို ဖိတ်၍ကလေးကို ကင်းပွန်းတပ် အမည်ပေးသည်။ လာရောက်ကြည့်သူများက ကင်းပွန်းခွက်တွင်းရှိ ကင်းပွန်းကို ကိုင်ပြီး ကလေးအား ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်း တောင်းကြသည်။ အမျိုးသမီးကြီးတစ်ဦးက ကလေးအား နေ၊ လပြမင်္ဂလာ၊ အောင်မြေနင်းမင်္ဂလာများကိုလည်း တစ်ပါတည်း ပြုလုပ်ပေးသည်။

ယင်းပြီးနောက် ကြွရောက်လျှက်ရှိသည့် ဆွေမျိုးမိသင်္ဂဟများအား မုန့်များကျွေးမွေးသည်။ ရှေးအခါက လက်ဖွဲ့ခြင်းဓလေ့သည် ကင်းပွန်းကိုင်ရာတွင် မရှိသော်လည်း ယခုအခါ လက်ဖွဲ့ကြသည်။

ထို့နောက် အမည်ပေးမင်္ဂလာကိုလည်း တစ်ဆက်တည်း ပြုလုပ်သည်။ ကလေးကို အမည်ပေးရာတွင် သားဦး၊ သမီးဦး ဖြစ်က အမည်မှည့်ရာတွင် ဦးအက္ခရာပါဝင်အောင် တပ်၍ထားသည်။ မိဘနှစ်ဦးလုံး၏အမည်တွင် ဦးပါဝင်နေပါက ရရှိထားသော သားဦး (ဝါ) သမီးဦးအား အမည်မှည့်ရာတွင် **“ဦး”**မပါရ။ **“ဦး”**အစား **“ညွှန့်”**နှင့် **“ဝေ”**ကို အစားထိုး အသုံးပြုသည်။ ဤကဲ့သို့ **“ဦး”**ကို အမည်၏ရှေ့မှထားကြသည့် ရည်ရွယ်ချက်မှာ မိမိတို့မိသားစုတွင် အဦးအလျှင်ရောက်ရှိလာသော ရတနာ ဖြစ်ခြင်းကြောင့် ဖြစ်သည်။ ရခိုင်တို့၏ ထုံးစဉ်ဓလေ့အရ အမည်ကို(၃)လုံး ထားကြသည်။

## ၂၁။ ခမိအမျိုးသားတို့၏ အပျိုလှူပျိုလှည့်ခြင်းဓလေ့

ခမိအမျိုးသားတို့မှာ လူပျိုလှည့်ရာ၌ မိမိနှစ်သက်သူထံ သွားရောက်ပြီး **“တိတင်း”**ခေါ် ဝါးစောင်းကို တစ်ယောက်တစ်ဘက်တီး၍ အပျိုလူပျိုလှည့်ကြသည်။ ခမိအမျိုးသားတို့၏ အပျိုလူပျိုလှည့်ရာတွင် စည်းကမ်း(၂)ခုကို လိုက်နာရသည်။ ၎င်းတို့မှာ-

(၁) ယူသင့်သောအမျိုးမှ မိန်းမပျိုဖြစ်ရမည်။

(၂) ယူသင့်သောအမျိုးမဟုတ်သော်လည်း အစ်မပေါ်မှာ ညီမတော်စပ်သည့် အမျိုးမဟုတ်ခြင်း။ စသောအချက်များဖြစ်သည်။

ခမိအမျိုးသားများတွင် အမျိုးသမီးအရွယ်ရောက်လျှင် ရွယ်တူရွယ်ချင်း မိန်းမပျိုများသည် သာယာသော အိမ်တစ်အိမ်

တွင် စုဝေး၍ အိပ်ကြသည်။ လူပျိုလှည့်လိုသော လူပျိုများသည် တစ်ဦးတည်း သို့မဟုတ် အဖော်များဖြင့် သွားကြသည်။ တစ်ရပ်တစ်ကျေးမှ လူပျိုဖြစ်လျှင် ရွာခံလူပျိုတစ်ဦးဦးကို ချဉ်းကပ်ရသည်။ တစ်ရပ်တစ်ကျေးမှ လူပျိုဖြစ်လျှင် ဦးစွာ မိမိသဘောကျသော အမျိုးသမီးသည် မိမိနှင့်အစ်မ၊ ညီမမျိုးတော်စပ်သူ ဟုတ်မဟုတ်ကို ရွာခံလူပျိုတို့ထံမှတဆင့် မေးမြန်းရသည်။ သို့မဟုတ်ပါက အိမ်ပေါ်ရောက်ပြီးမှ ပြန်ဆင်းရသည့်အဖြစ်မျိုးကြုံသည်။ အကြောင်းသော်ကား အစ်မညီမတော်စပ်သော အမျိုးကို လူပျိုလှည့်ခြင်း မပြုရပေ။

အိမ်ပေါ်သို့ လူပျိုလှည့်တက်လျှင် အိပ်နေသော အပျိုများ ခြေရင်းမှနေ၍ မိမိပြောလိုသော အပျိုကို စောင်းသံဖြင့်ဖြစ်စေ၊ မိမိစကားဖြင့်ဖြစ်စေ နှိုးရသည်။ နိုးလာသောအခါ အကျိုးအကြောင်းနှင့် အမျိုးအနွယ်ကို မေးပြီး မိမိနှင့် အစ်မညီမမျိုး မတော်စပ်သူဖြစ်မှ ချစ်စကားပြိုင်ကြရသည်။ ဤသို့ပြိုင်ရာတွင် မည်သူက မည်သည့်အမျိုးသမီးထံ အရှုံးကြီး ရှုံးသွားသူဟူသော သတင်းမျိုးလည်း လူပျိုလှည့်လောကတွင် ခေတ်စားသည်။

**၁၁။ နိဂုံး**

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏လမ်းညွှန် လက်စွဲစာတမ်းပါ အချက်အလက်များနှင့်အညီ စာတမ်းပြုစုရေး အဖွဲ့ဝင်များမှ စနစ်တကျ ကြိုးစားပြုစုခဲ့ကြသည့်အတွက် နိုင်ငံရေးအနှစ်သာရအားဖြင့်လည်းကောင်း၊ မှတ်တမ်းဖွဲ့စည်းမှု ပုံသဏ္ဍာန်အရ လည်းကောင်း၊ ယခင်ကိုလိုနီခေတ် မှတ်တမ်းများနှင့် ကွဲပြားခြားနားမည် ဖြစ်ပါသည်။

ဆိုရှယ်လစ်လူ့ဘောင်တည်ဆောက်ရာတွင် တစ်တပ်တစ်အား အားစိုက်ခွန်စိုက် ဝိုင်းဝန်းပါဝင်ဆောင်ရွက်ခဲ့ကြသဖြင့် မြောက်ဦးမြို့နယ်၏မှတ်တမ်းပြုစုရေး လုပ်ငန်းစဉ်ကြီးမှာ ချောမောအောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။

နောင်တွင် ဤမှတ်တမ်းမှတဆင့် သုတေသီများ၏အကူအညီဖြင့် ပိုမိုပြည့်စုံသည့်အဖြစ်သို့ ရောက်ရှိလာမည်ဟု မျှော်မှန်းရပေသတည်း။

**မြို့နယ်မှတ်တမ်းပြုစုရေးကော်မတီ**
**မြောက်ဦးမြို့နယ် ပါတီယူနစ်**

ရက်စွဲ။ ၁၉၈၂ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

## မြောက်ဦးမြို့နယ် မှတ်တမ်းပြုစုရေး ဦးဆောင်အဖွဲ့နှင့် စာတမ်းကော်မတီဝင်များစာရင်း

### (က) ဦးဆောင်ကော်မတီဝင်များ

| | | |
|---|---|---|
| (၁) | ဦးထွန်းကျော်စိန် | ပါတီယူနစ် ဥက္ကဋ္ဌ |
| (၂) | ဦးခိုင်သာထွန်း | ပါတီယူနစ် အတွင်းရေးမှူး |
| (၃) | ဦးထွန်းဘော် | ပါတီယူနစ် ကော်မတီဝင် |
| (၄) | ဦးမောင်မောင်စော | ပါတီယူနစ် ကော်မတီဝင် |
| (၅) | ဒေါ်အေးယဉ်ဖြူ | ပါတီယူနစ် ကော်မတီဝင် |
| (၆) | ဦးအောင်ကျော်ထွန်း | အရန် ပါတီယူနစ် ကော်မတီဝင် |
| (၇) | ဦးအောင်ကျော်စိန် | အရန် ပါတီယူနစ် ကော်မတီဝင် |

### (ခ) မှတ်တမ်းပြုစုရေးကော်မတီ

| | | | |
|---|---|---|---|
| (၁) | ဦးမောင်မောင်စော | ပါတီယူနစ်ကောမတီဝင် | ဥက္ကဋ္ဌ |
| (၂) | ဦးသာအေး | ပြည်သူ့ကောင်စီ ဥက္ကဋ္ဌ | ဒုဥက္ကဋ္ဌ |
| (၃) | ဦးဖြူသာကျော် | လုပ်ငန်းစစ် ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၄) | ဦးကျော်သိန်း | တရားသူကြီး ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၅) | ဦးသာလှထွန်း | အတွင်းရေးမှူး လုပ်သားအစည်းအရုံး | အဖွဲ့ဝင် |
| (၆) | ဦးမောင်စံငွေ | အတွင်းရေးမှူး လမ်းစဉ်လူငယ် | |
| (၇) | ဦးဦးသာထွန်း | မြန်မာပဏ္ဍိတ် | အဖွဲ့ဝင် |
| (၈) | ဦးမောင်ကျော်ဦး | ပြည်သူ့ကောင်စီ အမှုဆောင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (၉) | ဦးအောင်သိန်း | ပြည်သူ့ကောင်စီ အမှုဆောင်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (၁၀) | ဦးအောင်ကျော်ဇော | လယ်စည်းရုံး ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| (၁၁) | ဦးကျော်ကျော်လှ | ပြည်သူ့ကောင်စီ အမှုဆောင်အဖွဲ့ဝင် | အတွင်းရေးမှူး |
| (၁၂) | ဦးဦးကျော်ဇံ | ပြည်သူ့ကောင်စီ အတွင်းရေးမှူး | အတွင်းရေးမှူး |

**မြို့နယ်မှတ်တမ်းပြုစုရာတွင် ပါတီ၊ ကောင်စီ၏တာဝန်ပေးချက်အရ စေတနာအလျောက် ပါဝင်ကူညီခဲ့ကြသူများမှာ–**

**(က) သမိုင်းကဏ္ဍအဖွဲ့ငယ်**

| | | | |
|---|---|---|---|
| (၁) | ဦးကျော်ကျော်လှ | ပကစအမှုဆောင် | ခေါင်းဆောင် |
| (၂) | ဦးသာလှထွန်း | လုပ်စည်းရုံးအတွင်းရေးမှူး | အဖွဲ့ဝင် |
| (၃) | ဦးစောထွန်း | တရားသကြီးအဖွဲ့ဝင် (အချိန်ပိုင်း) | အဖွဲ့ဝင် |
| (၄) | ဦးစောဖြူ | နိုင်ငံဂုဏ်ရည်(ဒုတိယဆင့်) | အဖွဲ့ဝင် |
| (၅) | ဦးအောင်ထွန်းကျော် | ဖဆပလဥက္ကဋ္ဌဟောင်း | အဖွဲ့ဝင် |

**(ခ) နိုင်ငံရေး ကဏ္ဍအဖွဲ့ငယ်**

| | | | |
|---|---|---|---|
| (၁) | ဦးမောင်စံငွေ | လမ်းစဉ်လူငယ်အတွင်းရေးမှူး | ခေါင်းဆောင် |
| (၂) | ဦးသာကျော်အောင် | ပြည်နယ်ကောင်စီဝင် | အဖွဲ့ဝင် |
| (၃) | ဦးဦးလှစော | မြို့နယ်ကောင်စီဝင် | အဖွဲ့ဝင် |
| (၄) | ဦးစောထွန်း | ဒိုင်မှူး (တောင်ရပ်) | အဖွဲ့ဝင် |
| (၅) | ဦးစံရွှေထွန်း | စစ်မှုထမ်းဟောင်းဥက္ကဋ္ဌ | အဖွဲ့ဝင် |

**(ဂ) စီးပွားရေး ကဏ္ဍအဖွဲ့ငယ်**

| | | | |
|---|---|---|---|
| (၁) | ဦးမောင်ကျော်ဦး | ပကစအမှုဆောင် | ခေါင်းဆောင် |
| (၂) | ဦးစံထွန်းဖြူ | မြေစာရင်းဒုဦးစီးမှူး | အဖွဲ့ဝင် |
| (၃) | ဦးမောင်ကျော်ဇံ | စိတ်ပါဝင်စားသူ (ရေပေါက်ဝ) | အဖွဲ့ဝင် |
| (၄) | ဦးမောင်စောဦး | ကျွမ်းကျင်သူ (တောင်ရပ်) | အဖွဲ့ဝင် |
| (၅) | ဦးအောင်ကျော်ထွန်း | ရုံးအုပ်စာရေးကြီး | အဖွဲ့ဝင် |
| (၆) | ဦးအောင်ဇံ | ကျွမ်းကျင်သူ(တောင်ရပ်) | အဖွဲ့ဝင် |

**(ဃ) လူမှုရေး ကဏ္ဍအဖွဲ့ငယ်**

| | | | |
|---|---|---|---|
| (၁) | ဦးအောင်သိန်း | ပကစအမှုဆောင် | ခေါင်းဆောင် |
| (၂) | ဦးသာထွန်းဦး | ကျွမ်းကျင်သူ | အဖွဲ့ဝင် |
| (၃) | ဦးအောင်စောသာ | ကျောင်းအုပ်ဆရာကြီး | အဖွဲ့ဝင် |
| (၄) | ဦးသာပု | စိတ်ဝင်စားသူ | အဖွဲ့ဝင် |
| (၅) | ဦးအောင်ကျော်ဇော | လယ်စည်းရုံးဥက္ကဋ္ဌ | အဖွဲ့ဝင် |

**(င) ယဉ်ကျေးမှု ကဏ္ဍအဖွဲ့ငယ်**

| | | | |
|---|---|---|---|
| (၁) | ဦးဦးသာထွန်း | မြန်မာပဏ္ဍိတ် | ခေါင်းဆောင် |
| (၂) | ဦးဦးထွန်းသာ | လုပ်ငန်းစစ်အဖွဲ့ဝင် | အဖွဲ့ဝင် |
| (၃) | ဦးထွန်းအောင်ကျော် | လက်ထောက်ဒိုင်မှူး | အဖွဲ့ဝင် |
| (၄) | ဦးရွှေထွန်းကျော် | စိတ်ပါဝင်စားသူ (မြင်းစိုင်းပြင်) | အဖွဲ့ဝင် |
| (၅) | ဦးရွှေလှဖြူ | မြို့နယ်ကောင်စီဝင် | အဖွဲ့ဝင် |